

www.burmeseclassic.com
ပြည်တော်သာ
ခင်ဝင်းမိုး
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မြနန္ဒာစာအုပ် - ၄၈ -

ဗန်းမော်တင်အောင်

# ပြည်တော်သာခင်ခင်ဦး

[ ထုတ်ဝေကာလ
ဇူလိုင်လ၊ ၂၀၁၃။ ]

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဦးမြင့်ဦး (ရွှေကျေးစာပေ) ( မြ ၀၉၁၀)၊ အမှတ်(၁၂၆)၊ ၃၄ လမ်း၊ ကျောက်တံတား။ ပုံနှိပ်သူ– ဦးမြင့်ဦး (သိန်းသန်းဦးပုံနှိပ်တိုက်)၊ အမှတ်(၁၂၁)၊ ၃၄–လမ်း၊ ကျောက်တံတား၊ ကွန်ပျူတာ–မြန်နွှာ၊ မျက်နှာဖုံး – မမွှေး ။

●

အကြိမ် – ဒုတိယအကြိမ်
အုပ်ရေ – ၅၀၀
တန်ဖိုး – 1500

ဝန်းမောင်တင်အောင် – ၈၉၅ .၈၃

ပြည်တော်သာခင်ခင်ဦး /ဝန်းမော်တင်အောင်၊
–ရန်ကုန်၊ ရွှေကျေးစာပေ၊ ၂၀၁၃၊
၁၃၂–စာ၊ ၁၃.၅×၂၀.၅ စင်တီ၊
(၁) ပြည်တော်သာခင်ခင်ဦး

ဖြန့်ချိရေး

မြန်နွှာစာအုပ်တိုက် – အမှတ် ၃၃/၄၉၊ Shine Condo၊ ၇–လွှာ၊ ဘဏ်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၈၇၁၉၃

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


စာရေးသူ၏အမှာ

အခန်း (၁) လှမိုးသူဇာ ၁

အခန်း (၂) မောင်ရဲ့ ခင်ဦး ၇

အခန်း (၃) ချိုလေတဲ့ချိုလေ ၁၃

အခန်း (၄) သွေးစွန်းသော မြပဝါ ၃၃

အခန်း (၅) ကြော့ကြော့ဆုံး ၄၃

အခန်း (၆) ရန်သူ့သမီးနှင့် သူပုန်တပ်သား ၆၁

အခန်း (၇) ရန်သူ့အကျဉ်းသမား ၇၀

အခန်း (၈) မြပင်တိုင်ဦး ၈၅

အခန်း (၉) ပြည်တော်သာသို့ ၁၀၃

အခန်း (၁၀) ပြည်တော်သာ ခင်ခင်ဦး ၁၁၃


www.burmeseclassic.com

www.burmeseclassic.com

ပြည်တော်ကို တကယ်သာချစ်ရှာသော
ဗမာနိုင်ငံသားတိုင်း... သို့

စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ အမှာ

(က)

" ပြည်တော်သာရမည် ...."

အထက်ပါကြွေးကြော်သံ တစ်ရပ်ကား အရပ်ရှစ်မျက်နှာနှင့် အကြိုအကြားများ၌ပင်မကျန် ယနေ့တွေ့မြင်ကြားသိ၍ ဖတ်ရှုနေကြရသည်။ အမျိုးလေးပါးမျှသာမက၊ အရှုးများပင် ဖတ်ရှုနေရပေလိမ့်မည်။ ဤ 'ကြွေးကြော်သံ' သည် လူထု၏ အသံမဟုတ်၍ ငွေကြေး အတော်အကုန်အကျခံကာ ကြော်ငြာပေးနေရပုံလည်းရသည်။

'ပြည်တော်သာရမည် ... တဲ့ ...'

(ခ)

ယနေ့ ဗမာနိုင်ငံ၏ အများဆုံးသော ပြည်သူလူထုကြီးဖြစ်သည့် အလုပ်သမားများ၊ လယ်သမားများ၊ စားရမဲ့၊ နေရမဲ့နှင့် ငတ်မွတ်ကာ ဒုက္ခအမျိုးမျိုး ရောက်နေရသော အချိန်၌ 'ပြည်တော်သာရမည်' ဟူသော ကြွေးကြော်သံကိုကြားရ၏။

ယနေ့ ဗမာနိုင်ငံ၌ ပြည်သူတို့၏ ဒီမိုကရေစီအရေးအခွင့်များအား ဖျက်ဆီးပိတ်ပင်ခြင်း ခံနေရသည်နှင့်အမျှ ပြည်သူ့သားကောင်း၊ သမီးကောင်း မြောက်မြားစွာတို့သည် အာဏာပိုင်တို့၏ လုပ်ကြံမှု၊ တရားရုံးတော်များနှင့် အကျဉ်းထောင်များ၌ အမျိုးမျိုး စွပ်စွဲခြင်းခံရလျက် အမျိုးမျိုးရိုက်နှက်ညှဉ်းပန်း နှိပ်စက်ခြင်းကို အော်ဟစ်ညည်းတွားခံနေရသောအချိန်၌ 'ပြည်တော်သာရမည်' ဟူသော ကြွေးကြော်သံကိုကြားရ၏။

ယနေ့ ဗမာနိုင်ငံ၌ 'ဗမာလူမျိုးကြီး' ဝါဒ၏ ဖိနှိပ်ချုပ်ချယ်မှု၊ လက်ဝါးကြီးအုပ်၍ အာဏာရှင်ဆန်ဆန် ကျင့်ကြံမှုများကြောင့် လူနည်းစုများဖြစ်ကြသော ကရင်၊ မွန်၊ ရှမ်း၊ ပအို့ဝ်၊ ကချင်၊ ချင်း၊ ကယားနှင့် ရခိုင်အမျိုးသားတို့သည် ၎င်းတို့ အမျိုးသား



www.burmeseclassic.com

www.burmeseclassic.com

လွတ်မြောက်ရေးနှင့် ကိုယ်ပိုင်ဆုံးဖြတ်ပြဋ္ဌာန်းပိုင်ခွင့်အတွက် လူးလဲရုန်းကန်နေရသော အချိန်၌ 'ပြည်တော်သာရမည်' ဟူသော ကြွေးကြော်သံကိုကြားရ၏။

ယနေ့ ဗမာနိုင်ငံ၌ နိုင်ငံရေးပါတီ အဖွဲ့အစည်း အသင်းပင်းချင်းအား ညီတူမျှတူ သဘောမထားဘဲ တစ်ပါတီအာဏာရှင်စနစ် ကျင့်သုံးမှုကြောင့်လည်းကောင်း၊ ဖိနှိပ်ချုပ်ချယ်မှုကြောင့်လည်းကောင်း လေးနှစ်ကျော်ငါးနှစ်မျှ ပြည်တွင်းစစ်ပွဲသည် ရှည်လျားကြာမြင့်လာခဲ့သောအချိန်၌ ပြည်တော်သာရမည်ဟူသော ကြွေးကြော်သံကိုကြားရ၏။

ယနေ့ ကမ္ဘာကြီးတစ်ခုလုံးကို လက်ဝါးကြီးအုပ်၍လည်းကောင်း၊ ထင်သလို ခြယ်လှယ်သွေးစုပ်ရန် မိုက်မဲစွာစိတ်ကူးရင်း မိုက်မဲလှသောစိတ်ကူးကို လက်တွေ့အကောင်အထည်ဖော်ရေးအတွက် နောက်ထပ် တတိယကမ္ဘာစစ်ကြီးတစ်ခုကို ရန်စမီးမွှေး၍ တိုက်ခိုက်ရန် ကမ္ဘာ့အနိုင်နိုင်ငံ၌ ကျူးကျော်ဝင်ရောက်ကာ စစ်အခြေခံ စခန်းများပြုလုပ်လျက် အမေရိကန်နယ်ချဲ့သမားသည် စစ်မက်ပြင်ဆင်နေ၏။ ဥရောပတိုက်တွင် ဆိုဗီယက်ယူနီယံနှင့် ပြည်သူ့ဒီမိုကရေစီနိုင်ငံများအား ဝင်ရောက်တိုက်ခိုက်ရန် အတ္တလန်တိတ်ကျူးကျော်ရေး စာချုပ်များကိုချုပ်၍ နာဇီဂျာမနီအား လက်နက်တပ်ဆင်စေ၏။ အရှေ့အလယ်ပိုင်း အာရပ်နိုင်ငံများ၌ လက်နက်နိုင်ငံများနှင့် စစ်စခန်းများကို ဆောက်လုပ်နေ၏။ ဤကဲ့သို့ အလားတူပင် အာရှတိုက်၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ကိုလိုနီနှင့် ကိုလိုနီတစ်ပိုင်းနိုင်ငံများ၏ အမျိုးသားလွတ်မြောက်ရေးကို ဖျက်ဆီးတိုက်ခိုက်ရန်၊ အတိအလင်းဝင်ရောက်တိုက်ခိုက်ရန် ခြိမ်းခြောက်နေခြင်းမှ ယနေ့ ကိုရီးယား၌ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ကာ အပြစ်ကင်းမဲ့သော ကိုရီးယားပြည်သူတို့အား မီးလောင်ဗုံးကြီးများ၊ အဆိပ်ပိုးမွှားလက်နက်များဖြင့် သတ်ဖြတ်ကာ ယခင်ဖက်ဆစ်ဂျပန်အားလည်း လက်နက်တပ်ဆင်လျက်ရှိနေသောအချိန်၌ ဗမာနိုင်ငံတွင် 'ပြည်တော်သာရမည်' ဟူသော ကြွေးကြော်သံကိုကြားရ၏။

ယခုကဲ့သို့ တရားလွန်ကျူးကျော်သောင်းကျန်းနေသော အမေရိကန်နယ်ချဲ့သမားအား လက်ရှိအာဏာပိုင်တို့သည် သွားရောက်ပင့်ဖိတ်လာခဲ့ပြီးနောက်၊ အမျိုးမျိုးသော တစ်ဖက်သတ်စာချုပ်များကို ချုပ်ဆိုလက်ခံခဲ့ကြခြင်းကြောင့် အမေရိကန်နယ်ချဲ့သမားသည် ဗမာနိုင်ငံ၌ စစ်သင်္ဘောကျင်းများ၊ စစ်လေယာဉ်ပျံကွင်းများကို အတိအလင်း ဆောက်လုပ်နေကာမျှနှင့် မရပ်သေးဘဲ ဗမာနိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကို ဖျက်ဆီးချေမှုန်းရန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအား ရန်စဝင်ရောက်တိုက်ခိုက်ရန် တရုတ်ဗမာနယ်စပ်ဒေသတစ်လျှောက်၌ လက်နက်ကိုင်စစ်တပ်များဖြင့် ကျူးကျော်ဝင်ရောက်ကာ တပ်စွဲနေ၍ ဗမာနိုင်ငံ၏အခြေအနေသည် အလွန်တရာ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com

ထိတ်လန့်ဖွယ်ရာ ကျရောက်နေရသောအချိန်၌ 'ပြည်တော်သာရမည်' ဟူသော ကြွေးကြော်သံကို ကြားရ၏။

ဤကဲ့သို့ နိုင်ငံတကာရေးရာ အခြေအနေသည် စိုးရိမ်ထိတ်လန့်ဖွယ်ရာဖြစ်ပေါ်နေကာ ပြည်တွင်းအခြေအနေသည်လည်း ကြောက်မက်ဆိုးဝါးဖွယ်ရာဖြစ်ပျက်နေရသောအချိန်ကာလ၌ 'ပြည်တော်သာရမည်'ဟု လူတစ်စုလောက်က အော်ဟစ်ကြွေးကြော်နေခြင်းမှာ သူရူး၏ ဆောင်းညအိပ်မက်၌ ကယောင်ကတမ်းနှင့် ပြောမိပြောရာပြောဆိုနေခြင်းနှင့်သာ တူနေပေသည်။ အနက်အဓိပ္ပာယ်မရှိ၊ အမြီးအမောက်လည်း မတည့်၊ မိမိဘာသာ ယောင်ယမ်းပြောဆိုနေသော စကား၏ အနက်အဓိပ္ပာယ်ကို သူရူးသည် သိချင်မှသာသိပေမည်။

'ပြည်တော်သာရမည် . . . တဲ့ . . .'

(ဂ)

'ပြည်တော်သာ'သည် လူတိုင်း၏ အိပ်မက်ဖြစ်၏။ အမျိုးလေးပါးသာမက အရူးလည်းပါ၏။ သို့ရာတွင် အိပ်မက်ကို အကောင်အထည်ဖော်ရာ၌ ဖြစ်ပေါ်နေသော လက်ရှိအခြေအနေအား ကောင်းစွာနားလည် နှံ့စပ်ခြင်းရှိရမည်ဖြစ်သကဲ့သို့ အတိတ်၏ ရာဇဝင်ကိုလည်း ကောင်းစွာ နားလည်ထားရန်လို၏။ သို့မှသာ အနာဂတ်၌ရှိသော 'ပြည်တော်သာ' အတွက် လက်တွေ့တည်ဆောက်ရမည့် လုပ်ငန်းကို ချမှတ်နိုင်ပေလိမ့်မည်။

'ပြည်တော်သာရမည်' ဆိုသော ပြည်တော်သာ၌ လူတစ်စုနှင့် တစ်ပါတီအတွက်လောက်သာ ပြည်တော်သာနေလျှင် ထိုပြည်တော်သည် ပြည်တော်သာ မဟုတ်နိုင်ဘဲ ပြည်တော်နာနှင့် ပြည်တော်ချာသာ ဖြစ်ပေလိမ့်မည်။ 'ပြည်တော်သာ' ဆိုသည်မှာ လူည်းနေလှေအောင်း မြင်းဇောင်းမကျန် သာနိုင်မှ တကယ့်ပြည်တော်သာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် တစ်ယောက်တစ်လက် ပြည်တော်သာသော့ချက်ဟူသော ဆိုထုံးစကားကဲ့သို့ "ပြည်တော်သာရမည်" ဟူသော ကြွေးကြော်သံအတွက် ပြည်သူတို့၏ ဘဏ္ဍာငွေများဖြင့် ကြော်ငြာနေကြသူများက ကြော်ငြာကာ လှည့်ဖြားနေကြသည့်အခိုက် ပြည်တော်ကို အမျိုးလေးပါးနှင့် သူရူးပါမကျန်၊ လူတိုင်းလူတိုင်းအတွက် တကယ်သာစေလိုလှသော လူငယ်စာရေးဆရာတစ်ဦး၊ သတင်းစာဆရာတစ်ဦးအနေနှင့် ခဲခဲယဉ်းယဉ်းနှင့် အလုအယက်ဖမ်းဆီးနေရသော အချိန်ကလေးအနည်းငယ်၌



www.burmeseclassic.com

www.burmeseclassic.com

အကြားမှ သူ၏ 'ပြည်တော်သာခင်ခင်ဦး' ကို ကြိုးပမ်းရေးထုတ်၍ တင်ပြခြင်းပြု လိုက်ရပါသည်။

'ပြည်တော်သာရမည် . . . '

သို့ရာတွင် လူတစ်စုနှင့်တစ်ပါတီအတွက်မျှသာမဟုတ်။ ဗမာတစ်မျိုးသားလုံး အတွက် ပြည်တော်သာရမည်။

**ဗန်းမော်တင်အောင်**

၂၄-၈-၅၂



www.burmeseclassic.com

www.burmeseclassic.com

## လှမိုးသူဇာ

လှခေါင်မိုးလျှင်၊ ပြစ်မျိုးမှဲ့မထင်
နတ်ရုပ်သွင်သို့၊ ဖြူစင်ထွန်းရောင်ဝင်း
လှမှန်ကင်းကို၊ ညတွင်းဆည်းဆာတွင်
ကျွန်ုပ်မြင်သည်
ရယ်ရွှင်ပြုံးတုံ့ မပြုံးတုံ့။

ရွှေဥဒေါင်း

(၁)

ပဒေသရာဇ် အလျှာမျှသာဖြစ်နေသော ဒေဝစ္ဆရာအလှကညာ၏ နာမည်တော်ကလေး ကပင် ချစ်စရာကောင်းလှပါ၏။ တော်ဝင်သောစာဆို၏ ကျော်ကြားခြင်းရှိလှသော ကဗျာမှကာရန်လို ရွတ်ဆို၍လည်းကောင်းလှ၏။ ကြားရသော နားသောတ၌လည်း ချိုမြိန်ငြိမ့်အေးလှပေသည်။ သာယာလှပေသည်။ လူသူလေးပါးတို့ရောက်နိုင်၊ ရောက်ခဲ ဘိလှသော တောသာခေါင်၏ ချောက်ဦးမြောင်ဖျားက စမ်းရေစီးသံလို ကြားရ သူအဖို့ ငြီးငွေ့ဟောင်းမြည့်သွားနိုင်ဖွယ်ရာလည်း မရှိ။

တပ်မက်လှသောစိတ်ဖြင့် ချုပ်တည်းသိုသိပ်ထားရခြင်းများကို မခံမရပ်နိုင်လှ သော အဆုံးကာလများ၌ ကျွန်တော်သည် နတ်သမီးကိုမြင်ရ၍ တပ်မက်ရူးသွပ်ခဲ့ဖူး သည်ဆိုသော ဇာတ်တော်လာ အာနန္ဒာလို ဒေဝစ္ဆရာ၏ နာမည်တော်ကလေးအားသာ ကဗျာလင်္ကာရွတ်သလို တစ်ယောက်တည်း ရေရွတ်နေတတ်ပါ၏။ သို့ရာတွင် လူကြား သူကြားတော့ကား မဟုတ်ပါ။ ထိပ်ထားရဲ့ နာမည်တော်ကလေးက ကျယ်ကျယ် လောင်လောင် ခေါ်ရက်နိုင်စရာပင်မရှိ။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်၏ ညအိပ်မက်များ၌ ထိပ်ထားသည် နှင်းပန်းကဲ့သို့ ဆွတ်ဆွတ်ဖြူသောဝတ်ရုံနှင့် ရဲရဲနီသောနှင်းဆီကို တစ်ပွင့်တည်းသာ ပိတုန်းရောင်ရွှေကေ၌ ပိုကရိ ပန်ဆင်ထားသည့် ဧကရီဖြစ်နေတတ်ကာ ကျွန်တော်၏ စွဲလမ်းခြင်းကြီးမား၍ အံထွက်လာသော ကယောင်ကတမ်း စကားများသည် ဒေဝစ္ဆရာ၏ နာမည်တော်ကလေးကို ဖွဲ့နွဲ့သီကုံးထားသော ကာရန်များသာဖြစ်နေတတ်ပါ၏။

စစ်ရေးတာဝန် ဝတ္တရားပြီးဆုံး၍ အားလပ်သော အချိန်ကာလများ၌ ရောင်းရင်းသွေးသောက်များနှင့် အာလာပသလ္လာပပြောကြ ဆိုကြစဉ်၊ အခြား အခြားသော သွေးသောက်တစ်ဦးက သူ၏ရွာမှာ ဖရုံ၊ သခွားများ ထွားကျိုင်းကောင်းမွန်လှကြောင်းကို ပြောပြ၍ တစ်ဦးသောရောင်းရင်းက သူ၏ရွာ၌ အပျိုချောများပေါများကြောင်းကို ကာလသားဘာဝအလျောက် ပြောပြနေစဉ် ကျွန်တော်က ယောက်ျားရင့်မာကြီး တစ်ယောက်၏ ပေါင်လုံးလောက် ထွားကျိုင်းကြီးမားသော သခွားသီးအကြောင်းကို လည်းကောင်း၊ အပျိုတွေပေါပါတဲ့လှိုင်ဘောလယ်အကြောင်းကိုလည်းကောင်း စိတ်မဝင်စားနိုင်ဘဲ ညအိပ်မက်ဧကရီထိပ်ထားကလေးအကြောင်းကိုသာ တစ်ယောက်တည်းငိုင်ရင်း စဉ်းစားနေတတ်ပါ၏။

"ခင်ဗျား ပြောပြောနေတဲ့ ထိပ်ထားရဲ့ နာမည်က ဘာတဲ့ဗျ။ သွေးသောက်ကြီး ဇေယရဲ့ . . ." ဟု ယခင် နာခံတော်ကြီး၏သား သေနတ်ကိုင်သူရက ကျွန်တော်၏ ငိုင်နေသောမေးဖျားကို အသာတို့၍ မေးမြန်းလိုက်သောအခါ၌ ကျွန်တော်က သွက်လက်စွာပင် "ပြည်တော်သာ ခင်ခင်ဦးတဲ့" ဟု ဖြေလိုက်နိုင်ပါ၏။

"ပြည်တော်သာ ခင်ခင်ဦးတဲ့လား" အိမ်း နာမည်တော်ကလေးကပဲ တယ် ချစ်စရာကောင်းသကိုး။ နို့ ဒါထက် ကျုပ်အရင်က ကြားဖူးတာကတော့ နာမည်တစ်မျိုး ဖြစ်နေပါကလား သွေးသောက် ဇေယရဲ့"

"ဘယ်လို နာမည်တစ်မျိုးဖြစ်နေတာလဲ မွန်းသူရရဲ့" ဟု ကျွန်တော်က ဒေဝစ္ဆရာ၌ အခြား ကျွန်တော်မသိရသေးသော နာမည်တစ်ခု ထပ်မံရှိနေသေးသည်ဟု ရုတ်တရက်ကြားသိလိုက်ရခြင်းအတွက် ထိတ်လန့်အံ့သြစွာ ချက်ချင်း ပြန်လည်မေးမြန်းလိုက်မိ၏။

" ကျုပ်ကတော့ သေသေချာချာ မပြောတတ်ဘူးဗျ။ ဟိုသိုးဆောင်း လူဖြူတွေနဲ့ အတူတူ မြင်းစီးဘောင်းဘီဝတ်ပြီး တောကစားထွက်တဲ့အခါ ခေါ်ကြတာ ပြောသံကြားတယ်လို့ အဘကတော့ အရင်က ပြောဖူးတာပဲ "

" အင်း ဆိုစမ်းပါဦး "

"သည်လေးဒီးအော့ဖ် ပြည်တော်သာတဲ့လေ။ အမိပ္ပာယ်ကတော့ ပြည်တော်သာ


www.burmeseclassic.com

www.burmeseclassic.com


သခင်မဆိုလား၊ ပြည်တော်သာရှင်မဆိုလား သေသေချာချာတော့ ကျုပ်လည်း မမှတ်မိဘူး မွန်းဧေယရဲ့"

" ဩော် ဩော် ပြည်တော်သာ သခင်မတဲ့လား "

" ပြည်တော်သာ သခင်မက ဧေယာသခင်မဖြစ်ဖို့သာ ကျန်တော့တယ် မဟုတ်လား" ဟု သူရက ကျွန်တော်၏လက်မောင်းကိုညှစ်ကာ ပြောရင်းထွက်သွားသဖြင့် ကျွန်တော်သည် ငိုင်မြိုင်ကာ ကျန်ရစ်ခဲ့ရပေသည်။

တစ်ယောက်ထီးတည်း တစ်နေရာ ချောင်ကောင်းကောင်းက မြက်ခင်းပေါ်၌ လဲလျောင်းနေရစဉ်၌လည်း ကျွန်တော်သည် ပြည်တော်သာသခင်မအကြောင်းကို သာလျှင် စဉ်းစားလျက် ပဒေသရာဇ်အလျာ၏နာမည်တော်လေးကိုသာ အမြွတ်တနိုး တသသရွတ်ဆိုနေတတ်ပါသေး၏။ စဉ်းစားရခြင်း၌ အကြိမ်ကြိမ်အဖန်ဖန် များလှပြီ ဖြစ်သော်လည်း ငြီးငွေ့ထိုင်းမှိုင်းခြင်းမဖြစ်မိ။ အမြဲတစေ လန်းဆန်းနေ၏။ သစ်လွင်နေ၏။

" ခင်ဗျား ဆီမန်းမန်းသလို မန်းနေရွတ်နေတဲ့ ဂါထာက ဘာဂါထာလဲဗျ၊ မွန်းဧေယရဲ့" ဟု များမကြာမီကလေးက ကျွန်တော်တို့ တပ်မဟာသို့ ရောက်ရှိလာသော တောင်သူ၏သား ထွန်းခိုင်က အဘယ်က အဘယ်သို့ ဖြတ်ကာ ကျွန်တော့်အနီးသို့ ရောက်လာသည်မသိ။ ကျွန်တော်၏ အနီးတွင်လာ၍ ရပ်ရင်း၊ ရွှန်းရွှန်းစားစားကြည့်ကာ မေးနေသောကြောင့် ထွန်းခိုင်၏ မေးမြန်းခြင်းကို ကြွဲကြွဲပြားပြားနှင့် ဘာမှန်းရယ်ဟူ၍ မသိလိုက်ဘဲနှင့် "ပြည်တော်သာ ခင်ခင်ဦးတဲ့" ဟူ၍ နှုတ်ဖျားမှ လွယ်လင့်တကူပင် ချောခနဲ ထွက်သွားပေသည်။

"ပြည်တော်သာ ခင်ခင်ဦးတဲ့လား။ အိမ်း ဂါထာနာမည်ကလေးကိုကပဲ တယ်လည်း ချစ်စရာကောင်းသကိုး အင်း ရအောင်ကျက်လေ" ဟု ထွန်းခိုင်က တောင်သူ၏သား ပီပီပင်ရိုးရိုးနှင့်ပဲ ဣန္ဒြေရရပြောဆိုကာ တပ်စခန်းဘက်ဆီသို့ ထွက်သွားတော့မှ ကျွန်တော်သည် မိမိအဖြစ်ကို ပြန်သတိရကာ "ပြည်တော်သာခင်ခင်ဦး ပြည်တော် သာခင်ခင်ဦး" ဟူ၍ မိမိတစ်ယောက်သာကြားနိုင်သော လေသံကလေးဖြင့် တောင်ငူစာဆို မင်းနတ်ရှင်၏ ရတုများထက်ပင် တပ်တပ်မက်မက် ရွတ်ဆိုမြည်တမ်း နေလိုက်မိပေသေးတော့သည်။

သို့ရာတွင် ပြည်တော်သာ၏ မြနန်းဦးဝယ် စံမြန်းနေရှာသော ထိပ်ထားက ကျွန်တော်၏ တပ်မက်မောစွာ ရွတ်ဆိုမြည်တမ်းသံကို ကြားနာနိုင်လိမ့်မည်ကား မဟုတ်သေး။ ထိပ်ထားသည် ခမည်းတော်ဖြစ်သော ပြည်တော်သာနယ်စားကြီးနှင့် ခမည်းတော်၏ အကြံပေးဉာဏ်ပေးလုပ်နေကြသော သိုးဆောင်းမျက်နှာဖြူနယ်ချဲ့သမားများ


www.burmeseclassic.com

အာဏာစက်ကွင်းထဲမှ ရုန်းကန်မထွက်နိုင်ရှာသေးသော ငှက်မကလေးသာဖြစ်နေပေသည်။ ဗမာ့တစ်မျိုးသားလုံး၏ အရေးကိုသစ္စာဖောက်၍ သိုးဆောင်းနယ်ချဲ့သမားနှင့် လက်ဝါးချင်းရိုက် ပူးပေါင်းကာ ၎င်းတို့ထံမှ အကြံညာဏ်များ အမိန့်ဩဇာများကိုလည်း တစ်သဝေမတိမ်းနာခံရရင်း ဆင်းရဲသားအများပြည်သူခပင်းတို့အား နှိပ်စက်သတ်ဖြတ်ပြီးရင်း သတ်ဖြတ်နေသည့်အကြားမှ ပြည်တော်သာနယ်စားကြီးက ၎င်း၏ 'သစ္စာတော်ခံ'အလုပ်အကျွေးများ လက်တစ်ဆုပ်စာမျှလောက်နှင့် 'ပြည်တော်သာညီလာခံ' ပျော်ပွဲရွှင်ပွဲသဘင်ကြီးကို ပြည်သူဆင်းရဲသားများထံမှ အတင်းအဓမ္မ လုယက်ကောက်ယူထားသော ငွေကြေးဘဏ္ဍာများဖြင့် ကြီးကြီးကျယ်ကျယ်နှင့် ခမ်းခမ်းနားနားဆင်ယင်ကျင်းပရေးအတွက် ပြင်ဆင်နေသည့် အခိုက်အခါတွင်းဖြစ်၍ ထိပ်ထားသည်လည်း အထိုက်အလျောက် အလုပ်များချင်က များနေရပေလိမ့်မည်။ သို့ရာတွင် ထိပ်ထားရဲ့ သဘောဆန္ဒကတော့ ပါလှလိမ့်မည်မဟုတ်ပါ။ ဒါကိုတော့ ကျွန်တော်က စိတ်ချ ယုံကြည်သည်။ ခမည်းတော်နယ်စားကြီး၏ ပြင်းထန်လှသော ရာဇသံအမိန့်ကို မလွန်ဆန်၊ မတော်လှန်ဝံ့၍သာလျှင် လိုက်လျောငြိမ်သက်နေခြင်းဖြစ်ပေလိမ့်မည်။

"ပြည်တော်သာ ခင်ခင်ဦး"

ကျွန်တော်သည် အတော်ကလေး ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီဖြစ်သော ထွန်းခိုင်၏ နောက်ကျောကိုလှမ်း၍ ကြည့်လိုက်မိရင်းက လှမိုးသူဇာကိုပင် ယောင်ယမ်းတသနေလိုက်မိသေးတော့သည်။ ထိပ်ထားက ကျွန်တော့်အား သည်အထိပင် ဆွဲဆောင်ဖမ်းဆီးထားနိုင်ပေသည်။ ထိုသို့ ဆွဲငင်နိုင်သော စွမ်းအားနှင့် တန်ခိုးသတ္တိတို့သည်လည်း ထိပ်ထား၌ရှိပေသည်။ ဒါတွေအားလုံးကိုလည်း ကျွန်တော်က ကောင်းကောင်းကြီးသိသည်။ စိတ်ကူးတွက်ဆသော အသိဖြင့်သိခြင်းမျိုးတော့ကား မဟုတ်ပါ။ နဖူးတွေ့ဒူးတွေ့ဖြင့် ကျဉ်းထဲကျပ်ထဲ၌ သိလာခဲ့ရသော မှတ်ကျောက်တင်ခံအသိဖြင့် သိပေသည်။ ကျွန်တော်က လှမိုးသူဇာကိုသိသော အသိ၌ ကျွန်တော်၏အသိကို ကျွန်တော်သည် စနိုးစနောင့်မဖြစ်မိ။ သံသယနှင့်ဒွိဟများ ကင်းစင်၍ စိတ်ချယုံကြည်၏။

တကယ်တမ်းဆိုရ ပြောရမည်ဆိုခဲ့လျှင် 'ပြည်တော်သာ'နှင့် 'ခင်ခင်ဦး' ဟူသော အလွန်တရာ နားဝင်ပီယံချိုအေးလှသည့် ကာရန်အလှအပကလေးများဖြင့် ဖွဲ့နွဲ့ထားခြင်းကြောင့် ကျွန်တော်က အပေါ်ယံဟန်နှင့် အဖွဲ့အနွဲ့ကို လူပြိန်းတစ်ယောက်အနေဖြင့် တစ်ဖက်သတ် စိတ်ကူးယဉ်ကာ ဗာရာဏသီချဲ့ထွင်နေခြင်းတော့ မဟုတ်ပါ။

'ပြည်တော်သာ' ဟူသော နာမည်ကလေးနှင့် အသံကလေးမှာ ကြားရခြင်း၌ရော၊ အဓိပ္ပာယ်၌ရော လူပြိန်းများ မက်မောလောက်စရာ၊ နှစ်ခြိုက်လောက်စရာ ဖြစ်သော်



www.burmeseclassic.com

www.burmeseclassic.com


လည်း ထိုပြည်တော်သာဟု နာမပညတ်ခေါ်ဝေါ်ထားအပ်သည့် တိုင်းပြည်၌၊ ယမမင်း သောင်းကျန်းနေသော ငရဲပြည်နှင့် မည်ကဲ့သို့မျှ ခြားနားခြင်းမရှိသော တကယ့် အဖြစ် အပျက်နှင့် ခံစားရချက်များ ဒုက္ခအဝဝများကို ကျွန်တော်က စာတွေ့သာလျှင် မဟုတ်၊ ငါတွေ့ပါ ဖြစ်ခဲ့ခံခဲ့ရသောကြောင့် ကောင်းကောင်းကြီးသိ၍ နားလည်ထားပေသည်။ ပြည်တော်သာ ယမမင်း၏ နှိပ်စက် ညှဉ်းပန်းခြင်းနှင့် သတ်ဖြတ်ခြင်းခံနေခဲ့ရ၍ ခံနေရဆဲလည်းဖြစ်သော ဆင်းရဲသားအများပြည်သူတို့အထဲမှ ကျွန်တော်သည် တစ်ကြိမ်သော ကာလက အညှဉ်းဆဲခံရပါသေး၏။ ယမမင်း၏ လောင်တိုက်ပြင်၌ အကျဉ်းသားဖြစ်ခဲ့ရပြီးဖြစ်သော ကျွန်တော့်အတွက် ကာရန်အလှဖြင့် အပေါ်ယံဖွဲ့နွဲ့ကာ အတွင်း၌ကား လောက်ဖွားဖွားကျနေသော အသိုးအပုပ်ကို လှည့်ပတ်ဖြားယောင်း၍ ရမည်မဟုတ်။ ကျွန်တော်သည် နားယောင်လိမ့်မည်လည်းမဟုတ်။ ‘ပြည်တော်သာ’ ဟူသော သာယာချမ်းမြေ့ဖွယ်ရာ နာမည်ကလေးကို ဖောက်လွဲဖောက်ပြန်လုပ်နေခြင်းအား ကျွန်တော်က အူမှချေးမှ နောကျေနေအောင်သိပြီးဖြစ်၍ ‘ ပြည်တော်သာ’ဆိုသော နာမည်ကလေး၏ သာယာချမ်းမြေ့ခြင်း၌ မိုက်မဲစွာ ညွတ်နူးနေခြင်းလည်းမဟုတ်။ စိတ်ကူးယဉ် အိပ်မက်နေခြင်းလည်းမဟုတ်။ ယမမင်းနှင့် ညီအစ်ကိုတော်စပ်သော ယခု ပြည်တော်သာနယ်စားကြီးဟု ခေါ်ဝေါ်နေကြသည့် သတ္တဝါကြီးအား ‘လွတ်လပ်ရွှေပြည်’ ခေတ်ကာလကရော၊ ‘ငြိမ်းချမ်းရွှေပြည်’ ခေတ်ကရောသာမက ယခု ပြည်တော်သာဟု မပညတ်မီ နောက်ဆုံးဖြစ်သည့် ခိုင်မြဲပြည်တော်ကာလတုန်းကပင် ကျွန်တော်က အမြီးပြန်ခေါင်းပြန် တွေ့ခဲ့မြင်ခဲ့ရပြီးဖြစ်၍ လူးနေလိမ့်နေအောင်ခံခဲ့ရပြီဖြစ်၍ ယခုတစ်ဖန် ပြည်တော်သာဟု တစ်နည်းတစ်ဖုံ လှည့်ပတ်လုပ်ကြံလာပြန်ခြင်း၌ ကျွန်တော့်အဖို့ နားယောင်နေစရာမရှိ။ ပြည်တော်သာဟူသော လူအများအား နားလှည့် ပါးရိုက်ရန် ပြုလုပ်သော စီမံကိန်းနှင့်ပင် မလုံလောက်အားမရသေး၍ ‘နိဗ္ဗာန်ရွှေပြည်’ ဟူ၍ပင် ကိုယ့်လိပ်ပြာကိုယ်မရှက်၍ လုပ်ရဲလျှင်လည်းလုပ်လိုက်ပါဦး။ ကျွန်တော်၏ အဖို့ကားသည် ယမမင်းသည် ယမမင်းသာဖြစ်နေ၍ ထူးခြားလိမ့်မည် မဟုတ်ပါ။ နားယောင်၍ ပြောင်းလဲခြင်းရှိနေလိမ့်မည်လည်း မဟုတ်ပါ။ ‘ ပြည်တော်သာ ’ ဟူသော ကာရန်သာကြောင့် ကျွန်တော်က ထိပ်ထားအား ဗာရာဏသီချဲ့ကာ စိတ်ကူးယဉ် အိပ်မက်မက်နေခြင်း မဟုတ်သည်ကို စိတ်ချယုံကြည်ခြင်းရှိပေသည်။

“ခင်ခင်ဦး”

နာမည်တော်ကလေးကမူ ပဒေသရာဇ်အလျှာဖြစ်၍ ပဒေသရာဇ်အဆောင်အယောင်များဖြင့် သီကုံးစပ်ဟပ်ထားသည်ကိုကား ကျွန်တော်က ပရမတ်သမားတစ်ယောက်လို


www.burmeseclassic.com

www.burmeseclassic.com


သပ်လျှိုခံရသည့် အထိတော့ ဖွတ်ငြင်းနေလိမ့်မည်မဟုတ်ပါ။ ပဒေသရာဇ်အလျှာဖြစ်၍ ပဒေသရာဇ်ဆန်သော နာမည်ကို ကျွန်တော်က သဘောမကျဘဲ ရှိနေရမည်ဆိုလျှင် လွန်ခဲ့သော နှစ်ပေါင်းသုံးထောင်လောက်က ကျွန်တော်၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင် တို့သည် တောတောင်ထဲ၌ ကျားရိုင်းအား တုတ်ချွန်ဝါးချွန်များဖြင့် ခုခံတိုက်ခိုက်နေခဲ့ကြရခြင်းအား ယခုအခါ၌ ယမ်းထိုးသေနတ်ကို ကိုင်ဆောင်နေနိုင်သော ကျွန်တော်က မိုက်မဲလှပါတကားဟု ကျွန်တော်ကသာ မိုက်မဲစွာနှင့် ပြစ်တင် ရှုတ်ချနေခြင်းနှင့် တူနေပေလိမ့်မည်မဟုတ်ပါသလော။ ခင်ခင်ဦးသည် ဗမာအမျိုးသား နာမည်အစစ်ဖြစ်သည်ကို မည်သူကမျှ ငြင်းဆန်ကြလိမ့်မည်ဟု ကျွန်တော်မထင်ပါ။ ကျွန်တော်သည်လည်း ဗမာအမျိုးသားတစ်ယောက်ဖြစ်၍၊ ဗမာအမျိုးသားများ၏ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်သော နာမည်အခေါ်အဝေါ်ကို ဗမာအမျိုးသားဆန်လျှင် သဘောကျနှစ်ခြိုက်မည်သာဖြစ်ပါ၏။ ဗမာ့မြေပေါ်၌ မွေး၍၊ ဗမာ့ မြေပေါ်၌ကြီးပြင်း လူဖြစ်လာရကာ နောက်ဆုံးသော တစ်နေ့၌လည်း ဗမာ့မြေကြီးထဲ၌ မြှုပ်နှံခြင်းခံရမည်ဖြစ်သော ကျွန်တော်က ဗမာမှုအား  သဘောကျတပ်မက်မိခြင်းအတွက် အပြစ်တင်ချင်က တင်ကြပါစေတော့။

ခင်ခင်ဦး။ ဒါက မိန်းမသားတစ်ယောက်အား နန်းရိပ်နန်းဆွယ်၌ မွေးဖွားလာ၍ အဦးအဖျားအဖြစ်ဖြင့် ပညတ်မှည့်ခေါ်သော အမှတ်အသားသင်္ခေပသာ ဖြစ်ပေသည်။ အကယ်၍သာ ခင်ခင်ဦးဟူသော နာမည်ဖြင့် မိန်းမသားတစ်ဦးတစ်ယောက်သည် ဗမာ့အမျိုးသားရေးကို သစ္စာဖောက်ကာ သိုးဆောင်းနယ်ချဲ့သမားတို့၏ ခြေသလုံးကို ဖက်၍ ကခုန်ဆော့ကစားနေလျှင် ထိုနာမည်သည် ပြည်တော်သာ၏ လမ်းဆုံးသို့သာ လိုက်ပါရလိမ့်မည်ဖြစ်ပေသည်။

သို့ရာတွင် ကျွန်တော်၏ လှမိုးသူဇာကား သည်လိုမဟုတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com

# မောင်ရဲ့ ခင်ဦး

မမျှပန်းချင်း၊ မွေးတုကင်းကို၊
မယှဉ်းသတိ၊ ရှုမိမိသည်၊
မျက်စိ မူးလည်သီတော့သည်။

နတ်သျှင်နောင်

(၁)

ပင်တိုင်တော်မြနန်းဦး၏သခင်မက ပဒေသရာဇ်အလျာဖြစ်ပေသည်တကား။ ကျွန်တော်ကသာ မထင်မရှားနှင့် သူလိုငါလို အညတြတစ်ယောက်ဖြစ်ပေသည်။ သူလို ငါလို အညတြဆိုရာ၌ သာမန်အညတြမျှသာလျှင် မဟုတ်သေးဘဲ တစောင်းစေးနှင့် မျက်ချေးထက်ဆိုးဝါးပြင်းထန်သော ဆန့်ကျင်ဘက်မှ အညတြဖြစ်ပေသည်။ တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခဖြစ်နေသော ရန်သူချင်းဖြစ်ပေသည်။

မိုးကောင်းကင်နှင့် မြေကြီးသည် လှမိုးသူဇာနှင့် ကျွန်တော်၏အကြား၌ ဟန့်တားနေသောချောက်ကမ်းပါးလောက် ကွာလှမ်းနိုင်လိမ့်မည် မဟုတ်ဟုထင်ရပါ၏။ ကောင်းကင်နှင့် မြေကြီးကား ဆက်စပ်ရန် လေ့ကားသည် လူတို့ကြံဆကြိုးပမ်းလျှင်ဖြစ်နိုင်ရနိုင်ဖွယ်ရာ ရှိကောင်းရှိလိမ့်ဦးမည်ဖြစ်သော်လည်း ထိပ်ထားနှင့်ကျွန်တော်၏အကြား၌ခြားနားသော ချောက်ကမ်းပါးအတွက် ပေါင်းကူးတံတားသည် စိတ်ကူးတွေးဆရာ၌ပင် ကျွန်တော်သည် အသက်မှန်မှန်မရှုနိုင်အောင် မောပန်းခဲ့ပါ၏။

သို့ရာတွင် လှမိုးသူဇာသည် ကျွန်တော့်အား ဆွဲငင်ဖမ်းဆီးထားခဲ့လေပြီ။ ထိုဖမ်းဆီးထားသော အနှောင်အဖွဲ့မှ ကျွန်တော်သည် မည်သို့မျှ ရုန်းကန်၍လည်း မထွက်



www.burmeseclassic.com

www.burmeseclassic.com


နိုင်ပါ။ ထွက်လည်းမထွက်ချင်။ မထွက်လိုသည့်အကြောင်းကိုလည်း ကျွန်တော်က မှန်ကန်ရိုးဖြောင့်စွာ ဖွင့်ဟဝန်ခံလိုပေသည်။

လှမိုးသူဇာ၏ အနှောင်အဖွဲ့မှ ကျွန်တော်က ရုန်းကန်မထွက်ပြေးခြင်းအတွက် ကျွန်တော်၌ ခိုင်လုံသော သက်သေခံများ၊ စိတ်ချယုံကြည်လောက်သော အထောက်အထားများရှိပေသည်။ ထိုကဲ့သို့ သက်သေခံများနှင့် အထောက်အထားများအား ကျွန်တော်က တူးဖော်ကိုးကား၍ ထုတ်ပြခြင်း၌ ကျွန်တော်၏ ညံ့ဖျင်းခြင်းကို ဖုံးဖိကာကွယ်ရန် ကြိုးစားသည်ဟူ၍တော့ မထင်စေလိုပါ။ အကယ်၍သာ လှမိုးသူဇာ၏ စိတ်နေသဘောထားများ၊ စေတနာများနှင့် ကျရောက်ဖြစ်ရှိနေရသော အခြေအနေ အဖြစ်အပျက်မှန်များကိုသာ ရှင်းရှင်းလင်းလင်းသိလာရသောအခါ၌ သံသယ ကင်းစင်သွားလိမ့်မည်ဟူ၍တော့ ယနေ့ညမိုးချုပ်လျှင် မနက်ဖြန် မိုးလင်းမည်ကို စိတ်ချယုံကြည်သလို ကျွန်တော်က စိတ်ချလက်ချယုံကြည်မိပေသည်။

ပြည်တော်သာ သခင်မကို ကျွန်တော်က တွေ့လာသိလာခဲ့ရခြင်း၌ ပဒေသရာဇ်အလျာအနေဖြင့်လည်းကောင်း၊ လှပချောမောလှသော မိန်းမပျိုတစ်ဦးတစ်ယောက်အဖြစ်နှင့်လည်းကောင်း တွေ့ခဲ့သိခဲ့ရသည်ကိုလည်း ကျွန်တော်သည် မငြင်းဆန်လိုလှသော်လည်း အမျိုးကိုချစ်၍ လူချင်းလူ ကြင်နာတတ်ကာ ငြိမ်းချမ်းရေးကိုလည်း စုံမက်မြတ်နိုးလှသော လူသတ္တဝါတစ်ဦးတစ်ယောက်အနေနှင့် ကျွန်တော်က တွေ့လာသိလာခဲ့ရပါသေး၏။ ထိုသို့ လူတစ်ယောက်အနေ လူဆန်ဆန်သိလာ၊ တွေ့လာခဲ့ရသော လှမိုးသူဇာကို ကျွန်တော်က လေးစားစုံမက်နေခြင်းလည်းဖြစ်ပေသည်။ မြတ်နိုးခုံမင်ကာတသသဖြစ်နေရခြင်းလည်း ဖြစ်ပေသည်။

ကျွန်တော်၏ကမ္ဘာမှ ပြည်တော်သာ၏ မြနန်းဦးကို လှမ်းမျှော်၍ကြည့်လိုက်လျှင် စိတ်ကူးထဲ၌သာ မြင်ရပေမည်။ တကယ့် ပင်တိုင်တော်ကိုကား တော၊ တောင် ကန္တာရနှင့် မိုးတိမ်များ ကာဆီးခြားနားနေ၍ မြင်နိုင်ဖွယ်ရာတော့မရှိပါ။ သို့ရာတွင် ကျွန်တော်သည် ဒါလောက်ကွာလှမ်းနေရသောကမ္ဘာမှ ပင်တိုင်တော်မြနန်းဦးကို အိပ်မက်မက်နေနိုင်ခြင်းမှာ လှမိုးသူဇာအပေါ်၌ ကျွန်တော်၏ ယုံကြည်စွဲလမ်းချက်သည် ကြီးမားခိုင်ခံ့၍သာ ဖြစ်ပေတော့မည်။

မိုးနှင့်မြေကြီး၏ အကွာအဝေးထက်၊ ရုပ်အကောင်အထည် အခြေအနေများအရ အတိုင်းအတာနှင့် ပမာဏတို့၌ ဝေးကွာမည်မဟုတ်သော်လည်း ဘဝချင်းကား ထို့ထက်ပင် ကွာလှမ်းဝေးသီနေခြင်းကို ကျွန်တော်က ကောင်းကောင်းကြီး သိသော်လည်း ကျွန်တော်၏ စွဲလမ်းတပ်မက်စွာ ယုံကြည်မျှော်လင့်နေခြင်းကိုကား အဘယ်သူတစ်ဦးတစ်ယောက်ကမျှ ဖျက်ဆီးခြိမ်းခြောက်၍သော်လည်းကောင်း၊ လှောင်ပြောင်ကာ စိတ်ပျက်သွားအောင် ပြုလုပ်၍သော်လည်းကောင်း ရနိုင်လိမ့်မည်ကား မဟုတ်ပေ။


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် မိမိကိုယ်ကို စိတ်ချယုံကြည်နေခြင်းနှင့်မခြားသော စိတ်ချယုံကြည်နေခြင်း၏ မျှော်လင့်ချက်ကို ပဒေသရာဇ်အလျာဖြစ်သော ဒေဝစ္ဆရာအပေါ်၌လည်း တင်စားထားရှိပေသည်။ ကျွန်တော်၏ တင်စားထားရှိချက်ကိုလည်း လှမိုးသူဇာက ဘယ်နည်းနှင့်မျှ ဆန့်ကျင်ဘက်ပြုလုပ်လိမ့်မည်မဟုတ်ဟု ကျွန်တော်သည် စိတ်ချယုံကြည်သည်။ ဤသို့ စိတ်ချယုံကြည်သော နောက်ကြောင်းအထောက်အထားများလည်း ရှိပေသည်။

လှမိုးသူဇာသည် ပဒေသရာဇ်အလျာပင် မကလိုက်သေးဘဲ စကြဝတေးမန္ဓာတ်အလျာပင် ဖြစ်ချင်လဲဖြစ်ပါစေတော့ . . .။

ကျွန်တော်ကမူ ပြည်တော်သာ ခင်ခင်ဦးကို စိတ်ချယုံကြည်ပေသည်။ အနည်းငယ်မျှလည်း သံသယမဖြစ်မိ။

(၂)

ခင်ခင်ဦးဆိုသော အမျိုးသမီးတစ်ဦးတစ်ယောက်အား ကျွန်တော်က ပဒေသရာဇ်အလျာ ပြည်တော်သာသခင်မအနေနှင့် အနည်းငယ်မျှ အံ့သြအထင်ကြီးမိခြင်းတော့မဖြစ်မိ။ ပင်တိုင်တော်မြနန်းဦးဝယ် ရုံရွှေတော်များနှင့် တခမ်းတနား အဆောင်ဆောင်အခန်းခန်းနှင့် ကြီးကျယ်လှစွာ စံမြန်းနေသော ထိပ်ထားအား ကျွန်တော်က လေးစားဂုဏ်ပြုနေခြင်းလည်းမဟုတ်။

မြင်းစီးဘောင်းဘီကိုဝတ်၍ သေနတ်ကိုင်ကာ မျက်နှာဖြူ သိုးဆောင်းလူမျိုးများနှင့် တောကစားထွက်လေ့ရှိသည်ဆိုသော ခင်ခင်ဦးအား ကျွန်တော်က ဘာမျှအံ့သြစရာမရှိပေ။ ယောကျ်ားနှင့်မခြားဘဲ ရင်ပေါင်တန်းလိုက်နေသည်ဟု သည်တစ်ချက်အတွက် ကျွန်တော်က လုံးဝအသိအမှတ်ပြု၍မရပါ။

ကျွန်တော်သိသော ခင်ခင်ဦးမှာ ဗမာတစ်ယောက်ဖြစ်၍ မိမိ၏ အမျိုးသားများဖြစ်သော တောသူတောင်သား၊ ဆင်းရဲသားများအား စာနာညှာတာ၍ သနားကြင်နာတတ်သောသဘောရှိပေသည်။ မိမိ၏အမျိုးသားများကို ချစ်မြတ်နိုးတတ်သော သဘောလည်းရှိပေသည်။ ခင်ခင်ဦး၏သည်သဘောကို ကျွန်တော်က ကောင်းစွာနားလည်သိမြင်ခဲ့၍ စိတ်ချယုံကြည်ပေသည်။

ခင်ခင်ဦးမှာ ပဒေသရာဇ်အလျာဖြစ်၍ ပဒေသရာဇ်မြနန်းဘုံ၌ မွေးဖွားကြီးပြင်းလာခဲ့ရသဖြင့် ပဒေသရာဇ်အသွေးအသားများ၊ အငွေ့အသက်များနှင့် အတွေးအခေါ်အကျင့်အမူများရှိနေမည်ကိုကား ငြင်းကွယ်နေရန်တော့မဟုတ်။ အများပြည်သူတို့အား သက်သာကောင်းမွန်စေလိုသော စေတနာဆန္ဒရှိနေခြင်းကပင်လျှင် ကျွန်တော်တို့ဘက်နှင့် နီးစပ်သော အချက်ကြီးတစ်ချက် မဟုတ်ပါသလော။


www.burmeseclassic.com

မှန်ရွှေစီပြတင်းမှ ငွေလရောင်သည် မြပင်တိုင်၏ သဉ္ဇာဖွေ၌ ယိုစီးပက်ဖျန်းနေစဉ် ကာလများ၌ ခင်ခင်ဦးက ဗမာမှုဖြစ်သော မှန်စီမိကျောင်းဖြင့် ‘ထောင်ရောင်နေ မှောင် မှောင်ခြွေ”ကြိုးသီချင်းကြီးအား သီဆိုတီးမှုတ်ရင်း ရေမြှုရှင်၏ ဘုန်းတော်အား ဖွဲ့နွဲ့နေ တတ်ခြင်းကို အပြစ်တင်နေ၍မဖြစ်။ ဒါကို အထင်ကြီးအောင် သင်ကြား၍၊ ဒါကို ဂုဏ်ပြုတတ်မှ တော်ဝင်သည်ဟု သင်ကြားခဲ့ရသော သင်ကြားပုံစနစ်ကိုလည်း ပြန်လည် သတိထားကြည့်ရန်လိုနေပေလိမ့်မည်။

“ခင်ဗျားရဲ့ ထိပ်ထားကလေး ခင်ခင်ဦးက ကုလို့များကောရဦးမယ့် လူမမာမှ ဟုတ်ရဲ့လား၊ ရောင်းရင်းဖေယရဲ့ ”ဟု ကျွန်တော့်အား အားမလိုအားမရနှင့် အပြစ်တင် ချင်သလို အခြားအခြားသော သွေးသောက်ရောင်းရင်းများက မေးလာမြန်းလာတတ် ခြင်းကို ကျွန်တော်သည် မကြာခဏတွေ့ကြုံခဲ့ရပါ၏။

“ဒါကတော့ ခင်ဗျားတို့ကမှ ထိပ်ထားကလေးကို မဆက်ဆံဖူးတော့ ကျွန်တော့် အနေနဲ့လည်း ပြောပြရမှာက အခက်သားကလား။ နောင်တော်မင်းခေါင်ကို ပြောင်ပြောင် ကြီး သစ္စာဖောက်ပြီး တလိုင်းမင်း ရာဇာဓိရာဇ်နဲ့ ပူးပေါင်းခဲ့တဲ့ ရှင်သိဒ္ဓတ်လည်း ရာဇဝင် မှာ အရှိသားပဲမဟုတ်လား။ နောက်ဆုံး ဆင်ချင်းအစွယ်ယှက်ရတော့ ရှင်သိဒ္ဓတ် ဘာဖြစ် သွားသလဲဆိုတာလဲ အထောက်အထားရှိနေသားပဲ” ကျွန်တော်က ထိပ်ထားအား စိတ်ချယုံကြည်စွာ ကာကွယ်ပြောဆိုလိုက်ပေသည်။

“ဒါကတော့ ညီရင်းနောင်ရင်းကိုးဗျ”

“ ထိပ်ထားကရော လူချင်းလူပဲ မဟုတ်လားဗျ ”

ကျွန်တော်ကတော့ ထိပ်ထားအား ကာကွယ်ရာ၌ ရှေ့နေရှေ့ဖတ်များထက်ပင် ဆင်ခြေဆင်လက် ကောင်းလှပေသည်။

“ပြည်တော်သာနယ်စားရဲ့ သမီးတော်က သူ့ခမည်းတော်ကို လုပ်ကြံနေတဲ့ ရန်သူ တွေဘက် ပါလာမယ်ဆိုတာ ကျုပ်တို့ကတော့ လားလားမှ မထင်ပေါင်ဗျာ”

“မထင်တာကိုတော့ ကျုပ်ကထင်ပါလို့ ဇွတ်ပြောဖြစ်တာမဟုတ်တော့လဲ ခက် သားပဲ” ကျွန်တော်ကအများနှင့် တစ်ယောက်ဖြစ်၍ ဇွတ်ငြင်းနေ၊ ဇွတ် ကာကွယ်နေ ၍လည်း မဖြစ်သေး။

“ကြည့်ရသေးတာပေါ့ ခင်ဗျားထိပ်ထားကိုတော့”

သွေးသောက်ရောင်းရင်းများကတော့ ခပ်လှောင်လှောင်ပဲ ပေါ့ပေါ့ဆဆ ပြော လိုက်တတ်ကြပေသည်။ ကျွန်တော်က မခံချင်တော့ ဖြစ်မိသည်။ သို့ရာတွင် မခံချင်တာ ကလေးတစ်ခုနှင့် သူတို့အား မနိုင့်အနိုင် ပြန်ပြောနေ၍လည်း ပြီးသောကိစ္စမဟုတ်သေး။ ရှေ့၌ လုပ်ငန်းကလည်းရှိသေးသည်။ လုပ်ငန်းမလုပ်ရမီ တစ်ယောက်နှင့်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com


ငြင်းခုံနေ၍လည်းကောင်း၊ အချင်းချင်း အကျိုးမဲ့ စကားများနေ၍လည်းကောင်း အချည်း အနှီးသာဖြစ်တော့မည်။ ထို့ကြောင့် ကျွန်တော်က သွေးသောက်ရောင်းရင်းများ၏ လှောင်ချက်ကိုပြုံးနေလိုက်ရသည်။ စကားပြန်မပေးဘဲ ငြိမ်နေလိုက်ရသည်။

ပဒေသရာဇ်အလျာဖြစ်သော ဒေဝစ္ဆရာအပေါ်၌ ကျွန်တော်၏ စွဲလမ်းယုံကြည်ခဲ့ မိခြင်းအတွက် ကြိမ်ဖန်များစွာပင် ကျွန်တော်သည် အများနှင့်အချင်းချင်း၏ ရယ်မော လှောင်ပြောင်စရာ သတ္တဝါတစ်ယောက်လို ဖြစ်နေခဲ့ရပါ၏။ အထင်သေးအမြင်သေးများ ကို ခံခဲ့ရသည်နှင့်ပင်မကသေးဘဲ ရံဖန်ရံခါ အယူသီးပြင်းထန်လှသော သွေးသောက် များ၏ ရှုတ်ချပြောဆိုခြင်း၊ ပြစ်တင်ဝေဖန်ပြောဆိုခြင်းများကိုလည်း ခံခဲ့ရပေသည်။ သို့ရာတွင် ကျွန်တော်က ထိပ်ထားအပေါ်၌ စိတ်ချယုံကြည်ခြင်းသည်ကား အနည်းငယ် မျှ တွေဝေခြင်း၊ သံသယဖြစ်ခြင်းကား မရှိခဲ့။

ကျွန်တော်၏ မျှော်လင့်ခြင်းရပ်တည်ရာသည် သဲသာသောင်ယံ၌ မဟုတ်ဘဲ ကျောက်ဆောင်များပေါ်၌ ဖြစ်သည်ကိုကား ကျွန်တော်က စိတ်ချယုံကြည်သည်။

အများ၏သရော်လှောင်ပြောင်ခြင်းများကို ခံရ၍လည်းကောင်း၊ အချင်းချင်း၏ ပြစ်တင်ဝေဖန် ရှုတ်ချခြင်းများကို ခံရ၍လည်းကောင်း ကျွန်တော်သည် လူသူကင်းရှင်း ဆိတ်ငြိမ်ရာ ချောင်တစ်ချောင်၌ ခြေပစ်လက်ပစ်လဲလျောင်း ပုန်းအောင်းနေရစဉ် ကျွန်တော် ကောင်းစွာသိနားလည်သော ပဒေသရာဇ်အလျာ လုမိုးသူဇာကို ရင်းရင်းနှီးနှီး နှင့် တသခေါ်ဝေါ်မြည်တမ်းနေမိပေသည်။

"မောင်ရဲ့ . . . ခင်ဦးရယ် . . ."


www.burmeseclassic.com

www.burmeseclassic.com

# ချိုလေတဲ့ချိုလေ

ရပ်ကျူးဝေးခေါင်၊ မောင်ကားစစ်ဝယ်
မယ်က – ရှုတ၊ ရွှေပြည်ကလျှင်
ဆွတ်မျှဖျာပါ၊ နေလှည့်ရာကို

နဝဒေး

(၁)

ယခုအချိန်အခါ၌တွင်ကား ပြည်တော်သာနယ်စားကြီး၏ အမျိုးမျိုးအဖုံဖုံသော ရက်ရက်စက်စက် လုယက်နှိပ်ကွပ်မှုများကိုလည်းကောင်း၊ ညှဉ်းပန်းသတ်ဖြတ်မှုများကိုလည်းကောင်း မည်သို့မည်ပုံမျှ ဆက်လက်မခံမရပ်နိုင်တော့သည်၏အဆုံးကာလဖြစ်၍ ပြည်တော်သာနယ်စားကြီးအား အများပြည်သူတို့ဖြစ်ကြသော ဆင်းရဲသားကျေးတော်မျိုး ကျွန်တော်မျိုး တောသူတောင်သားတို့သည် မိမိတို့ရပ်ရွာအလိုက်၊ နယ်ပယ်ဒေသအလိုက် အုပ်စုအသင်းအပင်းများဖွဲ့စည်းကာ ရှိတတ်သမျှနှင့် ရှာဖွေ၍ ရတတ်သမျှသော တုတ်၊ ဓား၊ သေနတ် လက်နက်များဖြင့် ထကြွတော်လှန်ခြားနားခြင်း၊ ပုန်ကန်ခြင်းပြုနေခဲ့သော အချိန်ကာလသည် (၄)နှစ်ပင် ကျော်လွန်၍ (၅)နှစ်ကာလအတွင်းသို့ပင် စွန်းဝင်ခဲ့ပြီလည်းဖြစ်ပေသည်။

ဗမာအမျိုးသားများ၏အရေးကို ပြောင်ပြောင်ကြီးဆန့်ကျင်၍ သိုးဆောင်းမျက်နှာဖြူနယ်ချဲ့သမားများနှင့် ပူးပေါင်းကာ သစ္စာဖောက်သွားခဲ့သော ပြည်တော်သာနယ်စားကြီးနှင့်အပေါင်းပါ၊ မြို့စားရွာစားနှင့် အဆက်တော်အနွယ်တော်များသည် ဗမာအမျိုးသားများ၏ သဘာဝပစ္စည်းများဖြစ်ကြသော ဆန်၊ စပါး၊ ကျွန်းသစ်၊ ရေနံသတ္တုနှင့် ပင်လယ်ဆိပ်ကမ်းများကို သိုးဆောင်းနယ်ချဲ့သမားအား ထင်သလို ခြယ်လှယ် ထုတ်ယူ



www.burmeseclassic.com

www.burmeseclassic.com

ခွင့်ပေးကာ တစ်ဖန် သိုးဆောင်းမျက်နှာဖြူနယ်ချဲ့သမားများထံမှ ငွေကြေး၊ လက်နက်၊ ခဲယမ်းမီးကျောက်များ တိုးလျှိုးတောင်းခံယူငင်၍ ၎င်း၏ညှဉ်းပန်းနှိပ်ကွပ်မှုများကို မခံမရပ်နိုင်၍လည်းကောင်း၊ လုပ်ကိုင်စားသောက်ရန်လမ်းဆုံးရာ၌ တော်လှန်၍လည်းကောင်း၊ ထကြွပုန်ကန်ကြသော အများပြည်သူတို့အား (၄)နှစ်ကျော်၊ ငါးနှစ်ကာလမျှ နှိပ်ကွပ်ဖြိုဖျက်လာသည့်တိုင်အောင် ပြည်သူတို့၏ အင်အားကို ဖြိုဖျက်နိုင်ခြင်းလည်းမရှိခဲ့ပေ။ မိမိတို့ဘဝပေးအသိများဖြင့် ပြည်တော်သာ နယ်စားကြီးအား ခြားနားပုန်ကန်ကြသော ပြည်သူဆင်းရဲသားများ၌ ပြည်တော်သာ နယ်စားကြီးကဲ့သို့ အပြင်အပမှ အကူအညီများကား မရှိ။ သို့ရာတွင် သိုးဆောင်းနယ်ချဲ့တို့၏ အမျိုးမျိုးသော အကူအညီများကို ဗမာ့သဘာဝ ပစ္စည်းများနှင့်လဲလှယ်၍လည်းကောင်း၊ တစ်ဖက်သတ်ချုပ်ချယ်တင်စီး၍ စွက်ဖက်လာသော စာချုပ်များအချုပ်ခံ၍လည်းကောင်း ရယူရရှိနေသော ပြည်တော်သာ နယ်စားကြီးသည် (၄)နှစ်ကျော် (၅)နှစ်မျှသော ကာလအတွင်း၌ပင်လျှင်လည်း ပြည်သူတို့၏ ပုန်ကန်မှုကို မဖြိုဖျက်နိုင်ခဲ့သည် သာမကသေးဘဲ ပြည်သူတို့၏စည်းလုံးမှု၊ ထကြွမှု အင်အားတို့သည်သာ တစ်နေ့တခြား ကြီးထွားသည်ထက် ကြီးထွား၍သာ လာနေပေသည်။

ယခင်ကာလများက ပြည်တော်သာနယ်စားကြီး၏လက်အောက်ခံ ရှမ်းပဒေသရာဇ် စော်ဘွားများ၊ ကချင်ဒူးဝါးများနှင့် မွန်၊ တလိုင်း၊ ကရင်မြေပိုင်ရှင်ကြီးများ၏ ဒဏ်ရာ၊ ဒဏ်ချက်တို့ကို အလားတူ မခံမရပ်နိုင်တော့လွန်း၍ မိမိတို့ ဒေသနယ်ပယ်အလျောက် အုပ်စုအသင်းအဖွဲ့များအလျောက် ထကြွတော်လှန်နေခဲ့ကြသော ရှမ်း၊ ပအိုဝ့်၊ ကချင်၊ မွန်၊ ကရင်နှင့် အခြားအခြားသော လူနည်းစုများသည်လည်း ယခုအချိန်အခါ၌ ရှမ်းနှင့် ပအိုဝ့် ခွဲခြား၍လည်းကောင်း၊ ကရင်နှင့် ဗမာ သီးခြား၍လည်းကောင်း ကျဉ်းမြောင်းလှစွာသော လူမျိုးရေးကလေးများကို ကြည့်ရှုနေ၍မဖြစ်တော့ဘဲ ပြည်တော်သာ နယ်စားကြီးနှင့် တစ်စည်းတစ်လုံးတည်း ဆက်စပ်နေသော မိမိတို့၏ နယ်ပယ်ဆိုင်ရာ မြို့စားရွာစားနှင့် စော်ဘွားစော်ခံများကို ပြည်တော်သာ နယ်စားကြီးအား ဆန့်ကျင် တိုက်ခိုက်နေကြသော ဗမာတောသူတောင်သား ဆင်းရဲသားများနှင့် သွေးသောက်စည်းလုံးကာ အတူတကွလည်ပင်းဖက်၍ ခုခံတိုက်ခိုက်ကြရတော့သည့် ဗမာတစ်မျိုးသားလုံး၏ အရေးကြီးအဖြစ်ဖြင့် သိမြင်နားလည်လာကြပြီလည်းဖြစ်ပေသည်။ ထိုသို့ မိမိတို့၏ တစ်မျိုးသားလုံးအရေးကို သိမြင်နားလည်လာခဲ့ကြပြီဖြစ်သည့်အလျောက်လည်း ယခုအခါ၌ ပြည်တော်သာ နယ်စားကြီးနှင့်အပေါင်းပါ ပဒေသရာဇ်အာဏာရှင်များအား တော်လှန်တိုက်ခိုက်နေကြသော ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ကြီးတွင် ဗမာ၊ ရခိုင်၊ မွန်၊ ကရင်၊ ရှမ်း၊ ပအိုဝ့်၊ ကချင်၊ ကရင်နီနှင့် ချင်းစသော ဗမာတစ်မျိုးသားလုံးသည် စည်းလုံးညီညွတ်စွာ ပါဝင်လျက်လည်းရှိနေပေပြီ။


www.burmeseclassic.com

www.burmeseclassic.com


ဗမာ့အရေးသည် ကရင့်အရေးဖြစ်၍ ကရင့်အရေးသည် ရှမ်းအရေးလည်းဖြစ်နေကာ ရှမ်းအမျိုးသားများ၏ ပဒေသရာဇ်စော်ဘွားများ၏ သံဖနောင့်အောက်မှ လွတ်မြောက်ရေးသည်ပင် ဗမာ့တစ်မျိုးသားလုံး၏ အရေးကြီးတစ်ရပ်ဖြစ်နေသည်ကို ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သားတိုင်း အငယ်ဆုံးတပ်သားကလေးမှ အကြီးဆုံးဗိုလ်ချုပ်ကြီးများအထိ ကောင်းစွာသဘောပေါက်နားလည်ကာ ယုံကြည်စွာဖြင့် တိုက်ခိုက်နေကြပေပြီ။ ထိုသို့ ဗမာ့တစ်မျိုးသားလုံး၏ အညှဉ်းဆဲ အနှိပ်ကွပ်ခံဘဝမှ လွတ်မြောက်ရေးအတွက် စွဲမြဲခိုင်မာသော ယုံကြည်မျှော်လင့်ချက်ဖြင့် တိုက်ခိုက်နေကြသော ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ကြီးအား ပြည်တော်သာ နယ်စားကြီးက အဘယ်ကဲ့သို့ပင် သိုးဆောင်းနယ်ချဲ့သမားများ၏ လက်နက်ခဲယမ်း အကူအညီများဖြင့် တိုက်ခိုက် နှိမ်နင်းဖြိုဖျက်နေသည်ဖြစ်စေ၊ သိုးဆောင်းနယ်ချဲ့သမားများ၏ အကြံညာဏ်အတိုင်း သူလျှိုများ ပဉ္စမတပ်သားများဖြင့် တိုးဖောက်ဝင်ရောက်၍ စိတ်ဝမ်းကွဲပြားသွားအောင် ဖန်တီး၍ ဖြိုဖျက်သည်ဖြစ်စေ တုန်လှုပ်ယိမ်းယိုင်ခြင်းကား ရှိလိမ့်မည် မဟုတ်တော့။

ပြည်တော်သာ နယ်စားကြီးနှင့်အပေါင်းပါ သိုးဆောင်းနယ်ချဲ့သမားများတို့၏ အမျိုးမျိုးအဖုံဖုံနှင့် ရက်ရက်စက်စက် လုယက်နှိပ်ကွပ်မှုများကိုလည်းကောင်း၊ ညှဉ်းပန်းသတ်ဖြတ်မှုများကိုလည်းကောင်း မည်သို့မည်ပုံမျှ ဆက်လက်၍မခံမရပ်နိုင်တော့သည်၏အဆုံးကာလသည်လည်း ရောက်ရှိနေခဲ့ပြီဖြစ်၍ ပြည်တော်သာ နယ်စားကြီးနှင့် ၎င်း၏အရှင်သခင်ဖြစ်သော သိုးဆောင်းမျက်နှာဖြူနယ်ချဲ့သမားကို အများပြည်သူတို့ဖြစ်ကြသော ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုး တောသူတောင်သားတို့သည် မူလက မိမိတို့ ရပ်ရွာဒေသနှင့် နယ်ပယ်အလျောက်ဖြစ်စေ၊ အုပ်စုအဖွဲ့အစည်းကလေးများအလျောက်ဖြစ်စေ ရှိတတ်သမျှနှင့် ရှာဖွေရတတ်သမျှသော တုတ်၊ ဓား၊ သေနတ်လက်နက်များဖြင့် ထကြွတော်လှန်နေခဲ့ကြရာမှ ယခုအချိန်ကာလ၌တွင်ကား လူမျိုးဒေသ အဖွဲ့အစည်းစသော ကျဉ်းမြောင်းလှ၍ မိမိတို့အားလုံး၏ လွတ်မြောက်ရေးအတွက် အဟန့်အတားဖြစ်စေခဲ့သော အခက်အခဲကဏ္ဍများကို သိမြင်ကျော်လွန်လာခဲ့ကြကာ ဗမာ့အရေးနှင့်ကရင့်အရေးသည်လည်းကောင်း၊ ကရင့်အရေးနှင့် ရှမ်းအရေးသည်လည်းကောင်း၊ ဗမာ့တစ်မျိုးသားလုံး၏ အတူတကွဖြစ် သောလွတ်မြောက်ရေးကြီးမှန်းကို ကောင်းစွာနားလည် ယုံကြည်ခဲ့ကြလေပြီ ဖြစ်သည့်အလျောက်၊ (၄)နှစ်ကျော်၊ (၅)နှစ်ကာလအတွင်းသို့ ရောက်ရှိလာခဲ့ကြပြီဖြစ်သည့် တော်လှန်ရေးကာလနှင့်အတွေ့အကြုံများအရ တစ်ခုတည်းသော ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြီး၌ ဗမာ၊ ရခိုင်၊ မွန်၊ ကရင်၊ ရှမ်း၊ ပအိုဝ့်၊ ကချင်၊ ကရင်နီ၊ ချင်းစသော ဗမာ့တစ်မျိုးသားလုံးသည်လည်း သွေးသောက်စည်းလုံးကာ ညီညွတ်နေကြပြီဖြစ်ပါ၏။

မြန်နန္ဒာစာအုပ်တိုက်

www.burmeseclassic.com

(၂)

ယခုကဲ့သို့ ပြည်သူတို့က ညီညီညွတ်ညွတ်နှင့် စည်းလုံးခိုင်မာလာသော အချိန်ကာလ၌ ပြည်တော်သာ နယ်စားကြီးသည် အလွန်တရာ ထိတ်လန့်စိုးရွံ့ကာ သွေးရူးသွေးတန်းဖြစ်လာနေခြင်းကိုလည်း တစ်စထက်တစ်စတွေ့မြင်လာခဲ့ရပေသည်။

နောက်ဆုံးသော ပဒေသရာဇ်သက်ဦးဆံပိုင် သီပေါဘုရင်ကို သိုးဆောင်းနယ်ချဲ့သမားများက လက်နက်ဗိုလ်ပါ အင်အားများနှင့် ခြိမ်းခြောက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြပြီးနောက် အနှစ် (၆၀)ကျော်ကာလမျှ ဗမာနိုင်ငံအား သိမ်းပိုက်အုပ်စိုးလာခဲ့ခြင်းအား၊ ဗမာ့အမျိုးသားများက အကြိမ်ကြိမ်အခါခါထကြွ ပုန်ကန်လှသောကြောင့် နည်းပရိယာယ်ဝေဝုစ် ကြွယ်ဝများပြားလှသော နယ်ချဲ့သမားက ၎င်း၏တိုက်ရိုက်အုပ်စိုးခြင်းအား၊ ဖုံးဖိကာကွယ်ရန် ပြည်တော်သာ နယ်စားကြီးအား ၎င်းတို့၏ကိုယ်စားလွှဲပြောင်း အုပ်ချုပ်စေခိုင်းခြင်းအား တစ်နေ့တခြား ခံသထက်သာ ခံလာနေခဲ့ရသော အများပြည်သူတို့က နောကျေနေအောင်လည်း တွေ့မြင်နားလည်ခဲ့ကြလေသည်။ သိုးဆောင်းနယ်ချဲ့သမား၏ ဘုရင်ခံသည် ပြည်တော်သာမှ အခမ်းအနားအဆောင်အယောင်များကို ရုပ်သိမ်း၍ စစ်သင်္ဘောကြီးထက်တွင် စီးနင်းလိုက်ပါသွားစဉ်က ပြည်တော်သာ နယ်စားကြီးနှင့် ၎င်း၏သေနာပတိကြီး မင်းလက်ျာတို့ သိုးဆောင်းနယ်ချဲ့သမားများနှင့် သဘောတူ ချုပ်ဆိုခဲ့ကြသော တစ်ဖက်သတ်စာချုပ်များကို ပြည်သူတို့က ကောင်းကောင်းကြီးသိရှိကြပါ၏။ ယခု ပြည်တော်သာအား ‘လွတ်လပ်ရွှေပြည်’ ဟူ၍ ပွဲလမ်းသဘင်၊ ပျော်ပွဲရွှင်ပွဲ အခမ်းအနားများနှင့် ဆင်ယင်ကျင်းပကာ ကြော်ညာကြစဉ်က သိုးဆောင်းနယ်ချဲ့သမား၏နောက်ချန် တပ်ကြွင်းသူလျှိုများသည် ပြည်တော်သာနယ်စား၏ညီလာခံသဘင်၌ အာဏာပိုင်များ၊ လူတွင်ကျယ်များအဖြစ် တန်ခိုးထက်မြက်ဝင့်ဝါနေကြသည်ကိုလည်း အများပြည်သူတို့ကပါ သိရှိခဲ့ကြပါ၏။ မြို့ရိုး၏အပြင်၌ လက်နက်အပြည့်အစုံနှင့် တပ်စွဲကျန်ခဲ့ကြသော သိုးဆောင်းနယ်ချဲ့သမား၏ လက်နက်ကိုင်စစ်တပ်ကြီးများကို ကလေးသူငယ်များမှအစ စိတ်မနှံ့သူများကပင် တွေ့မြင်သိရှိနေကြပါ၏။

လွတ်လပ်ရွှေပြည်ဟူ၍ ယခု ပြည်တော်သာနယ်စားကြီးက သိုးဆောင်းနယ်ချဲ့သမားများနှင့်ပူးပေါင်းကာ ဗမာတစ်မျိုးသားလုံး၏အရေးကို သစ္စာဖောက်၍ ကြေညာခဲ့စဉ်ကလည်း အဘယ်ကဲ့သို့ပင် အဆောင်ဆောင်အခန်းခန်းများဖြင့် အများပြည်သူတို့အား လှည့်ပတ်ဖုံးဖိသော်လည်း ထိုသို့ လွတ်လပ်ရွှေပြည်ကြေညာ၍ ပျော်ပွဲလမ်းပွဲများကျင်းပ၍ မပြီးဆုံးမီပင် ညှဉ်းပန်းချုပ်ချယ်ခြင်းနှင့် ငတ်ပြတ်ရခြင်းကို မည်သို့မျှ မခံမရပ်နိုင်တော့သော ဆင်းရဲသားပြည်သူတို့က ထကြွပုန်ကန်ခဲ့ကြလေသည်။ အနယ်



www.burmeseclassic.com

www.burmeseclassic.com


နယ်အရပ်ရပ်မှဆင်းရဲသားပြည်သူတို့က ၎င်းတို့၏အရေးကိုသစ္စာဖောက်၍ သိုးဆောင်းနယ်ချဲ့သမား စေခိုင်းသည့်အတိုင်း ၎င်းတို့အား အမျိုးမျိုးအဖုံဖုံ ညှဉ်းပန်းချုပ်ချယ်၍ လုယက်သတ်ဖြတ်လာသော ပြည်တော်သာနယ်စားကြီး၏ လက်နက်ကိုင်ကြေးစား လူသတ်သမားများအား ရတတ်သရွေ့သော လက်နက်၊ တုတ်၊ ဓားတို့ဖြင့် ထကြွတိုက်ခိုက်ခဲ့ကြလေသည်။

လွပ်လပ်ရွှေပြည်အား ပြည်သူတို့က မခံမရပ်နိုင်၍ ဆန့်ကျင်ထကြွကာ တိုက်ခိုက်လာခြင်းအတွက် သိုးဆောင်းနယ်ချဲ့သမား၏ ရုပ်သေးဖြစ်နေသော နယ်စားကြီးသည် ၎င်း၏အရှင်သခင်များထံသို့ ဒူးထောက်ခစားဝင်ပြန်ကာ၊ ငွေအားလက်နက်အား အကူအညီများကို ဗမာ့သဘာဝပစ္စည်းများဖြစ်ကြသော ဆန်၊ သစ်၊ ရေနံ၊ သတ္တုတို့ဖြင့် ဗလောင်းဗလဲပြုလုပ်ကာ တောင်းခံလဲလှယ်ယူငင်ရာ၌ ဗရင်ဂျီဂိုဏ်းဝင် သိုးဆောင်းမျက်နှာဖြူများက ၎င်းတို့၏စစ်သဘောကြီးများထက်တွင် ဗုဒ္ဓဘာသာဗမာအမျိုးသားများကိုးကွယ်ရန် ဓာတ်တော်၊ မွေတော်များ ပင့်ဆောင်လာပို့သည်ဟူ သောအနေဖြင့် ပရိနိဗ္ဗာန်ပြုသွားရာသော ဘုရားရှင်ကိုပင် အလွဲသုံးစားပြုလုပ်ကာ စော်ကားလိုက်သေးတော့၏။ အချို့သော ရှင်၊ လူ၊ ရဟန်းများက ထိုသို့ ဘုရားကိုလှည့်စား၍ ပြုလုပ်နေသော နယ်စားကြီး၏ ပရိယာယ်ဝေဝစ်ကို ရိုးသားစွာပင် ထင်မှတ်၍ ပထမက ကောင်းချီးသြဘာများပေးခဲ့ကြသေးသော်လည်း နောက်တော့မှသာ ဓာတ်တော်များဖြင့် ဖုံးဖိပါလာသော လက်နက်ခဲယမ်းမီးကျောက်တော်များက ပြည်သူတို့အားပင် ပစ်ခတ်သတ်ဖြတ်တော့မှပင် ဖွတ်ထွက်လာသော တောင်ပို့ကြီးမှန်း ရှင်၊ လူ၊ ရဟန်းတို့က မျက်ဝါးထင်ထင်တွေ့မြင်လာကြပေသည်။

ဒီလို သိုးဆောင်းနယ်ချဲ့သမားများအား ဗမာ့သဘာဝပစ္စည်းများဖြစ်သော ဆန်၊ သစ်၊ ရေနံ၊ သတ္တုစသော အဖိုးတန်ရတနာများအား ပြည်သူတို့၏ ခံစားရမည့် အကျိုးကျေးဇူးနှင့် ဆန့်ကျင်ကာ လက်နက်ခဲယမ်းမီးကျောက်များဖြင့် ဗလောင်းဗလဲ လုပ်၍ယူငင်လာပြီးနောက် ပြည်သူတို့အား တောရွာလယ်ကွက်များ၌ ပစ်ခတ်သတ်ဖြတ်နေစဉ်၌ နယ်စားကြီးက သူ၏ ငြိမ်းချမ်းရွှေပြည် ကို ပွဲလမ်းသဘင်များ၊ လောင်းကစားပွဲများဖြင့် တစ်မျိုးတစ်ဖုံ လုပ်လာပြန်ပါ၏။ သည်လိုငြိမ်းချမ်းရွှေပြည် ပွဲသဘင်များဖြင့် ပရိယာယ်ဆင်ကာ ပြုလုပ်လာခြင်းအားလည်း အနှိပ်စက်အလုအယက် ခံမြဲခံနေရသော ပြည်သူတို့က မည်သို့မျှလက်ခံယုံကြည်ခြင်းမရှိဘဲ ၎င်းအားဆက်လက် ထကြွတော်လှန်မြဲ တော်လှန်နေသောအခါ၌ ပဒေသရာဇ်နယ်စားကြီးသည် ၎င်း၏ လက်နက်အင်အား၊ ငွေအင်အားကုန်ခန်းနေပြန်လေပြီဖြစ်ရကား သိုးဆောင်းနယ်ချဲ့သမားထံသို့ သံတမန်စေလွှတ်၍ ဒူးထောက်အညံ့ခံမြဲခံကာ ဗမာ့သဘာဝပစ္စည်းများကို ထိုးအပ်၍


www.burmeseclassic.com

ဗလောင်းဗလဲပြုလုပ်ကာ လက်နက်ခဲယမ်းမီးကျောက်များတောင်းခံ၍ ‘ခိုင်မြဲပြည်တော်’ ပွဲလမ်းသဘင်ကို ဆက်လက်ကျင်းပမြဲ ကျင်းပခဲ့ပေသည်။

သည်လို ခိုင်မြဲပြည်တော်သဘင် ကျင်းပနေသော ကာလအတွင်း၌ ပဒေသရာဇ်နယ်စားကြီး၏ လက်နက်ကိုင်အာဏာပါးကွက်သားများသည် ဆင်းရဲသားအများပြည်သူတို့အား ကျေးရွာများ၌ အမျိုးမျိုးခြိမ်းခြောက်ရိုက်နှက်ကာ လုယက်သတ်ဖြတ်ခြင်းနှင့်ပင် မတင်းတိမ်နိုင်သေးဘဲ ကျေးရွာများကိုပင် မီးရှို့ဖျက်ဆီးနေကြ၏။ အေးချမ်းစွာ စာသင်ကြားနေကြသော ကလေးသူငယ်များမှ သက်ကြီးရွယ်ကြီးများနှင့် ဘုန်းကြီးရဟန်းများပါ ပဒေသရာဇ်နယ်စားကြီး၏ ကြေးစားလက်နက်ကိုင်များ၏ လက်ချက်ကြောင့် သေကြေပျက်စီးခဲ့ကြရပေသည်။ သည်လို ဗမာတစ်မျိုးသားလုံး ခံစားထိုက်သော သဘာဝပစ္စည်းများဖြစ်သည့် ဆန်၊ စပါး၊ သစ်၊ ရေနံနှင့် သတ္တုအဖိုးတန်များကို သိုးဆောင်းနယ်ချဲ့သမားအား ထင်သလို ထုတ်ယူခွင့်ပြုကာ ဆင်းရဲသား အများပြည်သူတို့အားလည်း အမျိုးမျိုးအဖုံဖုံ ညှဉ်းပန်းသတ်ဖြတ်နေသည့်အကြားမှ ပဒေသရာဇ်နယ်စားကြီးက ခိုင်မြဲပြည်တော် ၌ ‘ရွှေမိုး၊ ငွေမိုးများရွာလိမ့်မည်’ဟုပင် မဟုတ်ကဟုတ်က အော်ဟစ်နေလိုက်သေးတော့၏။ နတ်ရူးမှော်ရူးများကိုလည်း ၎င်း၏နန်းတော်တွင်း၌ ရွာစားများခန့်အပ်ကာ သူကောင်းပြု၍ ၊ သာသနာရေးယောင်ယောင်နှင့် စားကောင်းအောင် ညာဖြန်းနေကြသော ဘာသာရေးအရေခြုံများအားလည်း ပဒေသရာဇ်နယ်စားကြီးက ဝဏ္ဏကျော်ထင်၊ သတိုးသီရိစသော ဘွဲ့ထူးဂုဏ်ထူးများဖြင့် ချီးမြှောက်ကာ သူကောင်းပြု၍ ၎င်းကိုယ်ကိုလည်း သာသနာပြုမင်းကောင်းမင်းမြတ်ကြီးကဲ့သို့ ပြည်သူတို့က အထင်ရောက်အောင် လုပ်ကြံမှိုင်းတိုက် နေလိုက်သေးတော့၏။ သို့ရာတွင် ဓာတ်တော်မွေတော်များဖြင့်ဖုံး၍ အောက်၌လက်နက်၊ ခဲယမ်းမီးကျောက်များကို သိုးဆောင်းနယ်ချဲ့သမားများ၏ စစ်သင်္ဘောကြီးနှင့် ယူဆောင်လာခဲ့ဖူးပြီဖြစ်သော ပဒေသရာဇ်နယ်စားအား အဘယ်ကဲ့သို့ပင် သာသနာပြု မင်းတရားကြီးယောင်ယောင် မှိုင်းတိုက်လုည့်ဖြားသော်လည်း အများပြည်သူတို့က မယုံကြည်လက်မခံတော့သည် သာမက၊ ဘာသာရေးအား အလွဲသုံးစားပြု၍ အရေခြုံထားသော သတ္တဝါကြီးတစ်ဦးအနေနှင့် စက်ဆုပ်ရွံရှာနေကြပေသည်။ ထိုကဲ့သို့ အများပြည်သူတို့က တစ်ဖက်၌ သာသနာပြု မင်းတရားကြီးလိုဟန်ပြ၍ အခြားတစ်ဖက်၌ကား နတ်ရူး၊ မှော်ရူးများနှင့် ပူးပေါင်းကာ ဗလိနတ်စာ ကျွေးလိုကျွေး၊ အစိမ်းတိုက်လိုတိုက်နှင့် ကမောက်ကမတွေ လျှောက်လုပ်နေခြင်းအား အယုံအကြည်ကင်းမဲ့နည်းပါးကာ တစ်စထက်တစ်စ ရွံရှာခြင်းများလည်း ပြသလာပြန်သောအခါ၌ လူပေါ်လူဇော်လုပ်ရာ၌ သိုးဆောင်းနယ်ချဲ့သမား၏တပည့်ကောင်း ရုပ်သေးကောင်းပီသလှသော ပဒေသရာဇ်နယ်စားကြီးသည် အများ



www.burmeseclassic.com

www.burmeseclassic.com


ပြည်သူတို့ထံမှ မြင်မြင်ကရ အခွန်အကောက်များ၊ လုယူထားသော ဘဏ္ဍာတော်တိုက်မှ ရွှေငွေများဖြင့် သင်္ဂါယနာတင်မည်ဟု ကြွေညာလိုကြွေညာကာ 'ရွှေပြည်အေးစေတီ' ကိုပင် သိုးဆောင်းနယ်ချဲ့သမားများ၏ ပုံစံဖြင့် တည်ဆောက်ပြလိုက်သည်အထိ ဖောက်လွဲဖောက်ပြန် ဖြစ်ခဲ့ပေသည်။

သို့ရာတွင် သိုးဆောင်းနယ်ချဲ့သမား၏ ရုပ်သေးဖြစ်နေကာ ဗမာတစ်မျိုးသားလုံး၏အရေးအား အကြိမ်ကြိမ်အခါခါ သစ္စာဖောက်၍ နှိပ်ကွပ်ညှဉ်းပန်းသတ်ဖြတ်နေခဲ့သော ရက်စက်ယုတ်မာလှသည့် ပဒေသရာဇ်နယ်စားကြီးအား ပြည်သူတို့၏ ဆန့်ကျင်တော်လှန်မှုသည် တစ်နေ့တခြား ပြင်းထန်သည်ထက် ပြင်းထန်လာကာ အုံကြွကြီးမားလာသည်ထက် ကြီးမား၍လာခဲ့ပေတော့သည်။ ပြည်သူတို့၏ တော်လှန်အုံကြွမှုအရှိန်အဝါသည် ခိုင်ခဲ့သည်ထက်ခိုင်ခဲ့ကြီးမားလာခဲ့ပေတော့သည်။

သည်လိုပြည်သူတို့ တစ်နေ့တခြားအုံကြွ ကြီးမားလာနေသော တော်လှန်ရေးကြီး၏ အရှိန်အဝါနှင့်အင်အားကို အနည်းနည်းအဖုံဖုံဖြင့် လှည့်ပတ်၍ဖြစ်စေ၊ ခြိမ်းခြောက်နှိပ်ကွပ်၍ဖြစ်စေ အဘယ်သို့မျှ စမ်းသပ်ဖျက်ဆီး၍မရသော ကာလအဆုံး၌ ဖွတ်ဘဝမှ မိကျောင်းဖြစ်လာသော ပဒေသရာဇ်နယ်စားကြီးသည် သိုးဆောင်းနယ်ချဲ့သမားများ၏ ခေါင်းချုပ်ကြီးဖြစ်သော အမေရိကန်နယ်ချဲ့စစ်ဝါဒီသမားထံသို့ အထူးသံတမန်ဝန်ကြီးတစ်ဦးစေလွှတ်ကာ ပင့်ခေါ်လာခဲ့ပြန်လေသည်။

စကြဝဠာမင်းလုပ်လို၍ ဗမာနိုင်ငံနှင့် နယ်စပ်ခြင်းကပ်လျက်ရှိသော ဂန္ဓလရာဇ်တိုင်းပြည်ကြီးအား ဝင်ရောက်ဖြိုဖျက်တိုက်ခိုက်ကာ ၎င်း၏ လက်နက်နိုင်ငံအဖြစ် ဖန်တီးရန် အမျိုးမျိုးအကြံအစည်များပြုလုပ်နေသော အမေရိကန်နယ်ချဲ့စစ်ဝါဒီသမားနှင့် ပဒေသရာဇ်နယ်စားကြီးတို့သည် လုံး၍သွားကြပေတော့သည်။ အငတ်နှင့်အပြတ်သည် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြပေတော့သည်။

စကြဝဠာမင်းမန္တာတ်မင်း ဖြစ်ရေးအတွက် အလွန်တရာ အင်အားကြီးမားကာ စည်းလုံးညီညာခြင်း ရှိလှသော ဂန္ဓာလရာဇ်တိုင်းပြည်ကြီးအား အဘက်ဘက်မှ ဝင်ရောက်တိုက်ခိုက်ဖြိုဖျက်ရန် အကွက်အကွင်းကိုရှာဖွေနေသော အမေရိကန်နယ်ချဲ့ စစ်ဝါဒီသမားများအဖို့ ဂန္ဓာလရာဇ်တိုင်းပြည်ကြီးနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာဆက်စပ်နေသော ဗမာနိုင်ငံသည် အလွန်တရာအဖိုးတန်သော စစ်မျက်နှာ၊ စစ်စခန်းကြီးတစ်ခုမျှသာလျှင်မကသေး။ ဗမာနိုင်ငံ၌ အလွန်တရာအဖိုးတန်သော သဘာဝပစ္စည်းများကိုလည်း ၎င်းထင်သလို ခြယ်လှယ်ထုတ်ယူနိုင်ဦးမည်ဖြစ်ပေသည်။ ပဒေသရာဇ်နယ်စားကြီး၏ အထူးသံတမန်ဝန်ကြီးကိုပင် အစစားနောက်ကျသေးသည်ဟု ၎င်းတို့က အပြစ်တင်ကြပေလိမ့်ဦးမည်။ သည်ကဲ့သို့ အလားတူအကျိုးတူပင် အမေရိကန် နယ်ချဲ့စစ်ဝါဒီသမားများထံမှ ခဲယမ်းမီးကျောက် လက်နက်အကူအညီမျှသာလျှင် မကသေးဘဲ


www.burmeseclassic.com

www.burmeseclassic.com

၎င်းတို့၏ စစ်တပ်များ၊ စစ်စခန်းများ ဗမာနိုင်ငံ၌ လာရောက်ဆောက်လုပ်ခြင်းအတွက် မိမိအား အင်အားကြီးမားစွာဖြင့် ထကြွတော်လှန်နေကြသော ဆင်းရဲသား ဗမာအမျိုးသားများအား ဖြိုဖျက်နှိမ်နင်းရာ၌ ပြည်တော်သာနယ်စားကြီးအား အမျိုးမျိုးသော အထောက်အပံ့နှင့်ပေးနိုင်လိမ့်ဦးမည်လည်း မဟုတ်ပါသလော။

ပြည်တော်သာ နယ်စားနှင့် အမေရိကန်နယ်ချဲ့သမားတို့သည် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကြလေပြီဖြစ်ပေသည်။ နှစ်ဦးစလုံးနှစ်ဖက်စလုံး၌ တူညီသော အကျိုးပြုမှုများရှိနေကြပေသည်။ ပဒေသရာဇ်စနစ်ဆိုးကြီးကို ပြည်သူတို့က ထကြွတော်လှန်၍ ပြည်သူတို့၏ အာဏာသစ် ထွန်းလေပြီဖြစ်သော ဂန္ဓာလရာဇ်တိုင်းပြည်ကြီးအား တိုက်ခိုက်သိမ်းပိုက်၍ စကြဝတေးမန္ဓာတ်မင်းအဖြစ် ရည်မှန်းနေသော အမေရိကန်နယ်ချဲ့သမားနှင့် မိမိ၏ နှိပ်ကွပ်ညှဉ်းပန်းမှုများကို မခံတော့ဘဲ ထကြွတော်လှန်နေကြသော ဗမာ့အမျိုးသားများအား ဆက်လက်နှိပ်ကွပ်၍ ဖျက်ဆီးချေမှုန်းကာ မိမိ၏အာဏာတည်မြဲရေးအတွက် ရည်မှန်းနေသော ပဒေသရာဇ်နယ်စားကြီးတို့သည် အမျိုးဘာသာ အယူဝါဒချင်း အဘယ်ကဲ့သို့ ကွဲပြားစေကာမူလည်း တူညီသော အကျိုးအတွက် ပူးပေါင်း၍ မဟာမိတ်ဖွဲ့ကြလေပြီ။

ယခင်က 'လွပ်လပ်ရွှေပြည်၊ ငြိမ်းချမ်းရွှေပြည်'နှင့် 'နိုင်မြဲပြည်တော်'ဟူ၍ အမျိုးမျိုးအဖုံဖုံ လုပ်လာခဲ့သော ပဒေသရာဇ်နယ်စားကြီးသည် ယခုအချိန်၌ကား သိုးဆောင်းနယ်ချဲ့သမားများ၏ ထိပ်သီးခေါင်ချုပ်ကြီးဖြစ်သော အမေရိကန်နယ်ချဲ့စစ်ဝါဒသမားတို့အား ဗမာနိုင်ငံအားထင်သလို၊ ကြိုက်သလို ခြယ်လှယ်စွက်ဖက်ခွင့် ပေးနေလေပြီ။ စကြဝတေးမန္ဓာတ်မင်းအဖြစ်ကို မှိုက်မဲယုတ်မာစွာ ရည်မှန်းစိတ်ကူးယဉ်နေသော အမေရိကန်နယ်ချဲ့သမားသည်ကား သည်လို ကျွန်ယုံကျွန်ကောင်းကိုရသည်နှင့် တစ်ပြိုင်နက် ၎င်း၏စိတ်ကူးယဉ်အိပ်မက်ကို အကောင်အထည် ဖော်နိုင်ရေးအတွက် အသုံးပြုရန် လက်မနှေးပေ။ ပဒေသရာဇ်နယ်စားကြီး၏ လက်အောက်ခံ ဆင်းရဲသား ကျေးတော်မျိုး ကျွန်တော်မျိုးများ၏ တိုးတက်ကောင်းစား ချမ်းသာရေးအတွက် လက်နက်ခဲယမ်း မီးကျောက်များကို ပဒေသရာဇ်နယ်စားကြီး၏ လက်ကိုင်များအားတပ်ဆင်ပေး၏။ ၎င်း၏ စစ်ယာဉ်ရထားများ ဆိုက်ကပ်ခိုလှုံရန် အခြေခံစခန်းယူရန် စစ်စခန်းကြီးများကို ဆောက်လုပ်ပေး၏။ ယခင် ပဒေသရာဇ်နယ်၏ သခင်ရင်းဖြစ်သော သိုးဆောင်းနယ်စားကြီးထက်ပင် အမေရိကန်နယ်ချဲ့သမားသည် တစ်နေ့တခြား တွင်ကျယ်သည်ထက် တွင်ကျယ်လာခဲ့ကာ အစစအရာရာ၌ ၎င်း၏ ဩဇာကို ပဒေသရာဇ်နယ်စားကြီးသည် ဒူးထောက်ဝပ်စင်းလာခဲ့ရပေသည်။ သည်လို အမေရိကန်နယ်ချဲ့သမား၏ အမိန့်ဩဇာကိုမှ မနာခံခဲ့လျှင် ပဒေသရာဇ်နယ်စားကြီးသည် ၎င်း၏ အာဏာ


www.burmeseclassic.com

www.burmeseclassic.com


တည်မြဲရေးအတွက် အထောက်အပံ့ရလိမ့်မည်ကားမဟုတ်။ ၎င်း၏ အာဏာတည်မြဲရေးနှင့် စည်းစိမ်ခံစားရေး ကွက်ကွက်ကလေးလောက်ကိုသာ တိုတောင်းမိုက်မဲစွာ မြော်မြင်ကြည့်ရှု၍ ပြည်တော်သာနယ်စားကြီးသည် ၎င်း၏လက်အောက်၌ နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ဒုက္ခအဝဝကိုလူးလိမ့်ခံလာခဲ့ရသော ဆင်းရဲသားများ၊ ပြည်သူတို့ ကောင်းကျိုးချမ်းသာနှင့် သက်သာချောင်ချိမှုကို မဆင်ခြင်မကြည့်ရှုဘဲ တစ်နေ့သော အချိန်ကာလ၌ ဗမာနိုင်ငံသည် စစ်မျက်နှာအဖြစ်သို့ ကျရောက်ကာ အများပြည်သူ ရှင်လူ၊ ရဟန်းတို့ ခံစားရမည့် ဒုက္ခကြီးများကိုလဲ လုံးဝမြော်မြင် ထောက်ထားခြင်း မပြုဘဲ အမေရိကန်နယ်ချဲ့သမားတို့ အစစအရာရာ၌ စွက် ဖက်ခြယ်လှယ်နေသည်ကို ကျွန်ယုံ၊ ကျွန်ကောင်းကြီးပီသစွာ ဒူးထောက် ကြည့်ရှုနေ၏။ ဗမာနိုင်ငံ၏ အချက်အချာဌာနများ၊ အကွင်းအကွက်များ၌ အမေရိကန်နယ်ချဲ့သမား၏ သဘောတော်အတိုင်း လုပ်ချင်ရာလုပ်နေသည်ကိုလည်း နယ်စားကြီးက နှုတ်ပိတ်ရေငုံနေ၏။

သည်လို ၎င်းထင်သလို ခြယ်လှယ်ပြုလုပ်ရ၍ ၎င်း၏သြဇာအတိုင်း တည်လှသော ကျွန်ယုံ၊ ကျွန်ကောင်းကြီးကို ရရှိလိုက်ပြီဖြစ်သော အမေရိကန်နယ်ချဲ့သမားသည် ပဒေသရာဇ်နယ်စားကြီး ကြိုက်တတ်သော အဝတ်အစားလှလှပပကလေးများနှင့် တောက်တိုမယ်ရ ပစ္စည်းအဆန်းအပြားကလေးများကို ကြီးကြီးကျယ်ကျယ်အခမ်းအနားလုပ်၍ ကြော်ညာ၍ ပေးအပ်နေခြင်းအား 'ငါ၏ ဘုန်းတန်ခိုးကြီးမြတ်လှ၍ နေထိမခံသော အမေရိကန်လူဖြူများကပင် ငါအရှင်ကိုယ်တော်မြတ်၏ ဘုန်းရိပ်ကိုခိုလှုံလာရသည်၊ ပစ္စည်းဘဏ္ဍာတော်များ ဆက်သလာရသည်' ဟူ၍ နယ်စားကြီးက ပုဆိုးခါးတောင်းကျိုက်ကာ ညီလာခံ၊ ဗိုလ်ပုံလယ်၌ ကြုံးဝါးအားရတော် မူလိုက်သေးသည်ဟု တစ်ဆင့်စကားတစ်ဆင့် ကြားသိရပေသေးတော့သည်။ သည်လောက် မိုက်မဲနုံချာလှသော ပဒေသရာဇ်နယ်စားကြီးက ထိုသို့နေထိမခံသော အမေရိကန်လူဖြူများက ၎င်း၏ ဘုန်းရိပ်ကိုကြောက်ရွံ့ခိုဝင်လာရသည်ဟူသောအထင်ဖြင့် ၎င်းတို့ထံမှ ရရှိထားသော လက်နက်ပစ္စည်းကလေးများကို ရာဇမာန်တက်၍ 'ရော – သည်တစ်ခါဖြင့်၊ ငါ၏ ဘုန်းတော်ကို မလေးစား မခံ့ညားဘဲ မိုက်မဲလှစွာ ငါကိုယ်တော်မြတ်အား ခြားနားပုန်ကန်နေကြသော ငမိုက်မဲသောင်းကျန်းများအား ငါကိုယ်တော်က ချေမှုန်းသုတ်သင်၍ ပြည်တော်သာ စခန်းသို့ ချီတက်တော့မည်ဖြစ်ရာ၊ ငါ၏ဘုန်းရိပ်အောက်၌ ခိုလှုံနေရသော သည်ပြည်မချက်ချာအား ယနေ့မှစ၍ ပြည်တော်သာဟုခေါ်တွင်စေရမည်။ အကယ်၍သည် ပြည်မချက်ချာအား ပြည်တော်သာဟု မခေါ်တွင်သောသူသည် ငါကိုယ်တော်ရှင်မြတ်အား ခြားနားသော ရန်သူဟူ၍ သတ်မှတ်တော်မူမည်–အမိန့်တော်' ဟူ၍ နောက်ဆုံးသော ညီလာခံသဘင်၌ ကျူးရင့်ကြေညာလိုက်သေးသည်ဟူ၍လည်း


www.burmeseclassic.com

တစ်ဆင့်စကား ကြားသိရပေသေးတော့သည်။ သည်လို ပြည်တော်သာနယ်စားကြီးက ကြုံးဝါး ကျူးရင့်တော်မူလိုက်သေးသည်နှင့်လည်း မရပ်လိုက်သေးဘဲ ယခင်ရွှေမိုး၊ ငွေမိုးရွာရမည် ဟူသော သူရူး၏အိပ်မက်ထက် ကြီးကျယ်လှသော အိပ်မက်တစ်ခုကို လည်း မြင်မက်ကာ၊ မိမိမြင်မက်သော အိပ်မက်ကို မိမိဝမ်းထဲ၌ မထားတတ်ဘဲ 'ငါ၏ ဘုန်းရိပ်အောက်ရှိ အများပြည်သူတို့သည် အလွန်တရာဆင်းရဲခြင်းရှိလှ၍ ပြည်တော် သာအတိတ်ဖြင့် လူတိုင်းလူတိုင်းသည် တိုက်အိမ်တစ်လုံး၊ မော်တော်ယာဉ်တစ်စီးအပြင်၊ လစာအသပြာရှစ်ရာမှ တစ်ထောင်အထိလည်း ပေးသနားတော်မူဦးမည်' ဟု ပြည်တော် သာဗိုလ်ပုံလယ်၌ မင်းသားရူးကြီးလို မိန့်ခွန်းတော် ဖွင့်လိုက်သေးတော့၏။ လုပ်စား ကိုင်စား၍ မဖြစ်သဖြင့် တစ်ဝမ်းနပ်စေ့အောင် မစားနိုင်ကြရှာသော ဆင်းရဲသားပြည်သူ တို့ကားထားလိုက်ပါဦး။ ၎င်း၏အမှုတော်ကို ရိက္ခာတော်ဖွတ်မွဲဖြင့် ထမ်းဆောင်ပေးနေ ကြရသော အမှုထမ်းအရာထမ်းများကပင် ၎င်း၏ပြည်တော်သာစိတ်ကူးကို ပြောင် လှောင်ရယ်မောနေလိုက်ကြပေသေးသည်ဟု ကြားသိရပေသည်။

ယခင်ကာလများက သိုးဆောင်းနယ်ချဲ့သမားနှင့် ပူးပေါင်းကာ ၎င်းတို့ထံမှ ရရှိ သော လက်နက်ခဲယမ်းမီးကျောက်များဖြင့် ပြည်သူတို့အား သတ်ဖြတ်ညှဉ်းပန်းခဲ့သည့် နည်းအတိုင်းပင်လျှင် ယခုတစ်ဖန် နေထိမခံသော အမေရိကန်လူဖြူများအား ဗမာ နိုင်ငံအား ရောင်းစား၍ရရှိလာသော ငွေကြေး၊ ပစ္စည်းလက်နက်အကူအညီများဖြင့် ပြည်တော်သာနယ်စားကြီးသည် ရာဇမာန်တော်တက်ကြွကာ အနယ်နယ်အရပ်ရပ်၌ ၎င်းအား ခုခံကာကွယ်နေကြသော ဆင်းရဲသားပြည်သူတို့ကို ဒလကြမ်းတိုက်ခိုက် သတ်ဖြတ်ဖြိုဖျက်ခြင်း၌ ဆင်းရဲသားအများပြည်သူတို့သည် ၎င်း၏အန္တရာယ်ထက် ၎င်း၏အရှင်သခင်ဖြစ်သော နေထိမခံသည့် အမေရိကန်နယ်ချဲ့သမား၏ တစ်နေ့တခြား ကြီးမားလာသည်ထက် လာနေသော အန္တရာယ်ကြီးအား တွေ့မြင်နေရသည့်အလျောက် ၎င်း၏ တိုက်ခိုက်မှု၊ ထိုးစစ်များကို တတ်နိုင်သမျှ ရှောင်ရှားကြကာ ဗမာ၊ ရခိုင်၊ ကရင်၊ မွန်၊ ရှမ်း၊ ပအိုဝ့်၊ကချင်၊ ကရင်နီ၊ ချင်းစသော ဗမာ့တစ်မျိုးသားလုံးတို့ လော လောဆယ်ကျရောက်ရတော့မည့် အန္တရာယ်ကြီးမှ အဘယ်သို့ ရှောင်ကွင်းလွတ်မြောက် ရတော့မည့်အရေးကို အချင်းချင်းဆွေးနွေးဝေဖန်ညှိနှိုင်းရသည့်အခြေအနေသို့ ဆိုက် ရောက်လာခဲ့ရလေသည်။ ပြည်တော်သာ နယ်စားကြီး၏ နှိပ်ကွပ်ညှဉ်းပန်းမှုများကို မခံမရပ်နိုင်တော့လွန်းလှ၍ ခုခံကာကွယ်ကြရသော်လည်း ဗမာ့တစ်မျိုးသားလုံးသည် အမေရိကန်နယ်ချဲ့သမား၏ စီမံကိန်းဖြစ်သော စစ်တလင်းပြင်၌ သေကြေပျက်စီးဆုံး ရှုံးရခြင်းကိုကား မည်သူကမျှ အနည်းငယ်မျှပင်မလိုလား၊ မနှစ်သက်နိုင်ကြပေ။ လက်မ ခံနိုင်ကြပေ။ ဗမာနိုင်ငံ၏ မြောက်စွန်းစွန်း ငဆောင်ချမ်းအရပ်၌ အမေရိကန်နယ်ချဲ့



www.burmeseclassic.com

www.burmeseclassic.com


သမားတို့သည် ဂန္ဓာလရာဇ်တိုင်းပြည်ကြီးအား ကျူးကျော်ဝင်ရောက်တိုက်ခိုက်ရန် အမျိုးမျိုးလှုပ်ရှား ပြင်ဆင်နေသည်သာမက၊ တစ်ကြိမ်သောအခါကာလက ၎င်း၏ ကြေးစားစစ်တပ်များဖြစ်သော ဂန္ဓာလရာဇ်တိုင်းသူပြည်သားတို့က မောင်းထုတ်ကြသည့် တရုတ်ဖြူသစ္စာဖောက်များကိုပင် လက်နက်ခဲယမ်းမီးကျောက်များ၊ ရိက္ခာများ ဖြည့်တင်းလျက် ဗမာနိုင်ငံမြောက်ဦးဦးအရပ် ဒေသများ၌လည်းကောင်း၊ ကန္တာရဝတီနှင့် မောပြည်နယ်တိုင်းငယ်များ၌လည်းကောင်း ကျူးကျော်ဝင်ရောက်စေကာ အခိုင်အမာတပ်စွဲနေစေပြီလည်း ဖြစ်ပေသည်။ ထိုကဲ့သို့ ပဒေသရာဇ်နယ်စားကြီး၏ မိုက်မဲမှားယွင်းမှုကြောင့် ဗမာနိုင်ငံရှိ ဗမာ့တစ်မျိုးသားလုံး ကျရောက်ရတော့မည့် အန္တရာယ်လောင်စာများကား အရပ်ရပ်အနယ်နယ်၌ အနံ့အပြားရှိနေကြပြီဖြစ်ပေသည်။ ထိုလောင်စာများသည် အချိန်မရွေး၊ တောက်လောင်လိမ့်မည်လည်း ဖြစ်ပေသည်။ လောင်စာတစ်ခုသည် မီးစွဲ၍ တောက်လောင်သောအခါ၌ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည်ဖြစ်သည့်အလျောက် လောင်စာများအားလုံးသို့ ကူးစက်ကာ ဗမာတစ်နိုင်ငံလုံးသည် မီးလောင်တိုက်ကြီးအတွင်း၌ ကျရောက်သွားရပေတော့မည်။ ဗမာနိုင်ငံသည် စစ်မြေပြင်အဖြစ်သို့ ကျရောက်ရကာ မီးလောင်ပြင်ဖြစ်သောကာလ၌ ပဒေသရာဇ်နယ်စားကြီး၏ နန်းတော်ကြီးရော၊ လယ်သူဆင်းရဲသား၏ ယာတော၊ တင်းကုတ်ပါ ခွဲခြားနေလိမ့်မည်လည်း မဟုတ်။ လူနှင့်ရဟန်းခွဲခြားနေလိမ့်မည်လည်းမဟုတ်။ ဗမာ၊ ကရင်၊ ရှမ်း၊ ရခိုင် ဟူ၍လည်း ခွဲခြားနေလိမ့်မည်ကားမဟုတ်။ အားလုံးပြုတ်ပြုတ်ပြုန်းသွားမည်သာ ဖြစ်ပေတော့သည်။

သည်လို ရှင်လူ၊ ရဟန်း၊ ဗမာ၊ ကရင်၊ ရှမ်း၊ ကချင်စသည်တို့ဖြင့် ခွဲခြားနေလိမ့်မည်မဟုတ်သော တစ်မျိုးသားလုံးအား မီးလောင်တိုက်သွင်းမည့် အန္တရာယ်ကြီးကား တစ်စထက်တစ်စ ချင်းနင်းဝင်ရောက်လာနေကာ တစ်နေ့ထက်တစ်နေ့ ကြီးမားနေသောကာလ၌ ဆင်းရဲသားအများပြည်သူတို့သည် မိမိတို့တစ်မျိုးသားလုံးကျရောက် ရတော့မည့် ဒုက္ခကြီးကို အချင်းချင်းကွဲပြား၍ အငြင်းပွား တိုက်ခိုက်နေခြင်းအား ညီတူမျှတူသဘောထားကာ အေးအေးချမ်းချမ်း ဆွေးနွေးဖြေရှင်း၍ တစ်မျိုးသားလုံးစုပေါင်းညီညွတ်စွာ တားဆီးဖြေရှင်းကြပါမှ ဖြစ်တော့မည်ကို သိနားလည်လာကြပေသည်။

ပြည်တော်သာ နယ်စားကြီး၏ လက်အောက်မှ ရုန်းကန်တိုက်ခိုက်၍ လွတ်မြောက်ကြလေပြီဖြစ်သော ဒေသများမှ ဆင်းရဲသားအများပြည်သူတို့သည်လည်းကောင်း၊ ပဒေသရာဇ်နယ်စားကြီး သံဖနောင့်အောက်၌ လူးလွန့်မြဲလူးလွန့်နေကြရရှာသေးသော အများပြည်သူတို့သည်လည်းကောင်း မိမိတို့ တစ်မျိုးသားလုံးကျရောက်ရတော့မည့် ဘေးဒုက္ခကပ်ဆိုးကြီးအတွင်းသို့ မည်သူတစ်ဦးတစ်ယောက်ကမျှ မကျရောက်


www.burmeseclassic.com

www.burmeseclassic.com


လိုဘဲ တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် သာယာချို့အေးစွာ ဆွေးနွေးညှိနှိုင်း၍ ဖြေရှင်းစေလိုကြသော ဆန္ဒနှင့်ယုံကြည်ချက်များကို ဟစ်အော်တောင်းဆို၍လည်း နေခဲ့ကြလေပြီ။ သို့ရာတွင် အလွန်တရာမိုက်မဲဖောက်ပြန်လှသော ပြည်တော်သာ နယ်စားကြီးနှင့် ၎င်း၏ လက်ရုံးတော်ဝန်ကြီး တံတိုင်းကြီးများကမူ ရာဇမာန်တော်ကြွ ကာ နေထိမခံသော အမေရိကန် လူဖြူများထံမှ တောက်တိုမယ်ရ ရထားသော ငွေကြေး လက်နက်ကလေးများဖြင့်လည်းကောင်း၊ အကြံရာထောင်နှင့် အထောက်အကူများဖြင့် လည်းကောင်း အများပြည်သူတို့၏ဆန္ဒနှင့် လိုလားချက်ကို ပြောင်ပြောင်ကြီး ဆန့်ကျင် ကာ နားရိုင်း ကျောခိုင်း၍သာနေပေသည်။ ထိုမျှနှင့်သာလျှင်လဲ မကလိုက်သေးဘဲ ရှေ့တစ်ပဲသားကို လည်းပင်း၌ဆွဲနေရသော ပုတ်သင်မိုက်လို အများပြည်သူရှင်လူရဟန်း တို့၏ လိုလားတောင်းဆိုချက်နှင့် မေတ္တာရပ်ခံချက်များကို မိုက်ရိုင်းစွာ ဆန့်ကျင် ဖျက်ဆီးသောသဘောဖြင့် ထိုသို့တောင်းဆို မေတ္တာရပ်ခံနေသော အများပြည်သူတို့အား လက်နက်ကိုင်စစ်တပ်များ စေလွှတ်ကာ ဒလကြမ်းတိုက်ခိုက်နေလိုက်ပြန်ပါ၏။ ၎င်း၏ သံဖနောင့်အောက်၌ လူးလိမ့်နေရသော ပြည်သူတို့အား ထိုသို့လိုလားရပါမည်လား၊ တောင်းဆိုရပါမည်လားဟု ရှန့်ရင်းကြမ်းတမ်းစွာ စွပ်စွဲပြောဆိုလာပေသည်။

(၄)နှစ်ကျော် ငါးနှစ်မျှ ပဒေသရာဇ်နယ်စားကြီးက ဗမာ့တစ်မျိုးသားလုံးအား ပြောင်ပြောင်ကြီး သစ္စာဖောက်၍ သိုးဆောင်းနယ်ချဲ့သမားများနှင့်သာပင် မကသေး ဘဲ၊ စစ်ဝါဒီသမားကြီးဖြစ်သော စကြဝတေးရူး မန္တာတ်ရူး အမေရိကန် လူဖြူများနှင့်ပင် ပူးပေါင်းကာ အများပြည်သူတို့အား အမျိုးမျိုးအဖုံဖုံ နှိပ်ကွက်ညှဉ်းပန်း သတ်ဖြတ်၍ လည်းကောင်း၊ လုယက်မီးရှို့နှိပ်စက်၍လည်းကောင်းပြုလုပ်လာခဲ့သမျှကိုပင် ဗမာ့ တစ်မျိုးသားလုံးသည် လောလောဆယ်ကျရောက်တော့မည့် မီးလောင်ပြင်ကြီးမှ ကာကွယ်တားဆီး၍ လွတ်မြောက်ရေးအတွက် မနာခိုင်၊ မကြည်းနိုင်ဘဲ ကမ်းလှမ်း ပြောဆိုလာခြင်းအား ၎င်း၏နယ်မြေကို 'ပြည်တော်သာ'ဟူ၍ပင် ကြေညာကာ ပြည်တော်သာအောင်ပွဲ ပျော်ပွဲသဘင်များကို ပဒေသရာဇ်နယ်စားကြီးသည် ၎င်း၏ အဆက်တော် အနွယ်တော်များ ဝန်ကြီးတံတိုင်းကြီးများပွဲလောက်နှင့် ပြည်သူတို့ထံမှ လုယူထားသော အခွန်ဘဏ္ဍာများတိုးကာ သိန်းပေါင်းများစွာဖြင့် တဲအုံမဏ္ဍပ်ကနား များထိုးကာ ၎င်း၏ မြင်းပွဲအကောက်တော် အခွန်တော်များပြုလုပ်ရာ ကျိုက္ကဆံမြို့စွန်၌ မိုက်မဲရူးသွပ်စွာ ဆင်ယင်ကျင်းပနေလိုက်သေးတော့သည်။

သို့ရာတွင် ၎င်း၏ ပြည်တော်သာ ပွဲသဘင်နှင့် ပြည်တော်သာစီမံကိန်း လှည့်လုံး ညာလုံးများမှာ အများပြည်သူတို့အတွက် ပြည်တော်သာ မဟုတ်ဘဲ နစ်မွန်းဒုက္ခရောက် ၍ ပျက်စီးရှုံးဆုံးရမည့် ပြည်တော်နာနှင့် ပြည်တော်ချာများသာ ဖြစ်ပေသည်။ ၎င်းနှင့်


www.burmeseclassic.com

www.burmeseclassic.com


၎င်း၏ သစ္စာတော်ခံ ကျေးတော်မျိုး၊ ကျွန်တော်မျိုးများဖြစ်ကြသော မှူးမတ်၊ စစ်ကဲ၊ ရွာစား၊ မြို့စားနှင့် စော်ဘွားစော်ခံတို့ ထင်သလိုကျင့်ချင်တိုင်းကျင့်၍ လုပ်ချင်တာလုပ်နိုင်ရေးအတွက် ညှိနှိုင်းပြင်ဆင်ရေးနှင့် အာဏာဝေခြမ်းရန် စည်းလုံးကြခြင်းတို့သာဖြစ်ပေသည်။ သည်လို ပြည်တော်သာ နယ်စားကြီး၏ ကြမ်းတမ်းသည်ထက် ကြမ်းတမ်းလာမည့် နှိပ်ကွပ်သတ်ဖြတ်မှုများ၊ သက်ဦးဆံပိုင်အာဏာရှင်ပြုလုပ်ရန် ပြင်ဆင်မှုများကို အများပြည်သူ ရှင်လူရဟန်းတို့က မသိကြ၍တော့ကား မဟုတ်ပေ။ ပြည်တော်သာ နယ်စားကြီး၏ ဗိုက်ထဲ၌လည်း အူဘယ်နှချောင်းရှိသည်ကို ပြည်သူတို့က မြင်နေကြ၏။ သူ၏ယုတ်မာကောက်ကျစ်လှသော လုပ်ကြံလီဆယ်မှုများကိုလည်း အကွင်းသားအကွက်သားမြင်နေကြ၏။ သို့ရာတွင် တစ်မျိုးသားလုံး ဒုက္ခလှလှကြီးရောက်ရလုဆဲဆဲ အချိန်အခါ၌ ထိုဒုက္ခများကို ပြည်တော်သာနယ်စားကြီးအား ဗဟိုပြုကာ ချက်ကောင်းယူ၍ ဖန်တီးနေသော နယ်ချဲ့သမား ငစဉ်းလဲယုတ်မာ၏ တစ်နေ့တခြားကြီးမားသည်ထက်ကြီးမား ခြိမ်းခြောက်လာနေသော အန္တရာယ်လောင်စာများအား ရှင်းလင်းသုတ်သင်ရန်အရေးက လောလောဆယ် သေရေးရှင်ရေးကြီးဖြစ်နေသဖြင့် ဗမာနိုင်ငံလုံးရှိ တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် စုပေါင်းဖြေရှင်းမှသာ အေးငြိမ်းဖြေရှင်းနိုင်မည်ဖြစ်သောကြောင့် နယ်ချဲ့သမားအား အတူတကွ သုတ်သင်ရှင်းလင်းရေးအတွက် အများပြည်သူတို့က အမျိုးသားအချင်းချင်း၏ကွဲပြား၍ နှိပ်ကွပ်ချုပ်ချယ်မှုများ ညှဉ်းဆဲ သတ်ဖြတ်မှုများကြောင့်ဖြစ်ပေါ်နေရသော တိုက်ခိုက်မှုများအား အကျေအလည် ဆွေးနွေးဖြေရှင်းရန် ၊ တစ်မျိုးသားလုံး ညီညွတ်ကြရန် တောင်းဆိုနေကြခြင်းသာလျှင် ဖြစ်ပေသည်။

သို့ရာတွင် ပြည်တော်သာနယ်စားကြီးကမူကား ၎င်း၏အာဏာစည်းစိမ် တည်မြဲရေးအတွက် နယ်ချဲ့သမားကိုသာလျှင် မှီခိုအားပြုနေရသည်နှင့်အမျှ နယ်ချဲ့သမားဆွဲတိုင်း၊ ခိုင်းတိုင်း ကွေးကောက်နေသည့်တိုင်အောင် ကခုန်နေရသော ရုပ်သေးမင်းသားကြီးဖြစ်နေလေပြီဖြစ်ရကား ပြည်သူတို့၏ဆန္ဒနှင့် တောင်းဆိုလိုလားချက်များကို အဘယ်သောကာလကမျှ လိုက်လျောခြင်း မရှိခဲ့သည့်အတိုင်း ဆန့်ကျင်လျက်သာ ဆက်လက် နှိပ်ကွပ်တိုက်ခိုက်မြဲ တိုက်ခိုက်လျက် ရှိနေလေသည်။

သည်လို ပြည်သူတို့က လှည်းနေလှေအောင်း မြင်းဇောင်းပါမကျန် ဝိုင်းဝန်းတောင်းဆိုနေကြသော အမျိုးသားအချင်းချင်း တိုက်ခိုက်မှု ရပ်စဲရေး၊ ပြည်သူတို့အား နှိပ်ကွပ်ချုပ်ချယ်မှုများအား ရပ်စဲရေးနှင့် အမျိုးသားညီညွတ်ရေးတို့ကို ဖြိုဖျက်သောအနေဖြင့် နယ်ချဲ့သမား ခိုင်းစေသည့်အတိုင်း ပြည်သူတို့အား လိုက်လံတိုက်ခိုက်သတ်ဖြတ်ရာ၌ ပြည်တော်သာနယ်စားကြီးမှာ ယခုအချိန်တွင် တစ်စထက်တစ်စ အကျပ်


www.burmeseclassic.com

 www.burmeseclassic.com 

အတည်းများ အခက်အခဲများ တွေ့ကြုံလျက်သာနေရပေသည်။ ၎င်း၏တွေ့ကြုံနေရသော အခက်အခဲမှာ ၎င်း၏မှားယွင်းမှုကြောင့် ဖြစ်သည်ကိုလည်း ပြည်တော်သာနယ်စားကြီးသည် ရာဇမာန်တော်ကြွနေ၍ မမြင်နိုင်မသိနိုင်ရှာသေး။

ပြည်တော်သာနယ်စားကြီး၏ လက်နက်ကိုင်စစ်တပ်များသည် ဗမာ့တစ်မျိုးသားလုံး၏ အန္တရာယ်ကြီးဖြစ်သော နယ်ချဲ့သမားကို တစ်နေ့တခြား ထင်ထင်ရှားရှားကြီး တွေ့လာ မြင်လာကြပြီ ဖြစ်သည့်အလျောက် ပြည်တော်သာနယ်စားကြီး၏ ရာထူးစည်းစိမ် တည်မြဲရေးအတွက် ပြည်သူတို့အား နှိပ်ကွပ်တိုက်ခိုက်၍ သတ်ဖြတ်နေရသော ၎င်းတို့၏ အပြုအမူများကိုလည်းကောင်း၊ ဗမာ့အမျိုးသားအချင်းချင်းအား ဘာမျှမရှိသော အနက်အဓိပ္ပာယ်ဖြင့် လိုက်လံတိုက်ခိုက်နေရသော အကြောင်းအခြင်းအရာများကိုလည်းကောင်း တစ်စထက်တစ်စ နှလုံးနာစက်ဆုပ်လျက် တိုက်ခိုက်မှုများကို မိမိတို့ဘာသာအလိုအလျောက် ရှောင်ကွင်းရပ်စဲစပြုလာခြင်းသည် ပြည်တော်သာ နယ်စားကြီးအတွက် ကြီးလှစွာသော အကျပ်အတည်းကြီးဖြစ်နေပေသည်။ ပြည်တော်သာနယ်စားကြီး၏ လက်နက်ကိုင်စစ်တပ်များသည် တစ်ကြိမ်သော အခါကာလက သိုးဆောင်းနယ်ချဲ့သမား၏ နှိပ်ကွပ်ချုပ်ချယ်မှုများကို ခုခံတိုက်ခိုက်ခဲ့ကြသော ဗမာ့သားကောင်း မြောက်မြားစွာတို့ဖြင့် ဖွဲ့စည်းထားခဲ့သော တပ်မတော်ကြီးဖြစ်ရကား မျိုးချစ်လူငယ် လူရွယ်ပေါင်း များပြားစွာရှိနေကြပေသည်။ ထိုမျိုးချစ်လူငယ်လူရွယ်များသည် ၎င်းတို့၏ ချစ်လှစွာသော အမျိုးသားများအား နယ်ချဲ့သမား၏ မွှေးနေသော မီးလောင်တိုက်၌ အဘယ်နည်းနှင့်မျှ သေကြေပျက်စီး၍ ဆုံးရှုံးရခြင်းကို ကြည့်နေနိုင်ကြလိမ့်မည်လည်း မဟုတ်ပေ။ သူတို့သည် အကြိမ်ကြိမ်အခါခါကပင် ဗမာ့တစ်မျိုးသားလုံး၏ ရန်သူကြီးများအား အသက်ပေးလျက် ရွပ်ရွပ်ချွံချွံ ကာကွယ်တိုက်ခိုက်ခဲ့သော မျိုးချစ်သားကောင်းများ ဖြစ်ကြပေသည်။

သည်လို ပြည်တော်သာနယ်စား၏ အာဏာတည်မြဲရေးအတွက် အဓိကအားဖြင့် အထောက်အပံ့ပြုနေသော လက်နက်ကိုင်စစ်တပ်များသာလျှင်လည်း မဟုတ်သေး။ အခြားအခြားသော ၎င်း၏ လက်အောက်ခံအုပ်ချုပ်ရေးအတွင်း၌ ထက်သောဓားကို ရွံ့၍ ငြိမ်သက်နေရသော အမှုထမ်း၊ အရာထမ်းများအပြင် စိတ်ကောင်း၊ နှလုံးကောင်း ရှိ၍ ဗမာ့တစ်မျိုးသားလုံး၏ ငြိမ်းချမ်းသာယာဝပြောရေးကိုသာ လိုလားတောင့်တနေကြသော ရှင်–လူ–ရဟန်းနှင့် ပညာကျော်တို့သည်လည်း အမြောက်အမြားပင်ရှိနေကြသေးသည်။ ထိုပုဂ္ဂိုလ်များအားလုံးလိုလိုကပင် ပြည်တော်သာနယ်စားကြီး၏ အာဏာရူးရူးကာ ဗမာ့တစ်မျိုးသားလုံး ဒုက္ခရောက်ခြင်းကြီးမက ရောက်ရလုဆဲဆဲအချိန်၌

www.burmeseclassic.com

www.burmeseclassic.com



မိုက်မဲစွာပြုမူကျင့်ကြံနေခြင်းများကို တစ်စထက်တစ်စ ရှောင်သွေကြဉ်ဖယ်လာကြခြင်းများသည်လည်း ရာဇမာန်ကြွလွန်းလှသော ပြည်တော်သာနယ်စားကြီးအတွက် အနှောင့်အယှက်ကြီးတစ်ခု ဖြစ်လာလေသည်။ သို့ရာတွင် အာဏာရူးခြင်းမကရူး၍ မွှန်ထူနေသော ပြည်တော်သာမင်းတရားကြီးကား နယ်ချဲ့သမား ခိုင်းစေညွှန်ကြားသည့်အတိုင်း ၎င်း၏အာဏာတည်မြဲရေးကလေး တစ်ခုလောက်ကိုသာလျှင် ကျဉ်းမြောင်းမိုက်မဲလှစွာ ကွက်ကွက်ကလေးကြည့်ရှုကာ ၎င်း၏ တစ်ချက်လွှတ်ရာဇသံဖြင့် တစ်ဖက်မှ ငြိမ်းချမ်းရေးအတွက် စိတ်ရှည်လက်ရှည် စကားကမ်းလှမ်းနေကြသော ပြည်သူတို့အား အတင်းအဓမ္မဖျက်ဆီးတိုက်ခိုက်ရန် လက်နက်ကိုင် စစ်တပ်များအား အမိန့်ထုတ်ပြန်ကာ စေလွှတ်လိုက်ပြန်၏။

သို့ရာတွင် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က ဗမာ့အချင်းချင်း၏ အကျိုးမဲ့တိုက်ပွဲကို တတ်နိုင်သမျှရှောင်ရှား၍ ဗမာ့တစ်မျိုးသားလုံး၏ အကြီးဆုံးသော ရန်သူကြီးဖြစ်သည့် နယ်ချဲ့သမားအား သုတ်သင်ရှင်းလင်းရေးအတွက် အတူတကွ လက်တွဲတိုက်ခိုက်ရန်ကိုသာ ဆက်လက် စကားကမ်းလှမ်း တောင်းဆိုနေပေသည်။ ပဒေသရာဇ်နယ်စားကြီး၏ လက်နက်ကိုင်စစ်တပ်များသည် အဓိပ္ပာယ်ကင်းမဲ့လှသော တိုက်ပွဲများကို ပဒေသရာဇ်နယ်စားကြီးနှင့် စစ်ကဲစစ်မှူးတို့စေခိုင်းသည့်အတိုင်း တိုက်ခိုက်ခြင်းမပြုကြတော့ဘဲ တစ်စထက်တစ်စ တတ်နိုင်သမျှ ရှောင်လွှဲကာနေကြသောကာလ၌ စစ်ကဲ၊ စစ်မှူးများ၏ ညီလာခံတစ်ရပ်ကိုပင် အရေးတကြီး ခေါ်ဆိုကျင်းပ၍ ထိတ်ထိတ်လန့်လန့် ဆွေးနွေးညှိနှိုင်းကြရသည်အထိ ဖြစ်လာသည်ကိုလည်း တွေ့ရှိရပေသည်။

သည်လို မိမိ၏တပ်တွင်း၌လည်း တစ်စထက်တစ်စ ပြိုကွဲအစည်းပြေ၍ တစ်ဖက်၌လည်း ပြည်သူတို့သည် ၄ နှစ်ကျော်၊ ၅ နှစ်ကာလအတွင်းသို့ ရောက်ရှိလာခဲ့ကြပြီဖြစ်သော တော်လှန်ရေးကာလနှင့် အတွေ့အကြုံများအရ တစ်ခုတည်းသော ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြီး၌ ဗမာ၊ ရခိုင်၊ မွန်၊ ကရင်၊ ရှမ်း၊ ပအိုဝ်၊ ကချင်၊ ကရင်နီနှင့် ချင်းစသော ဗမာ့တစ်မျိုးသားလုံးသည် သွေးသောက်စည်းလုံးကာ ညီညွတ်ခိုင်မာလာနေပြီဖြစ်သော အချိန်ကာလ၌ ပြည်တော်သာနယ်စားကြီးသည် ၎င်း၏ အရှင်သခင်များဖြစ်ကြသော နယ်ချဲ့သမားများအား မိုက်မဲစွာအားကိုးပြုရင်း ၎င်း၏ အလွန်တရာ ထိတ်လန့်စိုးရွံ့ကာ သွေးရူးသွေးတမ်းဖြစ်နေခြင်းအား ဟန်လုပ်ဖုံးဖိသောအနေဖြင့်နိုင်ငံရေးအရ တန်ပြန်တိုက်စစ်ဆင်သောအနေနှင့် ပြည်တော်သာ ပျော်ပွဲသဘင်ကြီးကို ၎င်း၏ အသိုင်းအဝိုင်းများနှင့် ဆင်ယင် ကျင်းပနေခြင်းသာလျှင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com


(၃)

ပဒေသရာဇ်နယ်စားကြီး၏ လက်နက်ကိုင်စစ်တပ်များအနက်မှ ကြေးစားလက်ရွေးစင်များဖြင့် ယခု ပြည်တော်သာသဘင်မကျင်းပမီ ကာလကလေးအတွင်းက နယ်ချဲ့သမား၏ ခိုင်းစေချက်နှင့် အစီအမံအခန့်ခွဲအတိုင်း ကျွန်တော်တို့၏ ဗဟိုစစ်မျက်နှာကို လာရောက်တိုက်ခိုက်စဉ်က ပြည်သူတို့ဖြင့်သာ ဖွဲ့စည်းထားသော ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်ကြီး၏အကြောင်းကို ပဒေသရာဇ်နယ်စားကြီး၏ မိုက်မှားသော စစ်ကဲ၊ စစ်မှူးတို့သည် တော်တော်ကလေး သိရှိသွားကြပုံရပေသည်။ သူတို့က အများပြည်သူတို့၏ အကျိုးစီးပွားနှင့်လည်းကောင်း၊ လိုလားချက်ဆန္ဒများဖြင့် ဆန့်ကျင်လျက်လည်းကောင်း နယ်ချဲ့သမားထံမှရရှိထားသော လက်နက်၊ ခဲယမ်း၊ မီးကျောက်ကလေးများဖြင့် သူရဲကောင်းကြီးများလုပ်ကာ အေးချမ်းစွာ စကားကမ်းလှမ်း၍ ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းရန် ငံ့လင့်နေကြသော ပြည်သူ့လက်နက်ကိုင် တပ်မတော်များအား ဒလကြမ်း ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ၌ သူတို့၏ တပ်များသည်သာ ဖရိုဖရဲကွဲပြိုကာ နယ်ချဲ့သမားထံမှ လက်နက်၊ ခဲယမ်း၊ မီးကျောက်များ တော်တော်ဆုံးပါး၍ ပြည်သူတို့က သိမ်းပိုက်ယူငင်လိုက်ကြခြင်းကို ခံခဲ့ရသဖြင့် တော်တော်ကလေး ချောက်ချားသွားပုံရပေသည်။

ကျွန်တော်သည် သာမန် တပ်သားကလေး တစ်ယောက်မျှသာဖြစ်သော်လည်း တစ်ဖက်မှ မားယွင်းစွာ ပြင်ဆင်တိုက်ခိုက်နေသော စစ်ရေးသေနင်္ဗျူဟာကို ကောင်းကောင်းကြီးနားလည်နေပါ၏။ စစ်ရေးဆိုသည်မှာ နိုင်ငံရေးကွဲပြားမှုအား အင်အားဖြင့် ဖြေရှင်းဆုံးဖြတ်သော ကိစ္စကြီးတစ်ရပ်ဖြစ်သည်ကို ကျွန်တော်က ကောင်းကောင်းနားလည်ပါသည်။ ပြည်တော်သာနယ်စားကြီးနှင့်အများပြည်သူတို့ ဖြစ်ပွားနေရသော တိုက်ခိုက်မှုပြည်တွင်းစစ်သည် အဓိကအားဖြင့် နိုင်ငံရေးကွဲပြားမှုဖြစ်သည်ကို ကျွန်တော်သာမဟုတ်၊ လယ်ထွန်နေသော လယ်သမား သူရင်းငှား များကအစ၊ တပ်သားတိုင်းက အစ ကောင်းစွာသိရှိကြသည်။ နားလည်ကြသည်။

ပြည်တော်သာနယ်စားကြီးသည် နယ်ချဲ့သမားအား ဒူးထောက်အညွှံခံပူးပေါင်းကာ ဗမာ့တစ်မျိုးသားလုံး၏ အမွေအနှစ်အဖြစ် ခံစားရသင့်ရထိုက်သည့် သဘာဝပစ္စည်းများဖြစ်ကြသော ဆန်စပါး၊ ရေနံ၊ သစ်၊ သတ္တုနှင့် ပင်လယ်ရပ်ခြား ရောင်းရေးဝယ်တာများအရပ်ရပ်ကို ပြည်သူတို့၏ အကျိုး၊ ပြည်သူတို့၏ ခံစားရမည့်အရေးနှင့် ဆန့်ကျင်ကာ နယ်ချဲ့သမားအား ထင်သလိုခြယ်လှယ် ယူငင်ခွင့်ပေး၍ ၎င်း၏အနွယ်တော် အဆက်တော်များ ကွက်ကွက်ကလေးလောက်၏ စားသောက်ဝဖြိုးရေးအတွက် လောက်ဖြင့် လဲလှယ်ခန့်ခွဲခဲ့ရာ၌ အများပြည်သူတို့မှာ တစ်နေ့တခြား ရေနည်းငါး


www.burmeseclassic.com

www.burmeseclassic.com


ပိန်ကြုံငတ်ပြတ်သည်ထက် ငတ်ပြတ်လာခဲ့ရပေသည်။ သည်လို ပဒေသရာဇ်နယ်စားကြီးက အများပြည်သူတို့အား ငတ်ပြတ်အောင် မိုက်မဲစွာ ပြုလုပ်လာခဲ့ခြင်းအား မည်သို့မျှ ဆက်လက် မခံမရပ်နိုင်တော့သည်၏ ကာလအဆုံး၌ ပြည်သူတို့က မင်းရင်ပြင်၏ ဟာစ်တိုင်မှ ၎င်းတို့၏ ငတ်နေရခြင်းအကြောင်းများကို ဟစ်အော်ပြောကြားသော အခါ၌လည်း ပဒေသရာဇ်နယ်စားကြီးသည် မျက်မာန်တော်ရှ၍ ၎င်း၏ကိုယ်ရံတော် လက်ရွေးစင် အာဏာပါးကွက်သားများကို စေလွှတ်၍ ပစ်ခတ်ဖမ်းဆီး ရိုက်နှက်ခြင်းများကို ဒလကြမ်းပြုလုပ်လာခဲ့၏။ ပြည်သူတို့၏ ပြောပိုင်ဆိုပိုင်ခွင့်များ၊ ဆန္ဒပြသခွင့်များကို သည်လိုမင်းပဒေသရာဇ်က လက်နက်အားကိုးနှင့် ဖြိုဖျက်နှိပ်ကွပ်လာသောအခါ၌ ပြည်သူတို့သည် မည်ကဲ့သို့မျှ မတတ်သာသည်၏အဆုံးသို့ ရောက်ရှိနေကြရပြီဖြစ်၍ မိမိတို့၏ ငတ်မွတ်သေကြေပျက်စီးကြရခြင်း၏ ဘေးမှလည်းကောင်း၊ နှိပ်စက်သတ်ဖြတ်သဖြင့် သေကြေရမည့် ဘေးမှလည်းကောင်း လွတ်မြောက်ကင်းဝေးစွာ တောတောင်များ၌ ပြေးလွှားပုန်းအောင်း၍ မိမိတို့၏ လွတ်မြောက်ရေးကို ကာကွယ်ခုခံတိုက်ခိုက်လာကြရရှာခြင်းသာ ဖြစ်ပေသည်။ ထိုသို့ မပြေးဝင်နိုင်၍ ကျန်ရစ်ခဲ့သော ပြည်သူ့သားကောင်းများကိုလည်း ၎င်း၏ အလုံထောင်ထဲ၌ ဖမ်းဆီးချထား၍ အမျိုးမျိုး ရိုက်နှက်၊ ညှဉ်းဆဲမှုများကို ပြုလုပ်နေပေသည်။

သည်လို နိုင်ငံရေးအရ ကွဲပြားမှုများကို ပြည်သူတို့အား ပြောခွင့်ဆိုခွင့်နှင့် အေးချမ်းစွာ ဆန္ဒပြခွင့်များကိုပင် ပြသခွင့်မပြုဘဲ တရကြမ်းချုပ်ချယ်ဖမ်းဆီးရိုက်နှက် သတ်ဖြတ်လာခြင်းအတွက် ပြည်သူတို့က မိမိတို့၏ လုံခြုံမှုနှင့် အသက်ဘေးကိုကာကွယ်ရန် ဖြစ်သလို ခုခံကာကွယ်လာခဲ့ရခြင်းမှ ပြည်တွင်းစစ်ပွဲသည် ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်လေသည်။ သည်ပြည်တွင်းစစ်ပွဲ၌ ပဒေသရာဇ်နယ်စားကြီး၏ လက်နက်ကိုင်များသည် မိမိတို့၏ ဝမ်းရေးအတွက် ပဒေသရာဇ်နယ်စားကြီး၏ အိုးအိမ်စည်းစိမ်ကို ကာကွယ်တိုက်ခိုက်ပေးနေကြရသော သူများ၏အခြေ၌ ကျရောက်ကာ၊ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သည်ကား မိမိတို့၏ ဘဝလုံခြုံမှု၊ အသက်ရှင်နေနိုင်မှုနှင့် ငတ်မွတ်သေကြေ၍ ပျက်စီးရခြင်းမှလည်းကောင်း၊ နှိပ်ကွပ်ညှဉ်းပန်းသတ်ဖြတ်၍ သေကြေပျက်စီးရခြင်းမှလည်းကောင်း၊ လွတ်မြောက်ငြိမ်းချမ်းရေးအတွက် ခုခံနေကြရသော အခြေအနေ၌ရှိကြပေသည်။ ထို့ကြောင့် ကျွန်တော်ကဲ့သို့သော သာမန်တပ်သားကလေးမှအစ လယ်ထွန်ရသော လယ်သမား သူရင်းငှားပါမကျန် တစ်ဖက်မှမှားယွင်းစွာ ပြင်ဆင်တိုက်ခိုက်နေသော စစ်ရေးသေနင်္ဗျူဟာနှင့် ကျဆုံးဆုတ်ယုတ်နေမှုကို ကောင်းကောင်းကြီးတွက်ကာနားလည်ကြပြီးကားဖြစ်ပေသည်။ ကျွန်တော်တို့၏ နိုင်ငံရေးနှင့်စစ်ရေး အသိများသည် သူတို့ထက် ပိုမိုစေ့စပ်သေချာပေသည်။ ထို့ကြောင့်ပင်လျှင်လည်း (၄)နှစ် ကျော်


www.burmeseclassic.com

(၅)နှစ်နီးပါးမျှ အဆမတန်သာလွန်များပြား၍ ကောင်းလည်းကောင်းမွန်လှသော လက်နက်အင်အားများဖြင့် ၊ အထောက်အကူများဖြင့် ဖွဲ့စည်းထားသော လက်နက်ကိုင် စစ်တပ်များ၏ တရကြမ်းဖိနှိပ်တိုက်ခိုက်ခဲ့ခြင်းများကို ကျွန်တော်တို့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားများက ကောင်းစွာခုခံကာကွယ်၍ ကျွန်တော်တို့၏ဒေသကို ထိန်းသိမ်းထားနိုင်ခဲ့ခြင်းလည်းဖြစ်ပေသည်။ ကျေးရွာပြောက်ကျားများဖြင့်လည်းကောင်း၊ ပြည်သူ့စစ်ဖြင့်လည်းကောင်း အဆမတန် အင်အားများပြားကြီးမားလှသော တစ်ဖက်မှလက်နက်ကိုင်များကို ကစင့်ကလျားနှင့်ဖရိုဖရဲဖြစ်သွားအောင် တိုက်ခိုက်ပြသခဲ့ခြင်းများကိုလည်း သူတို့သည် ကောင်းစွာပင် လှလှကြီးခံခဲ့ရ၍ ပြည်သူ့စစ်ကို ဖြိုဖျက်ရန်မှာ အလွန်တရာရှည်လျားကြာမြင့်မည့်အဖြစ်ကိုလည်း သိရှိနေကြလောက်ပေပြီ။

သည်လို လက်ရှိလက်နက်ကိုင် စစ်တပ်အင်အားဖြင့် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အား ချေမှုန်းဖြိုဖျက်၍ အဘယ်ကဲ့သို့မှ မရနိုင်မဖြစ်နိုင်မှန်းကို ၎င်း၏ အကြံပေးဉာဏ်ပေးများဖြစ်ကြသော နယ်ချဲ့သမား၏ စစ်ရေးပါရဂူများက သတိပေး ပြောဆိုလာသောအချိန်၌ ပြည်တော်သာနယ်စားကြီးက တစ်ဖက်၌ ပြည်တော်သာ ပွဲသဘင်ကို ခင်းကျင်းဆင်ယင်ရင်း အခြားတစ်ဖက်၌လည်း လက်နက်ကိုင်စစ်တပ်များအား တိုးချဲ့စုဆောင်းနေလေသည်။ တိုင်းသူပြည်သားများထံမှ အခွန်ဘဏ္ဍာတော် ငွေအမျိုးမျိုးစည်းကြပ်ကောက်ခံ၍ ရရှိထားသည့် ဘဏ္ဍာငွေများထဲမှ စစ်တပ်တိုးချဲ့ရေးနှင့် အာဏာပါးကွက်သားတိုးချဲ့ရေးအတွက် ထက်ဝက်နီးပါးမျှသုံးဖြုန်းနေ၏။ သည်လို အများပြည်သူတို့၏ ချွေးဖြင့်သွေးဖြင့် လဲလှယ်ပေးကြရသော ဘဏ္ဍာတော်ငွေများနှင့် အများပြည်သူတို့၏ ကောင်းကျိုးချမ်းသာအတွက် ဘာတစ်ခုမျှ ထိထိရောက်ရောက် မလုပ်ကိုင် မဆောင်ရွက်ပေးဘဲ အများပြည်သူတို့၏ အကျိုးစီးပွားနှင့်ဆန့်ကျင်ကာ၊ အများပြည်သူတို့အား နှိပ်ကွပ်သတ်ဖြတ်ရန်အတွက်သာ အလွဲသုံးစားပြုလုပ်လျက် 'ပြည်တော်သာသို့ ရည်မျှော်ပါစို့' ဟူ၍ နယ်စားကြီးက လုပ်နေသောအခါ၌ ရှင်၊ လူ၊ ရဟန်းတို့က အလွန်တရာ စိတ်မချမ်းမသာဖြစ်ကြရလေသည်။

အဘယ်သို့ပင် ပြည်တော်သာနယ်စားကြီးနှင့် ၎င်း၏ဝန်ကြီးတံတိုင်းကြီးများ အသိုင်းအဝိုင်း အဆက်အနွယ်တော်များက မိုက်မဲကျဉ်းမြောင်းလှစွာလျှင် ၎င်းတို့၏ အာဏာစည်းစိမ်တည်မြဲရေး ကွက်ကွက်လေးလောက်ကိုသာ မျက်မွေးတစ်ဆုံးလောက်ကြည့်၍ ဗမာတစ်မျိုးသားလုံး အကျိုးမဲ့သေကြေပျက်စီးကြရမည့်အရေးကို လုံးဝဂရုမမူဘဲ နယ်ချဲ့သမားမြောက်ပေးခိုင်းစေသည့်အတိုင်း လုပ်လိုရာလုပ်၍နေသော်လည်း ပြည်သူနှင့် ရှင်၊ လူ၊ ရဟန်းတို့က တစ်မျိုးသားလုံး၏အရေးနှင့် အရှည်ကိုမျှော်၍



www.burmeseclassic.com

www.burmeseclassic.com


အမျိုးသားအချင်းချင်း ကွဲပြားတိုက်ခိုက်မှုကို အေးချမ်းသော ဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း နည်းလမ်းများဖြင့် တစ်ဖက်နှင့်တစ်ဖက် ညီတူမျှတူ သဘောထားဆက်ဆံ၍ အပြေအလည်ဖြစ်သွားကြအောင် ဖြေရှင်းဖို့ရန်ကိုသာ တောင်းဆိုမြဲသာ တောင်းဆိုနေကြလေသည်။ သည်လိုတောင်းဆိုကမ်းလှမ်းလာခါမှပင် ပဒေသရာဇ်နယ်စားကြီးက ၎င်း၏ ဘုန်းသမ္ဘာသည် တိုးတက်ကြီးမား၍ လာလေပြီဟူသောအနေနှင့် ၎င်းအား ဆန့်ကျင်ခြားနားနေသော သူ့ပုန်၊ သူကန်မှန်သမျှ ဒူးထောက်လက်နက်ချ၍ အခစားဝင်ရောက်ပါမှ လွတ်ငြိမ်းချမ်းသာခွင့်ကို အခြေအနေလိုက်၍ စဉ်းစားသင့်မှစဉ်းစားမည်ဟူ၍ မိုက်မဲကဲ့ကာ လိမ္မာရေးခြားကင်းမဲ့ ခေါင်းပါးလှသော စကားကို ဆိုလာလေသည်။

ကျွန်တော်သည် ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြီးမှ သာမန်တပ်သားကလေးတစ်ယောက်၏ ဘဝ၌ ဤမျှလောက် လိမ္မာခြင်းခေါင်းပါး၍ မိုက်မဲလှသော စကားကိုပြောဆိုသူများအား ဘယ်နံရောအခါကမျှ မတွေ့ဆုံခဲ့ရဖူးသော်လည်း ယခုအချိန်၌ ပြည်တော်သာနယ်စားကြီးကိုတွေ့နေရပါ၏။ သည်မျှလောက် မိုက်တွင်းနက်၍ ဆန်ကုန်မြေလေးလှသော သတ္တဝါမျိုးများကို တွေ့ရလိမ့်မည်ဟု မတွေးတောမိခဲ့ဖူးသော ကျွန်တော်က ယခုတော့ နဖူးတွေ့၊ ဒူးတွေ့ တွေ့နေရပါ၏။ သည်လို အလိမ္မာနတ္ထိ အတ္တဘောမိုက်ခဲနှင့် တွေ့ကြုံရင်ဆိုင်နေရ၍လည်း စိတ်ပျက် ငေးမှိုင်နေ၍ကား မဖြစ်သေး။ နယ်ချဲ့သမား၏ လောင်စာများက အချို့ဒေသများ၌ မီးနှင့်စွဲညှိရန် အလွန်တရာပင် နီးကပ်နေလေပြီဖြစ်၍ ထိုလောင်စာများကို အမြန်ဆုံး သုတ်သင်ရှင်းလင်းရန် မဖြစ်လျှင် ဖြစ်သောနည်းလမ်းကို ရှာကြံရတော့မည်ပင် မဟုတ်ပါသလော။ ငဆောင်ချမ်းဒေသနှင့် ကန္တာရဝတီမောပြည်နယ်တို့၌ လက်နက်၊ ခဲယမ်း၊ မီးကျောက် အပြည့်အစုံဖြင့် တပ်စွဲလှုပ်ရှားနေကြသော နယ်ချဲ့သမား၏ တရုတ်ဖြူ လက်နက်ကိုင် စစ်တပ်များသည် ဗမာနိုင်ငံအတွင်းမှ တစ်ဆင့်ကျော်လွန်၍ ၎င်းတို့၏ အရှင်သခင်များ အမိန့်အတိုင်း ပြည်သူ့အာဏာ သစ်ထွန်းနေသော ဂန္ဓာလရာဇ်တိုင်းပြည်ကြီးအား ကျူးကျော်၍ ဝင်ရောက်တိုက်ခိုက်လိုက်ပါက တစ်ဖက်မှလည်း ငြိမ်သက်စွာ လက်ပိုက်ကြည့်နေလိမ့်မည်ကား မဟုတ်ပေ။ နယ်ချဲ့လက်ကိုင်တုတ်သစ္စာဖောက် တရုတ်ဖြူများ၏ ကျူးကျော်ဝင်ရောက်၍ တိုက်ခိုက်ခြင်းအား မျိုးချစ်တရုတ်အမျိုးသားများက ပြန်လည်တိုက်ခိုက်ခဲ့သော် အဘယ်ကဲ့သို့ ဖြစ်သွားနိုင်လိမ့်မည်ကို စဉ်းစားဝံ့စရာမရှိ။ သည်အချိန်၌ သည်အကွက်ကို စောင့်နေသော စကြဝဠာတေးရှူး အမေရိကန်နယ်ချဲ့သမားသည် ပြည်တော်သာနယ်စားကြီးအား ချည်နှောင်ချုပ်ဆိုထားသော စာချုပ်များအရရှင်းစိတ်တိုင်းကျ ဖန်တီးပြုလုပ်ထားသော အခြေခံစစ်စခန်းများမှ ဂန္ဓာလရာဇ်တိုင်းပြည်ကြီးအား မဟုတ်မတရား သတင်းလွှင့်ကြေညာကာ ကျူးကျော်၍ဝင်ရောက် တိုက်ခိုက်


www.burmeseclassic.com

 www.burmeseclassic.com 

ခြင်းပြုပေတော့မည်။ ထိုကာလ၌ ဗမာနိုင်ငံသည် အမေရိကန်နယ်ချဲ့သမားက ဂန္ဓာလရာဇ်တိုင်းပြည်အား ဝင်ရောက်တိုက်ခိုက်ရေးအတွက် စစ်အခြေခံစခန်းနှင့် စစ်မျက်နှာတစ်ရပ်ဖြစ်လာပေတော့မည် မဟုတ်ပါသလော။ ထိုသို့ ၎င်းအား ဝင်ရောက်တိုက်ခိုက်ရေးအတွက် စစ်အခြေခံစခန်းအဖြစ် အသုံးပြုနေသော စစ်မျက်နှာတစ်ရပ်ကို ဂန္ဓာလရာဇ်တိုင်းသားတို့က လက်ပိုက်ရှေ့၍ ရပ်ကြည့်နေလိမ့်မည် မဟုတ်တော့။ ၎င်းအား ကျူးကျော်တိုက်ခိုက်သော ရန်သူအား ၎င်း၏နယ်နိမိတ်မှ လက်ပိုက်ရှေ့ကြည့်နေလျှင် ဆက်လက်၍သာလျှင် ၎င်းအား ထပ်ခါတလဲလဲ ကျူးကျော်ရန်စတိုက်ခိုက်နေတော့ မည်မဟုတ်ပါလော။

သာမန်တပ်သားတစ်ယောက်မျှသာ ဖြစ်သော်လည်း ကျွန်တော်က ကျရောက်တော့မည့် အန္တရာယ်နှင့် ဘေးဒုက္ခတို့ကို သည်လိုဆင်ခြင်မိ၏။ သည်လို မြင်မိ၏။ ကျွန်တော် ဆင်ခြင်၍ ကျွန်တော် မြင်မိသလို ရိုးသား၍တော်မှန်သူတိုင်း ဆင်ခြင်မိကြ၍ မြင်နေကြပေသည်။

သို့ရာတွင် ပြည်တော်သာနယ်စားကြီးနှင့် ၎င်း၏ ဝန်ကြီး၊ တံတိုင်းကြီးများကား ထိုသို့ မဆင်မခြင်ကြသေး။ ထိုသို့လည်း မမြင်ကြသေး။ ထို့ကြောင့်ပင်လျှင် သူတို့သည် သူတို့ အသိုင်းအဝိုင်း ကွက်ကွက်လေးလောက်နှင့် သူတို့ဘာသာ ပျော်ပွဲလမ်းပွဲများ ဆင်ယင်ကျင်းပ၍ အာဏာနှင့်စည်းစိမ်များကို ဝေပုံချခွဲဝေရင်း မိုးမမြင်လေမမြင်ဖြစ်နေကြကာ တောမဆုံးပြောမဆုံး ဖြစ်နေကြရှာပုံရပါ၏။ ဘယ်လောက်များ နွားသတ်ကုန်းသို့ နွားသတ်သမားက မောင်းနှင်သွားစဉ် မသိမိုက်မဲလှစွာ အရွှေလိုက်နေနိုင်ကြသော နွားမိုက်များနှင့် တူနေလိုက်ပါပြီလဲ။

သို့ရာတွင် ကျွန်တော်တို့၏ ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ကြီးကမူကား အမျိုးသားအချင်းချင်း တိုက်ခိုက်မှုအား ယခုအချိန်ကာလ၌ တတ်နိုင်သမျှနှင့် ဖြစ်နိုင်သလောက် ရှောင်ရှားကာ ဗမာ့တစ်မျိုးသားလုံးအား မီးလောင်တိုက်သွင်း၍ စကြဝတေးအဖြစ် အောင်ဘိသိက်ခံရန် တရွရွဖြစ်နေသော အမေရိကန်နယ်ချဲ့သမား လူခေါင်းဖော်၍လှုပ်လိုက်သည်နှင့် တစ်ပြိုင်နက် ဝင်အုပ်မိအောင်အုပ်နိုင်ရန်တော့ ဆိုင်ရာဒေသအလိုက် ကဏ္ဍအလိုက် အသင့်ပြင်ဆင်ထားကြပြီတော့ ဖြစ်ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## သွေးစွန်းသော မြပဝါ

ပဝါပါးနဲ့ ကြက်သားထုပ်တော့
စွန်းတတ်၍ တစ်ရွာသားကို ရည်းစားလုပ်တော့
လွမ်းရတတ်သည်

ရှေးဗမာ စကားပုံတစ်ရပ်

(၁)

ယခုအချိန်ကာလသည်ကား ပြည်တွင်းစစ်ပွဲကို တစ်ဖက်နှင့်တစ်ဖက် ညီတူမျှတူ သဘောထားကာ တစ်ဖက်ကိုတစ်ဖက်က ရိုသေလေးစားစွာဖြင့် ဆွေးနွေးညှိနှိုင်းကာ ရပ်ခံနိုင်အောင်ပြုလုပ်နိုင်တော့မှသာ ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိလိမ့်မည်ဖြစ်ကာ ပြည်တွင်း ငြိမ်းချမ်းရေးရရှိသော ကာလ၌မှသာလျှင် တစ်မျိုးသားလုံး ညီညွတ်စွာ စုပေါင်းလျက် အမျိုးသားတို့၏ အန္တရာယ်ကြီးအား သုတ်သင် ရှင်းလင်းနိုင်ကြမည့် အချိန်ကာလဖြစ်ပေသည်။

ငတ်မွတ်၍ သေကြေပျက်စီးခံရခြင်းမှလည်းကောင်း၊ ညှဉ်းဆဲသတ်ဖြတ်၍ သေကြေပျက်စီးရခြင်းမှလည်းကောင်း ပြည်သူတို့၏ လွတ်မြောက်ရေးအတွက် ခုခံတိုက်ခိုက်လာခဲ့ရသော ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြီး၏ တစ်ခုသော သေနတ်ကိုင်တပ်ရင်းတွင် ကျွန်တော်သည် တပ်သားတစ်ယောက်မျှ ဖြစ်သော်လည်း ကျွန်တော်သည် ဗမာ့တစ်မျိုးသားလုံး၏အရေးကို စိတ်ဝင်စား၍ သိရှိနားလည်ရန် ကိုလည်း အမြဲတစေ လေ့လာဆည်းပူးခဲ့ပေသည်။ တကယ်ဆိုသောအခါ၌ ကျွန်တော် တစ်ယောက်သာလျှင် မဟုတ်ပါ။ လွတ်မြောက်ရေးတပ်မတော်သားတိုင်းသည် မိမိတို့၏ တစ်မျိုးသားလုံး၏အရေးကို ကောင်းကောင်းကြီးနားလည်နေကြသော လူငယ်လူ



www.burmeseclassic.com

www.burmeseclassic.com

ရှုယ်များပင်ဖြစ်ကြပါ၏။ သူတို့သည် သူတို့တိုက်ခိုက်နေရသော တိုက်ပွဲအကြောင်း ကလေးလောက်ကိုသာ ကျဉ်းကျဉ်းမြောင်းမြောင်း ကြည့်ရှုနေကြသူများမဟုတ်ပေ။ ကမ္ဘာ့နိုင်ငံလူအမျိုးမျိုး၏ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကို ၎င်းအမျိုးသား လွတ်မြောက်ရေးကို တိုက်ခိုက်ရရှိပြီးနောက် မိမိတို့၏ နိုင်ငံအား ဝပြောစည်ပင်သော နိုင်ငံဖြစ် ပြန်လည်ထူထောင်နေကြရင်း တစ်ဖက်မှ ကျူးကျော်ဝင်ရောက်တိုက်ခိုက် ဖျက်ဆီး၍ ၎င်း၏လက်နက်နိုင်ငံအဖြစ် ပြန်လည်ဖန်တီးရန်ပြုလုပ်နေသော နယ်ချဲ့ သမားများ၏အန္တရာယ်ကို စောင့်ကြပ်ကာကွယ်နေရသူများ၊ ပြန်လည်တုံ့ပြန် တိုက်ခိုက် နေရသူများ၏ အကြောင်းအရာများကိုလည်း ကောင်းစွာလေ့လာ နားလည်ပြီးသူများ သာလျှင်ဖြစ်ကြပေသည်။

ယခုအခါ၌ အမျိုးသားအချင်းချင်းတို့၏ ကွဲလွဲမှုအား လက်နက်စွဲကိုင်တိုက် ဖျက်ရေးထက် တစ်ဖက်နှင့်တစ်ဖက် အေးချမ်းစွာဆွေးနွေးဖြေရှင်းရေးကို ပြုလုပ်၍ဖြစ် ပါကပြုလုပ်ရန် ပိုမိုလိုလားအပ်နေသော အချိန်အခါ၊ အမျိုးသားညီညွတ်ရေးနှင့် နယ်ချဲ့ အန္တရာယ် ဆန့်ကျင်တားဆီးရေးသည် အဓိကနှင့် အရေးကြီးဆုံးဖြစ်နေရသော အချိန် အခါများဖြစ်နေ၍ တစ်ဖက်မှ ပြည်တော်သာ နယ်စားကြီး၏ လက်နက်ကိုင် စစ်တပ် များက အဘယ်ကဲ့သို့ လာရောက် တိုက်ခိုက်စေကာမူလည်း ကျွန်တော်တို့ ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်ဘက်ကမူ ပြန်လှန်၍ထိုးစစ်ဆင်ယင်ခြင်း မပြုလုပ်ကြ ဘဲ မိမိတို့ကိုယ်ကိုလောက်သာ ကာကွယ်သောအနေဖြင့် ခုခံကာကွယ်စစ်များကို မလွှဲ သာ၊ မရှောင်သာ တိုက်ခိုက်နေရသော အချိန်အခါလည်းဖြစ်နေပေသည်။ ပြည်တော်သာ နယ်စားကြီးသည် ကုန်ဆုံးခဲ့သော နွေရာသီကာလတစ်လျှောက်လုံး၌သာလျှင် မက သေးဘဲ မိုးကာလဦးများကပင် ဆက်လက်၍ ထိုးစစ်များကို မိုက်မဲစွာ ပြုလုပ်နေသေး ရာမှ နောက်ဆုံး ၎င်း၏တပ်များကို ခိုင်းချင်ရာခိုင်း၍ မရတော့ကာမှ ထိုးစစ်ဆင်ခြင်းကို မကျေမနပ်နှင့် မလွှဲသာမရှောင်သာ ခေတ္တရပ်ဆိုင်းထားလိုက်ရသောကြောင့် ကျွန်တော် တို့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သားများသည် မိမိတို့၏ တပ်စွဲထားသော စခန်းနှင့် ဒေသများ၌ အေးချမ်းစွာနေထိုင်ခွင့်ကို ရရှိခဲ့ကြပေသည်။

ယခုကဲ့သို့ ပြည်တော်သာနယ်စားကြီး၏ လက်နက်ကိုင်စစ်တပ်များသည် ကျွန်တော်တို့ ပြည်သူ့လက်နက်ကိုင် တပ်မတော်များအား စစ်နားချိန်၌ အတိုက်အခိုက် မပြုတော့ဘဲ ၎င်းတို့ စစ်ကဲစစ်မှူးအချင်းချင်း ဆွေးနွေးတိုင်ပင်ညှိနှိုင်းနေကြစဉ် ကျွန်တော် တို့ကတော့ ပြည်သူတို့၏ လုပ်ခွင်နှင့်လုပ်ငန်းများတွင် ဝင်ရောက်ကူညီလုပ်ကိုင်ပေး ရင်း ပြည်သူတို့ကပေးကမ်းစွန့်ကြသော ထမင်းဟင်းကလေးများကို အေးချမ်းစွာ စား သောက်နေထိုင်လျက် ရှိကြရပေသည်။


www.burmeseclassic.com

www.burmeseclassic.com


စစ်တိုက်နေရစဉ် ကာလများ၌ စစ်တိုက်ရေးနှင့်သာ သက်ဆိုင်သော ထိုးစစ်စသည်တို့ကိုသာ ပြောကြားဆွေးနွေးမှုများ ပြုလုပ်နေခဲ့သော်လည်း မိုးကာလ စစ်နားချိန်များ၌ ကျွန်တော်တို့ ပြည်သူ့လက်နက်ကိုင် တပ်မတော်သားများသည် မိမိတို့ရှုးစိုက်ရာ မိမိတို့ဘာသာ သန်ရာဖြစ်ကြသော နိုင်ငံရေး၊ အနုပညာရပ်နှင့် အခြားကိုယ်ရေးကိုယ်တာကိစ္စများကို အချင်းချင်း ပြောဆိုဆွေးနွေးလေ့ရှိကြသည်။ ပြည်တော်သာ၏ မြို့တော်နှင့် ခရီးတစ်သောင်း ပြင်းပြင်းခန့်ရှိ ကျေးရွာကလေးတစ်ခု၌ တပ်စွဲရသော ကျွန်တော်တို့၏ တပ်ခွဲကလေးအတွင်း၌ နိုင်ငံရေးသဘောတရားများအကြောင်းကို လေးလေးနက်နက် ဆွေးနွေးနေကြသော လူကြီးပိုင်းအုပ်စုများသည် ၎င်းတို့အချင်းချင်း၏ သဘောထားများကို ဆွေးနွေးညှိနှိုင်းနေကြစဉ် လူလတ်ပိုင်းမှ အုပ်စုများသည် တောင်ငူစာဆိုတော်ကြီးများဖြစ်ကြသော မင်းနဝဒေးနှင့် နတ်ရှင်နောင်တို့၏ စစ်ချီရတုများ မယ်ဘွဲ့ရတုများကို ဆွေးနွေးနေကြလေသည်။ အချို့သွေးသောက်များသည် သစ်ပုလွေ၊ တောင်သလဲသဖြန်ကို၊ ပလွေနှင့် ချွဲချွဲပျစ်ပျစ် ကျူနေကြလေ သည်။

ကျွန်တော်တို့ အုပ်စုမှာ လူငယ်ပိုင်းမှဖြစ်ကြ၍ လူကြီး၊ လူလတ် အုပ်စုများနှင့် ခပ်လှမ်းလှမ်း၊ ခပ်ကွာကွာ ဘုန်းကြီးကျောင်း၊ ဇရပ်နား၌စတည်းချကာ မိမိတို့၏ ရွာ၌ကျန်ရစ်ခဲ့ကြသော ချစ်သူကလေးများအကြောင်းကိုလည်းကောင်း၊ မိမိတို့ ပိုးပန်းနေကြသော မိန်းမပျိုကလေးများ၏ ချောကြောင်း၊ လှကြောင်းများကိုလည်းကောင်း အချင်းချင်းတီးတိုးပြောဆိုနေကြလေ့ရှိပေသည်။

(၂)

သည်လို ကျွန်တော်နှင့်သက်တူရွယ်မျှ လူငယ်လူရွယ်ပိုင်းမှ သွေးသောက် ရောင်းရင်းများသည် သူတို့၏ 'သက်ထားနောင်မယ်' ကလေးများ၏ အကြောင်းကို ရင်နှီးခင်မင်ရာအလိုက် ဝိုင်းဖွဲ့၍ ပြောကြားရယ်မောနေကြစဉ် ကျွန်တော်ကတော့ သူတို့နှင့် ရောနှော၍ ပြောအားမရှိလှဘဲ မိမိဘာသာ တစ်ယောက်တည်း အိပ်ရာထက်တွင် ငြိမ်သက်စွာလဲလျောင်းရင်း ထိပ်ထားကိုသာ စိတ်ကူးယဉ်နေမိပေသည်။ ငယ်ရွယ်သူများအဖို့တော့ လက်တွေ့လုပ်လိုက်ကိုင်လိုက်ရခြင်း၌ အရသာတစ်မျိုးတွေ့ထိရသလိုပင် စိတ်ကူးယဉ်ရခြင်း၌လည်း အရသာတစ်မျိုးတွေ့ထိတတ်ကြသည်။ ကျွန်တော်က သည်အရသာကို အိပ်ရာထက်တွင် လဲလျောင်းရင်း တစ်ယောက်တည်း တွေ့ထိနေမိပေသည်။

ကျွန်တော်ကဲ့သို့ မထင်မရှားသာမန်တပ်သားကလေးတစ်ယောက်က ပင်တိုင်တော် မြနန်းဦးစံ ပဒေသရာဇ်အလျာကို စိတ်ကူးယဉ်နေလိုက်ခြင်းမှာ သာမန်အားဖြင့် ကျွန်တော်၏ စိတ်ကူးယဉ်နေမှုကို အထင်သေးစရာတော့ဖြစ်ပေသည်။ ဒါကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ကတော့မငြင်းလိုပါ။ လက်ခံပါ၏။ ကျွန်တော့်အား အခြားအခြားသော ရောင်းရင်းဖက်များ၏ သဘောထားကား ကျွန်တော့်အား မလှောင်ပြောင်သည့်တိုင်အောင် သူတို့ဝမ်းထဲ၌တော့ရှိကြပုံရပေသည်။ ထို့ကြောင့် ကျွန်တော်က ထိပ်ထားနှင့်ကျွန်တော်၏ အကြောင်းအရာများကို မည်သည့်ရောင်းရင်းသွေးသောက်များကိုမှ စုံစုံစေ့စေ့ဖွင့်မပြောဘဲ ကျွန်တော့်ဘာသာပင် တစ်ယောက်တည်း စိတ်ကူးသာယဉ်နေ၏။ ထိပ်ထားနှင့် ကျွန်တော်၏ အကြောင်းအရာများကို လူပုံလယ်၌ချျပြောလျှင် ရယ်စရာဖြစ်ချင်က ဖြစ်သွားပေမည်။ မယုံကြည်နိုင်လောက်စရာပင် ဖြစ်ချင်လည်း ဖြစ်နေပေမည်။ အကျိုးမဲ့သော စကားကို လူပုံလယ်၌ ချျပြောနေခြင်းဖြင့် ကျွန်တော်သာလျှင် လူ့ဗာလဖြစ်ပေမည်။ ထိုကဲ့သို့ ကျွန်တော်သည် လူ့ဗာလတော့ အဖြစ်မခံလို။ ကျွန်တော့်ဘာသာတစ်ယောက်တည်း အေးအေးချမ်းချမ်းနှင့် လွတ်လွတ်လပ်လပ်ကြီး စိတ်ကူးယဉ်နေရခြင်းကပင် ကောင်းပေသည် မဟုတ်ပါသလော။

ရံဖန်ရံခါ စိတ်ကူးအယဉ်လွန်၍ ပါးစပ်မှ 'ပြည်တော်သာ ခင်ခင်ဦး'၊ 'ထိပ်ထားကလေး'စသည်ဖြင့် ကျွန်တော်က ထုတ်လွှတ်လိုက်မိသည်ကလွဲ၍ အခြားဘာမျှတော့ ရောင်းရင်းဖက်များအားလည်းကောင်း၊ သွေးသောက် သေနတ်ကိုင်များအားလည်းကောင်း ကျွန်တော်သည် မပြောပြမိပေ။ သည်လို ကျွန်တော်က မထိန်းသိမ်းနိုင်၍ ယောင်ယမ်းပြောဆို တ,သမိခြင်းအတွက် ရောင်းရင်းသွေးသောက်များက မသိမသာ ပြောင်လှောင်ကြ၏။ နောက်ကြ၏။ သို့ရာတွင် ကျွန်တော်က ကျွန်တော့်အား နောက်သည်ပြောင်သည်ဟူ၍ပင် မသိသလို ခပ်တည်တည်နှင့် ခပ်အေးအေးသာ ဣန္ဒြေနှင့်နေခဲ့ပေသည်။ အလွန်တရာရင်းနှီးလှသော တစ်အိုးတည်းစား သူရတို့၊ ထွန်းခိုင်တို့ လူစုကလေးကလွဲ၍ ကျွန်တော်နှင့် ပြည်တော်သာခင်ခင်ဦးတို့ အဘယ်ကဲ့သို့ ရင်းနှီးသိကျွမ်းကာ အဘယ်အထိ ခင်မင်လာခဲ့သော အကြောင်းရင်းများကို မသိကြပေ။ သာမည လောက်သာသိကြသော ထွန်းခိုင်နှင့် သူရတို့ လူစုကလေးကလည်း ကျွန်တော့်အား အဘယ်ကဲ့သို့မှ မေး၍မြန်း၍မရကြတိုင်း ကျွန်တော့်အား မခံချင်ဖြစ်လာအောင် အမျိုးမျိုး ခွာကာနှိုက်ကာနှင့်လည်း လုပ်တတ်ကြ၏။ သို့ရာတွင် ကျွန်တော်ကတော့မှု မသိဘာသာလို နေလိုက်တတ်ရပေသည်။

တစ်ဦးနှင့် တစ်ဦး၊ တစ်မွန်းတည့် ခရီးကလေးလောက်မျှသာလျှင်ဖြစ်သော ခရီးတစ်သောင်းပြင်းပြင်းအကွာအလှမ်းတွင် နေထိုင်လာကြရသော ယခုကဲ့သို့သော အချိန်အခါ၌ ကျွန်တော်သည် လှမိုးသူဇာကို အောက်မေ့တသ၍ တွေ့လိုမြင်လိုသော စိတ်ရိုင်းများသည် ချိုးနှိမ်နှိပ်ကွပ်၍ မရနိုင်လောက်အောင် သောင်းကျန်းဖြစ်ပေါ်လာမိပေသည်။ အဘယ်ကဲ့သို့မျှ ဖျောက်ဖျက်မေ့ပျောက်၍မရနိုင်လောက်အောင် ကာလရှည်လျား ကြာ


www.burmeseclassic.com

www.burmeseclassic.com

မြင့်စွာက အတင်းအဓမ္မ မေ့စက်ငြိမ်သက်စေခဲ့ရသော စိတ်တို့သည် ရုန်းကန်လှုပ်ရှား လာကြပေသည်။

ယခင်ပြေးလွှားပုန်းအောင်းရင်း၊ ခိုကပ်တိုက်ခိုက်ရင်း နေခဲ့ရသော ကာလများ၌ အခြားအခြားသော အာရုံတို့က ဆွဲဆောင်ထားသဖြင့် မေ့သာပျောက်သာနေသော ထိုင်သာရှိနေနိုင်ခဲ့သော်လည်း ယခုကဲ့သို့ နီးကပ်၍ တစ်မွန်းတည့်ခရီးလောက်သာ တစ်ဦးနှင့်တစ်ဦး ရှိနေကြရသောအခါ၌ ကျွန်တော်၏ ထကြွဖြစ်ပေါ်နေသော စိတ်ရိုင်းတို့ကို ကျွန်တော်က ခွင့်မလွှတ်ချင်လှသော်လည်း အပြစ်တော့မတင်ချင်ပါ။

မိုးသားတိမ်တိုက်များ၏အကြားမှ ငွေလသည် တိုးဝှေ့ရုန်းကန်ရင်း မှုန်ရီမှုန်မွှား သာနေရှာသော ညများ၌ အခြားအခြားသော ရောင်းရင်းများ သွေးသောက်များ တရှုံးရှုံးနှင့်ဟောက်၍များပင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေကြစဉ် ကျွန်တော်သည် အိပ်ရာထက်တွင် သက်ပြင်းကိုသာ တဟင်းဟင်းနှင့်ချရင်း အိပ်မပျော်နိုင်သော ဝေဒနာကို ခံစားနေရပါ၏။ လူးလွန့်မောပန်းနေရ၏။

'ပြည်တော်သာနှင့်–ခင်ခင်ဦး' ဟူသော နားဝင်ပီယံကောင်းလှသည့် နာမည်တော်ကလေးများကြောင့်သာမက မိန်းမသားတစ်ဦးတစ်ယောက်အနေနှင့်လည်း အလွန်တရာ နှစ်လိုချစ်ခင်ဖွယ်ရာ လေးမြတ်ဖွယ်ရာ ကောင်းလှသော ပဒေသရာဇ်အလျာကို ကျွန်တော်က ကန္တာရပြင်ကျယ်မှ ခရီးသည်သည် စမ်းရေကို မွတ်သိပ်လှသကဲ့သို့ မွတ်သိပ်ခြင်းဖြစ်နေရပါ၏။ ဗမာ့သမီးကောင်းတစ်ဦးတစ်ယောက်အနေနှင့် မျိုးချစ်မယ်ကလေး ခင်ခင်ဦးကို ကျွန်တော်က တ,သ မျှော်လင့်နေရခြင်းလည်းဖြစ်၏။ ကျွန်တော်၏ မွတ်သိပ်တောင့်တခဲ့ရခြင်းနှင့် တ,သ မျှော်လင့်ခဲ့ရခြင်းကို လှမိုးသူဇာက ညအမှောင်တို့ ပြိုကွဲကြွေလွင့်ရာ မိုးသောက်ယံဦး၏ တာရာရှင်မလို ကျွန်တော့်ဆီသို့ ကြွမြန်းလာလိမ့်မည်ဟုလည်း စိတ်ချလက်ချ ယုံကြည်နေပေသည်။

တာရာရှင်မသည် ကျွန်တော်၏ မျှော်လင့်ရာ လင်းအရုဏ်ဦးသာလျှင် မကသေး။ ထို့ထက်ပိုမို၍ တင်စားပြသစရာ ရှာဖွေ၍ရနိုင်ပါသေးက ကျွန်တော်သည် အိန္ဒိယနှင့် ဂင်္ဂါမြစ်ဝှမ်းမှ ရှေးအလင်္ကာ ပုရာဏ်ကျမ်းဟောင်းများကို သွားရောက်တူးဖော် ကြည့်ရှုစမ်းချင်ပါသေး၏။ သို့ရာတွင် စိတ်ကူးနှင့်အိပ်မက်များထဲ၌ ဖြစ်နိုင်သော အလုပ်မျိုးကို ရယ်မောနေရလေပြီဖြစ်သော ယခုကဲ့သို့ အချိန်အရွယ်နှင့်ကာလများ၌ လှမိုးသူဇာအား လင်းအရုဏ်ဦး၏ တာရာရှင်မဟု ခေါ်ဆိုရခြင်းဖြင့်သာ ဖြေသိမ့်ရပေတော့မည်ဖြစ်ပေသည်။

ညသန်းခေါင်ယံလွန်မြောက်၍ ဩကာသတစ်လောကလုံးသည်ပင် တိတ်ဆိတ်၍ လုံးလုံးလျားလျား ငြိမ်သက်နေသောအခါများ၌ ကျွန်တော်သည် အလွန်တရာ မြတ်နိုးစွာ လျှို့ဝှက်သိမ်းဆည်းထားခဲ့ရသော ပိုးသားမြပဝါကလေးကို အဘယ်မှာမှ


www.burmeseclassic.com

မသိလေရအောင် ဝှက်ထားရသော ယွန်းကျည်တောက်ငယ်ထဲမှ ထုတ်ယူကာ ကိုင်တွယ်ကြည့်ရှုရင်း ကျွန်တော်၏ တဒိတ်ဒိတ်ခုန်နေသော ရင်ညွန့်ပေါ်ဝယ် အသာအယာ တင်ထားကြည့်မိ၏။ ထိုသို့ ရင်ညွန့်ပေါ် မြပဝါကို တင်ထားလိုက်ရသောအခါ၌ ကျွန်တော်သည် ငြိမ်သက်ခြင်းနှင့် သက်သာခြင်းကို တဖြည်းဖြည်း ရရှိလာရပေသည်။ နွမ်းနယ်နေသော နှလုံးသားသည် ပြန်လည်လန်းဆန်းလာကာ လျင်မြန်စွာ သွေးတို့ကို ပန်းထုတ်လာပါ၏။ ထိုင်းမှိုင်းလေးကန်လှသော ဦးနှောက်သည်လည်း ကြည်လင်ရွှင်ပျလာပါ၏။

ဖက်ဖူးရောင် ပိုးသားမြပဝါမှာ သွေးတွေက စွန်းကွက်နေလေသည်။ ထိုသွေးများမှာ ပြည်တော်သာနယ်စားကြီး၏ လက်နက်ကိုင်တပ်သားများအနက် တစ်ယောက်က ပစ်မိပစ်ရာ ရော်ရမ်း၍ပစ်ရင်း ကျွန်တော့်ဝဲဘက်လက်မောင်းရင်းကို ထိမှန်၍ ယိုစီးဆင်းလာခဲ့ရသော သွေးများသာ ဖြစ်ပေသည်။ ထိုသို့ သွေးများယိုစီးနေခြင်းအား သူမ၏ ပခုံးထက်တွင် ဗျာကသီလွှမ်းထားသော မြပဝါကိုယူ၍ ကျည်ဆန်ရှပ်ထိ၍သွားသော ကျွန်တော်၏ လက်မောင်းရင်းကို စည်းပတ်ပေးသူမှာ အခြားသူ မဟုတ်ဘဲ ပဒေသရာဇ်နယ်စားကြီး၏ တစ်ဦးတည်းသော သမီးတော်ကလေး ခင်ခင်ဦးဟုဆိုလျှင် ကျွန်တော်တစ်ယောက်ကလွဲ၍ ယုံကြည်နိုင်ဦးမည့်သူတစ်ယောက်တလေမျှ သည်ကပ်ကမ္ဘာတွင် ရှိပါဦးမည်တဲ့လား။

ပစ်လိုက်သူမှာ ပဒေသရာဇ်နယ်စားကြီး၏ လက်နက်ကိုင် ကိုယ်ရံတော်တပ်သားတစ်ယောက်ယောက်သာဖြစ်၏။ ဝဲဘက်လက်မောင်းရင်းတွင် ထိမှန်ခံရသူမှာတော့ ကျွန်တော်ဖြစ်၍ သွေးများမှာ ကျွန်တော်၏သွေးများဖြစ်၏။ ထိုသွေးများဖြင့် လိမ်းကျံစွန်းကွက်နေသော မြပဝါမှာ ပဒေသရာဇ်အလျာ မြနန်းဦးစံမှလွဲ၍ အဘယ်သူ့ဒွန်မျှ မရှိသော ဖက်ဖူးရောင်ပိုးသားပဝါသာဖြစ်ပါ၏။ သို့ရာတွင် ကျည်ဆန်နှင့် သေနတ်ကတော့ နယ်ချဲ့သမား၏ ကျည်ဆန်နှင့်သေနတ်ဆိုသည်ကိုကား သတိမေ့နေ၍လည်း မဖြစ်သေး။ အမိကနှင့်အကြီးဆုံးရန်သူကြီးကို ဖျောက်ထားလိုက်လျှင် ကိုယ့်တွင်းကိုယ်တူးသည်နှင့်သာ တူပေလိမ့်မည်။ ကျွန်တော်သည် သွေးစွန်းကွက်များဖြင့် လှမိုးသူဇာက ကြင်နာယုယစွာ စည်းပေးလိုက်သော မြပဝါကို ကိုင်တွယ်ကြည့်နေရစဉ်၌မှာပင် ကျွန်တော်နှင့် ထိပ်ထားရော ဗမာ့တစ်မျိုးသားလုံးကိုပါ ဒုက္ခလှလှကြီးပေးမည့် နယ်ချဲ့သမား၏ အန္တရာယ်ကို မေ့လျော့ခြင်းမဖြစ်မိပါ။

သွေးများဖြင့် စွန်းကွက်နေသော မြပဝါကို ကိုင်တွယ်ထားမိရင်းက ဝဲဘက်လက်မောင်းရင်းတွင် ထိစဉ်ကာလက ကျည်ဆန်ရှပ်မှန်သွားသော ကျွန်တော်၏ ဒဏ်ရာဟောင်းမှ အမာရွတ်တို့ကို ပြန်လည်သတိရကာ စမ်းသပ်မိ၏။ ဒဏ်ရာမှာ



www.burmeseclassic.com

www.burmeseclassic.com


ပျောက်ကင်းသွားလေပြီဖြစ်သော်လည်း အမာရွတ်ကတော့ မပျောက်နိုင်ဘဲ စွဲကျန်ရစ်နေ၏။ ယခုအခါ၌ အသာအယာ စမ်းသပ်ကိုင်တွယ်ကြည့်နေရစဉ် အဖုကလေးထစ်၍ နေပေသည်။ ဘယ်တော့မှ ပျောက်နိုင်လိမ့်မည်မဟုတ်ဘဲ သေဆုံးရသော နေ့ရက်သို့ တိုင်အောင်ပင် ကျွန်တော်နှင့် မခွဲမခွာဘဲ ပါရှိမည့် အမှတ်အသားဖြစ်ပေသည်။

ထိုဒဏ်ရာကို ကျွန်တော် ရရှိလိုက်သော မှောင်မည်းနေသည့်ညကပင် ချောသည်၊ ရောဟဏီဟု သတင်းမွှေးလှသော ပဒေသရာဇ်အလျာနှင့် နှစ်ဦးချင်း တွေ့ဆုံရပါ၏။ နူးညံ့သိမ်မွေ့သော လက်ချောင်းသွယ်သွယ်လေးများဖြင့် စည်းကြပ်ကိုင်တွယ်၍ ကြင်နာယုယခြင်းကိုလည်းခံခဲ့ရပါ၏။ ကျွန်တော့်အဖို့ အံ့သြခြင်းငှာ မတတ်စွမ်းအားနိုင်သလောက်ပင် အံ့သြထူးခြားခြင်းဖြစ်ပေသည်။ အဘယ်ကဲ့သို့မျှ ထင်မှတ်ယုံကြည်နိုင်စရာနှင့် မျှော်လင့်နိုင်စရာလည်းမရှိ။ တကယ်တွေ့ထိရသော အကြောင်းအရာများ ခံစားရချက်များဖြစ်သော်လည်း မိမိကိုယ်ကိုယ်ပင် မယုံကြည်နိုင်လောက်အောင် အိပ်မက်ဆန်နေ၏။ တကယ်ဆိုသောအခါ၌ကား အိပ်မက်မဟုတ်၊ မိုးသားတိမ်တိုက်နှင့် ကြယ်–လ–နက္ခတ်–တာရာများအကြားမှာ မဟုတ်ဘဲ မြေကြီးပြင်ပေါ်၌သာ ဖြစ်ပါသည်။

ပဒေသရာဇ်အလျာမျှသာဖြစ်သော ဒေဝစ္ဆရာလုကညာအား ကျွန်တော်၏ ထင်မှတ်ယုံစားခြင်းများနှင့် မျှော်လင့်ခြင်းများ၏ ရပ်တည်ရာသည် ထိုညအမိုက်မှောင်ထဲ၌ စတင်အုတ်မြစ်ချခဲ့ပေသည်။ ညအမိုက်မှောင်ထဲ၌ အုတ်မြစ်ချခဲ့ရသော ကျွန်တော်ရဲ့ မျှော်လင့်ခြင်း၏ ရပ်တည်ရာသည် မုန်တိုင်းပြင်း၌လည်းကောင်း၊ နေ၏ အလင်းရောင်အောက်၌လည်းကောင်း တေသား–ပေသား ခံခဲ့ရပြီးဖြစ်၍ ကျွန်တော်သည် အနည်းငယ်မျှ တွေဝေခြင်းနှင့် သံသယဖြစ်ခြင်းတော့ မရှိ။

ကျွန်တော်သည် မြပဝါကို ရင်ညွန့်ထက်တွင် အသာအယာတင်ထားလိုက်ပြီးနောက် ထိုမြပဝါဝှက်ထားရသော ကျွန်တော်၏ အံဖုံးထဲမှ အရည်အသွေးကောင်းလှသော မြလက်စွပ်ကို အသာအယာ ထုတ်ယူ၍ မြတ်မြတ်နိုးနိုး ကြည့်ရှုမိပြန်၏။

မှုန်မွှားသော လရောင်၌မှာပင် မြရည်က လဲ့လဲ့ကြည်နေ၏။ ယိုစီး၍ ဖိတ်ကျတော့မည်လားဟုပင် ထင်နေရ၏။ ပန်းထိမ်အကျော်အမော်တို့က အတတ်ပညာမြောက်လှစွာ ကွင်း၍ ဆင်ထားသော မြနှင့်ရွှေမှာ ပန်ရလှပါ၏။

ကျွန်တော်သည် ဒါလောက် အသွေးအရောင်ကောင်း၍ ကျက်သရေရှိလှသော မြလက်စွပ်မျိုးကို တွေ့ဖူးခြင်းလည်းမရှိခဲ့ ။ နောင်တွင်လည်း တွေ့ဖူးနိုင်လိမ့်မည်မဟုတ်တော့ ဟူ၍ပင် အောက်မေ့မိပေသည်။


www.burmeseclassic.com

 www.burmeseclassic.com 

ခေတ်ကာလအလျောက် ငွေ၏တန်ဖိုးသည် အဘယ်မျှလောက်ဖြင့် ဖြတ်နိုင်မည်ကို ကျွန်တော်ကတော့မသိ။ သို့ရာတွင် သည်မြလက်စွပ်ကိုတော့ကား ကျွန်တော့်အတွက် အဘယ်သို့မျှ တန်ဖိုးမဖြတ်နိုင်ပါ။ ထိုမြလက်စွပ်ကို အဖိုးဖြတ်ရန် ပစ္စည်းနှင့်အတိုင်းအထွာသည်လည်း ကျွန်တော့်၌မရှိ။

ထိုမြလက်စွပ်ကို ထိပ်ထားက ကျွန်တော့်အား လေးလေးမြတ်မြတ်ပေးလိုက်ပေသည်။ ထိပ်ထား၏ မြလက်စွပ်ဖြစ်သည်။ ခမည်းတော်ဖြစ်သော ပဒေသရာဇ်နယ်စားကြီးအား စော်ဘွားကြီးတစ်ဦးက ဆက်သရာ၌ မြတ်နိုးတော်မူလှသော သမီးတော်ကလေး ဝတ်ဆင်တော်မူရန် သနားတော်မူလိုက်သော ရတနာလည်း ဖြစ်ပေသည်။ အကယ်၍သာ သမီးတော်ဝတ်တော်မူသည်ကို မမြင်၍ ခမည်းတော် နယ်စားကြီးက မေးလာသော် ထိပ်ထားက အဘယ်သို့ ကာကွယ်ဖြေကြားပါ့မည်နည်း။ ဒေဝစ္ဆရာသည် သည်လိုဖြစ်ပေါ်လာရန်ရှိသော ဘေးအန္တရာယ်ကိုမျှ ဂရုမစိုက်ဘဲ ကျွန်တော့်အား လှမိုးသူဇာ၏ ကိုယ်စားသိမ်းဆည်းကြည့်ရှုထားရန် လေးလေးမြတ်မြတ်ပေးခဲ့ပေသည်။ ကျွန်တော်၏ ဘယ်ဘက်လက်သန်း၌ သူမကိုယ်တိုင် ဆင်မြန်းပေးလိုက်ခဲ့ပေသေးတော့သည်။

ထိုသို့ပေးအပ်ဆင်မြန်းခဲ့စဉ်က သမင်မငယ်၏ မျက်လုံးထက် တောက်ပရွှန်းဝေလှသော လှမိုးသူဇာ၏ မျက်လုံးနှစ်လုံးကို ယုန်သူငယ်လို ကျွန်တော်သည် ငြိမ်သက်စွာငေးကြည့်နေခဲ့ရ၏။ အရပ်မနိမ့်မမြင့်၊ ခါးသေးရင်ချီ ပဒုမ္မာဏီ မိန်းမလှတန်းစားဝင် ထိပ်ထားကို ကျွန်တော်သည် မင်းသိဝိရာဇ်ထက် ရိုင်းစိုင်းစွာ ဣန္ဒြေကင်းမဲ့စွာကြည့်နေမိခဲ့၏။ လှမိုးသူဇာကတော့ ကရုဏာယှက်ဖြာသော အပြုံးကလေးဖြင့် ကျွန်တော်၏ မေးဖျားကို ကိုင်တွယ်ပွတ်သပ်ရင်း မသိမသာသက်ပြင်းကလေးကို ခပ်လေးလေးချနေ၏။

ယခုအချိန်မှ နောက်ကြောင်းကို ပြန်၍ တွေးလိုက်လျှင်တော့ ကြာပေပြီ။

တကယ်ဆိုသောအခါ၌ ဘယ်လိုမှ ယုံကြည်ထင်မှတ်နိုင်စရာတော့ကားမရှိပါ။ အိပ်မက်နှင့်စ၍ မဆုံးနိုင်သော အိပ်မက်များကိုသာလျှင် တစ်သီတစ်တန်းကြီး မြင်မက်နေရရှာသူတစ်ယောက်၏ အကြောင်းအရာဆန်ဆန်မျိုးဖြစ်နေ၏။ သို့ရာတွင် ပြည်တော်သာနယ်စားကြီး၏ တစ်ဦးတည်းသော သမီးတော်ကလေးဖြစ်သော လှမိုးသူဇာ ခင်ခင်ဦးနှင့် ပြည်တော်သာနယ်စားကြီး၏ အညှဉ်းဆဲအနှိပ်ကွပ်ကို မခံမရပ်နိုင်တော့လွန်း၍ ထကြွတော်လှန်လာခဲ့ရသော ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ တပ်သားကြီး ဇေယတို့၏ အကြောင်းအရာများသည်ကား အိပ်မက်မဟုတ်။ တကယ့် အကြောင်းအရာများသာလျှင် ဖြစ်ပါ၏။


www.burmeseclassic.com

www.burmeseclassic.com


မှုန်မွှားသော လရောင်ပြက်၌ ကျွန်တော်သည် ထိပ်ထားကို လွမ်းဆွတ်သတိရကာ အိပ်မပျော်ဖြစ်နေရစဉ် ထိုအကြောင်းအရာများကို ပြန်လည်၍ အိပ်မက်မက်ချင်ပါ၏။ မသိမမြင်၊ မတွေ့မထိခဲ့ရသော အကြောင်းအရာများကို စိတ်ကူးယဉ်လိုခြင်းတော့ ကားမဟုတ်နိုင်ပါ။ တွေ့ထိ၍ သိမြင်လာခဲ့ရပြီးသော အဖြစ်အပျက် အကြောင်းအရာများသာဖြစ်ပေသည်။

ယခုကဲ့သို့ ပြည်တော်သာနယ်စားကြီးနှင့် ၎င်း၏ လက်အောက်ခံဝန်ကြီး တံတိုင်းတစ်ရလော်က၏ မိုက်မဲလှစွာသော သစ္စာဖောက်မှုကြောင့် တစ်နေ့တခြားကြီးမားလာသည်ထက်လာနေသော နယ်ချဲ့သမား၏ အန္တရာယ်ကြီးအား ဗမာ့တစ်မျိုးသားလုံးသည် မိမိတို့၏အချင်းချင်းကွဲပြားမှုများကို အေးချမ်းစွာဆွေးနွေးဖြေရှင်း၍ တစ်မျိုးသားလုံး၏ ညီညွတ်သော အင်အားနှင့်စည်းရုံးမှုများဖြင့် ဖြေရှင်းရန် သေရေး၊ ရှင်ရေးတမျှလိုအပ်နေရသောအချိန်အခါ၌ ဗမာ့တစ်မျိုးသားလုံးအား သစ္စာဖောက်၍ နယ်ချဲ့သမားနှင့် ပူးပေါင်းကာ ပြည်သူတို့အား အမျိုးမျိုးညှဉ်းပန်းနှိပ်စက်သတ်ဖြတ်လာခဲ့သော ပြည်တော်သာနယ်စားကြီး၏ ပင်တိုင်တော် မြနန်းဦး သမီးတော်ကလေး ခင်ခင်ဦးနှင့် ပြည်တော်သာနယ်စားကြီးအား တော်လှန်တိုက်ခိုက်နေသော ပြည်သူ့ လက်နက်ကိုင်တပ်မတော်ကြီးမှ လူငယ်တစ်ဦးဖြစ်သော ဇေယတို့၏ အဖြစ်အပျက် အကြောင်းအရာများကို ပြန်လည်ဆန်းသစ်ကြည့်ချင်ပေသည်။

တကယ်ဆိုသောအခါ၌ ကျွန်တော်သည် ကျွန်တော်၏ ချစ်လှစွာသော မျိုးချစ်မယ် ခင်ခင်ဦးနှင့် တစ်ရံရောအခါက ပြည်တော်သာနယ်စားကြီး၏ အညှဉ်းဆဲခံ အကျဉ်းသမားကြီးဇေယတို့၏ အကြောင်းကစ၍ ပြန်လည်ဆန်းသစ်ရင်း လှပ၍ ညွတ်နူးဖွယ်ရာ အိပ်မက်ကို မြင်မက်ရလိမ့်မည်သာ ဖြစ်ပါသတည်း။


www.burmeseclassic.com

www.burmeseclassic.com

## ကြောကြောဆုံး

မနက်တုန်းဆီက
ကြော့ဆုံးကို မောင်မြင်တော့
သူ့ဆံပင်နှင်းဆီပွင့်တွေနဲ့
ဂုဏ်တင့်တယ်လေး။

**မင်းသုဝဏ်**

(၁)

နာမည်က 'ခင်ခင်ဦး' ဟူ၍ပင် ဖြစ်သော်လည်း ပဒေသရာဇ်နယ်စားကြီး၏ ဘုန်းတန်ခိုး အာဏာစက်ပျံ့နှံ့ရာနယ်မြေဒေသများ၌မူကား 'ပြည်တော်သာရှင်မ' ဟူ၍ ရိုသေ လေးမြတ်စွာ ခေါ်ဝေါ်နေကြသော ပဒေသရာဇ်အလျာသည် ကျွန်တော်ကဲ့သို့သော ဆင်းရဲသား အညတြတစ်ယောက်နှင့် မည်ကဲ့သို့မျှ လူချင်းတွေ့ဆုံ သိကျွမ်း၍ ခင်မင် ဆက်စပ်စရာ အကြောင်းအရာတို့ကားမရှိနိုင်ပါ။

ပင်တိုင်တော်မြနန်းဦးမှ နယ်စားကြီး၏ တစ်ဦးတည်းသော ရင်သွေးအလျာမှာ ကျွန်တော်ကဲ့သို့သော ဆင်းရဲသား ကျေးတော်မျိုးတစ်ဦးတစ်ယောက်နှင့် ဆက်စပ် မိရန်မှာ အိပ်မက်မျှပင် မက်၍ကောင်းသော အရာမဟုတ်သလိုလည်း ဖြစ်ပါ၏။

'ပြည်တော်သာရှင်မ'ဟု အများပြည်သူတို့က ခေါ်ဝေါ်နေကြသော ထိပ်ထား ၏အကြောင်းကို အများ၏ ပြောသံဆိုသံလောက်သာ ကြားဖူး၍ မြင်မျှပင်လျှင်လည်း ကျွန်တော်သည် မမြင်ခဲ့ရစဖူးပါ။ မမြင်ဘူးသည့်အတွက် မြင်ဖူးတွေ့ဖူးချင်သော စိတ် များလည်းမရှိခဲ့။ ပင်တိုင်တော် မြနန်းဦးစံနှင့် တော၏အစွန်၌ တောင်ယာခုတ်လုပ် စားသောက်ရသော ဆင်းရဲသား ကျေးတော်မျိုးသည် အဘယ်သို့မျှ နီးစပ်မြင်ဖူးရန်မှာ အကြောင်းလည်းမရှိခဲ့။



www.burmeseclassic.com

www.burmeseclassic.com


ပင်တိုင်စံ ထိပ်ထားအား ခမည်းတော်ဖြစ်သော နယ်စားကြီးက တစ်ဦးတည်းသော သမီးအလျာဖြစ်၍ အလွန်တရာ မြှောက်စားအရေးပေး၍ ချစ်မြတ်နိုးကြောင်းကို လောက်တော့ ကြားဖူး၏။ ပြည်တော်သာရှင်မသည် ယောကျ်ားများကဲ့သို့ ဘောင်းဘီဝတ်၍ မြင်းစီး၍ တောကစားထွက်လေ့ရှိကာ သိုးဆောင်းမျက်နှာဖြူများ ဆက်သသော သေနတ်ဖြင့် သားကောင်ကြီးငယ်များကိုလည်း ကိုယ်တိုင်ပင် ပစ်ခတ်တတ်ကြောင်းများကို တစ်ဆင့်စကားမှတစ်ဆင့် ကြားသိရသောအခါ၌ကား ပင်တိုင်တော်ဦးမှကြော့မှုးသည် သာမည မိန်းမသားတစ်ဦးတစ်ယောက်မဟုတ်ကြောင်းကိုတော့ အကဲခတ်နိုင်လောက်ပေသည်။

သည်ကဲ့သို့ ယောကျ်ားများနှင့်မခြား စွမ်းဆောင်နိုင်သည်သာမကသေးဘဲ စာပေကျမ်းဂန်နှင့်ကဗျာလင်္ကာတို့၌လည်း လိမ္မာရေးခြားရှိကြောင်းကိုပါ ကြားသိရပြန်ပါသေး၏။ လူလူချင်းမတွေ့ရ၊ မမြင်ရဖူးမိကပင်လျှင် ကြားသိထားရသလောက်သော ပြည်တော်သာသခင်မ၏ ဂုဏ်သတင်းကား မွှေးကြိုင်လျက် တော်တော်ပဲကြီးမားနေပေပြီဖြစ်ပါ၏။

ပြည်တော်သာနယ်စားကြီး၏ နယ်စား၊ ပယ်စားနှင့် ရွာစားများ လက်နက်ကိုင်တပ်များ၏ အညှဉ်းပန်းအနှိပ်စက်ကို အမြဲတစေလိုလိုခံနေကြရသော ဆင်းရဲသားပြည်သူတို့ထဲမှ လုပ်စားကိုင်စားတစ်ယောက်မျှသာဖြစ်သော ကျွန်တော်သည် ကျွန်တော်နှင့် အဘယ်ကဲ့သို့မျှ ဆက်စပ်ရန်မရှိသော၊ အဘယ်သို့မျှ မဖြစ်နိုင်သော ထိပ်ထားအားစိတ်ကူးယဉ်နိုင်စရာ အကြောင်းသည်လည်း မရှိခဲ့။

သဿမေဓ အခွန်တော်၊ လူခွန်တော်၊ မင်းတိုင်းဆယ့်နှစ်ကြေးစသည့် အမျိုးမျိုးသော အခွန်တော်တဖ္လာတော်များကို ကျွန်တော်တို့ ဆင်းရဲသားပြည်သူတို့ထဲမှ ကောက်ခံယူငင်၍နှင့်ပင် အားမရနိုင်သေးသော နယ်စားကြီးသည် သမီးတော်ကြေး၊ သားတော်ကြေး၊ ပျော်ပွဲရွှင်ပွဲကြေးစသော ကြေးခွန်တော်၊ ပွဲခွန်တော်အမျိုးမျိုးတို့ကိုလည်း ထပ်မံကောက်ခံလာပြန်သောအခါ၌ အများပြည်သူတို့မှာ ပေးစရာ မရှိတော့လောက်အောင် ငတ်ပြတ်၍လာခဲ့ရပေသည်။ မွဲတေ၍လာခဲ့ရပေသည်။ ငတ်ပြတ်၍ မွဲတေလှသော ဆင်းရဲသားအများပြည်သူတို့ထဲမှ အခွန်တော်များ၊ ဆက်ကြေးများကောက်ခံ၍ အများက မပေးနိုင်သဖြင့် ဒုက္ခရောက်နေရသည့် ကာလ၌လည်း နယ်စားကြီး၏ ရွာစားပယ်စားများက အာဏာပါးကွက်သားများဖြင့် ဖမ်းဆီးထုထောင်းရိုက်နှက်ခြင်းစသော ညှဉ်းပန်းနှိပ်စက်မှုများကိုသာ နေ့စဉ်ရက်ဆက်ပြုကျင့်နေသည်သာမကသေး ထမင်းမချက်ရသော အိုးခွက်ကလေးများကိုပင် အတင်းအဓမ္မလုယက်ယူငင်သွားကြပြန်သေးတော့၏။ သည်လို ငတ်ပြတ်ဆင်းရဲသည်ထက် ဆင်းရဲနေရကာ ထိုသို့ငတ်ပြတ် ဆင်းရဲ


www.burmeseclassic.com

www.burmeseclassic.com


နေရသော ဘဝများ၌မှာပင် အေးအေးချမ်းချမ်းနှင့် လွတ်လွတ်လပ်လပ် မငတ်နေလိုက်ရသေးဘဲ အထုအထောင်းအရိုက်အနှက် အညှဉ်းအပန်းအမျိုးမျိုးများကိုပါ နေ့စဉ်နှင့်အမျှ အလူးလဲခံလာခဲ့ရဖန် များလွန်းမကများလှသောကာလ၌ကား အများဆင်းရဲသားတို့သည် မိမိတို့၏ လုပ်ခွင်များမှ တုတ်၊ ဓားနှင့် တံစဉ်များ၊ လှံများကို ဆွဲကိုင်ယူငင်၍ မိမိတို့အား လာရောက်နှိပ်စက်ကြသော နယ်စားကြီး၏ အာဏာပါးကွက်သားများနှင့် ကြေးစားလက်နက်ကိုင်များကို ခုခံကာကွယ်ရခြင်းမှ ပြည်တွင်းဆူပူမှုတို့သည် တစ်စထက်တစ်စ ပြန့်ပွားကူးစက်ကာ ဖြစ်ပေါ်လာခဲ့ရပေသည်။

ဆင်းရဲသားအများပြည်သူတို့ထဲမှ တစ်ယောက်မျှသာဖြစ်သော ကျွန်တော်သည်လည်း မျက်မမြင်ဖခင်အိုကြီးနှင့် ကံကျွေးချထားသော နယ်စားပယ်စားတို့၏ လယ်မြေကို ငှားရမ်းရှာဖွေ၍ရရှိသော ကျွဲ၊ နွားကလေးများဖြင့် ထွန်ယက်လုပ်ကိုင် စားသောက်နေထိုင်ရန် အဘယ်ကဲ့သို့မျှ မဖြစ်လာသော အကြောင်းအရာများသည်လည်း ပေါ်ပေါက်၍ လာခဲ့လေသည်။

ကံကျွေးချပေးသော လယ်မြေကို မိမိဝမ်းစာအတွက်ထက် နယ်စားပယ်စားများအတွက်သာ လုပ်ကိုင်ပေးနေရကာ မိမိရရှိသော မလုံမလောက်သည့် ဝမ်းစာကလေးထဲမှပင် အခွန်တော် ဘဏ္ဍာတော်အမျိုးမျိုးကို ပေးသွင်းနေရပြန်သောအခါ၌ အဘယ်ကဲ့သို့မျှ မပေးနိုင်မဆပ်နိုင်အောင်ဖြစ်လာခဲ့ရသည်။ သည်လိုပေးစရာမရှိ၍ မပေးနိုင်သောကာလ၌ နယ်စားကြီး၏ အာဏာပါးကွက်သားများနှင့် ကြေးစားလက်နက်ကိုင်များသည် ကျွန်တော်တစ်ယောက်ကိုသာလျှင် လက်ပြန်ကြိုးနှောင်ကာ ကန်ကျောက်ရိုက်နှက်ရုံမျှနှင့်ပင် မရပ်လိုက်၊ မပြီးလိုက်သေးဘဲ ကျွန်တော်၏ မျက်မမြင်ဒုက္ခိတ ဖခင်အိုကြီးကိုပါ တုပ်နှောင်ဖမ်းဆီး၍ ညှဉ်းပန်းရိုက်နှက် ကန်ကျောက်ခြင်းကို ပြုလုပ်ခဲ့ရာ၌ အားအင်ကုန်ခန်း၍ သွေးသား ယုတ်လျော့နေသော လူဒုက္ခိတကြီးမှာ မရှူမလှ သေဆုံးခဲ့ရသည်ကိုလည်း ကျွန်တော်၏ မျက်စိအောက်၌ မချိမဆံ့မြင်ခဲ့ရပါ၏။ သည်လို ငတ်၍၊ သတ်၍ အသေခံရမည့်ဘဝ၌ ဒုက္ခိတဖခင်အိုကြီးလည်း သေဖူးခဲ့ရပြီဖြစ်၍ ကျွန်တော်၏ ဘဝသည် အဘယ်သို့များ ထူးခြားမျှော်လင့်စရာ ရှိလာနိုင်ပါဦးမည်နည်း။

ထိုကာလ၌ အရပ်ရပ်အနယ်နယ်၌ ဆူပူထကြွနေသော ပြည်သူတို့၏ ပဒေသရာဇ်နယ်စားကြီး ဆန့်ကျင်ရေးတိုက်ပွဲများ၏ လက်နက်ကိုင်တပ်မတော်ကြီးထဲသို့ ကျွန်တော်သည်လည်း ဘဝ၏ပို့ဆောင်ချက်ဖြင့် ဝင်ရောက်သွားခဲ့ရပေသည်။

ဆင်းရဲသား အများပြည်သူတို့အား လုယက်ညှဉ်းပန်း၍ ပြည်သူတို့က ဆူပူထကြွတိုက်ခိုက်နေသော ဆန့်ကျင်ဘက်၏ လက်နက်ကိုင်တပ်မတော်၌ သည်လိုဘဝနာ၍ တပ်သားတစ်ယောက်ဖြစ်လာခဲ့ရသော ကျွန်တော်သည် အများပြည်သူတို့၏


www.burmeseclassic.com

အကြီးဆုံးသော ရန်သူကြီးဖြစ်သည့် ပဒေသရာဇ်နယ်စားကြီး၏ သမီးအလျှာနှင့် အဘယ်ကဲ့သို့များ တွေ့ကြုံစရာအကြောင်းသည် ရှိနိုင်ပါဦးမည်နည်း။ ဆက်စပ်ရာ အကြောင်းအရာကို ကျွန်တော်သည်လည်း အဘယ်သို့မျှ စိတ်ကူး၍ပင် မဖြစ်သကဲ့သို့ ထိပ်ထားခင်ဦးအဖို့အရာ၌လည်း ထိုနည်းဌင်းသာဖြစ်ပါလိမ့်မည်ဟု ကျွန်တော်က ခန့်မှန်းရန်သာ ရှိပါ၏။

သည်လို ပဒေသရာဇ်နယ်စားကြီး၏ လက်နက်ကိုင်တပ်များ၏ နှိပ်စက်ညှဉ်းပန်းမှုကို ခုခံကာကွယ်တိုက်ခိုက်နေရသော ပြည်သူ့လက်နက်ကိုင်တပ်များ၌ တပ်သားတစ်ယောက်အဖြစ် မိမိ၏လွတ်မြောက်ရေးနှင့် အများပြည်သူတို့၏ လွတ်မြောက်ရေး၊ ငြိမ်းချမ်းရေးတို့ကို တိုက်ခိုက်နေရစဉ် ကာလများ၌ အချို့မြို့တော်မှ ကျွန်တော်တို့ဘက်သို့ ကူးပြောင်းဝင်ရောက်လာကြသော တပ်မှူး၊ ဗိုလ်မှူးများက ပြောဆိုနေကြသော ပြည်တော်သာသခင်မ၏ အကြောင်းကိုလည်း တစ်ခါတစ်ရံ ကျွန်တော်သည် ကြားသိရပါ၏။

သူတို့အချင်းချင်းသည် ထိပ်ထား၏အလှနှင့် ဂုဏ်ထူးဝိသေသများကို ဖွဲ့နွဲ့ပြောဆိုနေကြစဉ်၌ ကျွန်တော်သည် ချောင်တစ်ချောင်မှ ငြိမ်ဝပ်စွာနားထောင်ကြားနာရရင်း ကျွန်တော်နှင့် အဘယ်သို့မှ ဆက်စပ်ရန်မရှိနိုင်၍ မဖြစ်နိုင်သောရန်သူ၏ သမီးအကြောင်းကို စိတ်ဝင်စားနေမိပါ၏။ ထို့ထက်ပင်လွန်၍ စိတ်ကူးများပင် ယဉ်ကြည့်နေလိုက်မိတတ်ပါသေး၏။

တကယ်ဆိုသောအခါ၌ကား မိုးနှင့်မြေကြီးအား ဆက်စပ်ရန် လှေကားကို လူတို့သည် ကြံစည်ပြုလုပ်နိုင်ကောင်း ပြုလုပ်နိုင်စရာရှိသော်လည်း ပြည်သူတို့၏ အကြီးဆုံးသော ရန်သူကြီးဖြစ်နေသည့် ပဒေသရာဇ်နယ်စားကြီး၏ တစ်ဦးတည်းသော သမီးတော်ကလေးခင်ခင်ဦးနှင့် ပဒေသရာဇ်နယ်စားကြီးအား သုတ်သင်ရှင်းလင်းရေးအတွက် ဦးတည်တိုက်ခိုက်နေလေပြီဖြစ်သော ပြည်သူ့လွတ်မြောက်ရေးတပ်မတော်မှ သာမန်တပ်သားကြီးဖေယတို့၏ ဆက်စပ်ရေးမှာ အိပ်မက်နှင့်စိတ်ကူးများထဲ၌သာ ရှိနိုင်ပေလိမ့်မည်။

(၂)

အိပ်မက်နှင့် စိတ်ကူးများထဲ၌သာလျှင် ရှိနိုင်၍ ဖြစ်နိုင်သော အကြောင်းအရာ များအား တကယ်တမ်းလက်တွေ့ရင်ဆိုင်နေရသော အခါကာလများ၌ အဘယ်သူသည် မိမိ၏လက်တွေ့ ရင်ဆိုင်နေရခြင်းအား တကယ့်လက်တွေ့ ရင်ဆိုင်နေရခြင်းဟု ယုံကြည်နိုင်ပါမည်နည်း။

ကျွန်တော်၏ အိပ်မက်နှင့် စိတ်ကူးတို့အား တကယ့်လက်တွေ့ ရင်ဆိုင်လိုက်ရသော နေရာဒေသမှာ 'မည်သူ၏ နေရာဒေသမျှ မဟုတ်သော' နေရာဒေသတွင် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com


ကြယ်နှင့် လရောင်များဆင်းရဲနေသော ည၏အမိုက်သည် ထိုနေရာဒေသအား ဖမ်းဆီးချုပ်ကိုင်၍ထားသဖြင့် မှောင်နှင့်မည်းမည်းသာဖြစ်နေပါ၏။

ဆင်းရဲသားအများပြည်သူတို့အား အမျိုးမျိုးညှဉ်းပန်းသတ်ဖြတ်လျက် ကျေးရွာများအား ရက်ရက်စက်စက် မီးလောင်တိုက်သွင်းခဲ့သော သိုးဆောင်းနယ်ချဲ့သမားလက်နက်တပ်ဆင်ပေးထားသည့် ပဒေသရာဇ်နယ်စားကြီး၏ လက်နက်ကိုင်တပ်များအား ၎င်းတို့ထံမှပင် လုယူရရှိထားသော လက်နက်များဖြင့် နယ်စားကြီး၏ အခိုင်အမာပြုလုပ်ထားသော ရဲတိုက်ကြီးအား ကျွန်တော်တို့ ပြည်သူ့လက်နက်ကိုင် တပ်မတော်သားများက စီးနင်းဝင်ရောက်တိုက်ခိုက်သောညပင် ဖြစ်ပါ၏။ သိုးဆောင်းနယ်ချဲ့သမားက စစ်သဘောကြီးငယ်များဖြင့် ဓာတ်တော်များ ပင့်ဆောင်လာသေးသည်ဟူ၍ လိမ်လည်ကာ ယူဆောင်ဖြည့်တင်းထားပေးသော ရန်သူ့အောက်မှ လက်နက်ခဲယမ်းမီးကျောက်များက သာလွန်များပြားလှသဖြင့် ကျွန်တော်တို့သည် တစ်ဖက်မှ မီးအားကို မခံနိုင်ဘဲ ပြန်လည်ဆုတ်ခွာရချိန်၌ ကျွန်တော်၏ ဝဲဘက်လက်မောင်းရင်းတွင် တစ်ဖက်မှ ပစ်ခတ်လိုက်သော ကျည်ဆန်က ဖောက်ထွက်သွားသောကြောင့် သွေးများလွန်ကာ အလွန်တရာ နာကျင်လှသဖြင့် အများနည်းတူ ဆုတ်ခွာထွက်ပြေးခြင်းမပြုနိုင်ဘဲ တစ်ခုသော ချုံအစပ်တွင်းသို့ တိုးဝင်လဲလျောင်းကာ နာကျင်လှသောဒဏ်ကို လူးလိမ့် ခံစားနေရစဉ်ပင်ဖြစ်ပါ၏။

လက်ဝဲဘက် လက်မောင်းရင်း၌ ကျည်ဆန်က ဖောက်ထွက်သွားသောကြောင့် ဒလဟော စီးထွက်နေသော သွေးများကို ရပ်တန့်သွားစေရန် ကျွန်တော်သည် အမျိုးမျိုးပိတ်ဆို့ ဖိနှိပ်ရန် ချုံစပ်အတွင်း၌ ကြိုးစားနေသော်လည်းမရပါ။ သွေးတို့သည် စီးမြဲသာ စီးနေပေသည်။

ကျွန်တော်နှင့်အတူ ရဲတိုက်ကြီးအား ဝင်ရောက်စီးနင်းတိုက်ခိုက်ကြသော သွေးသောက်များ ရောင်းရင်းဖက်များသည် အချို့လည်းကျဆုံး၏။ အချို့လည်း ဒဏ်ရာများရရှိကာ ဆုတ်ခွာထွက်ပြေးခြင်းပြုကြရာ၌ ကျွန်တော်တစ်ယောက်သည်လည်း သူတို့နှင့်အတူ ရောထွေးပါရှိသည်ဟူသော အထင်အမြင်ဖြင့် လှည့်ကြည့်မေးမြန်းခြင်း အချက်ပေးခြင်းများပင် မပြုကြတော့ပေ။ ကျွန်တော်သာလျှင် ဒဏ်ရာအနာတရနှင့် သွေးများယိုစီးကာ ချုံစပ်တွင်း၌ လဲလျောင်းပြီး ကျိတ်၍လူးလိမ့်ညည်းတွားခြင်းကို ပြုနေရပေသည်။

ထိုသို့ ညအမှောင်နှင့်မည်းမည်းထဲ၌ မည်သူ၏ ဒေသမျှမဟုတ်သော စစ်မြေပြင်၏ နေရာဒေသ၌ လဲလျောင်းညည်းတွားနေရစဉ်၌ အနည်းငယ်တော့ စိုးရိမ်အားငယ်ခြင်းက ရှိလာပေသည်။ အကယ်၍သာ ရန်သူတို့သည် လာရောက်တွေ့မြင်သွားမည်


www.burmeseclassic.com

www.burmeseclassic.com


ဆိုလျှင် ကျွန်တော့်အား တကယ်ချမ်းသာပေးကြပေလိမ့်မည်ကား မဟုတ်ပေ။ ပဒေသရာဇ် နယ်စားကြီး၏ လက်နက်ကိုင်များသည် လူချင်းလူအား ငဲ့ညှာထောက်ထားသော စိတ်၊ သနားသောစိတ်စေတနာသည် ရွေးမှုပင်မရှိကြပေ။ သူတို့သည် ငရဲခွေးများကဲ့သို့ ရက်စက်ကြမ်းတမ်းလှပေသည်။ ကျွန်တော်သည်လည်း သူတို့၏ ရက်စက်မှုများကိုပင် အကြိမ်ပေါင်းများစွာကပင် တွေ့မြင်သိရှိခဲ့ပြီးဖြစ်လေသည်။ ကျွန်တော်၏ ဒုက္ခိတဖခင် အိုကြီးအား လက်ပြန်ကြိုးတုပ်နှောင်၍ ကျွန်တော်၏ မျက်စိအောက်၌ ကန်ကျောက် ရိုက်နှက်ရင်း အသက်ထွက်ခဲ့ရပုံများကို အဘယ်သို့မျှ မေ့ပျောက်နိုင်စရာမရှိ။ ကျွန်တော် တို့၏ ရွာကလေးအား ရက်ရက်စက်စက် မီးရှို့၍ နွား၊ ကြက်၊ ဘဲ၊ ဝက်များကို လုယက်ယူငင်သွားရင်း အသက်ကြီးများပါမကျန် အနိုင်ကျင့် စော်ကားခဲ့ကြခြင်းများ ကိုလည်း မည်သို့မျှ မေ့ပျောက်နိုင်ဖွယ်ရာမရှိပါ။ မည်မျှ ကြင်နာစာနာစိတ်ကင်းမဲ့ကာ ကြမ်းကြုတ်ရက်စက်ခြင်း၌ ငရဲခွေးများနှင့်မခြားလှသော ပဒေသရာဇ်နယ်စား၏ လက်နက်ကိုင်တပ်များသည် ယခုအချိန်အခါ၌ ကျွန်တော်အားသာ လာရောက်တွေ့ရှိ သွားကြပါမူ ကျွန်တော်၏အသက်သည် ချမ်းသာခွင့်ရရှိနိုင်ပါတော့မည်မဟုတ်။ ခွေးလို ဝက်လိုသေရမည်သာဖြစ်ပါ၏။ အရိုးနှင့်အသား တခြားစီဖြစ်အောင် ဝိုင်း၍လုပ်ကြ တော့မည်သာဖြစ်ပါ၏။ သည်လို မရှုမလှသေရမည့်အရေးအတွက် စိုးရွံ့မိခြင်းမှာ အသက်တစ်ချောင်းကို စုံမက်လှလွန်း၍လည်း မဟုတ်ပါ။

မိမိယုံကြည်သော မျှော်မှန်းချက်အား ပြီးဆုံးအောင်မြင်သည်အထိ လုပ်ဆောင်ခွင့် မရရှိခြင်းနှင့် အောင်ပွဲကို မတွေ့မမြင်သွားရခြင်းတို့ကိုသာ ပူပန်စိုးရိမ်ခြင်း ဖြစ်ပေသည်။

သည်လိုနာကျင်စွာနှင့် လူးလိမ့်ပုန်းအောင်းကာ ရန်သူ၏ကြိုးဝါး ခြိမ်းခြောက် သံကို ရင်ထဲက တထိတ်ထိတ်နှင့် ကြားရနိုးရှိနေရစဉ် အမှောင်နှင့်မည်းမည်း၏အကြား မှ အလွန်တရာ သုတိသာယာလှသော ပြည်တော်သာသခင်မ၏ခေါ်သံကို ဦးစွာပထမ ကြားလိုက်ရပါသတည်း။

(၃)

ကျွန်တော်တိုးဝင်၍ ဝပ်လျှိုးနေသော ချုံစပ်အနီးသို့ ဖြည်းညင်းစွာ လျှောက်လာ သော ခြေသံကို မသဲမကွဲကြားလိုက်ရသောကြောင့် ကျွန်တော့်အားတွေ့ရှိ၍ သတ်ဖြတ် မည့် ရန်သူစစ်သားသည် လာလေပြီဟူသော ထိတ်လန့်စိုးရိမ်ခြင်းဖြင့် နာကျင်ခြင်းကို ကြိတ်မှိတ်အောင့်အည်းကာ ညည်းတွားခြင်းကိုလည်း ချုပ်တည်းလျက်၊ အသက်ကို မှပင် မရှူနိုင်လောက်အောင်ဖြစ်နေရစဉ်မှာ။

"ဟို ချုံထဲကသွေးသောက်လား၊ သေနတ်ကိုင်လား၊ မှန်ကောမှန်ထား သလား ဟေ့"


www.burmeseclassic.com

www.burmeseclassic.com


အသံမှာ အထက်ကအသံဖြစ်သော်လည်း မိန်းမသားတစ်ယောက်၏ နူးညံ့သော အသံသာဖြစ်ပေသည်။ ထို့ကြောင့် ကျွန်တော်က စူးစမ်းစောင့်ကြည့်ရန် လိုအပ်နေသည့်အတိုင်း ဆက်လက်၍ အောင့်အည်းချုပ်တည်းကာ ငြိမ်သက်စွာနေမြဲနေရ၏။

"မေးနေတာများ မကြားဘူးလားကွယ့်။ ခုတင်ကပဲ ညည်းသံလိုလိုကြားလိုက်ရသေးတယ်။ ဒဏ်ရာကရော တော်တော်ပဲများသလား"

ဆက်လက်၍ မေးမြန်းနေရင်းက ကျွန်တော် ဝပ်လျှိုးနေရာ ချုံအစပ်ထူထူသို့ ဖြည်းညင်းစွာ လျှောက်လာသောခြေသံကို ကြားရသည်။

ကျွန်တော်က တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်ကာပုနေရ၏။

"ငါပါကွယ့်၊ ဟော့ မေးနေတာမကြားဘူးလား၊ ထိပ်ထားခင်ဦးပါ။ ဒါထက် ရန်သူ့တပ်သားတွေ အားလုံးဆုတ်သွားကြပလား"

ကျွန်တော် ဝပ်လျှိုးနေသော ချုံစပ်အနီးတွင်လာရပ်ရင်း ဒေါကလေးဖြင့် သေသေချာချာမေးမြန်းနေသောအခါ၌ ကျွန်တော်သည် အငြိမ်နေ၍ မဖြစ်တော့မှန်း စဉ်းစားလာမိပါ၏။ ၎င်းအပြင် ကျွန်တော့်အား သူတို့ဘက်သား စစ်သားထင်၍လာရောက်မေးမြန်းစူးစမ်းကာ စစ်ပေါက်နေသူမှာ အခြားသူမဟုတ်ဘဲ ကျွန်တော်ကိုယ်တိုင်ပင် မကြာခဏ စိတ်ကူးယဉ်လာခဲ့ရသော ပဒေသရာဇ်နယ်စားကြီး၏အလျာ ပြည်တော်သာသခင်မကလေးကိုယ်တော်တိုင်ပင် ဖြစ်နေသည်ကို သိရသောအခါ၌ ကျွန်တော်သည် မယုံကြည်နိုင်လောက်အောင်ပင် အံ့သြခြင်းဖြစ်နေမိပေသည်။

ပစ်သံခတ်သံများသည် ရပ်စဲ၍ငြိမ်သက်သွားလေပြီဖြစ်သောကြောင့် ပြည်တော်သာ သခင်မသည် တစ်နေရာရာ၌ ပုန်းအောင်း၍နေရာမှ ရံရွေတော်နှင့် ကိုယ်ရံတော်တစ်ယောက်တလေမျှပင်မပါရှိဘဲ ကပိုကရိုနှင့် ထွက်လာပုံရပေသည်။

"ဟော့ တပ်သားလုပ်နေပြီး ခုလောက်လည်း စကားပြန်မပြောနိုင်လောက်အောင်ပဲ ကြောက်နေရသလားကွယ့်။ မေးနေတာကိုများ ဖြေစမ်းပါဦး"

ထိပ်ထားကလေးသည် တော်တော်ကလေး ဒေါသထွက်လာပုံရပေသည်။

ကျွန်တော်က အဘယ်သို့များ ဖြေကြားပြောပြရပါမည်နည်း။ သို့ရာတွင် ဤချထားပေးသော ရေခွက်ကို ကျော်လွန်သွားခြင်းငှာကားမဖြစ်တော့။ ဆွဲယူ၍သာ သောက်လိုက်မှပင် အေးတော့ ပြီးတော့မည့် အဖြစ်ကို ချိန်ဆစဉ်းစားနေရဆဲ၌မှာပင်–

"ဟော့ ဒါလောက်ပဲ အဖြစ်က လွန်ရသလား။ ထဘီသာ ဝတ်ဖို့ကောင်းပါတယ်"

ထိပ်ထားက စစ်မြေပြင်၌ စစ်သားအား ထဘီများပင် ဝတ်ခိုင်းနေပါပကောလား။

"ပြောမလို့ပါပဲဗျာ။ ကျုပ်က သူပုန်တပ်သားဖြစ်နေတော့ ခင်ဗျားမေးနေတာကို ဘယ်လို ဖြေရပါ့မလဲလို့ . . . "


www.burmeseclassic.com

ကျွန်တော်က မှန်ကန်သောစကားကို ရဲရဲဝံ့ဝံ့ပင် ဆိုလိုက်၏။

"ဘုရားရေ သူပုန်တပ်သားတဲ့လား"

ထိပ်ထားကလေးက သူပုန်တပ်သားဟူသောအသံကို ကြားလိုက်ရသဖြင့် ရုတ်တရက် ထိတ်လန့်၍ နောက်သို့တွန့်သွားပါ၏။ သို့ရာတွင် လှည့်၍တော့ ပြန်မပြေးသွား။ ဒါကပင် အံ့သြစရာရှိနေ၏။

ကျွန်တော်က ဘာမှမပြောသေးဘဲ ဟိုကြည့် ဒီကြည့်လုပ်နေသော ပြည်တော်သာ သခင်မ၏ ကပျာကယာနှင့် ကပိုကရိုနိုင်နေပုံကို မှောင်ထဲမှာပင် ဖြစ်သော်လည်း ခပ်ရေးရေးတွင် ကြည့်၍ကောင်းလှသဖြင့် ကြည့်နေမိ၏။

"ရှင်က ရန်သူစစ်သားတဲ့လား"

ဟော ကျွန်တော့်ရန်သူကြီး၏သမီးက သေသေချာချာများပင် မေးနေလိုက်ပြန်ပါ၏။

"ဟုတ်တယ် ရန်သူစစ်သားပဲခေါ်ခေါ်၊ တပ်သားပဲခေါ်ခေါ် ကြိုက်ရာခေါ်ပေါ့လေ။ ခု ကျုပ် ဝဲဘက်လက်မောင်းရင်းမှာ ခင်ဗျားတို့ဘက်ကပစ်လိုက်တဲ့ ကျည်ဆန်မှန်သွားလို့ သွေးတွေ ဒလဟောထွက်ပြီး မလှုပ်နိုင်လို့သာ ကျန်ရစ်နေတာပဲ။ ကျုပ်ကိုလည်း ခင်ဗျားကိုယ်တိုင်မိနေပြီဟာပဲလေ။ ဖမ်းပြီးတော့ ထုံးစံအတိုင်း လုပ်ဖို့ရှိတော့မှာပေါ့"

ကျွန်တော်က ယောကျ်ားပီပီ ရဲရဲဝံ့ဝံ့နှင့် ဣန္ဒြေရရပြောလိုက်ရပေသည်။

ပြည်တော်သာသခင်မက ကျွန်တော်၏ တိတိလင်းလင်းနှင့် ရဲရဲဝံ့ဝံ့ပြောဆိုလိုက်သော စကားများကိုကြားလိုက်ရ၍ ကျွန်တော့်အားလည်း ရန်သူဖြစ်သော သူပုန်တပ်သားတစ်ယောက်ဖြစ်နေမှန်းကို သိလိုက်ရသဖြင့် ရုတ်တရက် မည်ကဲ့သို့မျှ ပြန်၍ မပြောတတ်၊ မဆိုတတ်၊ မမေးတတ်၊ မမြန်းတတ်အောင် ရှိနေသည့်ပုံရပေသည်။ ပဒေသရာဇ်အလျာက တော်တော်ကလေး ငြိမ်သက်စွာပင် စဉ်းစားချိန်ဆနေပုံရပေသည်။

ကျွန်တော်ကမူ သည်းခံ၍ ငြိမ်သက်နေရခြင်းအား နာကြည်းစွာ စောင့်ဆိုင်းမနေချင်တော့။

"ခင်ဗျား အစဉ်းစားရများ ခက်နေသလားဟင်။ တကယ်ဆိုတော့ ကျုပ်ကို အဆုံးစီရင်ချင်ရင် လွယ်လွယ်ကလေးပါဗျာ။ ခင်ဗျားလက်ခုပ်တီးလိုက်ပြီး ဒီမှာ သူပုန်တပ်သားတစ်ယောက်ဟေ့လို့သာ အသံပြုလိုက်ရင်လည်း ကျုပ်သေနေ့ဟာ စေ့သွားနိုင်တာပါပဲ"

ကျွန်တော်က များစွာထူးခြားလာစရာ လမ်းစနှင့်အကြောင်းအချက်တို့အား မမြင်မိတော့၍ စိတ်ထဲတွင်ရှိသမျှကို ပြောဆိုသင်ကြားပေးလိုက်မိပါ၏။

ပြည်တော်သာ ခင်ခင်ဦး၏ တုံ့ပြန်သောအသံကိုမကြားရဘဲ ငြိမ်သက်နေပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က စောင့်ဆိုင်းရခြင်းအား ဆက်လက်ဂရုမပြုနိုင်တော့လောက်အောင် လက်မောင်းကဒဏ်ရာသည် နာကျင်ကိုက်ခဲလာသဖြင့် ညည်းတွားနေလိုက်မိပေသည်။

"ရှင့် ဒဏ်ရာကများသလား၊ တော်တော်ကော ခံရဆိုးနေသလား"

ပဒေသရာဇ်အလျှာက သူမလုပ်စရာရှိသော အလုပ်ကိုမလုပ်နိုင်သေးဘဲ ကျွန်တော်၏ဒဏ်ရာနှင့် ခံရခြင်းများအား မေးမြန်းနေသဖြင့် ကျွန်တော်သည် နာကျင်ရသည့် အထဲ၌ ထိုသို့လျှာရှည်မေးမြန်းလာခြင်းအား စိတ်လက်မရှည်နိုင်တော့လောက် အောင် ဖြစ်လာသောကြောင့်–

"ကျုပ်ဒဏ်ရာ နည်းတာများတာထားပါ။ ခင်ဗျားလုပ်စရာရှိတာသာ လုပ်ပါလေ။ စောစောသေ စောစောအိပ်ရတာပါပဲ"

ဟု တိရစ္ဆာန်တစ်ကောင်လို ဝေါက်ဆတ်ဆတ်ပြောလိုက်မိသည်။

"စိတ်မတိုစမ်းပါနဲ့ သူပုန်တပ်သားကြီးရဲ့။ တိုင်းပြည်ကို လုပ်ကြံတယ်ဆိုတာ တိုက်ရဲသေရဲရုံလောက်နဲ့လည်း ပြီးသေးတာမဟုတ်ဘူးလေ။ ပရိယာယ်ဝေဝုစ်လည်း ရှိရဦးမယ်မဟုတ်လား"

ခင်ခင်ဦးက မဆိုင်သော စကားဆီသို့ ဦးလှည့်နေပြန်ပါ၏။

"တောက်"

ကျွန်တော်က နာကျင်၍ တောက်ခေါက်မိ၏။

"ရှင် ချုံစပ်ထဲက ထွက်စမ်းပါဦး။ မှန်း ရှင့်ဒဏ်ရာလည်းကြည့်ရအောင်"

"တောက်၊ တယ်နာပါကလား။ ဒီမယ် ခင်ဗျားတပ်သားတွေခေါ်ပြီး အပ်မှာဖြင့်လည်း မြန်မြန်ကလေးကျေးဇူးပြုပြီး ကျုပ်ကို ကိစ္စတုံးလုပ်လိုက်စမ်းပါဗျာ"

"ဘာ့ကြောင့်များ ဒါလောက်သေချင်နေတာလဲ သူပုန်တပ်သားကြီးရဲ့။ ရှင်က ဘယ်လောက်ပဲ သတ်ရဲလို့ သေရဲပေမယ့် ဘယ်လောက်ပဲ သူရဲကောင်းပေမယ့် ထိပ်ထားခင်ဦးကလည်း ဗမာမတစ်ယောက်မို့လို့ ကိုယ့်ဗမာအမျိုးသားတစ်ဦးတစ်ယောက် အကျိုးမဲ့တော့ အပျက်စီးအဆုံးရှုံး မခံနိုင်သေးပါဘူး"

ထိပ်ထားခင်ခင်ဦး၏ စကားလုံးများကို သည်တစ်ခါတော့ ကျွန်တော်သည် စိတ်ဝင်စားလာပေသည်။ ရန်သူ့သမီးအဖြစ်နှင့် ကျွန်တော်သိနေခဲ့သော ခင်ခင်ဦးအား ဗမာအမျိုးသားတစ်ဦးတစ်ယောက်၏ အသက်ကို အကျိုးမဲ့ဆုံးရှုံးရခြင်းကို မခံမရပ်နိုင်သော မျိုးချစ်မယ်ဗမာမတစ်ယောက်အဖြစ်နှင့် ကျွန်တော်က စတင်သိရှိစပြုလာရပေသည်။ ထို့ကြောင့် နာကျင်နေရသောအဖြစ်ကိုပင် ကျွန်တော်သည် ရုတ်တရက်၌ မေ့လျော့ကာ ငြိမ်သက်စွာ စဉ်းစားတွေးတောရင်း ငိုင်နေမိပေသည်။

"ကဲ ရှင့်ချုံစပ်ထဲက ထွက်တော်မူစမ်းပါဦး၊ သေရဲတဲ့ သူပုန်တပ်သားကြီးရဲ့ ရှင့်ဒဏ်ရာလည်း ကြည့်စမ်းရအောင်လို့"


www.burmeseclassic.com

www.burmeseclassic.com


ပြည်တော်သာအရှင်မက ထပ်မံ၍ ကျွန်တော့်အား တိုက်တွန်းပြောဆိုလာသော အခါ၌ ကျွန်တော်သည် ဝဲဘက်လက်မောင်းရင်းကို လက်ယာဘက် လက်ဖဝါးဖြင့် ဖိကာ အနိုင်နိုင်တွားရင်း ကုန်းကွကာ ထွက်လာခဲ့ရသည်။

မှောင်ထဲ၌ ထိပ်ထားက ကျွန်တော်၏ လက်မောင်းရင်းကို ကုန်း၍အကြည့်လိုက် တွင် သူမ၏ ပါးပြင်မှမွှေးကြိုင်သော နံ့သာဖြူအနံ့ကို ကျွန်တော်က ရှူရှိုက်လိုက်ရပေ သည်။

"ဟာ သွေးတွေကလည်း ဒလဟောပဲ ထွက်နေပါကလား။ မှန်း . . .မှန်း"

ဟူ၍ ပြောပြောဆိုဆိုနှင့် ခင်ခင်ဦးသည် သူမလွှမ်းခြုံထားသော ပဝါကို ကတိုက် ကရိုက်ဖြုတ်ကာ ကျွန်တော်၏ လက်မောင်းရင်းအား ထိုပဝါဖြင့် ရစ်ပတ်ကာ စည်းကြပ် ပေးနေလေသည်။

သည်လိုအချိန်၌ ကျွန်တော်၏ အတွေ့အကြုံနှင့် ခံစားရချက်များသည် အိပ်မက် နှင့်သာ တူနေပေသည်။ သို့ရာတွင် အိပ်မက်တော့ကားမဟုတ်။

ခင်ခင်ဦးသည် သူမ၏ ပိုးသားပဝါဖြင့် ကျွန်တော်၏ ဝဲဘက်လက်မောင်းရင်းမှ ကျည်ဖောက်သွားသော ဒဏ်ရာကို ဂရုတစိုက် စည်းကြပ်တုပ်နှောင်ပေးနေသဖြင့် သွေး များဒလဟောစီးထွက်နေခြင်းသည် ချက်ချင်းပင်ရပ်တန့်၍သွားသည်နှင့်အမျှ စောစောက ကိုက်ခဲနာကျင်ရခြင်းသည်လည်း သက်သာခံသာသလို ရှိလာပေသည်။

"သွေးအထွက်ရပ်သွားရဲ့လားဟင်၊ ခံရကော ဆိုးသေးသလား"

ခင်ခင်ဦးက မြေကြီးပေါ်၌ လဲလျောင်းနေသော ကျွန်တော့်အနီးတွင် ဒူးတစ်ဖက် ထောက်ကာရပ်ရင်း မေးလိုက်သောအခါ၌-

"ခင်ဗျားကို ထိပ်ထားခင်ဦးလို့ ကျုပ်ယုံကြည်ဖို့ တော်တော်ကြိုးစားပြီး ကျုပ်ကိုယ့် ကိုယ်ကိုယ် မနည်းကြီးတိုက်တွန်းနေရသေးတာမို့ ခင်ဗျားမေးတာကိုတောင် မကြား လိုက်မိဘူးဗျာ" ဟု နာကျင်ခြင်းက သက်သာလာပြီဖြစ်သည့်အလျောက် ရိုးသားစွာပင် ကျွန်တော်သည် မေးလိုက်မိပေသည်။

"ထိပ်ထားခင်ဦးလို့ မယုံချင်ရင်လည်း ဗမာမတစ်ယောက်လို့ပဲ ထားလိုက်တာ ပေါ့။ ခံရကော ဆိုးနေသလားလို့ မေးတာပါ"

ခင်ခင်ဦးက စိတ်ရှည်လက်ရှည်ပင်ပြောပြရင်း မေးရမြန်းရပုံရပေသည်။

"အရှိန်ကတော့ မပြေသေးဘူးပေါ့ ထိပ်ထားရယ်။ ဒါပေမယ့် စောစောကထက် တော့ အပုံကြီး ခံသာသွားပါပြီဗျာ"

"ထိပ်ထားလို့လည်း ခေါ်မနေပါနဲ့လေ။ ခင်ဦးလို့ပဲ ခေါ်ချင်ရင်ခေါ်တာပေါ့။ ဒါ့ထက်ရှင်ခုလို တစ်ယောက်ထဲ ကျန်ရစ်ခဲ့တော့ ပြန်လို့ရော ဖြစ်နိုင်သေးရဲ့လား


www.burmeseclassic.com

www.burmeseclassic.com


"ဖြစ်တဲ့နည်းနဲ့ ဖြစ်သလို ပြန်ရမှာပေါ့ဗျာ။ လင်းများလင်းလုနေပလား မသိပါဘူး"

"လိုတော့လိုပါသေးတယ်လေ။ ဒါ့ထက်ရှင်ပြန်ရမှာက တော်တော်ပဲလှမ်းသလား"

"ခရီးကတော့ ငါးတိုင်ထက်မနီးဘူး ထင်တာပဲ"

"ရှင့်ဒဏ်ရာကြီးနဲ့ ခရီးငါးတိုင်သွားလို့ကော ဖြစ်နိုင်ပါ့မလား"

"ဖြစ်သလိုတော့ ကြံဖန်ပြီးပြန်ရမှာပေါ့လေ။ တခြားနည်းလမ်းမှ မရှိတော့တာ"

"ဘာဖြစ်လို့ ခဲခဲယဉ်းယဉ်းနဲ့ ပြန်ချင်ရသေးတာလဲ။ ရှင်တကယ်လို့ ရှင်ဒီမှာနေနိုင်အောင် ခင်ဦးက ကြံဖန်လုပ်ပြုပေးရင်ကော နေနိုင်ပါ့မလား"

"ဒါကတော့ မဖြစ်နိုင်တဲ့ ကိစ္စကြီးပဲဗျာ။ ကျုပ်ဘာသာပဲ ကျုပ်ဖြစ်သလို ပြန်ပါရစေ"

"လမ်းမှာလည်း ခုလိုတိုက်ပွဲဖြစ်တော့ ကင်းတွေက ရှုပ်နေမှာမို့ ရှင်ပြန်လို့မဖြစ်ဘဲ မိသွားမှာစိုးတာ တစ်ခုပါပဲ"

"ဒါကတော့ ကျုပ်ထိုက်နဲ့ကျုပ်ကံပဲပေါ့လေ။ မိသွားလည်း ခံရရုံပေါ့"

"ဟာ ဒီလိုတော့ ဘယ်အဖြစ်ခံနိုင်ပါ့မတုံး။ ခင်ဦးက ကယ်ထားလိုက်ရတဲ့အသက်တစ်ချောင်းကို"

"ကျုပ်ကတော့ ကနေ့ညဟာ အိပ်မက်နေရတဲ့ ညလိုပဲ"

"ကိုင်း ဒါတွေထားလိုက်ပါဦးလေ။ ရှင်ပြန်ဖို့နဲ့ လုံလုံခြုံခြုံဖြစ်ဖို့ကိစ္စကိုပဲပြောပါဦး"

"ဒါကတော့ ကံကရှိနေသေးတာပဲ။ ကံကိုတော့ ဘယ်သူမှမတတ်နိုင်ဘူး မဟုတ်လား"

"ဩ ခင်ဦး ရတ်တရက် အကြံတစ်ခုရလာပြီ"

"ဆိုစမ်းပါဦးလေ"

ကျွန်တော်က စိတ်မပါ့တပါနှင့် ပြန်ပြောလိုက်ရခြင်းသာ ဖြစ်ပါ၏။

"ဒါပေမယ့် ရှင့်အပေါ်မှာ အဓိကတည်နေတာပဲ"

"ကဲပါလေ ထိပ်ထားရဲ့အကြံကိုသာ ဆိုစမ်းပါဦး"

"ဒါထက် ရှင်ဘာပြုလို့ အခြေမရှိ ကလေကဝနဲ့ သူပုန်တပ်သား လုပ်နေရတာလဲဟင်။ ခင်ဦးတို့ ခမည်းတော်ရဲ့ တပ်ထဲဝင်ပြီး အမှုတော်မထမ်းချင်ဘူးလား။ ရှင့်လိုသတ္တိကောင်းကောင်းနဲ့ ယောကျ်ားပီသတဲ့ လူမျိုးဆိုရင် ခဏကလေး ကောင်းစားသွားမှာပေါ့။ ဘယ့်နှယ်လဲ ခင်ဦးပေးတဲ့အကြံက"

ခင်ခင်ဦးက ခပ်ပေါ့ပေါ့နှင့် မလေးမခံ့ပြောသလို ခပ်ရွှန်းရွှန်းကလေးပြောလိုက်ပေသည်။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကြက်သီးမွေးညင်းများပင် ထသွားလျက် ကျောပြင်တစ်ခုလုံး စိမ့်ခနဲဖြစ်သွားမိပေသည်။ အဘယ်သို့မျှ မမျှော်လင့်နိုင်သော စကားကို ထင်မှတ်ရမည့် အချိန်၌ မဟုတ်ဘဲ မထင်မှတ်တော့သော အချိန်ကာလ၌ ကြားရခြင်းအတွက် ဘာမှ ပြန်၍ မပြောနိုင်လောက်အောင်ပင် ဖြစ်သွားရမိပေသည်။

"သူပုန်တွေဟာ တစ်နေ့ကျရင်ရှုံးမှာပဲ။ သူတို့မှာ လက်နက်လည်းမရှိဘူး။ ငွေကြေးလည်းမရှိဘူး။ ခမည်းတော်ဘက်မှာ သိုးဆောင်းလူဖြူတွေဆီက လက်နက်ခဲ ယမ်းမီးကျောက်ရော၊ ငွေကြေးအကူအညီရော ပေးနေတယ်။ ခုသိုးဆောင်းလူဖြူတွေနဲ့တောင် အားမရသေးလို့ နေထိမခံတဲ့ အမေရိကန်လူဖြူတွေဆီကလည်း နောက်ထပ်ပြီး စီးပွားရေး အကူအညီတို့၊ လက်နက်အား၊ ငွေအားအကူအညီတို့လည်း ပေးဦးမှာတဲ့"

ခင်ခင်ဦးက ဘာမှနားမလည်သော ကလေးသူငယ်မကလေးတစ်ယောက်၏ မိုက်မဲစွာ ဝမ်းသာခြင်းဖြင့် တက်တက်ကြွကြွပင် ပြောနေလေသလား သို့မဟုတ် ခပ်ရွှန်းရွှန်းနှင့် ပေါ့ဆဆပြောနေလေသလား။ ဘယ်သင်းဟူ၍ ကျွန်တော်က ခွဲခြားမရမိပါ။

"နေစမ်းပါဦး ထိပ်ထားခင်ခင်ဦးရဲ့။ ခင်ဗျားပြောနေတာတွေ ကျုပ်ဘာမှ နားမလည်ဘူး"

ကျွန်တော်က ခေါင်းရှုပ်စွာနှင့် ပြန်ကာမေးလိုက်မိသည်။

ညသည် မှောင်မည်းလျက်ပင်ရှိသော်လည်း ခင်ခင်ဦး၏ ရယ်သွမ်းသွေးလိုက်သော အသံကိုတော့ ခပ်သဲ့သဲ့ကြားလိုက်ရပေသည်။ တစ်စုံတစ်ရာကို ပြောလေမလား ဟု ကျွန်တော်က နားကိုစွင့်မိသည်။ သို့ရာတွင် ဘာမှတော့ပြောမလာ။

"ခင်ဗျားပြောနေတာတွေဟာ ဘာတွေလဲဗျ။ ကျုပ် ကောင်းကောင်း နားမရှင်းလို့"

"ရှင်အေးအေးချမ်းချမ်းနဲ့ လုပ်ကိုင်စားသောက်ပြီး ကောင်းကောင်းမွန်မွန်နေချင်ရင် ပြောတာပါ"

"ဩော် ကျုပ်ကို လက်နက်ချ ဝင်ခိုင်းတာထင်ပါရဲ့"

"အဲဒီလိုလည်း မဟုတ်ပါဘူးရှင်။ ရှင် ခုလို ခမည်းတော်ကို လုပ်ကြံထကြွနေတာဟာ ကလေးကစားတဲ့အလုပ်မဟုတ်တာကို ခင်ဦးမသိတာမှမဟုတ်ဘဲ။ အခြားဆင်းရဲသားပြည်သူတွေဟာ တစ်နေ့တခြား ရေနည်းငါးလို ကျပ်တည်းသည်ထက် ကျပ်တည်းပြီး ဒုက္ခရောက်သည်ထက် ရောက်လွန်းမကရောက်လာရတဲ့အတွက် မခံနိုင်ကြတဲ့အဆုံး ခုလိုထကြွရတဲ့အကြောင်းလည်း ခင်ဦးက လေ့လာနားလည်ပြီးသားပါ မောင်ကြီးသူပုန်တပ်သားရဲ့"

"ဩ . . ."



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်၏ ပါးစပ်မှ ရုတ်တရက် လွတ်ထွက်သွားရပါ၏။ ကျွန်တော်သည် ခင်ခင်ဦးကို နားမလည်နိုင်လောက်အောင်ပင် အံ့ဩခြင်းမက အံ့ဩနေလေပြီလော။ ဒါကို ကျွန်တော်က မခွဲခြားတတ်။

"ခင်ဦးက မှန်တာကိုသိချင်တယ်၊ သိအောင်လည်း အမျိုးမျိုးကြိုးစားတယ်။ ဒါပေမယ့် မှန်တာကို မလုပ်ရဲ၊ မလုပ်တတ်သေးတာကတော့ ဒုက္ခပါပဲလေ"

ဟော ဘာသိဘာသာပြော၍ ဘာသိဘာသာပင် ညည်းညူနေလိုက်ပါ၏။

ကျွန်တော်သည် ပြည်တော်သာခင်ခင်ဦးကို သည်လိုတွေ့ရ၍ သည်လိုနားမလည် သဘောမပေါက်နိုင်လောက်အောင် တွေ့စဦး၏ ပထမကဖြစ်ခဲ့ရပါ၏။ ဆင်းရဲသား အများပြည်သူတို့က ၎င်း၏ ခမည်းတော်အား ထကြွပုန်ကန်ကြခြင်းသည် သဘာဝကျ နကာမှန်ကန်ကြောင်းကိုလည်းသိ၍ ကျွန်တော့်အားလည်း သူပုန်တပ်သားတစ်ဦး အနေနှင့် လက်နက်ချခိုင်းခြင်းမှာ ဘယ်လိုနားလည်ရပါမည်လဲ။ သူမ၏ ပတ်ဝန်းကျင် မှာ ပြည်သူတို့၏ ပတ်ဝန်းကျင်နှင့်ဝေးကွာလှသဖြင့် ပြည်သူတို့၏ အားအင်ကို မသိရှိ သေးသောကြောင့် နယ်ချဲ့သမား၏ လက်နက်အား၊ ငွေအားများကို အထင်ကြီးလန့် ဖျပ်နေပုံရ၏။

ညသည် မှောင်မည်းလျက်ပင်ရှိသေး၍ တစ်ချက်တစ်ချက်တွင် တောင်လေက သုတ်၍သုတ်၍ တိုးဝှေ့ယမ်းသွားလေသည်။ များမကြာမီက စစ်မြေပြင်ဖြစ်ခဲ့ရသော ကြား ဒေသသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေလေသည်။

"ဒါ့ထက် ရှင့်လက်မောင်းက ဒဏ်ရာကော၊ ဘယ့်နှယ်နေသေးသလဲ။ ကိုက်များ ကိုက်လာသေးသလား"

အခြားစကားစများကိုဖြတ်၍ ကျွန်တော်၏ နာကျင်ခြင်းကို ခင်ခင်ဦးက ဂရု တစိုက်နှင့် စိုးရိမ်ပူပန်စွာ မေးလာပေသည်။

"ကိုက်တော့မကိုက်ပါဘူး။ နည်းနည်းပါးပါးလောက် နာတာပါပဲ"

"ခင်ဦးမေးတာ ဘယ်လိုလဲ။ ပြန်ရမှာကလည်း ရှင့်မှာမလွယ်လှဘူး။ ဖြစ်သလိုပဲ ဒီမှာနေချင်သလားဟင်"

"ဒီမယ် ခင်ဗျားရဲ့ အာဏာပါးကွက်သားတွေသာ ကျေးရွာပြု၍ မြန်မြန်ကလေး ခေါ်လိုက်ပါတော့။ ကျုပ်ကို ဒီလိုတော့ ပညာရှိ နိပ်စက်မနေပါနဲ့၊ မမ ထိပ်ထားရယ်"

ကျွန်တော်က တိုတောင်းစွာပဲပိတ်၍ လမ်းဆုံးကို ပြောချလိုက်တော့ကာမှ ပြည် တော်သာရှင်မ၏ အသံကလေးများပင် ထွက်လာအောင် ခပ်အုပ်အုပ် ရယ်မောလိုက် သံကလေးကို ကြားလိုက်ရလေသည်။

"ဒီလိုဆိုရင် ရှင့်ကို ဒီအတိုင်း ပြန်လွှတ်လို့တော့ မဖြစ်သေးဘူးထင်ပါရဲ့"


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က တိတ်ဆိတ်စွာပင် နေလိုက်မိပေသည်။

"ရှင့်ဒဏ်ရာကြီးကတစ်ဖက်နဲ့၊ ကြားမှာ ကင်းတွေကအထပ်ထပ်နဲ့။ ဒီအတိုင်း ပြန်လွှတ်လို့ မဖြစ်သေးပါဘူး။ ရှင်ခဏကလေး နေရစ်ဦးနော်ဟုတ်လား။ သိပ်လည်း ညည်းမနေနဲ့၊ လှုပ်လှုပ်ရွရွလည်း လုပ်မနေနဲ့ဦး။ တော်တော်ကြာ ကိုယ်ရံတော်တပ်က ကင်းတွေနဲ့တွေ့နေလို့ ထိပ်ထားခင်ဦးက ကိုယ့်ဗမာအမျိုးသားအချင်းချင်း ဇီဝိတဒါန ပြုရကျိုးမနပ်ဘဲ ရှိနေပါဦးမယ်ရှင်"

ထိုကဲ့သို့ အသံကို ပြည်တော်သာရှင်မထံမှ ကြားလိုက်ရပြီးနောက် ကျွန်တော်၏ အနီးမှ ဖြည်းညင်းစွာ ထွက်ခွာသွားသော ခြေသံကို ကြားလိုက်ရပေသည်။

ရန်သူ၏သမီးသည် ရန်သူ့တပ်သားကိုထားပစ်ခဲ့၍ အဘယ်အရပ်သို့များ အဘယ် ကိစ္စအတွက် ထွက်ခွာသွားပါသနည်း။

ကျွန်တော်သည် မူလက ဝပ်လျှိုးနေရာ ချုံစပ်ထဲသို့ ပြန်လည်တိုးဝင်ခဲ့ရပြီးနောက် လဲလျောင်းကာ မဆုံးဖြတ်နိုင်လောက်အောင်ပင် ခက်ခဲဆန်းကြယ်သော အနာဂတ် ကာလအား ပင်ပန်းစွာစောင့်စားနေရပေသည်။ သည်လိုစောင့်နေရခြင်း၌ အဘယ်မျှ စိတ်ရောလူပါ ပင်ပန်းလိုက်ပါသလဲ။

ညသည် မှောင်မိုက်လျက်ပင်ရှိ၍ တောင်လေသည် တစ်ချက်တစ်ချက်တွင် ဖွေ့ယမ်း၍ တိုက်ခတ်လာလေသည်။ ထိုသို့တောင်လေတိုက်သောအခါ၌ ကိုင်းပင်နှင့် ချုံစပ်များကို လေတိုးသဖြင့် ထွက်ပေါ်လာသော အသံမှာလည်း တစ်စုံတစ်ယောက် လမ်းလျှောက်လာသောအသံလို ထင်မှတ်ရပေသည်။

ကျွန်တော်သည် တစ်ယောက်ထဲလျှင် ဒဏ်ရာရလျက်ကြားဒေသ၌ လဲလျောင်း ဝပ်လျှိုးနေရစဉ်မှာ ကြီးစွာသော သတိကိုလည်းထားရှိရပါ၏။ အလွန်တစ်ရာလျှင် ဆန်းကြယ်ထူးခြားလှစွာ ရန်သူ၏သမီးက ကျွန်တော့်အား လွတ်မြောက်သောဒေသ သို့ ချောမောစွာ ပြန်လည်ရောက်ရှိသွားနိုင်စေရန် ထိန်းသိမ်းသက်သာသမှုကိုသာလျှင် ပြုခဲ့သေးသည်နှင့် စိတ်မချရသေး၍ နောက်ထပ် ဘာများစီမံပြုလုပ်ဦးမည်ကိုကား မသိရသေး။ ကျွန်တော်သည် စွန့်စားရခြင်းနှင့် ဆန်းကြယ်လှခြင်းတို့ ပေါင်းစပ်နေသော အနာဂတ်ကာလအား ငံ့လင့်နေရပေသည်။

သည်လို တအုံတနွေးနွေးနှင့် ချုံစပ်ထဲတွင် ဝပ်လျှိုး၍ အနာဂတ်ကို ငံ့လင့်နေရစဉ် လူလေးငါးယောက်သည် ညာသံများပေး၍ ကျွန်တော့်ဘက်ဆီသို့ ပြေးလွှားလာ ကြသော အသံများကိုရုတ်တရက် ဆူဆူညံညံကြားလိုက်ရသောကြောင့် တုပ်တုပ်မျှ မလှုပ်ဘဲ မြေကြီးနှင့်လူ တစ်သားတည်းကျအောင် ပုနေလိုက်ရပေသည်။ သည်လို ပုနေလိုက်ခါမှပင် လူတစ်ယောက်သည် ကျွန်တော်ဝပ်နေသော ချုံစပ်၏ ခေါင်းရင်း ဘက်မှကပ်၍ ခြေကုန်သုတ်ကာ ဖြတ်ပြေးသွားလိုက်ခြင်းကို ရုတ်တရက်ကြားလိုက်ရ


www.burmeseclassic.com

www.burmeseclassic.com


ပြီးနောက်၊ နောက်မှ ညာသံပေးလိုက်လာကြသူများဆီမှ တဒိုင်းဒိုင်းပစ်ခတ်လိုက်ကြသော သေနတ်သံများကို နားပင်းရလုမတတ်ပင် ဆူညံစွာကြားလိုက်ရလေသည်။ သေနတ်သံများနှင့် မရှေးမနှောင်းပင် စောစောက ချုံစပ်၏ ခေါင်းရင်းဘက်မှ ဖြတ်ကျော်ပြေးသွား၍ ခပ်လှမ်းလှမ်းသို့ ရောက်နေသူသည် "အမယ်လေးဗျ"ဟူ၍သာ ခပ်တိုးတိုးကလေး ညည်းနိုင်လိုက်ပြီးနောက် ဘိုင်းခနဲ ထိုး၍လဲကျသွားသော အသံကိုပါ ကျွန်တော် ကြားလိုက်ရပေသည်။

မကြာမီပင် နောက်မှ ညာသံပေး၍ လိုက်လာကြသူများသည် သားကောင်ကို ပစ်၍ ထိမှန်လဲကျသွားသောအခါ၌ ဟစ်အော် ဝမ်းသာကြနည်းမျိုးအတိုင်း–

"လဲပြီဟေ့ နောက်ထပ် ကျည်နဲ့ယမ်းအကုန်ခံပြီး မပစ်ကြနဲ့တော့။ ခွေးသားသူပုန်တပ်သားသေဘောင်းကျန်းကိုတော့ သေနတ်ဒင်နဲ့သာ ရင်ညွန့်တည့်တည့်ကို ဆောင့်သတ်မှ" ဟူ၍ အော်ဟစ်ပြောဆိုကာ ကျွန်တော် ဝပ်လျှိုးနေသော ချုံစပ်၏ခေါင်းရင်းမှပင် ဖြတ်သွားကြ၏။

သေနတ်မှန်၍ မသေဘဲလဲနေသူအား နွားသတ်သလို ဝိုင်း၍ ဆောင့်ကာထုကာ သတ်ကြသဖြင့် အသတ်ခံရသူမှာ အသက်မထွက်မီကလေး အော်ဟစ်ရသောအသံမှာ အလွန်တရာ နောက်ကျို၍ ရှူးသွားဖွယ်ပင်ကြားနေရလေသည်။ တကယ်ဆိုသောအခါ၌ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ကြရာတွင် နယ်စားကြီး၏ လက်နက်ကိုင်များသည် သုံ့ပန်းကိုဖမ်းရန် အလိုမရှိကြသကဲ့သို့ ရက်ရက်စက်စက်နှင့် မသေသေအောင်သာ သတ်ဖြတ်လေ့ရှိကြသည်။ ယခုမသေမချင်းဆောင့်၍ ထုရိုက်ကန်ကျောက်၍ လည်းကောင်း၊ မချိမဆံ့အသတ်ခံနေရသော ပြည်သူ့လက်နက်ကိုင် တပ်မတော်သားတစ်ယောက်သည်လည်း ကျွန်တော့်ကဲ့သို့ မပြေးသာ၍ ပုန်းအောင်းနေရခြင်းမှ သူတို့၏ အသတ်အဖြတ်ကို ရက်ရက်စက်စက်ခံလိုက်ရခြင်းပင် ဖြစ်ပေတော့သည်။

ကျွန်တော်သည် ချုံစပ်အတွင်း၌ ပြားပြားဝပ်နေရခြင်းမှ ရုတ်တရက်ထ၍ မြေကြီးခဲနှင့်ပင် ပေါက်ရန်ကို ရုတ်တရက် မိုက်မဲစွာစဉ်းစားမိလိုက်ပါသေး၏။ သို့ရာတွင် တစ်သေထက် နှစ်သေကို အဖြစ်မခံနိုင်သေး၍သာ အံကိုကြိတ်ရင်း ဝပ်မြဲဝပ်နေလိုက်ရသည်။

နယ်စားကြီး၏ စစ်သားများသည် အားရလောက်အောင် သရဲ၊ သဘက်လို သတ်ဖြတ်ပြီးကာမှ ၎င်းတို့အချင်းချင်း အော်ကျယ်၊ ဟစ်ကျယ် ပြောဆိုရယ်မောရင်း ထွက်သွားကြသည်။ ထိုသို့ သူတို့ထွက်သွား၍ တော်တော်ဝေးသွားမှ ကျွန်တော်သည် ထိပ်ထားခင်ဦးအား စောင့်ဆိုင်းရန်ကိုပင် အလွန်တရာ စိတ်ပျက်လာနေပြီဖြစ်၍ ဝပ်နေရသော ချုံစပ်အတွင်းမှ အသာထကာ ဖြစ်လိုရာဖြစ်စေတော့ ပြန်တော့မှပဲ အောက်မေ့


www.burmeseclassic.com

ကာ အရှေ့ဘက်ဆီသို့ မျက်နှာမူလိုက်သောအခါ မိုးသောက်ယံဦး၌ ကြယ်နီသည်ပင် ပေါ်ထွက်၍နေလေပြီ။

အရုဏ်တော်တက်၍ လင်းဖို့ရန်အချိန်သည် နီးကပ်၍ကားလာနေပြီ။

ကျွန်တော်သည် သွေးအေးသွားသဖြင့် တစစ်စစ် ကိုက်လိုက်လာသော လက်မောင်းမှဒဏ်ရာကို လက်တစ်ဖက်ဖြင့် ခပ်နာနာကလေးဖိရင်း ကြယ်နီကို လှမ်း၍ကြည့်ကာ အနိုင်နိုင်ရပ်နေရစဉ်မှာပင် ကျွန်တော်၏ အနောက်နားမှ ခြေသံကို ကျွန်တော်က ဘယ်သူဘယ်ဝါဖြစ်လိမ့်မည်ကို သိနေပြီးပင်ဖြစ်ပါ၏။ သို့ရာတွင် ခုတင်က ခွေးလို၊ ဝက်လို ရက်ရက်စက်စက်နှင့် အသတ်ခံခဲ့ရသော ကျွန်တော်မသိရသော သွေးသောက်၏ မချိမဆံ့သေဆုံးရခြင်းကို နာကြည်းလှ၍ ထိပ်ထားခင်ဦးအားပင် ပြန်မကြည့်ချင်တော့။

"ဒီမယ်လေ သူပုန်တပ်သားကြီးရဲ့။ ရှင့်လက်မောင်းက ဒဏ်ရာကို ဆေးမထည့်တော့ဘူးလား။ ခင်ဦးက ခဲခဲယဉ်းယဉ်းနဲ့ မနည်းကြီးကြံဖန်ယူလာရတာ"

ကလေးသူငယ်မလို ပြည်တော်သာ ခင်ခင်ဦးက ကျွန်တော်၏ နောက်ကျောအနီးတွင်ကပ်၍ လာရပ်ရင်းပြောနေသည်။

ကျွန်တော်က ပဒေသရာဇ်အလျာကို ကျောပေးထားရာမှ ပြန်ကာလှည့်ကြည့်မိ၏။ ကြယ်နီ၏ယှက်ဖြာနေသော အလင်းရောင်ပိုးတဝါးဝယ် အိအိစက်စက်နှင့်ကျက်သရေရှိလှသော ခင်ခင်ဦးကို ကျွန်တော်က ကပိုကရိုတွေ့မြင်ရလေသည်။ လက်တစ်ဖက်၌ သေနတ်မြီးတိုတစ်လက်ကိုကိုင်၍ အခြားလက်တစ်ဖက်၌ကား အစ်ကလေးတစ်ခုကို တွေ့ရသည်။

ထိပ်ထားကလေး ခင်ခင်ဦးသည် ကျွန်တော်အား ရွှန်းရွှန်းစားကြည့်နေရာမှ–

"သူပုန်တပ်သားတွေဟာ ရှင့်လို တောင့်တောင့်တင်းတင်းနဲ့ ထွားထွားကျိုင်းကျိုင်းနဲ့ သူ့ရဲကောင်းပီပီ ယောကျ်ားပီသတဲ့ လူတွေပဲ ထင်ပါရဲ့" ဟု အကြောင်းအရာအသစ်ကို အေးအေးဆေးဆေးပြောနေ၏။

ကျွန်တော်က သည်အမေးကို ဖြေကြားရှင်းလင်းနေရန် အချိန်မဟုတ်ပေ။ ပြေးလွှားရဦးမည့်အရေးက ရှိနေပေသည်။ ရန်သူ့ပစ်ကွင်းထဲ၌ ကျရောက်နေရစဉ် အချိန်ကို အကျိုးမဲ့ အချည်းအနှီး အကုန်ခံနေ၍ မဖြစ်တော့။

"ကျုပ်သွားမယ်"

ကျွန်တော်က ပင်တိုင်တော်ဦးက ကြော့မှုူးအား ကျေးတောသားလိုပြောလိုက်၏။

"သွားရပါ့မယ်လေ၊ ဒီက ခဲခဲယဉ်းယဉ်းသယ်လာရတဲ့ ဆေးဝါးကလေးမှ မထည့်ပေးလိုက်ရတော့ဘူးလားရှင့်"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က နောက်ထပ်ဘာမှ မပြောတော့ဘဲ အလိုက်သင့် ထိုင်ပေးလိုက်ရပြီးနောက် ဆေးထည့်ပေးခြင်းကို စကားမပြောဘဲ ငြိမ်သက်စွာ ခံယူနေရပေသည်။

"ဒီဆေးက သိပ်ကောင်းတာပဲ။ သိုးဆောင်းလူဖြူတွေက ခမည်းတော်အဖို့ ဆက်သတဲ့ဆေးရှင့်" ဟု လက်မောင်းမှ အနာတွင် အလွန်ပူစပ်ပူလောင်နိုင်လှသော ဆေးရည်ကိုထည့်ပေးရင်း ခင်ခင်ဦးက ပြောလိုက်၏။

"ဟာ ဒါဖြင့် ခင်ဗျား ဆေးမထည့်ပါနဲ့တော့"

ကျွန်တော်က သိုးဆောင်းနယ်ချဲ့သမားက ပဒေသရာဇ်နယ်စားအား ဆက်သသောဆေးဟူ၍ ကြားသိလိုက်ရသည်နှင့် တစ်ယူသန်အယူသီးကာ ရန်းကန်ပြောကြားလိုက်မိပေသည်။

"အို ခက်တော့တာပါပဲလေ။ တိုင်းပြည်ကို လုပ်ကြံတဲ့လူတွေက သေနင်္ဂဗျူဟာ သာလိမ္မာပြီး နည်းပရိယာယ်က တယ်လည်းဆင်းရဲမှကိုး"

လှဆုံးသူဇာ၏သည်စကားမှာ တော်တော်ကလေးနက်ရှိုင်းလှပေသည်။ ထို့ကြောင့် ကျွန်တော်က ရုန်းကန်ခြင်းမပြုတော့ဘဲ ငြိမ်သက်ကာ စဉ်းစားနေမိ၏။

"ဂန္ဓာလရာဇ်တိုင်းသားတွေဟာ သူ့တို့ရဲ့ ပဒေသရာဇ်နယ်စားနဲ့သိုးဆောင်းလူဖြူတွေကို ပြန်ပြီးတိုက်ခိုက်ကြတဲ့အခါ သိုးဆောင်းလူဖြူတွေရဲ့ လက်နက်မို့လို့ မလိုချင်ဘူးဆိုရင် ဘာနဲ့တိုက်ကြမှာလဲဟင်။ အဲဒါကော ရှင်သတိထားစဉ်းစားမိဖူးသလား"

ပဒေသရာဇ်အလျာ၏ စကားများမှာဆန်းကြယ်သည်။ ပြီးတော့လည်း ကြီးကျယ်သည်။

ကျွန်တော်သည် ရုန်းကန်ခြင်းကို မေ့လျော့ကာ ငြိမ်သက်စွာစဉ်းစားနေမိသည်။

ပဒေသရာဇ်အလျာကား ပဒေသရာဇ်စကားနှင့်ဝေါဟာရများကို မပြောဘဲ၊ တိုးတက်သစ်လွင်သောစကားများကို ပြောနေခြင်းအား ကျွန်တော်သည် အဘယ်သို့များ နားလည်နိုင်ပါမည်နည်း။ သိုးဆောင်းလူဖြူများနှင့် ရင်ပေါင်တန်းဆက်ဆံ၍ တောကစားလေ့ရှိသည်ဆိုသော လှပျိုဖြူအား ကျွန်တော်သည် မည်သို့များ နားလည်နိုင်ပါဦးမည်လဲ။

"စစ်ရေးဆိုတာ တိုက်ရဲခိုက်ရဲပြီး၊ တိုက်တတ်ခိုက်တတ်တာနဲ့လည်း မပြီးသေးဘူးလေ။ ပရိယာယ်ဝေဝုစ်လည်းလိုသေးတယ် မဟုတ်လား။ ပြည်တော်သာကျွန်းစစ်ပွဲတုန်းက မင်းစောလူးကို ဥဿာပဲခူးစားက ဖမ်းလိုက်တာကို စစ်ရေးလိမ္မာတဲ့ ကျန်စစ်သားတတ်နိုင်သေးရဲ့လား။ အဲဒါ ပရိယာယ်ဝေဝုစ်ပဲရှင့်"

ကျွန်တော်သည် ပေါ အ သော ကလေးကြီးတစ်ယောက်လို ထိပ်ထားခင်ခင်ဦး ပြုလုပ်နေသမျှ ပြောနေဆိုနေသမျှကို ငြိမ်သက်စွာ နားထောင်ခံယူရပေတော့သည်။

"ကဲ နောက်ထပ် အနာကို စည်းပေးစရာ မရှိတော့ဘူး။ ခင်ဦး မြပဝါနဲ့ပဲ စည်းပေးလိုက်မယ်။ ဟုတ်လား ပြည်သူ့ဘက်တော်သားကြီးရဲ့"


www.burmeseclassic.com

ခင်ခင်ဦးက ခပ်လောလောကလေးပြောဆိုရင်း နောက်ထပ် လွှမ်းခြုံလာသော မြပဝါဖြင့် ကျွန်တော်၏ လက်မောင်းမှ ဒဏ်ရာအား စည်းကြပ်ပေးနေလေသည်။

"စောစောကလို စပ်သေးသလား"

အနာကို စည်းကြပ်ပြီးသဖြင့် ခင်ခင်ဦးက ဂရုတစိုက်မေးနေပြန်၏။

သို့ရာတွင် ကျွန်တော်ကမူ ခပ်စောစောက ခွေးလို၊ ဝက်လို၊ ထုရိုက် သတ်ဖြတ်ခြင်းခံရ၍ မရှုမလှနှင့် မချိမဆံ့သေဆုံးသွားခဲ့ရသော သွေးသောက်၏ အကြောင်းကို စဉ်းစားနေမိပြန်၏။

"မေးနေတာများ ဘာတွေ စဉ်းစားနေရလို့ မဖြေနိုင်တာလဲ။ နာမည်ကို မသိလို့ ပြည်သူ့ဘက်တော်သားကြီးပဲ ခေါ်လိုက်ရဦးမယ်"

"ဖေယတဲ့"

"ခင်ဦးမေးတာကို ဖြေစမ်းပါဦး ကိုဖေယရဲ့"

"ကဲ အချိန်ကလည်း သိပ်မရှိတော့ဘူး ထိပ်ထား။ အရဏ်လည်းကျင်းနေပြီ၊ ကျုပ်ကိုခွင့်လွှတ်ပါ။ ခုလို ကာကွယ်ပေး၊ စောင့်ရှောက်ပြီး ပြုစုလိုက်တဲ့ ကျေးဇူးကို မမေ့ပါဘူးဗျာ"

ကျွန်တော်က ထိုင်ရာမှထကာ ထိပ်ထားကလေးခင်ဦးအား ကျောခိုင်း၍ ဣန္ဒြေရရနှင့် ကျေးဇူးစကားကို ဆိုလိုက်ပေသည်။

"တကယ်လား ကိုဖေယရဲ့။ တစ်နေ့ ပြည်သူ့လက်နက်ကိုင် တပ်မတော်တွေက အာဏာသိမ်းပိုက်လိုက်တဲ့အချိန်မှာ ပဒေသရာဇ်နယ်စားကြီးရဲ့ သမီးတော်ကလေးမို့ အလိုတူအလိုပါဆိုပြီး ပြည်သူ့တရားခုံရုံးမှာ တရားခံဖြစ်နေတဲ့အခါ ခင်ဦးကို ကျေးဇူးပြန်ပြုနိုင်ပါ့မလား။ ဟို ပြင်သစ်အရေးတော်ပုံကြီးတုန်းကလိုပေါ့လေ"

ထိပ်ထားက ခပ်ရွှန်းရွှန်းကလေး ပြောင်နေချေသေး၏။

ကျွန်တော်က ခင်ခင်ဦးအား အသာလှည့်ကြည့်ကာ ပြုံးလိုက်ရသည်။

"ကဲ ဟောဒီ လက်နက်လည်းကိုင်သွားဦးရှင့်။ ဘေးမငြိ ခလုတ်မထိရအောင်လည်း ခင်ဦးက ဆုတောင်းလိုက်ပါ့မယ် ကိုဖေယ"

ကျွန်တော်သည် ပြည်တော်သာ ခင်ခင်ဦးပြောနေသော စကားများကိုငိုင်၍ နားထောင်နေရာမှ သတိရလာ၍ လှည့်ကြည့်လိုက်သောအခါ၌ လှမ်းသူဇာသည် မည်သည့်အချိန်က ကျွန်တော့်ထံပါးမှ ထွက်ခွာသွားလိုက်ပါပြီလဲ။

ရန်သူ၏သမီးက ရန်သူ၏တပ်သားအား ၎င်းကိုယ်ကို ကာကွယ်ရန် ပေးလိုက်သောသေနတ်ကို ညာဘက်လက်ဖြင့် စွဲမြဲတင်းကျပ်စွာ ကိုင်ဆောင်ရင်း ကျွန်တော်သည် ကြားဒေသမှ လွတ်မြောက်သော ဒေသဆီသို့ သတိကြီးစွာထားရှိ၍ ထွက်ခွာလာခဲ့ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ရန်သူ့သမီးနှင့် သူပုန်တပ်သား

ရန်သူကို တိုက်ခိုက်ရာ၌ ရန်သူ၏ ထံမှပင်
ငါတို့သည် သင်ကြားစရာရှိသမျှကို
သင်ကြားနာယူတတ်ဖို့လိုသည်
သေနင်္ဂဗျူဟာ

(၁)

လူလူချင်းထားရှိတတ်သောကြင်နာခြင်းမျိုးဖြင့် ကာကွယ်ပြုစုပေးလိုက်ခဲ့သော ရန်သူ၏သမီးဖြစ်သည့် ပဒေသရာဇ်အလျာကို ကျွန်တော်သည် အဘယ်ကဲ့သို့ မေ့ပျောက်သွားစေရန် ကြိုးစားရပါမည်လဲ။ ကျွန်တော်သည် ကျွန်တော့်မေးခွန်းအား ကျွန်တော့်ဘာသာမေးလျက် ကျွန်တော်ကိုယ်တိုင် အဖြေကိုရှာကြံမိ၏။

ဆင်းရဲသားအများပြည်သူတို့အား အမျိုးမျိုးအဖုံဖုံ လုယက်ညှဉ်းပန်းသတ်ဖြတ်နေသော ပဒေသရာဇ်နယ်စားကြီး၏ သမီးတော်ဖြစ်၍ ကျွန်တော်က ရန်သူ၏တပ်သားတစ်ဦးတစ်ယောက်အား ကာကွယ်စောင့်ရှောက်၍ ဆေးဝါးထည့်ပေးလိုက်သော ပင်တိုင်စံ ခင်ခင်ဦးအား ရန်သူ၏သမီးဟူ၍ တရားသေသဘောနှင့် သတ်မှတ်ခွဲခြားရပါမည်လား။ ရန်သူ၏သမီးဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ရန်သူသာဖြစ်ရမည်ဟူ၍ တရားသေသတ်မှတ်ချက်ကို ကျွန်တော်ကမူ လက်မခံချင်ပါ။ ထန်းသီးမှန့် ကောင်း၊မကောင်း ဆိုသည်မှာ ကြည့်၍မြင်ကာမျှနှင့် ပြောဖြစ်ကောင်းသောအရာ မဟုတ်၍ စားကြည့်ဖို့ရန် မြည်းကြည့်ဖို့ရန်သာ ရှိပေသည်။ ကျွန်တော်က ထန်းသီးမှန့်လို မြည်းစမ်းချင်ခဲ့ပေသည်။ သည်ပုတ်ထဲက သည်ပဲထွက်မှာပေါ့ဟူသော အစဉ်အလာစကားကိုတော့ ကျွန်တော်က



www.burmeseclassic.com

တရားသေ ဖီလာကန့်လန့်လုပ်ချင်၍တော့ မဟုတ်ပါ။ ကျွန်တော်၏ ယုံကြည်မျှော်မှန်းချက်ကို ကျွန်တော်သည် လူတန်းစားတစ်ယောက်အနေနှင့် လွတ်လပ်စွာ စမ်းသပ်လုပ်ကိုင်ခွင့်လိုချင်ပါ၏။

ပဒေသရာဇ်အာဏာရှင်၏သမီးနှင့် ဆန့်ကျင်ဘက်တပ်သားတို့၏ ကြားဒေသမှ အဖြစ်အပျက်များသည် ထူးခြားသောအကြောင်းအခင်းတစ်ခုပင်ဖြစ်ပေသည်။ မယုံကြည်နိုင်လောက်သောကိစ္စဖြစ်၍ မဖြစ်နိုင်သောကိစ္စတော့မဟုတ်။ ထို့ကြောင့် ကျွန်တော်သည် ယခုအခါ၌ အဓိပ္ပာယ်ကင်းမဲ့စွာသော သူရူး၏အိပ်မက်ကို မြင်မက်နေခြင်း ဟုတ်လိမ့်မည်တော့မထင်မိပါ။ အကျိုးမဲ့သောအတိတ်ကာလမှ သင်္ချိုင်းကုန်း၌ အပုပ်ကောင်အား အချည်းနှီးလျှင် မိုက်မဲစွာတူးဖော်ကြည့်ရှုနေခြင်းလည်း မဟုတ်ဟု ယုံကြည်သည်။

ကျွန်တော်သည် တကယ့်အတွေ့အကြုံ၊ အဖြစ်အပျက်နှင့် ခံစားရခြင်းများအပေါ်၌သာ ကျွန်တော်၏မျှော်လင့်ခြင်း၊ ယုံကြည်ခြင်းများကို အခြေခံခဲ့ရသည်ဖြစ်၍ ကျွန်တော်၏ လက်ရှိအဘိဓမ္မာနှင့်အနာဂတ်ကမ္ဘာကို သံသယမဖြစ်မိ။ မနက်ဖြန် မိုးသောက်သောကာလ၌ နေထွက်လာမည်ဖြစ်ခြင်းကို ယုံကြည်သလို ကျွန်တော်၏ ယုံကြည်ခြင်းသည် ရှိပါ၏။

ကျွန်တော်သည် လက်မောင်းရင်း၌ရရှိခဲ့သော ဒဏ်ရာကြောင့် လွတ်မြောက်သောဒေသ၏ အေးချမ်းရာအရပ်များသို့ပို့၍ ဆေးဝါးကုသခြင်းကိုခံနေရစဉ် ကျွန်တော်၏ သွေးများအလဟဿ မယိုစီးဆင်းစေခြင်းအလို့ငှာ ဆေးဝါးများထည့်၍ နူးညံ့သော လက်ကလေးများဖြင့် စည်းပေးလိုက်သော မြပဝါကို မကြာခဏ ကိုင်တွယ် ကြည့်ရှုနေမိသည်။

ရန်သူ့တပ်သားတစ်ယောက်ကို မိခင်ဆန်ဆန် ကာကွယ်ပြုစုပေးခဲ့သော ပင်တိုင်စံခင်ခင်ဦးကို အဘယ်နည်းအဘယ်ပုံ ကျွန်တော်သည် မေ့ပျောက်၍ရပါမည်လဲ။ ကျွန်တော်ကိုယ်တိုင်ကလည်း မမေ့ပျောက်ချင်ပါ။ ဆူးနှင့်ညွန်များ ပတ်လည်ဝိုင်းနေသော ဒေသ၌ နှင်းပန်းလိုပွင့်နေသော ကြော့ကြော့ဆုံးကို ဆွတ်ယူပန်ဆင်ရန် စိတ်မကူးဝံ့သော်လည်း ကြည့်ချင်မြင်ချင်နေလိုခြင်းအတွက် ကျွန်တော်သည် တစ်ပါးသူ၏သဘောထားကို မစဉ်းစားဘဲ မိမိကိုယ်ကို အလွယ်တကူပင် ခွင့်လွှတ်ထားမိသည်။

သည်အဖြစ်အပျက်နှင့် အကြောင်းများကို ကျွန်တော်သည် မည်သူ့ကိုမျှ မပြောမိ။ ပြောစရာလည်းအကြောင်းမရှိ။ အကြောင်းရလာ၍ ပြောပြရသည်တိုင်အောင် လူရယ်စရာဖြစ်နေပေမည်။ မည်သူတစ်ဦးတစ်ယောက်ကမှ ယုံကြည်ကြမည်လည်း မဟုတ်။ ကျွန်တော်သည် ရယ်မောစရာကောင်းသော လက်စွဲ လူပြက်လို ဖြစ်နေရလိမ့်မည်မဟုတ်ပါသလော။ ထို့ကြောင့် ကြားဒေသမှ ကျွန်တော်၏ စွန့်စားရခြင်း ပုံပြင်ကို

www.burmeseclassic.com

www.burmeseclassic.com


မည်သူ့အားမျှပင် မပြောကြားရဘဲ တစ်ယောက်တည်း စိတ်ကူးစဉ်းစားနေရခြင်းကပင် ကောင်းသလိုရှိသည်။

တိုက်ပွဲဖြစ်ပွားသော နေရာဒေသများနှင့်ဝေးကွာ၍ အေးချမ်းသောဒေသ ကျေးရွာများ၌ ဆေးဝါးကုသနေရာမှ တစ်စထက်တစ်စ သက်သာပျောက်ကင်းလာသော အချိန်တွင် ကျွန်တော်သည် လူသူရှင်းသောနေရာ တစ်နေရာရာ၌ မြပဝါကို ကသိုဏ်း ဆရာလို အကွက်ချ ရှုကြည့်နေမိ၏။ ကျွန်တော်၏ တစ်ကိုယ်လုံးသည် မြပဝါ၏လွှာရုံ၌ ချုပ်နှောင်မိနေ၏။ အပ လေ တိုးဝှေ့နေခြင်းကိုပင် ကျွန်တော်သည် သတိလွတ်နေ၏။

ရန်သူ၏သမီးသည် တစ်ဖက်မှ ရန်သူ့တပ်သားအားပစ်ခတ်ခြင်းကိုခံရ၍လဲကျနေသော သားကောင်တစ်ကောင်အဖြစ်နှင့် ရှိနေပြီးကာမှ အဘယ်ကြောင့် ပြန်လည် လွှတ်ပေးလိုက်ရသည်ကို ကျွန်တော်သည် ညလယ် တရေးနိုးများ၌ပင် သတိတရနှင့် စဉ်းစားနေမိ၏။ လွှတ်ပေးလိုက်ရုံမျှသာလျှင်လည်း မကသေးတော့။ ဆေးဝါးများ ထည့်ပေးလိုက်သေးသည်။ ဆေးဝါးဟူရာ၌ သာမန်ဆေးဝါးမဟုတ်ဘဲ အလွန်တရာ ကောင်းမွန်သည်ဟု အပြောအဆိုရှိသော သိုးဆောင်းလူမျိုးများ ဝိဇ္ဇာနည်း လောက ဓာတ်နည်းနှင့် ပြုလုပ်ဖော်စပ်သောဆေးဟု ပြည်တော်သာ သခင်မက ဆိုမြွက်ခဲ့သေး ၏။ သည်လို ကာကွယ်စောင့်ရှောက်၍ ဆေးဝါးထည့်ပေးရုံမျှသာ မကသေးလိုက်ဘဲ ကျွန်တော်၏ပြန်လမ်းခရီး၌ မိမိအသက်ဘေးကို ကာကွယ်ရန် လက်နက်နှင့် ခဲယမ်း တို့ကိုလည်း ပေးလိုက်ချေသေး၏။

တစ်စုံတစ်ယောက်ကို သည်အကြောင်းအရာများ ပြောပြမိလျှင် ကျွန်တော်အား အရူး သို့မဟုတ် စိတ်ပေါ့သွပ်သူဟူသာ ဆိုကြဖွယ်ရာရှိလေသည်။ သည်လို ယုံကြည် လက်ခံဖွယ်ရာခက်ခဲ၍ ယုတ္တာကင်းလှသော အကြောင်းအရာ အဖြစ်အပျက်များကို မိမိဘာသာပင် တစ်ယောက်တည်း ပြန်လည်တွေးတောစဉ်းစားရခြင်းသာ အန္တရာယ် ကင်း၍ စိတ်ချရသည်။ ကျွန်တော်သည် သုံးလကျော်၊ လေးလနီးပါးခန့် မိမိ၏ဒဏ်ရာ ကို ဆေးဝါးကုသရင်း နားနေအားလပ်ခွင့်ကိုရရှိခဲ့ပေသည်။ ထိုနားနေ အားလပ်ခွင့် ရရှိနေသော ကာလများအတွင်း နေ့စဉ်နှင့်အမျှပင် ကျွန်တော်သည် ပင်တိုင်တော်ဦးက ကြော့မှူး၏ အကြောင်းအရာများကိုသာ အလုပ်ကြီးအလုပ်ကျယ် တစ်ခုအဖြစ်ဖြင့် အချိန်ကုန်ခံကာ စဉ်းစားနေခဲ့မိလေသည်။

တကယ်ဆိုသောအခါ၌ ကျွန်တော်သည် နုပ်မစင်သေးသော ကလေးသူငယ် တစ်ယောက်၏ အတွေးအခေါ်မျိုးကို မိုက်မဲစွာ ဖက်ပွေ့ထားရင်း ပင်တိုင်တော်မြနန်းဦးမှ ပဒေသရာဇ်အလျာနှင့် အညှဉ်းဆဲခံ ပြည်သူ့လက်နက်ကိုင်တပ်မတော်မှ တပ်သားကြီး ဖေယတို့၏ ကျဉ်းမြောင်းလှသော ကိုယ်ရေးကိုယ်တာကိစ္စများနှင့် စိတ်ကူးယဉ်စရာများ အကြောင်းကို စိတ်ကူးယဉ်ကာ လွမ်းဆွတ်နေခြင်းတော့ကား မဟုတ်ပါ။

မြနန္ဒာစာအုပ်တိုက်

www.burmeseclassic.com

(၂)

များမကြာမီကလေးကမှ ကောင်းစွာမကျန်းမာ၍ ရှေ့တန်းစစ်မျက်နှာမှ အနားယူအပန်းဖြေရာ အရပ်ဒေသသို့ ရောက်ရှိလာရသော ဗိုလ်မှူးကြီး နော်ရထာနှင့် တစ်ခုသော ညနေခင်းဝယ် ကျွန်တော်သည် လူသူရှင်းသော နေရာတစ်ခု၌တွေ့ဆုံကြပေသည်။ ကျွန်တော်တို့ ပြည်သူ့လက်နက်ကိုင်တပ်မတော်မှ တပ်သားနှင့် ဗိုလ်မှူးသည် တန်းတူအခွင့်အရေးရှိကြ၍ ရင်ပေါင်တန်း ညီအစ်ကိုကဲ့သို့ ဆက်ဆံနိုင်ကြသဖြင့် ကျွန်တော်ကပင် စတင်၍–

"တော်တော်ကလေး မာလာပလားဗျ ဗိုလ်မှူး"

ဟု ဗိုလ်မှူးကြီးနော်ရထာ၏ ခါးကို အစ်ကိုကြီးအရင်းကဲ့သို့ ရင်းရင်းနှီးနှီး ဖက်ရင်း မေးလိုက်၏။ တကယ်ဆိုတော့ ကျွန်တော်သည် ဗိုလ်မှူးကြီး နော်ရထာအား 'မာချာရေး' ထက် အခြားမေးလိုသော အကြောင်းအရာများရှိ၍ စတင်နှုတ်ဆက်လိုက်ခြင်းသာ ဖြစ်ပေသည်။

"အေးကွယ် မာလာပါပြီ။ ဒါပေမယ့် အထက်က အမိန့်မရသေးတာနဲ့ဘဲ စောင့်နေရသေးတယ်။ မင်းကော ပျော်သလောက်ရှိပလား"

ကျွန်တော်၏ ပခုံးကိုကိုင်တွယ်ရင်း ဗိုလ်မှူးက ဂရုတစိုက်မေးလေသည်။

"ဟုတ်ကဲ့ ဗိုလ်မှူး၊ ပျော်သလောက်ပါပဲ။ ဒါထက် ဗိုလ်မှူးတို့က လူကြီးပိုင်းကမို့ ကျွန်တော်သိချင်တာကလေးတစ်ခုလောက်များ မေးနိုင်မလားလို့"

"မေးပါကွယ့် မောင်ဖေယရဲ့၊ တို့အချင်းချင်းတွေပဲဟာ"

"အခု နယ်စားကြီးကို ကျွန်တော်တို့က ထကြွပြီးတိုက်ခိုက်နေတဲ့အချိန်မှာ နယ်စားကြီးလက်အောက်ဒေသမှာရှိနေကြတဲ့ တိုင်းသူပြည်သားတွေကို ကျွန်တော်တို့ တိတိကျကျ ဘယ်လိုသဘောထားရမလဲဆိုတာ ဗိုလ်မှူးရှင်းနိုင်ရင်ရှင်းစမ်းပါ။ ကျွန်တော် ကောင်းကောင်းမရှင်းလို့"

ဗိုလ်မှူးသည် ကျွန်တော်၏ မေးခွန်းများကို များစွာသဘောကျသွားသကဲ့သို့ တစ်ချက်မျှ ပြုံး၍ ကျွန်တော်၏ ကျောပြင်ကို သပ်ပေးနေလေသည်။

"ပဒေသရာဇ်နယ်စားကြီးလက်အောက်မှာ အားလုံးပေါင်းလူသုံးစားရှိတယ်။ ပထမအစားက နယ်စားကြီးကို ဆန့်ကျင်နေတဲ့ တို့များ မဟာမိတ်လူတန်းစား၊ ဒုတိယက ဘာသိဘာသာ ကြားနေတဲ့ လူတန်းစားနဲ့၊ တတိယနဲ့နောက်ဆုံးကတော့ နယ်စားကြီးနဲ့ သူ့အပေါင်းပါ နယ်စား၊ ပယ်စားနဲ့ ရွာစားတွေ၊ မြေပိုင်ရှင်ကြီးတွေပဲ"

"အဲဒီ တတိယနဲ့နောက်ဆုံးဖြစ်တဲ့ နယ်စားကြီးရဲ့ အပေါင်းပါတွေထဲမှာရော ကျွန်တော်တို့ကို လိုလားတဲ့လူတွေ မရှိနိုင်ဘူးလားဟင် ဗိုလ်မှူး"



www.burmeseclassic.com

www.burmeseclassic.com

"ဘာများ အစဉ်းစားလွန်နေလို့လဲကွယ့်၊ ဘဝအားဖြင့် ဆန့်ကျင်နေတော့ လက်တွေ့မလုပ်လာခင်ပြောရမှာ သတ်မှတ်ပိုင်းခြားရမှာ ခက်သားကလား"

"တကယ်လို့သာ နယ်စားကြီးရဲ့ ပတ်ဝန်းကျင်ထဲက လူတစ်ယောက်ယောက်ဟာ လက်တွေ့မှာရော ကျွန်တော်တို့ကို ကူညီလာရင် ဘယ်လို သဘောထားရမလဲ ဟင် ဗိုလ်မှူး"

"ဘာတွေလျှောက်စိတ်ကူးယဉ်နေပါလိမ့် မောင်ဇေယရယ်၊ အဲဒီလိုဖြစ်လာဖို့အတွက် မင်းဘာသာမင်း တာဝန်ယူပြီး လုပ်ကြည့်ချင်ရင် လုပ်ကြည့်စမ်းပါလား"

ရယ်သလို၊ မောသလိုနှင့်ပြောဆိုကာ ဗိုလ်မှူးနော်ရထာသည် ခပ်လှမ်းလှမ်းတွင် ထင်းစည်းတစ်စီးကို မနိုင့်တနိုင်နှင့်သယ်ယူနေသော အမယ်အိုအား ကူညီရန် အပြေးကလေးထွက်သွားသဖြင့် ကျွန်တော်သည် ငိုင်ကာကျန်ရစ်ခဲ့ရပေသည်။

ရန်သူ၏ သမီးတစ်ယောက်လုံးအား မိမိတို့ဘက်သို့ ကူညီချင်လာအောင်၊ မေတ္တာရှိလာအောင်ပြုလုပ်ပါဟု ဗိုလ်မှူးနော်ရထာက ပြောဆိုသွားခြင်းမှာ လှောင်ပြောင် နောက်ကစားသွားခြင်းသာ ဖြစ်နိုင်ပေလိမ့်မည်ဟု ကျွန်တော်က ဆက်စပ်တွေးတောနေမိသည်။

သို့ရာတွင် ကျွန်တော်သည် မိမိအလိုရှိသော အကြောင်းအရာကို စိတ်ကူးယဉ်ယဉ်နှင့်မေးမြန်းခြင်းမဟုတ်ဘဲ မိမိ၏ လက်တွေ့အကြောင်းအရာများမှ မျှော်မှန်းမေးမြန်းခြင်းဖြစ်၍ စိတ်မပျက်နိုင်ဘဲ မိမိ၏ အတွေ့အကြုံများကိုသာ အပြန်ပြန်အလှန်လှန် စဉ်းစားနေမိပြန်ပါ၏။

'တိုင်းပြည်ကို လုပ်ကြံတယ်ဆိုတာ ပရိယာယ်ဝေဝုစ်လည်းရှိရတယ် မဟုတ်လားတဲ့'

ခင်ခင်ဦးက သူ့ရဲကောင်းဆန်၍ စစ်ရေးလွန်ကဲနေသော ကျွန်တော်ကဲ့သို့ သူပုန်တပ်သားတစ်ယောက်အား အဘယ်သို့သော သတိပေးခြင်းဖြင့် ပြောကြားခဲ့ခြင်း ဖြစ်မည်နည်း။

'ထိပ်ထားခင်ဦးကလည်း ဗမာတစ်ယောက်မို့ ကိုယ့်ဗမာအမျိုးသားတစ်ဦးတစ်ယောက်အကျိုးမဲ့တော့ အပျက်စီးအဆုံးရှုံးမခံနိုင်သေးပါဘူး' ဟူ၍ လှမိုးသူဇာက သူမ၏ မျိုးချစ်စိတ်ထားကို အတိအလင်းပြောခဲ့သည်လည်း မဟုတ်ပါသလော။

ပရိယာယ်ဝေဝုစ်ကိုသာကြားခဲ့သော မျိုးချစ်မယ် ခင်ခင်ဦးဟူ၍ ကျွန်တော်က သဘောထားခြင်းမှာ ကျပ်ပြည့်မမှန်နိုင်သည့်တိုင်အောင် ကျပ်လုံးတော့မများဟု ထင်မိသည်။

နောက်ဆုံး ပဒေသရာဇ်အလျာ၏ ပြောကြားသွားခဲ့သော စကားများကို ကျွန်တော်သည် တစ်လုံးမကျန် အလွတ်ရနေပါ၏။


www.burmeseclassic.com

www.burmeseclassic.com

'ခုလို ခမည်းတော်ကို လုပ်ကြံနေတာဟာ ကလေးကစားတဲ့အလုပ်မှ မဟုတ်တာကို ခင်ဦးမသိတာမှမဟုတ်ဘဲ။ ဆင်းရဲသားပြည်သူတွေဟာ တစ်နေ့တခြား ရေနည်းငါးလိုကျပ်တည်းပြီး ဒုက္ခရောက်သထက်ရောက်လွန်းမက ရောက်လာရတဲ့အတွက် ဘယ်လိုမှ မခံမရပ်နိုင်ကြတဲ့အဆုံး ခုလိုထကြွရတဲ့အကြောင်းလည်း ခင်ဦးက လေ့လာနားလည်ပြီးသားပါ။ မောင်ကြီး သူပုန်တပ်သားရဲ့'

ကျွန်တော်၏ ထိပ်ထားကို ဗိုလ်မှူးကြီး နော်ရထာက အဘယ်ကဲ့သို့ပင် ဖေါ့ဖေါ့ဆဆနှင့် လေးလေးနက်နက် သဘောမထားဘဲ ပြောသွားစေကာမူလည်း ကျွန်တော်ကတော့ စိတ်အားမလျော့မိပါ။ စိတ်ပျက်ခြင်းလည်း မဖြစ်မိပါ။

တကယ်ဆိုသောအခါ၌ ကျွန်တော်သည် နုပ်မစင်သေးသော ကလေးသူငယ်တစ်ယောက်၏ အတွေးအခေါ်မျိုးကို မိုက်မဲစွာဖက်ပွေ့ထားရင်း ပင်တိုင်တော်မြနန်းဦးမှ ပဒေသရာဇ်အလျာ ရန်သူ၏သမီးနှင့်၊ အညှဉ်းဆဲခံ ပြည်သူ့လက်နက်ကိုင် တပ်မတော်မှ တပ်သားကြီးတစ်ဦး၏ ကျဉ်းမြောင်းလှသော ကိုယ်ရေးကိုယ်တာကိစ္စကလေးများနှင့် စိတ်ကူးယဉ်စရာကလေးများအကြောင်းကို တစ်ဖက်သတ် ကိုယ်လိုရာ ကိုယ်ကဆွဲ၍ စိတ်ကူးယဉ်ကာ လွမ်းဆွတ်နေခြင်းတော့ကား မဟုတ်ပါ။

ရန်သူ၏သမီးပင်ဖြစ်သော်လည်း ပင်တိုင်တော်ဦးက ကြော့မှူးသည်ပင်လျှင် ဗမာသမီးငယ်တစ်ယောက် မဟုတ်ပါသလော။ သူပုန်တပ်သားကြီးဖြစ်သော ကျွန်တော်ကကော ဗမာမဟုတ်ပါသလော။ သတ္တဝါနှစ်ဦးစလုံးသည် ဗမာ့သားသမီးများဖြစ်ကြ၏။ လူသတ္တဝါ အဖိုနှင့်အမလည်းဖြစ်ကြ၏။ သည်လိုဖြစ်ရှိ ကျရောက်နေရသော ဘဝများမှ ကျွန်တော်တို့၏ အတွေးအခေါ်အသီးသီးတို့သည်လည်း ရှိကြပေဦးမည်ဖြစ်ပေသည်။

လုပ၍သိမ်မွေ့ကာ နှစ်သက်စရာကောင်းသော နူးညံ့ကြင်နာတတ်သော မိန်းမပျိုသည် တတ်နိုင်၍ သိကြားမင်း ဦးမာဃ၏ သမီးတော်ပင်ဖြစ်နေပါစေ၊ ကျွန်တော်က လွတ်လပ်သော လူပျိုကာလသားတစ်ယောက်အနေနှင့် လွတ်လပ်စွာ စိတ်ကူးမယဉ်ရတော့ဘူးလား။ အိမ်ထောင်မကျရဖူးသော လူပျိုကာလသားတစ်ယောက်အနေနှင့် လှမိုးသူဇာအား ကျွန်တော်က စိတ်ကူးယဉ်နေမိခြင်းကို အပြစ်တင်လိုသူများရှိသေးကလည်း တင်ကြပါစေတော့။

ကျွန်တော်က ပြုံးပြုံးရယ်ရယ်နှင့် နေလိုက်မည်ပင်ဖြစ်ပါသည်။

(၃)

သည်လို ကျွန်တော်သည် ပဒေသရာဇ်နယ်စားကြီး၏ လက်နက်ကိုင်တပ်သားများအား ဝင်ရောက်စီးနင်းတိုက်ခိုက်ရင်းမှ ရရှိခဲ့သော ဒဏ်ရာကို လွတ်မြောက်သော


www.burmeseclassic.com

www.burmeseclassic.com

ဒေသတွင် အေးချမ်းစွာ ဆေးဝါးကုသရင်း အနားယူနေချိန်၌ ပဒေသရာဇ်နယ်စားကြီးသည် သိုးဆောင်းမျက်နှာဖြူလူမျိုးများ၏ စစ်သင်္ဘောတစ်စင်းဖြင့် သီဟိုဠ်ကျွန်းမှ ဓာတ်တော်၊ မွေတော်များကို သွားရောက်ပင့်ယူလာသည်ဟူသော သတင်းများကို ထူးထူးဆန်းဆန်းကြားရပြီးသည့်နောက် ၎င်း၏လက်နက်ကိုင်တပ်များသည် ဓာတ်တော်များအောက်၌ဖုံးဖိုက်၍ ယူငင်လာခဲ့သော လက်နက်ခဲယမ်းမီးကျောက်များ အပြည့်အစုံနှင့် လွတ်မြောက်သောဒေသများတွင် အေးအေးချမ်းချမ်းလုပ်ကိုင် နေထိုင်စားသောက်ကြသော တိုင်းသူပြည်သူများအား ဒလကြမ်းထိုးစစ်များ၊ တိုက်စစ်များ ဆင်ယင်လာလေသည်။

သည်လို ဥပါယ်တံမျဉ်နှင့် ကောက်ကျစ်သော မာယာဉာဏ်များလှသည့် သိုးဆောင်းမျက်နှာဖြူနယ်ချဲ့သမားများ၏ တပည့်ကောင်းနယ်စားကြီး၊ ပြည်သူတို့အား ယခုကဲ့သို့ ထိုးစစ်များ ဆင်ယင်တိုက်ခိုက်လာရာ၌ ခဲယမ်းမီးကျောက်အားတွင် သာလွန်များပြားသဖြင့် ပထမသော် အရေးသာသလိုရှိခဲ့လေသည်။

သည်လို နယ်ချဲ့သမား၏ စွက်ဖက်ကူညီမှုကိုရရှိ၍ အကြံဉာဏ်ပေးကိုလည်းရရှိနေသော နယ်စားကြီးက ၎င်း၏ လက်နက်များဖြင့် လွတ်မြောက်သော ပြည်သူ့ဒေသရပ်ရွာများအား ထိုးစစ်ဆင်ကာ တိုက်ခိုက်သိမ်းပိုက်လာသောအချိန်၌ ကျွန်တော်သည်လည်း ပြည်သူတို့နှင့် ပြေးလွှား ပုန်းအောင်းရင်းကပင် ပဒေသရာဇ်နယ်စားကြီး၏ လက်နက်ကိုင်တပ်များ၏ ရိုက်နှက်ဖမ်းဆီးခြင်းကို ခံလိုက်ရပေသည်။

ကျွန်တော်နေထိုင်သော ရွာကလေးအား လေးဖက်လေးတန်မှဝိုင်း၍ ကျည်ပြောင်းများဖြင့် တရကြမ်းပစ်ခတ်နေချိန်၌ အရပ်သူအရပ်သား၊ ကလေး၊ လူကြီး၊ မိန်းမပေါင်းများစွာသည် ထိုသို့ အရမ်းမဲ့ပစ်ခတ်ခြင်းကြောင့် အချည်းနှီးသေကြေပျက်စီးကြရလေသည်။ ကျောင်း၊ ကန်၊ ဘုရားနှင့် အိုးအိမ်များစွာတို့သည် ထိမှန်ပျက်စီးရလေသည်။ သည်လိုနယ်စားကြီး၏ လက်နက်ကိုင်သောင်းကျန်းသူများက လက်နက်အားကိုးနှင့် အေးချမ်းစွာနေထိုင်ကြသော ပြည်သူတို့အား သတ်ဖြတ်နှိပ်စက်နေခြင်းကို ပြုလုပ်နေကြသည့်အချိန်၌ ကျွန်တော်သည် လက်နက်ကင်းမဲ့နေသော စစ်သားတစ်ယောက်ဖြစ်၍ မည်သို့မျှ ပြန်လှန်ခုခံခြင်းလည်း မပြုလုပ်နိုင်ခဲ့ပါ။ ခုခံတွန်းလှန်ခြင်းမပြုသော ရွာကလေးအား ရွာအပြင်ဘက် လေးဖက်လေးတန်မှ သောင်းကျန်းပစ်ခတ် သတ်ဖြတ်နေခြင်းနှင့်ပင် အားမရနိုင်သေးသော သရဲသဘက်များသည် ရွာအတွင်းသို့ သူရဲကောင်းကြီးများလို အတင်းဝင်ရောက်လာကာ တွေ့ကရာမြင်ကရာ လျှောက်ရမ်း၍ ပစ်ခတ်နေကြပြန်ခြင်းကြောင့်လည်း ကျည်ပြောင်းဒဏ်လွတ်၍ အသက်ရှင် ကျန်ရစ်ရသူအများအပြားပင် သေဆုံးခဲ့ရပြန်ပါ၏။ နယ်စားကြီး၏ လက်နက်ကိုင်များသည် ရွာအတွင်း


www.burmeseclassic.com

သမီးပျိုမိန်းကလေးအများအပြားကို လက်နက်ကိုင် ခြိမ်းခြောက်ဖမ်းဆီးကာ နိုင့်ထက်စီးနင်းစော်ကားကြ၏။ ပြည်သူတို့၏ ပစ္စည်းကလေးများဖြစ်ကြသော ကြက်၊ ဘဲ၊ ဝက်၊ နွားကို ရွာအတွင်း၌ လိုက်လံပစ်သတ်ကာ လုယက်နေကြ၏။

သည်လို ငရဲမင်းသောင်းကျန်းနေချိန်၌ ကျွန်တော်သည် မိမိ မှီခိုကပ်ရပ်နေရသော အိမ်မှသက်ရွယ်အိုမင်းသော အဘိုးအို၊ အမယ်အို လင်မယားနှစ်ယောက်အား သစ်ခေါင်းကြီးအတွင်း၌ ဖုံးဝှက်နေရစဉ် ကျွန်တော့်အား နယ်စားကြီး၏ ငရဲသားများက သေနတ်ဖြင့် ချိန်ရွယ်ကာ ရိုက်နှက်ကန်ကျောက်၍ ဖမ်းဆီးမိခြင်းပင်ဖြစ်လေသည်။

"ကျုပ်ကို မိကြပြီဟာ ခင်ဗျားတို့လုပ်ချင်ရာလုပ်ကြတာပေါ့ဗျာ။ ဒါပေမယ့် အဲဒီအဘိုးကြီး၊ အဘွားကြီး လင်မယားနှစ်ယောက်ကိုတော့ စိတ်မချမ်းသာအောင် လုပ်မနေကြပါနဲ့ဗျာ" ဟု လက်ပြန်ကြိုး အတုပ်ခံနေရစဉ် သစ်ခေါင်းထဲ၌ တုန်တုန်ရီရီဖြစ်နေရှာသော အဘိုးကြီးအဘွားကြီး လင်မယားနှစ်ယောက်အား သက်သက်မဲ့ ခြောက်လှန့်ညှဉ်းပန်းခြင်းမပြုရန် ကျွန်တော်က တောင်းပန်မိပေသည်။

"ဘာလဲ မင်းက ဘာလူပါးဝပြီး ဆရာလုပ်တာလဲ" ဟု ဗိုလ်နှင့်တူသူက ကျွန်တော့် နောက်ကျောကို သေနတ်ဒင်နှင့် ဆောင့်လိုက်ရင်း မာန်မဲလိုက်ပေသည်။

"ဒီအဘိုးကြီး၊ အဘွားကြီးတော့ ချမ်းသာပေးကြပါ ဗိုလ်မင်းတို့ရယ်။ သူတော်ကောင်းတွေပါဗျာ။ ပြီးတော့ သက်ရွယ်ကလည်း အိုမင်းလှပါပြီ"

သည်လို ထပ်မံ၍ တောင်းပန်နေရသည့်အခိုက်မှာပင် တပ်သားတစ်ယောက်က သစ်ခေါင်းထဲ၌ တုန်တုန်ရီရီနှင့် ရှိခိုးတောင်းပန်နေကြသော အဘိုးကြီး၊ အမယ်ကြီး နှစ်ယောက်အနက် ရှေးဦးစွာ အဘိုးကြီးကို တရွတ်တိုက်ဆွဲထုတ်လိုက်ကာ–

"ခင်ဗျားတို့ စုထား၊ ဆောင်းထားတာ ဘယ်လောက်ရှိသလဲ ပြောစမ်း နွားကြီး" ဟု မိုက်ရိုင်းစွာ စော်ကားနေလိုက်သည်။

"ကျုပ်မသိပါဘူး မောင်တို့ရယ်၊ ကျုပ်တို့ဟာလည်း ဆင်းရဲသား လူမွဲတွေပါ" ဟူ၍ အဘိုးကြီးက ရှိခိုးတောင်းပန်ရင်း ပြောကြားနေစဉ်မှာပင် တစ်ယောက်သော ငရဲသားက အဘိုးကြီး၏ ကျောပြင်ကို ဓားပြားဖြင့် 'ဘန်း' ခနဲ ရိုက်လိုက်သဖြင့် အဘိုးကြီးမှာ အသံပင်မထွက်နိုင်ရှာဘဲ မြေကြီးပေါ်သို့ အရုပ်ကြိုးပြတ်သလို လဲကျသွားလေသည်။

"အမယ်လေး ကိုရင်ချမ်းသာရဲ့" ဟု အော်ဟစ်ကာ သစ်ခေါင်းထဲမှ အမယ်ကြီးက ပြေးထွက်လာ၍ အဘိုးကြီးကို ပွေ့ထူနေ၏။

သည်ဟာတွေအားလုံးကို ကျွန်တော်က မချိတရိနှင့် မြင်နေတွေ့နေရ၏။

"ဒီမယ်၊ ဗိုလ်မင်းတို့ ခင်ဗျားတို့ ကျုပ်ကို ခုသတ်ပစ်လိုက်ချင်ရင်လည်း တစ်ခါတည်းသတ်ပစ်လိုက်ကြပါဗျာ။ ကျုပ် မျက်စိအောက်မှာတော့ ဒီအဘိုးကြီး၊ အဘွားကြီးတွေကို မနှိပ်စက်နေကြပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် အံကိုကြိတ်ရင်း မခံမရပ်နိုင်လွန်း၍ ပြောချလိုက်မိသည်။

"ဟေ့ကောင် မင်းက ဘာဆရာလုပ်နေရတာပြန်လဲ"

ဟု လက်ပြန်ကြိုးတုပ်ရင်းနောက်ကျောမှ ကြိုးကို ဆွဲထားသောသရဲတစ်ယောက်က ကျွန်တော်၏ ခါးကို ဖနောင့်နှင့် ပေါက်ချလိုက်သဖြင့် ကျွန်တော်သည် မြေကြီးပေါ်သို့ မှောက်လျက်လဲကျသွားရာမှ ရုတ်ခနဲ သတိလစ်ကာမေ့မြောသွားရသဖြင့် ကျွန်တော်၏ နောက်ကွယ်၌ ကျေးဇူးရှင်ဖြစ်ကြသော အဘိုးကြီး၊ အဘွားကြီးလင်မယားနှစ်ယောက်၏ ကံကြမ္မာသည် အဘယ်က အဘယ်သို့ ဖြစ်ကျန်ရစ်ခဲ့သည်ကို မသိရတော့။

ကျွန်တော် ပြန်လည်သတိရ၍ မျက်လုံးနှစ်လုံးကို ဖွင့်ကြည့်လိုက်သောအခါ၌ ကျွန်တော်သည် ကျဉ်းမြောင်းလှသော အခန်းကလေးတစ်ခုအတွင်း၌ ရန်သူ၏ သုံ့ပန်းအဖြစ် ကျရောက်နေရသောအဖြစ်ကို ခပ်ရေးရေး သတိရမိစ ပြုလာပါသတည်း။


www.burmeseclassic.com

www.burmeseclassic.com

# ရန်သူ့အကျဉ်းသမား

**အင်းဝတမ်းချင်း**

ရွှေဝပြည်ကား၊ ဆီးရည်ပတ်ချုပ်၊ မှိုင်းအုပ်ပျပျ
ပုညတောင်ဆီ၊ ရီလျက်မလင်း၊ မဝင်းအုံ့မှိုင်း
စစ်ကိုင်းတစ်ဖက်၊ သန်လျက်ပေါ်ထွန်း
ကျွန်းများတမ်းခွန်၊ နန်းဗိမာန်မှာ
လေသွန်ဖြည်းလှည့် လိမ့်တကား။

ရှင်ထွေးနာသိန်

(၁)

ပဒေသရာဇ်နယ်စားကြီး၏ အကျဉ်းသမားအဖြစ် ၎င်း၏ လက်နက်ကိုင်တပ်များက ရိုက်နှက်ဖမ်းဆီးခြင်းကို ခံခဲ့ရပြီးနောက် ကျွန်တော်သည် များပြားလှစွာသော ပြည်သူ့သားသမီးကောင်းများနှင့်အတူ ကျရောက်ခဲ့ရပေသည်။

နယ်စားကြီးမြို့တော်ရှိ နရသိန်ထောင်ကြီးအတွင်း၌ အကျဉ်းသမားအဖြစ် ကျခံနေရစဉ်ကာလအတွင်း၌ သည်မျှဆိုးဝါးရက်စက်လှသော အကျဉ်းထောင်မျိုးကို ကျွန်တော်သည် တစ်သက်နှင့်တစ်ကိုယ်တွင် တွေ့ကြုံဖူးတော့မည်ဟူ၍ မထင်မိတော့ပါ။ တကယ်ဆိုသောအခါ၌ ကျွန်တော်တို့သည် တစ်ဖက်နှင့်တစ်ဖက် ဖြစ်ပွားနေကြသော ပြည်တွင်းစစ်၌ဖမ်းဆီးရမိသည့် စစ်သုံ့ပန်းများသာဖြစ်ပေသည်။ သို့ရာတွင် စစ်သုံ့ပန်းများအား ပေးသင့်ပေးထိုက်သော အခွင့်အရေးဟူ၍ကား ထားလိုက်ပါဘိဦး၊ သာမန်အကျဉ်းသမားများခံစားရသော အခွင့်အရေးများကိုပင် ကျွန်တော်တို့ ပြည်တွင်းစစ်သုံ့ပန်းများသည် မရရှိမခံစားကြရပေ။ သူပုန်ဘက်တော်သားများဟူ၍ သီးခြားခွဲခြမ်းထားသော



www.burmeseclassic.com

www.burmeseclassic.com


မြို့တော်၏ အနောက်ဘက်မုခ်ရှိ နရသိန်ထောင်ကြီးသည်ကား အ,မင်္ဂလာတို့ဖြင့်သာ ပြည့်နှက်ပြွတ်သိပ်နေပေသည်တကားဟူ၍ ညည်းညူရမည်ကဲ့ သို့သာလျှင် ဖြစ်ပေသည်။

ထောင်အာဏာပိုင်နှင့် အာဏာပါးကွက်သားများ၏ ရိုက်နှက်ကန်ကျောက်သံများ၊ ကြာပွတ်သံနှင့် ကြိမ်လုံးသံများကို နာရီနှင့်အမျှ နားမချမ်းမြေ့ဖွယ်ရာ ကြားနေရသည်သာ ဖြစ်၏။ သူပုန်တပ်များ သိမ်းပိုက်ကာကွယ်စောင့်ရှောက်ထားခြင်းခံရသော ဒေသမှ အရွယ်ကောင်းသော ယောကျ်ားဟူသမျှကို သူပုန်ဘက်သားများဟူ၍ ၎င်းတို့ဘာသာ သတ်မှတ်ဆုံးဖြတ်ကာ ဖမ်းဆီး၍ နရသိန်ထောင်ကြီးအတွင်း၌ အမျိုးမျိုးရိုက်နှက်ညှဉ်းပန်းခြင်းများကိုလည်းပြုလေသည်။ မိမိတို့ဘာသာ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေကြသူများအားလည်း သူပုန်တို့နှင့် အဆက်အသွယ်ရှိသည်ဟု ၎င်းတို့ဘာသာစွပ်စွဲကာ သူပုန်အကြောင်းများကို သိရမည်ဟု စစ်ဆေးရာ၌ ရေကန်ထဲတွင်အသက်ထွက်လုမတတ် မွန်းနေအောင် နှစ်၍စစ်ဆေးခြင်းများမှ ထွက်ပေါ်လာသောအော်ဟစ်သံများမှာ ထောင်အပြင်ဘက်ကသာ မြင့်မားလှသော နံရံကြီးများကြောင့်မကြားနာရသော်လည်း ထောင်၏အတွင်း၌ကား၊ နားပွင့်လုမတတ် နေ့စဉ်နှင့်အမျှကြားရနာရသော အစဉ်အလာတစ်ခုပင်ဖြစ်နေရပေသည်။

ကျွန်တော်သည် နရသိန်ထောင်ကြီးအတွင်းသို့ စတင်ဝင်ရောက်လျှင် ဝင်ရောက်ရချင်းပင် ဗူးအဝင်ဝမှ ဖနောင့်စာကို စတင်၍တွေ့ရှိရပေသည်။ အတွင်းသို့ လဲကျသွားလျှင်ပင် ဟိုကကန်၊ သည်ကကန်၍ အသက်ပင်ရှု၍ မရတော့လောက်အောင် ဘေးကျပ်၊ နံကျပ်ဖြစ်သွားရ၏။ ထို့ကြောင့် သတိလစ်တော့မည်ကဲ့သို့ ရှိနေရစဉ် ခြေထောက်မှ တရွတ်တိုက်ဆွဲသွားခြင်းကို နာကျင်စွာခံစားလိုက်ရပြီးသည့်နောက်၌ ဘွမ်းခနဲ ရေကန်တစ်ခုထဲသို့ ပစ်ချလိုက်ခြင်းကို ခံလိုက်ရသည်။ ရေကန်ထဲ၌ သတိမရတစ်ချက်ရတစ်ချက်နှင့် မြုပ်ချည်ပေါ်ချည်၊ ခွေးကူး၊ ဝက်ကူးကူးနေရစဉ်မှာပင် ကန်ပေါင်ရိုး၏ လေးဖက်လေးတန်မှ ထိုးဝါးရှည်ကြီးများဖြင့် ကျွန်တော့်အား ရေထဲသို့ နှစ်နေကြ၏။ အဘယ်မှ အခံရကျပ်၍ အနေရခက်ပါမည်နည်း။

နရသိန်ထောင်ကြီးအတွင်း၌ နယ်စားကြီး၏ အကျဉ်းသမားတစ်ယောက်ဖြစ်ခဲ့ရသော ကျွန်တော်သည် အကျဉ်းသမားဘဝထက် အဆုံးစီရင်၍ အသတ်အဖြတ်ခံလိုက်ရခြင်းကပင် ခံသာသက်သာ ရှိလိမ့်ဦးမည်ဟု ထင်မြင်မိပါ၏။

(၂)

နရသိန်ထောင်၏ အကျဉ်းသမားတစ်ယောက်ဘဝ၌ အညှဉ်းပန်းအနှိပ်စက်ကိုသာလျှင် နာကျင်စူးရှစွာ ခံရသေးသည်မဟုတ်သေး။ နယ်စားကြီး၏ တောင်ယာခင်း


www.burmeseclassic.com

www.burmeseclassic.com

နှင့် အခြားလုပ်ခင်းဆောင်တာများအတွက်လည်း နေပူမိုးရွာမရှောင် လုပ်ပေးရသေးတော့၏။ ထိုကဲ့သို့ အမှုတော်အတွက် ထမ်းဆောင်လုပ်ကိုင်ရစဉ် အာဏာပါးကွက်သားများက လူသတ္တဝါအား ခိုင်းစေသလို ခိုင်းစေကြသည်မဟုတ်ဘဲ ကျွဲ၊ နွားများထက်ပင် ရက်ရက်စက်စက် ပင်ပင်ပန်းပန်းနှင့် ရိုက်နှက် ခိုင်းစေလိုက်ပါသေး၏။ ညအိပ်ချိန်မှလွဲ၍ သက်သာနားနေသော အချိန်နာရီနှင့် အသက်ရှူခွင့်သည် တစ်ကွက်တလေမှ မရှိခဲ့။

တောင်ယာပဲခင်းများ၌ လုပ်ကိုင်နေရစဉ် နေမွန်းတည့်၍ အလွန်တရာကလည်း ပင်ပန်း၊ ဆာလောင်ကလည်း ဆာလောင်လာ၍ မည်ကဲ့သို့မျှ သည်းညည်းမခံနိုင်ဘဲ အာဏာပါးကွက်သားများ လစ်လောက်ပြီအထင်နှင့် ပဲသီးအစိမ်းကိုပင် လှစ်ခနဲခိုးဖွက်စားသောက်လိုက်မိရာမှ အာဏာပါးကွက်သားက တွေ့မြင်သိရှိသွားသောအခါများ၌ ကြာပွတ်ဖြင့် အစင်းများ၊ အရှိုးအရှိုးထင်အောင် တအားတအားလွှဲကာ ရိုက်နှက်ခြင်းများကိုလည်း လူးလိမ့်ခံခဲ့ရပေသည်။ မောရ၊ ဆာရ၊ ပူရ၊ လောင်ရသည့်အထဲ၌မှာပင် လူးလိမ့်နေအောင် အရိုက်ခံရသော သတ္တဝါတစ်ကောင်၏ခံစားရချက်ကို ချင့်ချိန်စဉ်းစားတတ်ရန်အတွက် နယ်စားကြီး၏ နရသိန်ထောင် အာဏာပါးကွက်သားအတွက် ဦးနှောက်နှင့် စာနာတတ်သော နှလုံးသားသည်မရှိ။ သူတို့သည် ပဒေသရာဇ်နယ်စားကြီး၏ ကျွန်ယုံကျွန်ကောင်းများ ပီသလှစွာ ပြည်သူ့သားတော်၊ သမီးတော်များကို နှလုံးသားနှင့် ဦးနှောက်ကင်းမဲ့စွာ နှိပ်စက်ညှဉ်းပန်းနိုင်ကြလေသည်။

သည်လို အမျိုးမျိုးသော အညှဉ်းပန်းအနှိပ်စက်နှင့် အခိုင်းအစေများကို နရသိန်ထောင်ကြီး၌ အကျဉ်းသမားဘဝဖြင့် ခံစားနေရသည့် ကာလများအတွင်း၌ ကျွန်တော်၏ လောလောဆယ်ဝင်္ကြေးမှာ လွတ်ရိပ်လမ်းစကို အဘယ်ကဲ့သို့မျှ မစဉ်းစားမမျှော်လင့်နိုင်အောင်လည်းရှိခဲ့ရပေသည်။ မိမိ၏ဘဝဝင်္ကြေးသည် ဤနရသိန်ထောင်ကြီးအတွင်း၌မှာပင် ပြီးစီးရတော့မည်လားဟူ၍ ကြိမ်ဖန်များစွာ တွေးတောရင်း စိတ်အားငယ်ခြင်းများသည်လည်း ဖြစ်ခဲ့မိပေသည်။

ပြည်သူ့လက်နက်ကိုင်တပ်မတော်များက မြို့တော်ကို သိမ်းပိုက်နိုင်၍ နရသိန်ထောင်ကြီးကို ဖွင့်ပေးသော ကာလ၌သာလျှင် ကျွန်တော်၏ လွတ်မြောက်ရေးသည် အခြားအခြားသော အကျဉ်းသမားများနှင့်အတူ ရရှိနိုင်လိမ့်မည်ဟူသော မျှော်လင့်တောင့်တချက်ကလွဲလျှင် အခြားအဘယ်မျှော်လင့်ချက်သည်မှ စိတ်ကူးယဉ်လောက်စရာမရှိခဲ့။

ညှဉ်းပန်းရိုက်နှက်ခြင်းများအား နာကြည်းစွာခံရ၍ အိပ်တန်းဝင်ရသောအခါများ၌လည်းကောင်း၊ အလုပ်ပင်ပန်းလှလွန်း၍ မောပန်းရသော ကာလများ၌ လည်းကောင်း


www.burmeseclassic.com

ကျွန်တော်သည် မြို့တော်၏ အရှေ့ဘက်မုခ်ရှိ ပင်တိုင်တော်မြနန်းဦးမှ လှမ်းသူဇာကို ခပ်ရေးရေးလောက်သာ သတိရလာသလို ရှိမိပေသည်။

ပဒေသရာဇ်နယ်စား၏သမီးတော်နှင့်နရသိန်ထောင်အကျဉ်းသမားတို့အား ပေါင်းကူးဆက်စပ်ရန်မှာ အလွန်တရာ စိတ်ကူးယဉ်လှသော ဦးနှောက်ပျက်သူများ၏ အလုပ်ဖြစ်၍ ကျွန်တော်က ခပ်ရေးရေးလောက်သာ သတိရသလို ရှိလာတိုင်း ထိုစိတ်ကူးကို ဖြတ်တောက်၍ အာရုံလွှဲပြောင်းလိုက်ရပေသည်။ ထိုသို့မှ မလုပ်နိုင်ခဲ့လျှင် ကျွန်တော့်လောက် မိုက်မဲရူးသွပ်သူတစ်ယောက်သည် နရသိန်ထောင်ကြီးထဲ၌ ရှိလိမ့်မည်မဟုတ်တော့။

ကျွန်တော်၏ လောလောဆယ်ခံနေရသော အကျဉ်းသမားဘဝကို ဘယ်လိုမှလည်း သိနိုင်ရန်အကြောင်းမရှိ၍ သိသည့်တိုင်အောင် မသိသလိုသာနေလိမ့်မည် ဖြစ်သော ရန်သူ၏သမီးကို ကျွန်တော်က စိတ်ကူးမယဉ်မိပါ။

(၃)

ပဒေသရာဇ်နယ်စား၏ ပြည်သူပြည်သားတို့အား နှိပ်စက်ညှဉ်းပန်းရာ ကျွဲ၊ နွားကဲ့သို့ ခိုင်းစေရာ လောကငရဲဟု ခေါ်ဆိုအပ်လှသော နရသိန်အကျဉ်းထောင်ကြီးထဲ၌ လေးလကျော် ငါးလတာမျှ အညှဉ်းပန်းအနှိပ်စက် အမျိုးမျိုးကိုခံလာခဲ့ရရာမှ တစ်နေ့သောအခါ၌ ထူးခြားသော သတင်းတစ်ရပ်ကို ထောင်မှူး၊ ထောင်အာဏာပိုင်များနှင့် နီးစပ်သော အကျဉ်းသမားများပြောသံဆိုသံကို ကြားရခြင်းပင်ဖြစ်လေသည်။ ကျွန်တော်က ထူးခြားသော သတင်းတစ်ရပ်ဟု ခေါ်ဆိုလိုက်ရခြင်းမှာ ထူးခြားသော အကြောင်းကိစ္စကြောင့်တော့ မဟုတ်လှဘဲ ၎င်း၏ နှိပ်စက်ညှဉ်းပန်းခြင်းကို ခံနေရသော နရသိန်ထောင်တွင်းရှိ အကျဉ်းသမားများကို နယ်စားကြီးသည် ၎င်း၏ပယ်စား၊ မြို့စား၊ ရွာစားများနှင့် လာရောက်ကြည့်ရှုစစ်ဆေးတော်မူမည်ဟူသော သတင်းကြောင့်ပင် ဖြစ်လေသည်။ သည်လို နယ်စားကိုယ်တော်ကြီးကိုယ်တိုင် လာရောက် ကြည့်ရှုစစ်ဆေးမည်ဆိုခြင်းအတွက် ကျွန်တော်တို့အဖို့ကတော့ ဘာမှ ထူးခြားသော အကြောင်းကိစ္စတစ်ရပ်ဟူ၍ သဘောမထားမိ။ ထားလောက်စရာ အကြောင်းအချက်ကလည်းမရှိ။ သူ့ဘာသာ သူ ညှဉ်းပန်းဖမ်းဆီးထားသော၊ ရိုက်နှက်ခိုင်းစေထားသော သူ၏အကျဉ်းသမားများကို သူက လာရောက်စစ်ဆေးတော်မူမည်ဆိုခြင်းမှာ နွားကုန်သည်က သူ့ခြံထဲ၌ရှိသော နွားများ အဘယ်မျှကောင်း၍ အဘယ်မျှဝဖြိုးသည်၊ ရောင်းလျှင် ဘယ်လောက်ရမည်ဟူသော တွက်ကိန်းထက်ပင် များစွာနိမ့်ကျညံ့ဖျင်းသော တွက်ကိန်းဖြင့် လာရောက်ကြည့်ရှုခြင်းသာလျှင် ဖြစ်နိုင်စရာရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com


နှစ်ရှည်လများ နရသိန်ထောင်တွင်း၌ ကျရောက်နေခဲ့ရပြီးသော အကျဉ်းသမားကြီးများက ပဒေသရာဇ်နယ်စားကြီးများသည် ခြောက်လလျှင် တစ်ကြိမ်၊ တစ်နှစ်လျှင် နှစ်ကြိမ်မျှ ယခုကဲ့သို့ နရသိန်ထောင်ကြီးအတွင်းသို့ လာရောက်ကြည့်ရှုစစ်ဆေးတတ်လေ့ရှိကာ အကျဉ်းသမားများရှိကြသည့်အနက် လူတစ်ရာလျှင် နှစ်ယောက်၊ သုံးယောက်ခန့်လောက်ကိုလည်း မိမိတို့ မသိမိုက်မဲ၍ မှားမိကြောင်းကို ဝန်ချတောင်းပန်က နရသိန်ထောင်မှ သနားကရုဏာတော်ကြီးမားစွာဖြင့် လွှတ်တော်မူလေ့ရှိသောအကြောင်းများကိုလည်း ကျွန်တော်က ကြားသိမှတ်သားရပေသည်။

သည်လို ပဒေသရာဇ်နယ်စားကြီးသည် နရသိန်ထောင်ကြီးအတွင်းသို့ လာရောက်ကြည့်ရှုစစ်ဆေးမည်ဟူသော သတင်းတစ်ရပ်သည် ထောင်ထဲ၌ သတင်းထူးတစ်ရပ်ဖြစ်ကာ အကျဉ်းသမားအချင်းချင်း စိတ်ဝင်စားကြသူများက ပြောဆိုနေကြရာမှ တစ်နေ့သော နံနက်ခင်းဝယ်၊ နရသိန်ထောင်ကြီးအတွင်းသို့ ၎င်း၏ ဝန်ကြီး၊ တံတိုင်းကြီးများ၊ ပယ်စား၊ မြို့စားများအပြင်၊ ကိုယ်ရံတော်လက်နက်ကိုင်တပ်များ ခြံရံလျက် ပဒေသရာဇ်နယ်စားကြီးသည် ရုတ်တရက် နရသိန်ထောင်တွင်းသို့ ဝင်ရောက်လာလေသည်။ သည်လို နယ်စားကြီးသည် ဝန်ကြီး၊ တံတိုင်းကြီးများနှင့် ကိုယ်ရံတော်တပ်များခြံရံလျက် ဝင်ရောက်လာသောအချိန်၌ ကျွန်တော်နှင့် အကျဉ်းသမားတစ်ယောက်သည် အခြားအခြားသော အကျဉ်းသမားများနှင့် ရောထွေးမနေရဘဲ သစ်ပင်ရိပ်တစ်ခုဝယ် ကြိမ်ခြင်းကို အသီးသီးထိုးနေကြပေသည်။ ထိုသို့ ကြိမ်ခြင်းကို ထိုးနေစဉ်က ကျွန်တော်သည် အင်္ကျီမရှိဘဲ နံငယ်ပိုင်းနှင့်ဖြစ်ပါ၏။ အကျဉ်းသမားဘဝ၌ အင်္ကျီတစ်ထည်တည်းသာရရှိပေရာ ထိုတစ်ထည်တည်းသောအင်္ကျီမှာလည်း နယ်စားကြီး ထောင်တွင်းသို့ လာရောက်ကြည့်ရှုမည်ဆို၍၊ ရုတ်တရက် ဖွပ်လျှော်ထားရာမှ မခြောက်နိုင်သောကြောင့် မဝတ်ရသဖြင့် ကိုယ်ချည်းစည်းဖြစ်နေရခြင်းသာလည်းဖြစ်ပေသည်။

သည်လို နယ်စားကြီးသည် အကာအဆီးအခြံအရံများဖြင့် နရသိန်ထောင်ကြီးအတွင်း၌ ၎င်းနှိပ်စက်ဖမ်းဆီးထား၍ ညှဉ်းပန်းခိုင်းစေ ရိုက်နှက်နေသော ပြည်သူပြည်သားများကို ကြီးလှစွာသော မဟာကရုဏာတော်ဖြင့် လိုက်လံကြည့်ရှုနေစဉ် အချို့သော မြို့စား၊ ရွာစားများနှင့် မြို့စားကတော်၊ ဝန်ကတော်၊ စာရေးကတော်စသည်တို့သည် အကျဉ်းသမားများပြုလုပ်၍ ပြသထားသော အိမ်သုံးဓားကလေးများ၊ ခြင်းလုံး၊ ထိုင်ခုံ၊ သေတ္တာစသည်တို့ကို လိုက်လံကြည့်ရှုကာ သက်ဆိုင်ရာ ထောင်မှူးတော်၊ စာရေးတော်များထံမှ ဝယ်ယူလျက်လည်းရှိကြလေသည်။

ကျွန်တော်နှင့် ကြိမ်ခြင်း အတူထိုးနေရသော အကျဉ်းသမားတို့သည် ဆိုးဝါးရက်စက်လှသော နယ်စားကြီးအား ဝင်လာခါစက မြင်ဖူးသည်ရှိအောင် ကြည့်ရှုလိုင်


www.burmeseclassic.com

www.burmeseclassic.com


ကြပြီးနောက် နောက်ထပ်ဘာမှဂရုမစိုက်လှတော့ဘဲ ထိုးစရာရှိသော ကြိမ်ခြင်းကိုသာ အသီးအသီး ထိုးပြနေကြပေသည်။

သည်လို ကျွန်တော်သည် ဘေးတွင်ရှိနေသော ဘဝတူအကျဉ်းသမား အဖော် တစ်ယောက်ကိုပင် သတိမေ့ကာ မိမိ၏ ကြိမ်ခြင်းထိုးနေရသောအလုပ်ထဲတွင် စူးစိုက် စိတ်ဝင်စားစွာ ရှိနေရသည့်အခိုက် ကျွန်တော်၏ ကျောနောက်နားတွင် မိန်းမသား တန်ပေမယ့် မြင်းစီးဘောင်းဘီ မြင်းစီးဖိနပ်နှင့် သိုးဆောင်းရုပ်အင်္ကျီကို ဝတ်ဆင်၍ ကာကီဦးထုပ်ဆောင်းကာ ရပ်နေသော အမျိုးသမီးတစ်ဦးနှင့် သေနတ်ကိုင် ကိုယ်ရံတော် တပ်သားနှစ်ယောက်ကိုမှပင် မသိလိုက်။

"ကြိမ်ခြင်းကလေးက တော်တော်လှတယ်" ဟူသောအသံကို နောက်ကျောမှ ကြားလိုက်ရတော့မှ အသံမှာလည်း ကြည်လင်လှသော မိန်းမသားတစ်ဦးတစ်ယောက် ၏ အသံလည်းဖြစ်၍ ထိုအသံကိုလည်း တစ်ကြိမ်သောကာလက ကြားဖူးသလိုလို ရှိသောကြောင့် ရုတ်ခနဲလှည့်၍ ကြည့်လိုက်သောအခါ၌ ကျွန်တော်သည် မိမိ၏ မျက်စိ များကိုပင် မယုံကြည်နိုင်လောက်အောင် အံ့သြခြင်းမက အံ့သြသွားရပါ၏။

သိုးဆောင်းအမျိုးသမီးများ မြင်းစီးသောအခါ၌ ဝတ်စားသော အဝတ်အစားများ ကို ဝတ်ဆင်ထားလျက် ကျွန်တော်၏ နောက်ကျောတွင်ရပ်နေသော မြနန်းဦးစံကို အိပ်မက်မက်သလို တွေ့မြင်နေရလေသည်။

ကျွန်တော်က ရုတ်တရက် ပါးစပ်အဟောင်းသားနှင့် မျက်လုံးပြူး၊ မျက်ဆံပြူး ဖြစ်နေသောကြောင့် ထိပ်ထားက သူမ၏ နောက်ဘက် ခပ်လှမ်းလှမ်း ဘေးတစ်ဖက် တစ်ချက်၌ ပါလာသော သေနတ်ကိုင် ကိုယ်ရံတော်နှစ်ယောက်ကို မျက်ရိပ်မျက်ခြည် ဖြင့်ပြကာ ဣန္ဒြေမပျက်နေရန် သတိပေးလိုက်သဖြင့် ကျွန်တော်သည် မိမိ၏လွတ်သွား သော ဣန္ဒြေကို ကြိုးစား၍ ဆည်ယူလိုက်ရပါ၏။

လှပ်လှပ်ကလေးမှုပါးနပ်ခြင်း၊ ပိရိသေချာခြင်းရှိလှသော ပဒေသရာဇ်အလျာသည် ဟိုဟိုဒီဒီလှမ်း၍ ကြည့်လိုက်ပြီးနောက် နောက်မှ ကိုယ်ရံတော်တပ်သားနှစ်ယောက် ကို သူမထံပါးမှ ခွာသွားစေရန် လိမ္မာသော ပရိယာယ်တစ်ရပ်ကို တစ်မဟုတ်ချင်းပင် သုံးလိုက်ပေသည်။

"မဘုရား ရေငတ်တော်မူတယ်မောင်မင်းများ" ထိပ်ထားက ဒါကလေးပဲ ပါးစပ်က လှုပ်လိုက်ရုံမျှနှင့် ကိုယ်ရံတော်တပ်သားနှစ်ယောက်သည် ဦးခေါင်းကိုညွှတ်ကာ ထွက်ခွာသွားကြလေသည်။

"ဘယ်လောက်ကြာပလဲ ဒီအထဲကို ရောက်နေတာ။ လက်မောင်းရင်းက ဒဏ်ရာ ကို ခပ်လှမ်းလှမ်းက မြင်လိုက်ရကတည်းက ဟုတ်များဟုတ်မလားဆိုပြီး ထိပ်ထား လူစုခွဲပြီး လာကြည့်တာ။ လက်စသတ်တော့ မောင်ကြီးဖေယ ဖြစ်နေမှကိုး"


www.burmeseclassic.com

www.burmeseclassic.com


"မြင်တော်မူတဲ့အတိုင်း ဖေဖေယတော့ ဒီအခြေရောက်နေရပါပြီ" ကျွန်တော် ကလဲ ဘေးမှအကျဉ်းသမား အမှတ်တမဲ့ကြားသွားသည့်တိုင်အောင် မရိပ်မိစေရန် အလိုက် အလျားနှင့် ပြန်ပြောလိုက်ရလေသည်။

"ဟို မနက်လင်းအားကြီးကတော့ ဘေးကင်းရဲ့ မဟုတ်လား။ ခုဒီလို ဖြစ်ပြီး ဒီကို ရောက်နေရတာကတော့ တိုက်ပွဲမှာမိတာလား"

"မိတာပဲဆိုပါတော့ ထိပ်ထား၊ လေးလကျော်သွားပြီ"

"ထွက်ဖို့များ ကြံနေသလား၊ အလားအလာကကော"

"ထွက်ဖို့ကတော့ မသေမချင်းကြံမှာပဲ။ အလားအလာရှိရှိ၊ မရှိရှိပေါ့။ ငှက်တောင် ပျံရင်းသေကြတာပဲ မဟုတ်လား ထိပ်ထားရဲ့"

"ကြံရည်နဲ့ အခွင့်အလမ်းကလည်း လိုလိမ့်ဦးမယ်ထင်တယ်။ ကောင်းကင်က ကြယ်ဆွတ်ဖို့ဆိုတာက လက်ချောင်းအောင် စပ်ထားတာလို့ ထင်တာပဲ"

ကျွန်တော်က အနိုင်ဘက်မှ အကာအကွယ်များ အထပ်ထပ်နှင့် ပြောအားရှိ၍ ပြောနိုင်တိုင်း ပြောနေသော ပဒေသရာဇ်အလျာကို ဘာများ ပြန်၍ပြောရပါဦးမည်လဲ။ သည်လို ဂရုတစိုက်လာရောက် မေးမြန်း၍ အသိအမှတ်ပြုခြင်းကပင်လျှင် သည်ရန်သူ့ သမီးထံမှ အမျှော်လင့်နိုင်ဆုံးသော အရာဝတ္ထုပင်မဟုတ်ပါသလော။ သည်အခိုက်မှာပင် ရေကြည်တော်သွားရောက် ယူငင်ခဲ့ကြသော ကိုယ်ရံတော် တပ်သားနှစ်ယောက်သည် မလှမ်းမကမ်းသို့ ရောက်လာနေလေပြီ။

"အကြံတော့ မလျှော့နဲ့ ဦးပေါ့လေ သူပုန်တပ်သားကြီးရဲ့။ ခင်ဦးကလည်း အခွင့် အလမ်းကလေးများ ကြံဖန်လို့ရရင်တော့ ကူညီပါဦးမယ် ဟုတ်လား။ မမေ့နဲ့နော် ဒါပဲ"

သည့်နောက်၌ ကျွန်တော်သည် ထွက်ခွာသွားသော လှမိုးသူဇာအား နောက်ပိုင်းမှ ငေးမောကြည့်ရှုရင်း ရင်ထဲ၌ လှုပ်လှုပ်ရှားရှားဖြစ်စကာ ကျန်ရစ်ခဲ့ရပါ၏။ တွေ့ကြုံဆုံကြ၍ ပြောဆိုကြခြင်းမှာ တကယ်ပင်ဖြစ်သော်လည်း တကယ်တွေ့ဆုံကြရမည်မထင်ဘဲ အိပ်မက်လို စိတ်ကူးလို ဖြစ်နေပေသည်။

နရသိန်ထောင်ကြီးအတွင်းမှ နယ်စားကြီးနှင့်တကွ ထိပ်ထားခင်ဦးတို့ ပြန်သွား ကြပြီးသည့်နောက်၌ ကျွန်တော်သည် အခြားမည်သည့် အကြောင်းအရာကိုမျှ သတိ မရမိဘဲ ထိပ်ထားခင်ဦးနှင့်တွေ့ခဲ့ရ၍ ပြောခဲ့သောစကားကလေးများကို ပြန်လည် ကြားယောင်နေ၏။ အပြန်ပြန်အလှန်လှန် စဉ်းစားနေမိ၏။

ရန်သူ၏သမီးက တိုက်ပွဲတွင်ထိမှန်၍ဒဏ်ရာရရှိသော သူပုန်တပ်သားတစ်ယောက် အား ရုတ်တရက်တွေ့ရမြင်ရ၍ လူလူချင်းကြင်နာတတ်သောစိတ်ဖြင့် ကာကွယ်စောင့် ရှောက်၍ ဆေးဝါးများထည့်ပေးကာ လွတ်ရာကင်းရာသို့ လွှတ်ပေးလိုက်ခြင်းအတွက်


www.burmeseclassic.com

ဖြစ်နိုင်စရာ ရှိနိုင်ကောင်းရှိသေး၍ ယခုကဲ့သို့ ဖမ်းဆီးရမိ၍ နရသိန်ထောင်ကြီးအတွင်း၌ အကျဉ်းခံနေရသော ရန်သူ့တပ်သား သုံ့ပန်းတစ်ဦးတစ်ယောက်အား ထောင်ထဲမှ လွတ်မြောက်ရေးအတွက် အကြံမလျှော့ဖို့နှင့်ခင်ဦးကလည်း အခွင့်အလမ်းများ ကြုံဖန်၍ ရလျှင် ကူညီပါဦးမည်ဟု ပြောဆိုသွားခဲ့ခြင်းမှာ မည်သို့များ ဖြစ်နိုင်ကောင်းရဦးမည်လဲ။

သို့ရာတွင် ပဒေသရာဇ်နယ်စားကြီး၏ သမီးတော်ကလေး ခင်ခင်ဦးကမူ နရသိန် ထောင်မှ အကျဉ်းသမားကြီးဖေယအား သည်အတိုင်းပင် ခပ်တိုးတိုးပင်မှာကြား၍ ပြောဆို အားပေးသွားခဲ့သည်ကိုကား ကျွန်တော်က ကောင်းစွာကြားနာခဲ့ရကာသတိရ မှတ်မိနေ မိပါ၏။

(၄)

နရသိန်ထောင်ကြီးအတွင်းသို့ ၎င်း၏အညှဉ်းဆဲ၊ အနှိပ်စက်ခံ ပြည်သူ့သား ကောင်းရတနာများအား သနားခြင်း၊ ကရုဏာတော်မပဟာဖြင့် စိပ်ပုတီးလည်ပင်းဆွဲကာ လာရောက် ကြည့်ရှုစစ်ဆေးသွားခဲ့သော ပဒေသရာဇ်နယ်စားကြီးနှင့်အပေါင်းပါ ဝန်ကြီး တံတိုင်းကြီးများအပြင် ပင်တိုင်တော်မြနန်းဦးစံတို့ပြန်ခဲ့ကြသော ညမှစ၍ ကျွန်တော် သည် ညစဉ်ညတိုင်း အိပ်၍မပျော်နိုင်ပါ။ အမှန်ကမူ အိပ်၍မရခြင်းသာ ဖြစ်ပေသည်။ နေ့လယ်၊ နေ့ခင်းများ၌ အော်သံ၊ ဟစ်သံ၊ ညည်းညူ ငိုယိုသံများဖြင့် နားမချမ်းမြေ့ စရာများကို ကြားနာရလျက် အလုပ်နှင့်လက်သည်လည်း ပြတ်သည်မရှိလှအောင် ပင်ပင်ပန်းပန်း လုပ်ကိုင်နေရသောကြောင့် တောင်တောင်မြောက်မြောက်တို့သို့ စိတ်သည် ပျံ့လွင့်စရာ မရှိနိုင်ခဲ့သော်လည်း နေဝင်၍ လုပ်ခွင်ဖြုတ်ကာ ညစာစား သောက်ရပြီး နောက် အိပ်တန်းသို့ ရောက်သည့်အခါ၌မူကား ရန်သူ၏သမီးဖြစ်သော လှမိုးသူဇာက ၎င်းတို့၏ အကျဉ်းထောင်ထဲ၌ လောကငရဲကိုခံနေရသော စစ်သုံ့ပန်းတစ်ဦးတစ်ယောက် အား လာရောက်နှစ်သိမ့်သွားစေခဲ့သော စကားကလေးများကို ကျွန်တော်သည် အထပ် ထပ်အပြန်ပြန် အနှလုံး၊ ပဋိလုံ စဉ်းစားရင်း ငြိမ်သက်ခြင်းကို မရရှိနိုင်အောင် ဖြစ်နေမိပေ သည်။

သူ့စစ်သုံ့ပန်း အကျဉ်းသမားဘဝ၌ ခင်ဦးက လာရောက်တွေ့ဆုံ၍ ပြန်သွား သော ညကမူကား ကျွန်တော်သည် မိုးစင်စင်လင်းသည်အထိ တစ်မှေးမျှ မမှိတ်ခဲ့နိုင်ပါ။ ထိုတစ်ညလုံး၌ လှမိုးသူဇာသည် ကျွန်တော့်အား အိပ်စက်ခြင်းငှာ မဖြစ်တော့လောက် အောင်ပင် ဖမ်းဆီးဆွဲကိုင်ကာ ဝေ့ယမ်းနေပါ၏။ လှုပ်ကစားနေပါ၏။ ရင်ထဲ၌လည်း တလှုပ်လှုပ်ဖြစ်အောင် လုပ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် သူပုန်တပ်သားကြီးတစ်ယောက် ဖြစ်လာခဲ့ရသည့် ဘဝ၌ ရန်သူ့သမီး၏စကားကို အဘယ်ကဲ့သို့များ လွယ်လင့်တကူ လက်ခံယုံကြည်နိုင်ပါမည်လဲ။ အဘယ်ကဲ့သို့သော ယုတ္တိဖြင့် လက်ခံယုံစားရပါမည်လဲ။ သို့ရာတွင် ထူးခြားသည်ကတော့ အမှန်ပင်ဖြစ်လေသည်။ တစ်ကြိမ်တစ်ခါမျှသာ တွေ့မြင်ခဲ့ဖူးသော လူတစ်ဦးတစ်ယောက်အား သည်မျှအမှတ်အသား ကောင်းလှစွာနှင့် ချဉ်းကပ်ပုံမှာ အံ့သြစရာပင်ဖြစ်လေသည်။ သို့ရာတွင် လျှို့ဝှက်ဆန်းကြယ်စွာ ကျွန်တော်ကဲ့သို့သော ရန်သူ့တပ်သားတစ်ဦးတစ်ယောက်အား ဆက်ဆံနေသော ပဒေသရာဇ်အလျာအား အံ့သြနေခြင်းဖြင့် ကိစ္စတို့သည် ပြီးလိမ့်မည်လဲ မဟုတ်သေး။ ကိစ္စတို့သည်ကား များပြားကျယ်ဝန်းစွာပင် ရှိနေကြသေးသည်။

တကယ်ဆိုသောအခါ၌ လေးဖက်လေးတန်များ၌ မြင့်မားခိုင်ခံ့သော အုတ်နံရံကြီးများဖြင့် ပိတ်လှောင်ကာဆီး၍ အစောင့်အကြပ်များ အထပ်ထပ်အလီလီပင် ဝိုင်းရံထားသော သည်နရသိန်ထောင်ကြီး၏ အတွင်းမှ ကျွန်တော်၏ လွတ်မြောက်ရေးကို သူမ တတ်စွမ်းနိုင်သလောက် ကြံဖန်ကူညီပါမည်ဟု ပြောဆိုသွားခဲ့သော မြနန်းဦးသခင်မကလေးအား မည်ကဲ့သို့ ထင်စားနိုင်ရပါမည်လဲ။ သေးငယ်လွယ်ကူသော အလုပ်ကားမဟုတ်။

တစ်ကြိမ်သောအခါကာလက ကျွန်တော့်အား ရန်သူတို့လက်ဝယ် ခွေးသေ၊ ဝက်သေ သေရလုဆဲဆဲမှ ကာကွယ်စောင့်ရှောက်၍ လွတ်မြောက်စေခဲ့သော ကယ်တင်ရှင်မအား ကျွန်တော်သည် သံသယဖြစ်နေစရာတော့ကားမရှိပေ။ ကျွန်တော်ကဲ့သို့ ရန်သူ့တပ်သားအပေါ်ဝယ် မိမိတို့ အမျိုးသားအချင်းချင်းဟူသော မျိုးချစ်စိတ်ကို ထားရှိနိုင်ခဲ့သော ဗမာ့သမီးကောင်း တစ်ဦးတစ်ယောက်အား ကျွန်တော်သည် အထင်မသေးပါ။ မှားလည်းမမှားပါ။ သို့ရာတွင် လျှို့ဝှက်ဆန်းကြယ်လှသည်ဟူ၍တော့ တစ်ခါတစ်ရံထင်မှတ်မိပေသည်။ တိတိကျကျနားလည်နိုင်ရန် ခက်ခဲသည်ဟုလည်း မှတ်ထင်မိသည်။

ယခုတစ်ဖန် လှမိုးသူဇာသည် ကျွန်တော်၏ လွတ်မြောက်ရေးအတွက် တတ်နိုင်သရွေ့တော့ ကြံဖန်ကူညီပါဦးမည်ဟု မထင်မမှတ်ဘဲ တွေ့ဆုံရကာ မယုံကြည်မမျှော်လင့်နိုင်သော စကားကိုလည်း ပြောဆိုသွားခဲ့ပေသည်။ နားရှိ၍သာလျှင် ကြားလိုက်ရသည်။ တကယ်ဆိုသောအခါ ယုံကြည်ဖွယ်ရာပင် မဟုတ်နိုင်လောက်သော ဆန်းကြယ်လျှို့ဝှက်သည့် စကားများပါ။

နရသိန်ထောင်ကြီး၏ အတွင်းမှ လွတ်မြောက်ရေးမှာ ရန်သူအား ခြွင်းချက်မရှိ ဒူးထောက်အညံ့ခံ၊ အရှုံးပေးခြင်းမှလွဲ၍ အခြားနည်းလမ်းသည် မစဉ်းစား မကြံဆနိုင်


www.burmeseclassic.com

www.burmeseclassic.com


လောက်သော စွန့်စားရခြင်းဖြစ်၍ ခက်ခဲလှမည့် အလုပ်ကြီးတစ်ခုသာ ဖြစ်လိမ့်မည်။ အချို့သော နှစ်ရှည်အကျဉ်းသမားကြီးများထံမှ နရသိန်ထောင်ကြီးအတွင်းမှ ဖောက်ထွင်းထွက်ပြေးရန် ကြံစည်ချက်မှာ သေမင်းနှင့်စာချုပ်ချုပ်ဆိုသော အလုပ်ဟူ၍ပင် ပြောသံဆိုသံများကို ကြားလိုက်ရဖူးလေသည်။ တစ်ကြိမ်သောကာလက ဖောက်ထွင်းထွက်ပြေးသူများသည် ဥမင်ကိုဖောက်၍ ထောင့်အပြင်ဘက်သို့ ရောက်ပြီးခါမှ အပြင်ကကင်းများ၏ လက်ချက်ဖြင့် အရိုးတခြား အသားတခြား ဖြစ်ခဲ့ရပြီးသည့်နောက်၌ နရသိန်ထောင်ကြီးအတွင်းမှ ဖောက်ထွင်း၍ ထွက်ပြေးလွတ်မြောက်ရေးမှာ မည်သည့်အကျဉ်းသမားတစ်ဦးတစ်ယောက်မျှ မကြံစည်ဝံ့တော့သော အလုပ်တစ်ခုကဲ့သို့လည်း ဖြစ်နေခဲ့ရပေသည်။

သည်လို ကျွန်တော်နားလည်၍ အကျဉ်းကျခံနေရသော နရသိန်ထောင်ကြီးအတွင်းမှ ပြည်သူ့လက်နက်ကိုင် တပ်မတော်သားများ၏ ကယ်တင်ခြင်းမှလွဲ၍ အခြားအခြားသော လွတ်မြောက်ရေးမှာ လုံးဝမျက်ခြည်ပြတ်ကာ မျှော်လင့်ချက် ကုန်ဆုံးနေရသော အချိန်အခါ၌ ကျွန်တော်အား လွတ်မြောက်ရေး ရောင်ခြည်မျှင်ကို နှစ်သိမ့်အားပေးကာ ကြံဖန်ကြိုးစားပေးပါမည်ဟု ပြောဆိုသွားခဲ့သော ကယ်တင်ရှင်မအား အဘယ်ကဲ့သို့များ နားလည်ရပါမည်နည်း။

ထိုသို့ ကယ်တင်ရှင်မ၏ ချိုမြိန်နှစ်သိမ့်ဖွယ်ရာ အားပေးစကားကလေးများကို ကြားလာခဲ့ရပြီးသည့်နောက်ပိုင်း၌ ကုန်ဆုံးနေခဲ့ရသော ကျွန်တော့်အတွက် မျှော်လင့်ခြင်းသည် ပြန်လည် ပေါ်ပေါက်လာပြန်ကာ နေ့ရက်နှင့်နာရီတို့ကို လက်ချိုးရေတွက်ရင်း ညစဉ်ညတိုင်း အိပ်မပျော်နိုင်အောင် ရှိနေခဲ့ရလေသည်။

သို့နှင့်ရက်တို့သည် တဖြည်းဖြည်းကုန်ဆုံးကာ သီတင်းတို့သည်လည်း ချုပ်ကွယ်လျက် လပိုင်းသို့ ဝင်ရောက်လာခဲ့သည့်တိုင်အောင် ထူးခြားလှုပ်ရှားလာခြင်း၏ အရိပ်၊ နိမိတ်များကို ဘာတစ်ခုမျှ အစွန်းအစကလေးလောက်မှ မတွေ့ရ၊ မမြင်ရသောအခါ၌ ကျွန်တော်သည် လှမိုးသူဇာအပေါ်၌ သံသယများ ဝင်ရောက်လာခြင်း မဖြစ်မိသည့်တိုင်အောင် မိမိကိုယ်ကိုတော့မူ ကိုယ်လိုရာကိုယ်ဆွဲ၍ စိတ်ကူးယဉ်နေသော ကလေးသူငယ်၏ အဘိမ္မောဖြင့် တွေဝေမိန်းမောနေသလောဟု စူးစမ်းဆင်ခြင်စပြုလာမိပေသည်။

သည်လိုနှင့် တစ်လကုန်၍ နောက်တစ်လဆန်းခဲ့သည့်တိုင်အောင်လည်း မည်ကဲ့သို့မျှ လှုပ်ရှား ထူးခြားလာခြင်းများကို မတွေ့ရှိရသောအခါ၌မူကား ကျွန်တော်သည် စောစောက ထားရှိခဲ့သော ထင်စားချက်ကို လျှော့ပေါ့ကာ ကျရောက်နေရသော ဘဝ၌ ဖြစ်သလိုနေခဲ့ရပေသည်။ သို့နှင့်သုံးလကျော်၍ ယခင်က ထင်စားချက်သည် လုံးလုံး


www.burmeseclassic.com

www.burmeseclassic.com


လျှားလျှားပင် ပျောက်ကွယ်သလောက်ရှိနေခဲ့ရာမှ တစ်ညသည်၌ ကျွန်တော်၏အိပ်ခန်း၌ မှောင်ကြီးမည်းမည်းတွင် ဘယ်သူ၊ ဘယ်ဝါမှန်းမသိရသူက ကျွန်တော့်အား လက်ကုတ်၍ စာရွက်ခေါက်ကလေးတစ်ခုကို လက်ထဲသို့ ထည့်ပေးခဲ့သဖြင့် ကျွန်တော်သည် အဘယ်ကဲ့သို့မျှ ဆက်စပ်နားမလည်နိုင်သော်လည်း ထူးခြားသလိုရှိ၍ နံနက်လင်းတော့မှ ကြည့်ရှုတော့အံ့ဟု သဘောထားကာ သိမ်းဆည်းယူငင်ထား လိုက်ခဲ့မိပေသည်။ သို့နှင့် နောက်တစ်နေ့ မိုးသောက်၍ အလင်းရောင်ယှက်သန်းကာ လင်းအရုဏ်ဦး၌ ကျွန်တော်သည် ညက ထူးဆန်းစွာရရှိခဲ့သော စာရွက်ခေါက်ကလေးကို လူသူရှင်းသော ချောင်တစ်ခုသို့ သွားရောက်၍ဖြေကာ ဖတ်ရှုကြည့်မိပေသည်။

စာမှာ ယောကျ်ားလက်ရေးဖြစ်၍ တိုတိုတုတ်တုတ်နှင့် လိုရင်းကို ရေးသားထားပေသည်။

'သင့်အား ယနေ့ နံနက် မြောက်ဘက်မုခ် ဥယျာဉ်တော်တွင် အလုပ်ဆင်းခိုင်းကာ ဥယျာဉ်၏အရှေ့ဘက်တံခါးမှ လူလစ်လျှင်လစ်ချင်း အပေါ့သွားသလို ထွက်လာခဲ့ပါ။ သင့်အား ကူညီစောင့်ရှောက်မည့် လူတစ်ယောက်သည် နွားပြာညို နှစ်ကောင်ကသော လှည်းယဉ်ကလေးဖြင့် စောင့်နေသည်ကိုတွေ့ရလိမ့်မည်။ လှည်းယဉ် ပေါ်သို့တက်၍ အသင့်ထားရှိသော အင်္ကျီ၊ လုံချည်များကိုလဲပါ။ လှည်းယဉ်သည် သင့်အား သင်၏ ခင်ပွန်းကောင်းများရှိရာသို့ ပို့ဆောင်ပေးလိမ့်မည်။ မပေါ့ပါနှင့်။ ဤစာလွှာကိုလည်း ဖတ်ရှု၍ပြီးလျှင် အမြန်ဆုံးဖျက်ဆီးလိုက်ပါလေ'

စာလွှာ၌ နာမည်မပါ။ ထူးခြားနေ၏။ သို့ရာတွင် သင်၏ခင်ပွန်းကောင်းများရှိရာသို့ ရောက်ရှိရန် အခွင့်အလမ်း၏လမ်းစကိုကား စာလွှာ၌ ဖော်ပြထားခြင်းကို ကျွန်တော်က ရုတ်တရက် မထင်မှတ်ဘဲနှင့် တွေ့ရှိလိုက်ရသောကြောင့် ပထမသော် သံသယဖြစ်နေမိသည်။ သင်မသိသော လူတစ်ယောက်ထံမှ စာလွှာ၏ခိုင်းစေညွှန်ကြားချက်ကို ကျွန်တော်သည် ဘယ်ကဲ့သို့ မစဉ်းမစားဘဲ လက်ခံ၍ ယုံကြည်နိုင်ပါမည်လဲ။ သို့ရာတွင် စာလွှာကို ကြာရှည်ဆုပ်ကိုင်ထား၍ မဖြစ်သေး။ ဟုတ်သည် မဟုတ်သည်က အပထားဦး။ ဘေးရန်ကများလှပေသည်။ ထို့ကြောင့် စာလွှာကို အကောင်းဆုံး ဖျောက်ဖျက်နည်းဖြစ်သော ပါးစပ်ထဲသို့ သွင်းကာ ဝါး၍မျိုချလိုက်ရပေသည်။ သည်လို ဝါးမျိုချပြီး၍ စာပါအကြောင်းအရာများကို တွေးရင်းငိုင်၍ ရပ်နေမိသည့်အခိုက် ကျွန်တော်နေထိုင်ရသော အိပ်တန်းမှ အာဏာပါးကွက်သားတစ်ယောက်သည် ကျွန်တော့်ဆီသို့ လျှောက်လာကာ မြောက်ဘက်မုခ်ဥယျာဉ်တော်တွင် အလုပ်ဆင်းရမည်ဖြစ်၍ အသင့်ရှိရန် ပြောကြား ထွက်ခွာသွားသောအခါ၌ ကျွန်တော်သည် ရင်ထဲ၌ လှုပ်ရှားသွားမိပေသည်။ စာလွှာ၌ စောစောက ဖတ်လိုက်ရသော ပထမအချက်သည် မှန်ကန်နေပြီဖြစ်


www.burmeseclassic.com

ကြောင်းကိုကား သိရလေပြီဖြစ်၍ ကျန်သော အချက်အလက်များကို အပြန်ပြန် အလှန်လှန်စဉ်းစားရင်းနှင့် အချိန်စေ့သဖြင့် နရသိန်ထောင်ကြီးအတွင်းမှာ အခြား ဘဝတူအကျဉ်းသမား ၁၅ယောက်ခန့်နှင့်အတူ အာဏာပါး ကွက်သား ၅ ယောက် ခြံရုံလျက်ထွက်လာခဲ့ရပြီးနောက် မြောက်ဘက်မုခ်ရှိဥယျာဉ်တော်သို့ လိုက်ပါသွားခဲ့ရလေသည်။

ဥယျာဉ်တော်၌ စိုက်ပျိုးထားသော ပန်းပင်များကို မြေဩဇာများ ထည့်ပေးသော အလုပ်ကို လုပ်နေရရင်း ကျွန်တော်သည် အာဏာပါးကွက်သားများ၏ အရိပ်အကဲကို ကြည့်ရင်း များစွာမကွာလှမ်းလှသော အရှေ့ဘက်တံခါးကို မကြာခဏ ကြည့်နေမိ၏။ သည်အချိန်သို့တိုင်အောင်လည်း ကျွန်တော်သည် စာလွှာ၌ပါရှိသော အကြောင်းအချက်များကို စိတ်မချတစ်ဝက် ချတစ်ဝက်နှင့် ချီတုံချတုံဖြစ်နေပါ၏။ သို့ရာတွင် သည်မျှလောက် သေချာလှသော ညွှန်ကြားချက်နှင့် လွတ်မြောက်ရေးလမ်းစကို ရရှိနေပြီးကာမှ ချီတုံချတုံဖြစ်နေသေးမည်ဆိုပါက နရသိန်ထောင်ကြီးအတွင်း၌ အဘယ်သို့သော ကာလတိုင်အောင် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ခိုင်းစေခြင်းများကို ခံနေရဦးမည်နည်း။

အာဏာပါးကွက်သားများ ခပ်လှမ်းလှမ်းတွင်ရှိနေသည့်အခိုက် ကျွန်တော်သည် အပေါ့အလေးသွားမည့် ဟန်အမူအရာ၌ ဗိုက်ကိုနှိပ်ရင်း အရှေ့ဘက်တံခါးပေါက်ဆီသို့ ခပ်တည်တည်လျှောက်သွား၍ အပြင်ဘက်သို့ ထွက်လာခဲ့လေသည်။ သည်အထိတော့ အာဏာပါးကွက်သားများသည် မရိပ်မိကြသေး။ ဥယျာဉ်တော် အပြင်ဘက်ရောက်လျှင်ပင် မလှမ်းမကမ်းရှိ ကုက္ကိုပင်ရိပ်၌ အသင့်ရပ်စောင့်နေသော နွားပြာညိုတစ်ရှဉ်းကထားသော လှည်းယဉ်ကလေးကို တွေ့မြင်လိုက်ရသောအခါ၌ကား ကျွန်တော်သည် သံသယကင်းစင်သွားကာ ထိုလှည်းယဉ်ကလေးဆီသို့ ကဆုန်ချပြေးလွှား၍ သွားပြီးလျှင် လှည်းပေါ်သို့တက်ကာ အသင့်ထားရှိသော ပုဆိုးနှင့်အင်္ကျီကို ယူဝတ်လိုက်စဉ်မှာပင် လှည်းသမားသည် ကြိမ်ဖြင့်နွားကိုတို့ကာ အပြေးအလွှားမောင်းနှင်ဒုန်းစိုင်းသွားပေတော့သတည်း။

(၅)

လှည်းယဉ်သည် ဟိုဖြတ်၊ သည်ကွေ့နှင့် ထမင်းတစ်အိုးချက်ခန့် မောင်းမိလျှင်ပင် မြို့၏အစွန်အဖျားတွင် ဆောက်လုပ်ထားသော ဘုန်းကြီးကျောင်းတစ်ကျောင်း၏ ကျယ်ဝန်းတိတ်ဆိတ်လှသော ကျောင်းပရိဝုဏ်အတွင်းသို့ ရောက်ရှိကာ ရပ်နားလိုက်ပေသည်။ တစ်လမ်းလုံး စကားမပြောဘဲ လှည်းကိုသာ ဒုန်းမောင်းချလာသော လှည်းသမားက "ဆင်းတော့လေကိုရင် စိုးရိမ်စရာ မရှိတော့ပါဘူး" ဟု စတင်၍ စကားပြောလာပေသည်။ ထို့ကြောင့် ဘုမသိ၊ ဘမသိနှင့် ကျွန်တော်က လှည်းပေါ်မှ လွှားခနဲခုန်၍ဆင်းလိုက်ပြီးနောက် တိတ်ဆိတ်ငြိမ်သက်လှသော ပတ်ဝန်းကျင်ကို အကဲခတ်သလို



www.burmeseclassic.com

www.burmeseclassic.com


လှည့်လည်ကြည့်ရှုနေသည့်အခိုက် လှည်းသမားသည် နွားများကို ဖြုတ်ကာ ခပ်လှမ်းလှမ်းတွင်ရှိသော ကောက်ရိုးပုံသို့ ဆွဲခေါ်သွားနေပေသည်။

ကျွန်တော်သည် အဘယ်ကဲ့သို့မျှ ဆက်စပ်၍နားလည်ခြင်းငှာ မရနိုင်လောက်အောင်အံ့ဩနေပေသည်။ အဘယ်ကဲ့သို့သော ကျွန်တော် မသိရသေးသည့် ခင်ပွန်းကောင်းတစ်ယောက်သည် ကျွန်တော့်အား နရသိန်ထောင်ကြီးအတွင်းမှ လွတ်မြောက်လာစေခဲ့ပြီးနောက် သည်နေရာဒေသသို့ ခေါ်ဆောင်လာခဲ့ရပေသနည်း။ သူသည် ဘယ်သူဘယ်ဝါဖြစ်ပါမည်လဲ။ သူသည် အဘယ်စေတနာ၊အဘယ်ရည်ရွယ်ချက်များဖြင့် ကျွန်တော့်အားကူညီကာ သည်ဘုန်းကြီးကျောင်း၏ ပရိဝုဏ်အတွင်းသို့ အိပ်မက်မက်သလို ခေါ်ဆောင်လာရပါသနည်း။

နရသိန်ထောင်မှ လွတ်မြောက်ခဲ့ရပြီးဖြစ်သော်လည်း ကျွန်တော်သည် ကြောင်၍ရပ်နေရာမှ အကြောင်းအရာပေါင်း မြောက်မြားစွာကို တစ်ချိန်တည်းမှာပင် တစ်ပြိုင်နက်တွေးတောရင်း ငိုင်နေမိလေသည်။ ကျွန်တော်သည် အချိန်အနည်းငယ်အတွင်းက မိမိပြုလုပ်ခဲ့သော အလုပ်ကိုပင် မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိပြန်၏။ ကျွန်တော်သည် နရသိန်ထောင်ကြီးမှ လွတ်မြောက်လာခဲ့ရခြင်းမှာ သည်မျှလွယ်ကူချောမောလိမ့်မည်ဟူ၍ ဘယ်အခါကမျှ မထင်မှတ်ခဲ့ဘဲ ယခုကဲ့သို့ လွယ်လင့်တကူနှင့် ချောချောမောမော လွတ်လပ်ရခြင်းမှာ လျှို့ဝှက်ဆန်းကြယ်သလိုလည်း အောက်မေ့ စဉ်းစားနေမိလေသည်။

သည်အခိုက်မှာပင် ကပ္ပိယကြီးတစ်ယောက်နှင့် ကျောင်းသားကလေး နှစ်ဦးတို့သည် ကျွန်တော့်အား ကွမ်းသီးပင်၊ ကံ့ကော်ပင်နှင့် မရန်းပင်များဖြင့် အုပ်ဆိုင်းထားသော ဆွမ်းစားကျောင်းကလေးအတွင်းသို့ လာရောက်ခေါ်ငင်သွားကြရာမှ ဆွမ်းစားကျောင်း အပေါ်ထပ်သို့ မယောင်မလည်နှင့် ဟိုကြည့်ဒီကြည့်ကြည့်ရင်း လိုက်ပါသွားခဲ့ရပေသည်။ ဆွမ်းစားကျောင်း အပေါ်ထပ်၌ကား သက်တော်(၅၀)ခန့်ရှိ ခံ့ညားကာ ကျက်သရေ ရှိလှသော ကျောင်းထိုင်ဆရာတော်သည် ဆွမ်းဘုဉ်းပေးနေရာမှ ကျွန်တော့်အား ကြည့်သည်ဆိုရုံမျှ မျက်လွှာပင့်ကာ ကြည့်လိုက်ပြီးနောက် "ချောချောမောမော ရောက်လာတာကောင်းပါ့ကွယ်၊ အနန္တငါးပါးဂုဏ်ကျေးဇူးလို့ အောက်မေ့ရမှာပေါ့"ဟုပြောဆိုနေစဉ် ကျွန်တော်သည်လည်း ဗုဒ္ဓဘာသာ သားမြေးဖြစ်၍ ဦးချနေလိုက်ရပေသည်။

"နာမည်က ဘာတဲ့ကွဲ့"ဆရာတော်သည် ကျွန်တော့်အား မကြည့်ဘဲ ရုတ်ခနဲမေးလိုက်သောကြောင့် "တင်ပါ ဖေယပါတဲ့ဘုရား"ဟု ပြန်၍ လျှောက်ထားလိုက်တော့မှ "နာမည်ကလည်းကောင်းတဲ့ အတိတ်နိမိတ်နဲ့ ယောကျ်ားပဲကွာ။ ကဲ ကဲ ရေမိုးပါချိုး၊ ထမင်းပါစားပြီး တုံးလုံးပက်လက် လှဲနေချင်ရင်နေဦးပေါ့"ဟု ကျွန်တော့်အား


www.burmeseclassic.com

www.burmeseclassic.com



ညွှန်ကြားပြောကြားနေရာမှ "ဟဲ့–ကပ္ပိယ၊ အာဂန္တု မောင်ဇေယကို ရေမိုးချိုးဖို့ လိုက်ပြလိုက်ကြ။ နောက် ဟိုဒကာကြီး တစ်မြန်နေ့ကပို့ထားခဲ့တဲ့ ပုဆိုးတွေ၊ အင်္ကျီတွေ ငါ့ကျက်သရေခန်း ယွန်းသေတ္တာထဲက ထုတ်ပေးလိုက်ကြစမ်းကွာ"ဟု ကပ္ပိယကြီးအား အမိန့်ရှိနေလိုက်သောကြောင့် ကျွန်တော်သည်လည်း ပြန်လည်၍ ဦးချကာ ကပ္ပိယကြီးနှင့်အတူ ဆွမ်းစားကျောင်းတိုက်ပေါ်မှ ဆင်းလာခဲ့ရပေသည်။

ကျွန်တော်သည် ရေတွင်းမှရေကိုခပ်ယူကာ ရေမိုးချိုးနေစဉ် မည်ကဲ့သို့မျှ ကျွန်တော် မသိရသော အလုပ်တစ်ခု၌ ထူးခြားစွာ ပါဝင်စွက်ဖက်စားနေရသော ကျွန်တော်၏ အဖြစ်အပျက်များကို ကျွန်တော်သည် အမြီးပြန်၊ ခေါင်းပြန် ဆက်စပ် ကြည့်မိပြန်၏။ သို့ရာတွင် ဘယ်က အမြီး၊ ဘယ်ကခေါင်းဆိုသည်ကိုမှ မသိနိုင်ခဲ့သော ကျွန်တော်သည် အဘယ်သို့များ အကောင်အထည်ဖော်၍ ရနိုင်စရာ ရှိပါမည်နည်း။ လျှို့ဝှက်ဆန်းကြယ်ခြင်းများသည် တစ်ခုပြီး နောက်တစ်ခု ဆက်စပ်ပေါ်ပေါက်၍နေသည်နှင့်သာ တူနေပေသည်။

သည်လို ရေမိုးချိုးနေသည့်အခိုက် ဣန္ဒြေရလှသော ကပ္ပိယကြီးသည် ပိုးသားပုဆိုးကောင်းနှင့် အင်္ကျီကောင်းများကို ကျွန်တော့်ဆီသို့ ယူလာကာ "ပြီးတော့ သည်ပုဆိုးအင်္ကျီတွေလဲတာပေ့ါ မောင်ရင်" ဟု ပြောကြားထားပစ်ခဲ့ပြီးနောက် ပြန်၍ ထွက်သွားရာမှ ခပ်လှမ်းလှမ်းသို့ရောက်ခါမှ တစ်စုံတစ်ခုကို သတိရသကဲ့သို့ ပြန်လှည့်၍ ကြည့်ကာ "အဝတ်ပါလဲပြီးရင် ထမင်းစားရမယ် မောင်ရင်၊ ကျုပ် ကျောင်းသားကလေးတစ်ယောက်ကို အကြို့လွှတ်လိုက်မယ်။ တစ်ခါတည်းသာ လိုက်ခဲ့တာ ပေ့ါ"ဟု ထပ်မံပြောကြားပြီးနောက် ကျောင်းဘက်ဆီသို့ ထွက်သွားပေသည်။



www.burmeseclassic.com

www.burmeseclassic.com

# မြပင်တိုင်ဦး

နန်းထဲနန်းလေ့၊ သိမတွေ့ဘဲ
ချမ်းမြေ့စိတ်ကြည်၊ ပီတိရည်ဖြင့်
ခိုင်တည်နှလုံး၊ တဖြောင့်သုံး၍
နှောင်ထုံးကေမင်း၊ လျော့ပြေချင်လည်း
နတ်သျှင်သူ့ကြောင့် တရေးမှောင့်ခဲ့။

ဓာတုကလျာ

(၁)

ပဒေသရာဇ်နယ်စားကြီး၏ လောကငရဲဖြစ်သော နရသိန်ထောင်ကြီးအတွင်းမှ အကျဉ်းသမားတစ်ယောက်မျှဖြစ်သော ကျွန်တော်သည် မယုံကြည်မထင်မှတ်နိုင်လောက်အောင် လွယ်ကူခြင်းဖြင့်၊ အနှောင့်အယှက် အဟန့်အတားနှင့် အခက်အခဲများကို ဘာမျှ မတွေ့ရှိ မကျော်လွှန်ရဘဲနှင့် လွတ်မြောက်လာခဲ့ရပြီးသည့်နောက် ဘုမသိဘမသိနှင့်ပင် ကျောင်းသခ်မ်းရိပ်သာသို့ ခိုဝင်ရောက်လာခဲ့ရပုံများအား အပြန်ပြန် အလှန်လှန်စဉ်းစားလိုက်သောအခါတိုင်း ကျွန်တော်သည် လျှို့ဝှက်ဆန်းကြယ်ခြင်းထဲသို့ စမ်းတဝါးဝါးနှင့် တိုးဝင်နေရသည်ကဲ့သို့သာလျှင် ရှိနေရပေသည်။

ကျွန်တော်သည် ကျွန်တော်ပြုလုပ်ခဲ့သောအလုပ်နှင့် ကျွန်တော်၏ လောလောဆယ်ရောက်ရှိနေရသော အခြေအနေများကို အဘယ်သို့မျှ ဆက်စပ်၍မရမီ၊ အမျိုးမျိုးအဖုံဖုံပင် ကျွန်တော်သည် ဆက်စပ်ရန် ကြိုးစားရာ၌ နောက်ဆုံးတော့ စိတ်ပင်ပန်းရခြင်းနှင့်သာလျှင် အရှုံးပေးလိုက်ရပါ၏။

မြန်မာစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

အလွန်တရာ ကျပ်တည်းခဲယဥ်းလှသော နရသိန်ထောင်ကြီးအတွင်းမှ ကျွန်တော် လွတ်မြောက်လာရပုံမှာ အိပ်မက်နှင့်သာတူနေပေသည် ဖြူးဖြောင့်လွယ်ကူ၍ ညင်သာ ခြင်းရှိလှသော အိပ်မက်ပင်ဖြစ်ပေသည်တကား။

သည်အိပ်မက်ကို အဘယ်ကိုယ်စောင့်နတ်တို့က ဖန်တီးပေးလိုက်ကြပါသလဲ။ ကျွန်တော်သည် တစ်ညသောကာလက မှောင်နှင့်မည်းမည်းထဲတွင် ကျွန်တော့်လက်ဝယ် သို့ မသိမမြင်ခဲ့ရသော တစ်စုံတစ်ယောက်က ပေးကမ်းသွားခဲ့သော စာလွှာကိုလည်း ပြန်၍ စိစစ်မိပေသည်။ အိပ်မက်၏အစကို တူးဖော်ရာ၌ သည်မှောင်နှင့်မည်းမည်းထဲ၌ စခဲ့ရသော အိပ်မက်ကို ကျွန်တော်သည် အဘယ်သို့မျှ တူးဖော်စိစစ်၍လည်း မဖြစ်နိုင် စကောင်းတော့။

ကျွန်တော်မသိသော ကျောင်းသင်္ခမ်း၌ ကျောင်းတိုက်ဆရာတော်ကြီးမှအစ ကပ္ပိယကြီးနှင့်တကွ ကျောင်းသားကလေးများအားလုံးတို့ကပါ ကျွန်တော့်အား နရသိန် ထောင်ကြီးထဲမှ ထွက်ပြေးလာခဲ့သော အကျဉ်းသမား တစ်ဦးတစ်ယောက်အနေနှင့် လည်း သိရှိရိပ်မိကြပုံမရ။ တစ်မြို့တစ်ရွာမှ ခရီးသွားအာဂန္တုတစ်ဦးတစ်ယောက်လို သဘောထားပုံရသည်။ သို့ရာတွင် ပုဆိုး၊ အင်္ကျီ စသည်တို့ အခန့်သင့်ထုတ်ပေးပုံ မှာတော့ လျှို့ဝှက်ဆန်းကြယ်နေသလိုဖြစ်နေသည်။ သည်အချက်ကို လက်ကိုင်ပြု၍ ကျွန်တော်သည် ကပ္ပိယကြီးအား အခြားအကြောင်းအရာများအား အထိုက်အလျောက် ပြောကြားနေရာမှ လစ်လောက်သည်အထင်နှင့် ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သောအခါများတွင် ကပ္ပိယကြီးက ကျွန်တော် သိလိုသောအချက်ကို ဖြေဆိုရန် ရှောင်ရှား၍ အခြားအကြောင်းအရာသစ်တစ်ခုကို ကောက်ကာငင်ကာ ပြောတတ်ရင်း ကျွန်တော်၏ မေးခွန်းကို လက်စဖျောက်လိုက်တတ်လေသည်။

ကျွန်တော်သည် သည်လို မတင်မကျနှင့် ဘယ်လိုကဘယ်လို ဖြစ်လာမှန်း မသိရ သေးသော မိမိ၏အခြေအနေကို ကျောင်းသင်္ခမ်း၏ရိပ်သာ၌ အပန်းဖြေခိုဝင်ကပ်ရပ်နေ ရသည့်အတွင်း စူးစမ်းနားလည်ရန် အဘက်ဘက်က ကြိုးစားစမ်းသပ်ခြင်းများကို ပြုလုပ်ခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့ရလေသည်။ ကျွန်တော်သည် မည်သည့် အရပ်ဒေသများကို ကျော်ဖြတ်ကာ ပြည်သူ့လက်နက်ကိုင် တပ်မတော်များရှိရာသို့ သွားရမှန်းကိုလည်းမသိနိုင်ခဲ့။ ကျွန်တော် ခိုဝင်နေရသောဒေသမှာ မလွတ်မြောက်သေး သော နယ်မြေဖြစ်၍ ရန်သူ၏ လက်အောက်ခံဒေသ ဖြစ်နေလေသေးရကား ကူးသန်း သွားလာရမှာ လွယ်ကူလိမ့်မည်လည်းမဟုတ်။ ရောက်ချင်လိုစိတ်နှင့် မစူးစမ်းမဆင် ခြင်ဘဲ တွေကရာ တစ်ဖွတ်ထိုးသွားနေပါက ရန်သူ၏ လက်ဝယ်မှ ထွက်ပြေးသွားကာ သူ၏ လက်ဝယ်သို့သာ ပြန်လည်ကျ ရောက်သွားရပေလိမ့်မည်ဆိုခဲ့လျှင် အသက်နှင့် ကိုယ်ခန္ဓာသည် အိုးစားမြဲနိုင်ရန်ပင် ရှိတော့မည်ကား မဟုတ်ပေ။


www.burmeseclassic.com

www.burmeseclassic.com


သည်လို မတင်မကျ နေထိုင်ခဲ့ရရင်း နေ့ရက်တို့သည် တရွေ့ရွေ့ ကြွေလွင့်ကုန်ဆုံး လာခဲ့ရပေသည်။ ကျွန်တော်သည် မသိသောအရပ်ဒေသ၌ ရောက်ရှိနေကာ ကိုယ်မသိသောအရပ်၌ ဘာမှန်းမသိဘဲ ရပ်စောင့်နေရသူတစ်ဦး၏အဖြစ် ကျရောက်နေခဲ့ရလေသည်။ တစ်ခါတစ်ရံ စွန့်စားလိုသောစိတ်နှင့် ကျောင်းပရိဝုဏ်အပြင်သို့ ထွက်ကာ စူးစမ်းလိုသောစိတ်များသည် ရှုထိုးသလို လှုပ်ရှားခြင်း ဖြစ်လာတတ်သည်။ သို့ရာတွင် ကျောင်းပရိဝုဏ်၏ အပြင်ဘက်၌ ဘေးအန္တရာယ်နှင့် ရန်သူသည် ရှိနေလိမ့်မည်ဟူသော အတွေးက ခြောက်လှန့်ထားသဖြင့် မထွက်ရဲ မထွက်ဖြစ်ခဲ့ဘဲ ကျောင်း၏နောက်ဖေးရှိ ကုံကော်နှင့် ပိတောက်ပန်းပင်အုပ်ကြီးများ၊ မရန်းပင် အရိပ်များအောက်၌သာ စကာရီ ကျင့်သုံးရင်း အချိန်၏အပြစ်ဒဏ်ကို ခံစားနေရသကဲ့သို့ မရေမရာနှင့် နေလာခဲ့ရပါ၏။

(၂)

စွန့်စားလှုပ်ရှားချင်သော အသက်အရွယ်နှင့် စိတ်ဓာတ်ရှိသော ကျွန်တော်ကဲ့သို့ လူငယ်တစ်ဦးအား ယခုကဲ့သို့ မတင်မကျနှင့် ဘာမှန်းဟူ၍မသိရှိရဘဲ တစ်လကျော်မျှ အချိန်၏အပြစ်ဒဏ်ကို ခံနေလာခဲ့ရသောအခါ၌ မိမိ၏ မသိမမြင်ရသော အနှောင်အဖွဲ့များကို အဓိပ္ပာယ်ကင်းမဲ့စွာ ခေါင်းငုံ့ခံမနေချင်တော့အောင် ဖြစ်လာမိပေသည်။

နရသိန်ထောင်ကြီးအတွင်းမှ လွတ်မြောက်၍ ကျောင်းသင်္ခမ်းတစ်ခု၌ ခိုဝင်ကပ်ရပ်ဝပ်လျှိုးနေလာခဲ့ရသည်မှာ တစ်လကျော်ခန့် ကြာမြင့်လာသော တစ်နေ့၌ ကျွန်တော်သည် မလှုပ်မရှားဘဲ ငြိမ်သက်နေရခြင်းအား မည်ကဲ့သို့မျှ သည်းမခံနိုင်တော့လောက်အောင် ဖြစ်လာရပါ၏။

ထိုနေ့သည် တန်ဆောင်မုန်းလဆန်း (၁၄) ရက်နေ့ဖြစ်၍ လပြည့်နေ့အတွက် ကျောင်းသင်္ခမ်း၌ ဘုန်းတော်ကြီးကအစ၊ ကပ္ပိယရော၊ ကျောင်းသားကလေးများပါ နံနက်လင်းသည်မှစ၍ ည၊ နေဝင် မိုးချုပ်သွားသည်အထိ အလုပ်ရှုပ်နေကြသည်ကို မြင်ရပေသည်။ မနက်ဖြန် လပြည့်နေ့၌ ကျောင်းတွင် ဥပုသ်သီလ ယူရအောင်လာကြလိမ့်မည့် လူများအတွက် နေရာထိုင်ခင်းများကို ပြင်ဆင်နေကြလေသည်။

အာဂန္တုတစ်ယောက်မျှသာဖြစ်သော ကျွန်တော်သည် ကျောင်းပေါ်၌အများ တကာ အလုပ်ရှုပ်၍ များပြားနေကြစဉ် ကျောင်းနောက်ဖေးရှိ ကုံကော်ပင်များအကြား၌ တစ်ယောက်တည်း ခေါက်တုံ့၊ ခေါက်ပြန်လျှောက်နေမိပေသည်။ ကျွန်တော်သည် သေနေရသူနှင့်မခြားသော အသက်ရှင်ငြိမ်သက်ရခြင်းကို စွန့်လွှတ်၍ စွန့်စားသွားလာမှုကို ရှာကြံရန် စဉ်းစားမိပေသည်။ သို့နှင့်နေဝင်မိုးချုပ်စပြုသောအချိန်၌ ကျွန်တော်သည် မည်သူ့အားမျှ မပြောကြားနေတော့ဘဲ ကျောင်း၏နောက်ဖေးပေါက်မှ ထွက်လာခဲ့ပေသည်။


www.burmeseclassic.com

www.burmeseclassic.com


တစ်ကြိမ်တစ်ခါမျှ မရောက်မပေါက်ဖူးသဖြင့် ကျွန်တော်သည် သာမန်စွန့်စားရခြင်းထက် လွန်ကဲသော စွန့်စားရခြင်းအား ပြုလုပ်နေသည်ကိုလည်း သတိကမမေ့ပါ။ ကျွန်တော်သည် တကယ်ဆိုသောအခါ၌ ကျောင်းပရိဝုဏ်အတွင်းမှ လွတ်မြောက်သော ဒေသသို့ ထွက်ခွာလာခြင်း မဟုတ်သေး။ ဟိုလျှောက်သည်လျှောက် နှင့် မရေမရာသော စွန့်စားခြင်းကို ကလေးတစ်ယောက်ကဲ့သို့ ပြုလုပ်နေခြင်းမျိုးသာဖြစ်ပေသည်။

မနက်ဖြန်သည် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်၍ မြို့တော်၌ကား ဥပုသ်သီတင်းများ တည်ဆောက်ကြရေးအတွက် ယခုညကပင် လုပ်ကိုင်စရာများကို လူတို့သည် ပျားပန်းခပ်သလို လှုပ်ရှားလုပ်ကိုင်လျက်ရှိကြသည်ကို လမ်းမပေါ်မှ အမှတ်မထင် လျှောက်သွားနေသော ကျွန်တော်က သတိပြု ကြည့်ရှုမိလေသည်။

သည်လို အမှတ်မထင် လျှောက်သွားကြည့်ရှုနေရင်းက ကျွန်တော်သည် အဘယ်အရပ်မှ အဘယ်အရပ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်းကိုလည်းမသိ၊ သတိလည်း မထားမိ၊ စည်ကားသာယာသောမြို့၏ ခမ်းနားကြီးကျယ်ခြင်းများကိုသာ အံ့အံ့သြသြနှင့် ကြည့်၍ကောင်းတိုင်း လျှောက်၍ကြည့်နေမိစဉ် ဗီရိုရထားလုံးတစ်စီးသည် ဗမာစစ်သူကြီးတစ်ဦးနှင့် သိုးဆောင်းလူဖြူစစ်သူကြီးတစ်ဦးတို့ကို တင်ဆောင်ကာ နန်းတော်ဘက်သို့ မောင်းနှင်စီးသွားလိုက်သည်ကိုလည်း လမ်းမပေါ်မှ အမှုမဲ့၊ အမှတ်မဲ့ မြင်လိုက်ရပေသည်။ ဗမာစစ်သူကြီးနှင့် သိုးဆောင်းမျက်နှာဖြူ စစ်သူကြီးတို့သည် တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ရယ်ကာမောကာ စကားပြောဆို သွားကြလေသည်။

ကျွန်တော်သည် သူရဲကောင်းဆန်ဆန်၊ မြို့လယ်လမ်းမကြီးပေါ်၌ လျှောက်သွားနေရာမှ လွှတ်တော်တွင် ဗြိတိုက်တော်များဘက်၌ နေထိမခံသော အမေရိကန် လူဖြူများ၏ အလံတော်ကြီးများလွှင့်ထူထားသည်ကိုလည်း နားမလည် မရှင်းနိုင်လောက်အောင်ပင် ထူးဆန်းအံ့သြဖွယ်ရာတွေ့မြင်ခဲ့ရလေသည်။ အချို့သော အိမ်ကြီးများ၌လည်း ဗမာအမျိုးသားများကို မတွေ့ရဘဲ သိုးဆောင်းလူဖြူများနှင့် အမေရိကန်များကို သာလျှင် များပြားစွာတွေ့ခဲ့ရလေသည်။ သူတို့သည် သည်မျှ များပြားလှစွာ မြို့တော်၌ မည်ကဲ့သို့ အလုပ်အကိုင်များ လုပ်စရာရှိနေပေသနည်း။ ဝင်းဝများ၌ သူတို့ လူဖြူစစ်သားများသည် လက်နက်အပြည့်အစုံနှင့် သူတို့၏ နယ်မြေဒေသကဲ့သို့ ဝင့်ဝါနေကြ၏။ အဘယ်သူ တစ်ဦးတစ်ယောက်အားမျှ ဂရုမစိုက်သလို လွတ်လွတ် လပ်လပ်နေကြ၏။ ကျွန်တော်က လမ်းမပေါ်မှ ငေး၍ကြည့်နေရင်း အံ့သြနေစရာမလိုတော့။ "ဒီလိုကိုး" ဟုသာ ပါးစပ်မှ ရေရွတ်မြည်တမ်းမိပေသည်။

တောနှင့် ကျေးရွာများ၌ ဆင်းရဲသား အများပြည်သူတို့ ဒုက္ခရောက်ရှိနေရသလောက် နယ်စားကြီး၏မြို့တော်၌ကား ဝန်ကြီး၊ တံတိုင်းကြီးများနှင့် အပေါင်းပါ


www.burmeseclassic.com

www.burmeseclassic.com


ဘက်တော်သားများသည် စည်းစိမ်ယစ်ကာ ဝဖြိုးသာယာနေကြလေသည်။ သိုးဆောင်းနယ်ချဲ့သမားနှင့် နောက်ထပ် အသစ်ထပ်မံရောက်ရှိလာသော နေထိမခံသော အမေရိကန်တို့သည် ဘုရားတစ်ဆူကဲ့သို့ မင်းမူ ခြယ်လှယ်နေကြလေသည်။

ကျွန်တော်သည် သည်လိုလမ်းမပေါ်၌ လျှောက်သွားရင်း ကြည့်ရှုနေရခြင်း၌ စိတ်ဝင်စားနေသဖြင့် အဘယ်မျှကြာမြင့်ကာ ညဥ့်နက်သွားလေပြီကို သတိမှပင် မထားလိုက်မိ။ တစ်စထက်တစ်စ အချို့သော အိမ်များသည်လည်း မီးများ မှိတ်လာကြတော့သည်ကို မြင်ရတော့မှ လသည်ပင် တော်တော်ကလေး မြင့်မားလျက် ရှိပြီကို သတိပြုမိပေသည်။

ထို့ကြောင့် ညဥ့်နက်သည်အထိ မိမိ မန့်စပ်မကျွမ်းကျင်သော အရပ်ဒေသ၌ မိုက်ရူးရဲလုပ်၍ မဖြစ်သေးဘဲ အိပ်စက်နေထိုင်ရာ ကျောင်းသခ်မ်းသို့ ပြန်မှဖြစ်မည့် အရေးကို စဉ်းစားသတိရလာစဉ်မှာပင် ကျွန်တော်သည် မည်သည့် အရပ်ဒေသသို့ ရောက်ရှိနေကာ မည်ကဲ့သို့ ပြန်ရမှန်းမသိအောင် ရှိနေသော မိမိ၏ အခြေအနေနှင့် အဖြစ်ကို တွေ့ရှိလာရပေသည်။ ကျွန်တော်သည် အဘယ်ကအဘယ်သို့ လျှောက်လာခဲ့ရသည်ကို ပြန်လည်စဉ်းစားမရ။ ဘယ်သူ ဘယ်ဝါအား မေးမြန်းရပါမည်လဲ။ မေးမြန်းရအောင်ကလည်း ကျွန်တော်နေရသော ကျောင်းသခ်မ်း၏ နာမည်ကိုမှပင်မသိ ခက်နေပေသည်။

သို့ရာတွင် ညဥ့်သည် တဖြည်းဖြည်းနက်လာ၏။ အိမ်အများအပြားပင် မီးများငြိမ်းသတ်၍ မှောင်မည်းနေကြပေပြီ။ လမ်းပေါ်၌လည်း အသွားအလာပင် မရှိတော့။ သို့ရာတွင် ခက်နေရုံမျှဖြင့် ကျွန်တော်သည် ကျောင်းသခ်မ်းသို့ ပြန်ရောက် နိုင်လိမ့်မည်ကားမဟုတ်ပေ။ ကြံဖန်၍ ဖြစ်သလိုတော့ ပြန်ရမည်။ ထို့ကြောင့် ဇဝေဇဝါနှင့် စိတ်ထဲတွင် ခပ်ရေးရေးသာ မှတ်မိသလောက် နောက်ကြောင်းလှည့်၍လာခဲ့ရသည်။ သည်လို နောက်ကြောင်း ပြန်လာခဲ့ရာ၌လည်းစောစောကလာခဲ့သော လမ်းမဟုတ်သည်ကိုတော့ သိရှိနေ၏။ သို့ရာတွင် ပြန်လမ်းကား အစပျောက်နေခဲ့လေပြီ။

(၃)

လမ်းစကား ပျောက်နေလေပြီ။

မည်သည့်အရပ်၌ ရောက်ရှိနေပြီကိုလည်း မိမိကိုယ်တိုင် မသိနိုင်တော့။ ထို့ကြောင့် မည်သည့် အရပ်ဒေသသို့ သွားရမည်ကိုလည်း မကြံဆ၊ မစဉ်းစားတတ်။ ကျွန်တော်သည် မြို့တော်၏ ညလယ်၌ စမ်းတဝါးဝါးလျှောက်သွားနေရရင်း ယောင်လည်လည် ဖြစ်နေရပေသည်။


www.burmeseclassic.com

www.burmeseclassic.com


လူသွားလူလာများသည်လည်း တဖြည်းဖြည်း နည်းသည်ထက်နည်းကာ ကျဲသည်ထက်ကျဲသွားပေပြီ။ တစ်ပြစ၊ နှစ်ပြစ ကျွန်တော်သည် လျှောက်လာခဲ့သည့် တိုင်အောင်လည်း လူတစ်ယောက်တလေကိုမျှ တွေ့ချင်မှ တွေ့ရတော့၏။ ကျွန်တော်သည် တစ်ဖက်လူတစ်ဦးတစ်ယောက်အား လိုက်လံရှာဖွေ၍ ကျွန်တော်နေရသော အမည်မသိသည့် ကျောင်းသခ်မ်းကို အဘယ်သို့ စုံစမ်းမေးမြန်းရပါမည်နည်း။ သို့ရာတွင် ကျွန်တော်သည် လမ်းပေါ်၌ ဖြစ်စေ၊ ဘေး၌ဖြစ်စေ ရပ်တန့်၍တော့မနေဘဲ တဖြည်းဖြည်းတော့ လျှောက်မြဲသာ လျှောက်သွားနေပါ၏။

သည်လို နရသိန်ထောင်ပြေး အကျဉ်းသမားတစ်ယောက်သည် နယ်စားကြီး ၏ မြို့တော်၌ လမ်းများကာ ဟိုလျှောက်သည်လျှောက် သွားနေသည်မှာ တွေးကြည့် လိုက်လျှင် မောစရာလိုတော့ဖြစ်ပါ၏။ သို့ရာတွင် ကျွန်တော် မမောနိုင်ပါ။

ကျွန်တော်သည် မိမိကိုယ်ကိုလည်း အပြစ်တင်မိ၏။ သို့ရာတွင် အပြစ် တင်နေရုံ မျှနှင့် ကိစ္စကပြီးလိမ့်မည်မဟုတ်သေး။ လမ်းဆုံးသို့ ဖြစ်သောနည်းနှင့် ဖြစ်အောင် သွားဖို့ကရှိသေး၏။ ထို့ကြောင့် မိမိကိုယ်ကို အပြစ်တင်ခြင်းအားရပ်ဆိုင်း၍ လမ်းကို သာတွင်တွင်ကြီး လျှောက်နေရပါ၏။

လျှောက်၍သာ နေသည်ဆိုရသော်လည်း မိမိရောက်ရှိနေသော အရပ်ကိုလည်း မသိ၊ မိမိသွားနေသော အရပ်ကိုလည်းမသိ လျှောက်နေရခြင်းမှာ မည်ကဲ့သို့လျှင် အနက်အဓိပ္ပာယ် ရှိပါဦးမည်လဲ။ သို့ရာတွင် ကျွန်တော်သည် ရန်သူ၏ မြို့တွင်း၌ သည်မျှလောက် မိုက်မဲသော အလုပ်ကိုလည်း လုပ်ခဲ့ပါသေး၏ဟု ပြောဆိုဝန်ခံရမည် ဖြစ်ပါ၏။

သို့နှင့် ညသည် တိတ်ဆိတ်စပြုလာ၏။

ကျွန်တော်သည် ရုံဖန်ရံခါ သစ်ပင်ရိပ်များအောက်၌ အပန်းဖြေရပ်ကာ ငိုင်နေမိ၏။ သည်လို တစ်ခုသောညောင်ပင်ရိပ်၌ စိတ်ပျက်မောပန်းစွာ ငိုင်နေစဉ်၌ ကျွန်တော်သည် ညလယ်မှ သင်းပျံ့လာသော ဂီတ၏ရမ္မက်နှင့် အနံ့ကို ရှူရှိုက်လိုက်ရသလို ရှိသွား ပေသည်။

"ပူသူများ ပူရှောမယ်လေလေ့၊ မေ့ရက်ကယ် နေနိုင်တယ်" တေးသံမှာ အလွန် တရာ ချမ်းမြေ့ဖွယ်ရာ ကောင်းလှသော မိန်းမသားတစ်ဦးတစ်ယောက်၏ အသံဖြစ်၍ တေး၏နောက်ပိုင်းမှ ငြိမ့်ငြိမ့်ညောင်းညောင်းလိုက်ပါလာသော စောင်းသံသည် ကျွန်တော် ၏ မောပန်းစိတ်ပျက်ခြင်းများကို ကြည်လင်အေးမြသော စမ်းရေဖြင့် ဆေးကြောသွား သလိုကျွန်တော်၏ နားအကြည်ဓာတ်အတွင်းသို့ စိမ့်၍စိမ့်၍ ဝင်လာကြပေသည်။

မဝေးသောတစ်နေရာမှ ထိုတေးသံနှင့် စောင်းသံကို ကျွန်တော်က ကြားနေရခြင်း ဖြစ်ပေသည်။ ထို့ကြောင့် တေးသံ မွှေးဖွားပျံ့လွင့်လာရာ အရပ်ဆီသို့ ကျွန်တော်သည်


www.burmeseclassic.com

www.burmeseclassic.com


လှမ်းမျှော်၍ ကြည့်လိုက်မိသောအခါ၌ လရောင်အောက်၌ ငွားငွားစွင့်စွင့်နှင့် ကြွားဝင့်စွာ ရပ်တည်နေသော ပင်တိုင်တော် မြနန်းဦးကို မယုံကြည် မထင်မှတ်နိုင်လောက်အောင်ပင် တွေ့မြင်လိုက်ရလေသည်။

ညဉ့်နက်လှပြီဖြစ်၍ မီးများငြိမ်းသတ်ကာ မြပင်တိုင်ဦးသည် မှောင်နေ၏။ သို့ရာတွင် ငွေလကသာနေသောကြောင့် ငွေရောင်ပြက်၍ မှုန်မွှားမွှားသဏ္ဌာန်သည် အထီးထီးရပ်နေသလို တွေ့မြင်ရပေသည်။

"ထိပ်ထားခင်ခင်ဦး" ကျွန်တော်သည် ကြာမြင့်စွာ မေ့လျော့နေခဲ့သော နာမည်ကလေးကိုမြည်၍ သတိရကာခေါ်ဝေါ်ကြည့်မိ၏။ စိတ်ထဲတွင်လည်း လန်းဆန်းကြည်နူးသလို တက်ကြွသလို ခံစားလာရသည်။

စောင်းသံသည် စောစောကအဆိုကို လုံးချင်းပြန်၍ ကျော့နေရာမှ တီးကွက်ဆုံးသဖြင့် တိုး၍လေးသွားပေသည်။

"ဆောင်းယွန်းတိုင်ဗွေ လေဝန်းရစ်ကာချွေ"

တေးသံက ထပ်မံ၍ ပေါ်လာပြန်၏။ တေးသံနောက်နားက တို့ကာပင့်ကာနှင့် စောင်းသံကလည်း ညင်ညင်သာသာကလေး လိုက်ပါလာလေသည်။

တေးသံနှင့် စောင်းသံသည် ကျွန်တော့်အား စိတ်ပျက်ပင်ပန်းစွာ ရပ်တည်နေရာ ညောင်ညိုရိပ်အောက်မှ မြပင်တိုင်ဦး၏ ခြေတော်ရင်းသို့ စပါးကြီးမြွေညှို့သလို ညှို့၍ ခေါ်နေပေပြီ။ ကျွန်တော်သည်လည်း တပ်မက်နေသော သတ္တဝါလို တရွေ့ရွေ့ နှင့် မြပင်တိုင်ဦး၏ ခြေတော်ရင်းသို့ တစ်လှမ်းချင်း တိုးဝင်ချဉ်းကပ်နေလေပြီ။

ရန်သူ၏မြို့တွင်း၌ အဘယ်ကြောင့် ကျွန်တော်သည် သည်မျှတွေဝေ မိန်းမောနေခဲ့ရပါသနည်း။ အချိန်မရွေး ရန်သူ၏လက်ဝယ်သို့ ကျရောက်နိုင်သည့် အခြေအနေ၌ ကျွန်တော်သည် ရန်သူကိုမေ့လျော့ကာ ဂီတ၏ အလှအပ၌ ယစ်မူးနေပေသည်။

မြပင်တိုင်၏ ခြေတော်ရင်း၌ ကျွန်တော်သည် သူရူးလိုရပ်တန့်၍ မော့ကြည့်နေမိ၏။သို့ရာတွင် ကျွန်တော်သည် အဘယ်မျှ မိုက်မဲလျက်ရှိနေပြီကိုကား အနည်းငယ်မျှ မစဉ်းစားမိ။

သီချင်းသည် မည်သည့်အပိုဒ်များသီဆိုပြီးစီး၍ မည်သည့် အပိုဒ်ကိုပင် စနေမှန်း ကျွန်တော်မသိပါ။ ယစ်မူးနစ်မွန်းခြင်း၌ ကျွန်တော်သည် ဘာတစ်ခုမျှကိုပင် သတိမရလိုက်တော့။ သည်လိုသူရူးသည် နွားကိုမက်မောကြည့်ရှုသလိုနှင့် မခြားသော ကျွန်တော်၏ ယစ်မူးနစ်မြုပ်နေခြင်း၌ မိန်းမောနေစဉ် မြပင်တိုင်ဦးမှ လှမိုးသူဇာသည် ကျွန်တော့်ကို သိနိုင်မြင်နိုင်ဖွယ်ရာ ရှိလိမ့်မည်လည်းမဟုတ်။ ပဒေသရာဇ်အလျာသည် အထိန်းတော် အချီတော်များ ခြံရံလျက် အုံးစက်သဥ္ဇာ၌ ဂီတ၏ ရမ္မက်ကို တစိမ့်စိမ့် ခံယူနေလိမ့်မည်ဟု ခန့်မှန်းရမိပေသည်။


www.burmeseclassic.com

www.burmeseclassic.com


"အို ကြာရေကွာနယ်ဝေး မြင်လာပါပဲဆွေး"

သီချင်းကဆုံး၍ သဖြန်နှင့်ချနေစဉ်မှာပင် ကျွန်တော်၏ နောက်ကျောတွင် ချွန်ထက်သော အရာနှစ်ခုသည်လာ၍ ထောက်သည်ကို ခက်မြက်မြက်ကလေး ခံလိုက်ရပြီးနောက် "ဟေ့ကောင် မင်းဘယ်သူလဲ၊ ဒီအနားမှာ ဘာလာလုပ်နေတာလဲ" ဟူသော ခပ်ထန်ထန် မေးသံများကို ကြားလိုက်ရလေသည်။

ကျွန်တော်က မည်သို့ ပြန်၍ဖြေရပါဦးမည်နည်း။ ကျွန်တော်က မိမိ ဘယ်သူ၊ ဘယ်ဝါဟူ၍ ဖြေလို့ကော ဖြစ်မှာတဲ့လား။ ကျွန်တော်၌ ဖြေစရာမရှိ။ ထို့ကြောင့် ငြိမ်၍နေလိုက်သည်။

"ဟေ့ကောင် မင်းဘယ်ကလဲ၊ မေးနေတာ မကြားဘူးလား" အလွန် မာကျောလှသော အသံဖြင့် နောက်မှလူက စိတ်မရှည်သလို မေးလာ၏။

"သူလိုငါလို လူတစ်ယောက်ပါပဲဗျာ" ကျွန်တော်က မှန်သောအဖြေကို ဒါလောက်ပဲ ပြန်၍ပေးလိုက်မိသည်။

ညလယ်၌ ကျွန်တော်သည် လမ်းစပျောက်နေရပေပြီ။ အဘယ်ကလာ၍ အဘယ်အရပ်၌ ရောက်ရှိနေကာ အဘယ်သို့ သွားရမည်ကိုမသိ။ ကျွန်တော်သည် ယောင်လည်လည် ဖြစ်နေရပေသည်။ သို့နှင့် စမ်းတဝါးဝါး လျှောက်နေမိသည်။

"သူလို ငါလို လူတစ်ယောက်မို့လို့ မင်းကိုဖမ်းတယ်ဟေ့။ ဒါ ထိပ်ထားကလေးရဲ့ ပင်တိုင်တော် မြနန်းဦးမှန်း မင်းမသိဘူးလား။ ဒီမှာ ဘယ်ယောကျ်ားမှ မလာရဘူး ဆိုတာကော နားလည်ရဲ့လား" ဟု ပြောပြောဆိုဆိုနှင့်ပင် ကျွန်တော့်အား နောက်ကျောမှ လက်ပြန်ကြိုးတုပ်နှောင်ကြပြီးနောက် ဆွဲခေါ်သွားကြရာသို့ ကျွန်တော်သည် မရုန်းနိုင်၊ မပြေးနိုင်ဘဲ ယောင်ကန်းကန်းနှင့် လိုက်ပါသွားရလေသည်။

ထိုလူများသည် ကျွန်တော့်အား အဘယ်အရပ်သို့ ခေါ်ဆောင်သွားနေကြပါသနည်း။ ဒါကိုလည်း ကျွန်တော်သည် အဘယ်သို့မျှ သိရှိနိုင်လိမ့်မည်မဟုတ်။ အတန်ကြာမျှ ဆွဲဆောင်ခေါ်ယူသွားကြပြီးနောက် ပင်တိုင်တော်မြနန်းဦး၏ ဝင်းတံခါးမှ "ဟေ့ ဘယ်သူတွေလဲ" ဟူသော မေးမြန်းသံများကို ရုတ်တရက် ကြားလိုက်ရလေသည်။ မေးသူမှာ ယောကျ်ားဖြစ်၏။

"တောင်ဘက် ကင်းသားတွေပါ ဗိုလ်မင်း။ ဘယ်ကမှန်းမသိတဲ့ လူတစ်ယောက်ကို အချိန်မတော်တွေလို့ ဖမ်းလာခဲ့ကြတာ" ကျွန်တော့်အား ဖမ်းဆီးလာသူ နှစ်ယောက်အနက် တစ်ယောက်က ပြန်၍ ဖြေလိုက်သည်။

"ဟေ့ ဒီကိုခေါ်လာခဲ့စမ်းပါဦးကွဲ့" ဟူသော ဗိုလ်မင်းဆိုသူ၏ အသံကို ကြားရပြီးနောက် ကင်းသားနှစ်ယောက်သည် ကျွန်တော့်အား မြပင်တိုင်နန်း၏ အဝင်တံခါး ကင်းတဲသို့ ဆွဲခေါ်သွားကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com


ဗိုလ်မင်းဆိုသူက ကျွန်တော့်အား စေ့စေ့စပ်စပ် ကြည့်ရှုနေပြီးကာမှ "မင်းနာမည်က ဘာတဲ့လဲကွဲ့၊ နေကော ဘယ်မှာနေသလဲ၊ ပြီးတော့ မင်းမိဘတွေက ဘယ်သူတွေလဲတဲ့" ဟု သေသေချာချာ လုံးစေ့ပတ်စေ့မေးနေချေ၏။

ကျွန်တော်သည် အဘယ်သို့များ ဖြေရပါမည်လဲ။ အဖြေအတွက် ကျွန်တော်၌ ဘေးအန္တရာယ်ကင်းရှင်းသော အကြောင်းအရာနှင့် အချက်အလက်များမရှိပေ။ ထို့ကြောင့် ကျွန်တော်သည် မဖြေဘဲခေါင်းကိုငုံ့၍ နေလိုက်မိပါ၏။

"မေးနေတာ ဖြေစမ်းပါဦးကွဲ့။ ညကြီးအချိန်မတော် ဒီလမ်းခရီးကို ဘယ်ယောကျ်ားမှ မဖြတ်သန်းမသွားလာရဘူးဆိုတာ မင်းမသိဘူးလားဟင်" ဗိုလ်မင်းဆိုသူက ကျွန်တော်၏ ပခုံးကိုကိုင်၍ ပုတ်ရင်းမေးနေလိုက်ပြန်သောအခါ၌ ကျွန်တော်သည် တုဏှိဘာဝေလုပ်နေ၍ မဖြစ်တော့ဘဲ တစ်စုံတစ်ရာကို လှည့်ပတ်၍ ပြောဆိုမှဖြစ်တော့အေးတော့မည်ကို စဉ်းစားကာ သိသည့်အတိုင်း–

"ကျွန်တော် တောကပါ၊ မသိလို့ ဒီခရီးကို ဖြတ်သန်းသွားမိတာပါ" ဟု အဆင်ပြေအောင် ဖြေကြားပြောဆိုလိုက်မိပေသည်။

"ဘယ်တောကလဲ၊ ထိပ်ထားရဲ့ ပင်တိုင်တော် မြနန်းအနီးအနားကို ခုလို ညအချိန် ဘယ်ယောကျ်ားမှ ဖြတ်သန်းမသွားလာရဘူးဆိုတာကို တစ်တိုင်းတစ်ပြည်လုံးသိနေကြတဲ့ကိစ္စကြီးပဲ။ မင်း မှန်မှန်ပြော" ဟု ပြောပြောဆိုဆိုနှင့်ပင် ဗိုလ်မင်းဆိုသူ၏ဘေးမှ နှာရောင်ကောက်ကောက်နှင့် အရုပ်ဆိုးဆိုး လူတစ်ယောက်က ကြားမှ ပြူးတူးပြဲတဲလုပ်၍ ခြောက်ခြိမ်း မေးမြန်းလာလိုက် ပြန်ပေသည်။

ကျွန်တော်က သည်လိုခြောက်ခြိမ်းမှုများကို ခံရဖန်များ၍ ရိုးနေသဖြင့် အနည်းငယ်မျှတော့ ကြောက်ရွံ့မပျက်မိပေ။

"ကျွန်တော်မှ မသိလို့ မသိဘူးပြောမိတာကို ဗိုလ်မင်းတို့က အပြစ်ရှိတယ် ထင်ရင်လဲ ပေးတဲ့အပြစ်ကို ခံယူရုံပေါ့လေဗျာ။ ဒီအပြင်တော့ ကျွန်တော်လည်း ဘာမှမပြောတတ်တော့ဘူး"

"ဘာကွ ဘာမပြောတတ်ရမှာလဲ" ဟု ပြောပြောဆိုဆိုနှင့် ထိုသူသည် ဗိုလ်မင်းကိုပင် ကျော်လွန်၍ ကျွန်တော်၏ ပခုံးကို ပုတ်ခတ်ကာ ဒေါသနှင့်ပြောဆိုနေလိုက်စဉ် "ဘာဖြစ်နေကြတာလဲ ဗိုလ်မင်းတို့၊ မဖုရားကမေးနေတယ်" ဟူသော မိန်းမသား တစ်ဦးတစ်ယောက်၏ နန်းပြတင်းဝမှခေါင်းပြူရင်း မေးသံကို ရုတ်တရက် ကြားလိုက်ရသောကြောင့် အားလုံးမော်၍ နန်းပြတင်းဝသို့ လှမ်းကြည့်မိကြ၏။

"ဝင်းတံခါးဝမှာ ဆူဆူညံညံနဲ့မို့ မဖုရားက ဘာတွေများ ဖြစ်နေကြလဲလို့ မေးနေတယ်" အပျိုတော်နှင့်တူသော မိန်းမပျိုက နောက်ထပ်၍ သေသေချာချာ ပြောပြနေ၏။


www.burmeseclassic.com

www.burmeseclassic.com


"ဘယ်ကလူမှန်း မသိရတဲ့ လူတစ်ယောက်ကို တောင်ဘက်ဝင်းနားမှာတွေ့လို့ ဖမ်းလာကြတာနဲ့ စစ်ဆေးနေတာပါလို့တင်လိုက်ပါ"ဟု ဗိုလ်မင်းက လှမ်း၍ ပြောလိုက်သဖြင့် စောစောက မေးနေသော မိန်းမပျိုသည် ပြန်၍ဝင်သွားလေသည်။

"ကဲ ပြောစမ်းပါဦးကွဲ့ မောင်ရင်ရဲ့၊ ကျုပ်က လူတစ်ဖက်သား စိတ်မချမ်းသာအောင် အသားနာကျင်အောင်လုပ်ပြီးမှ မေးတတ်တဲ့ လူတစ်ယောက် မဟုတ်လေတော့ အေးအေးဆေးဆေး မေးစမ်းပါရစေ"ဗိုလ်မင်းသည် ကျွန်တော့်အား အေးအေးချမ်းချမ်းပင် မေးနေပြန်၏။

"မှန်တာပြောတာပဲ ဗိုလ်မင်း၊ ကျွန်တော်ကတော့ တောကပဲလေ၊ ဘာမှ မသိတဲ့ ကျေးတောသားတစ်ယောက်ပါ"

"ခုလို တိုင်းပြည်ကြီးမှာ ဆူဆူပူပူနဲ့ သူပုန်သူကန်တွေ သောင်းကျန်းထကြွနေတဲ့ ခေတ်ကြီးမှာ လူစိမ်းသူစိမ်းတစ်ယောက်ကို ခုလိုနေရာမျိုးမှာတွေ့ရတယ်ဆိုတော့ စစ်ဆေးဖို့ဟာက ရိက္ခာတော်ခစားနေရတဲ့ တို့များရဲ့တာဝန်ပဲကွဲ့။ ဒါကြောင့် သေသေချာချာမေးနေရတာ"ဟု ဗိုလ်မင်းက စိတ်ကောင်းနှလုံးကောင်းရှိသော လူကြီးတစ်ယောက်လို အကျိုးသင့်၊ အကြောင်းသင့် ရှင်းလင်းပြောကြားနေသည်အခိုက် ကျွန်တော်သည် အထိန်းတော်နှင့်အပျိုတော်ငါးယောက်ခန့်ခြံရံလျက် ကျွန်တော်တို့ဆီသို့ လျှောက်လာနေသော ထိပ်ထားကလေး ခင်ခင်ဦးကို ခပ်လှမ်းလှမ်းက လရောင်အောက်၌ ရုတ်တရက်တွေ့မြင်လိုက်ရသဖြင့် ဗိုလ်မင်း၏မေးမြန်းချက်ကို ဖြေဆိုရန် သတိမမှုမရတော့ဘဲ ငေးမောကြည့်ရှု၍သာနေလိုက်မိပါ၏။

လရောင်အောက်၌ ကျွန်တော့်ကို အချုပ်အနှောင်နှင့် မြင်လိုက်ရသော ထိပ်ထားသည် ရုတ်တရက်သော် မယုံကြည်နိုင်လောက်အောင် မျက်လုံးပြူးသွားရာမှ ရုတ်ချည်းပင်ပြန်၍ ဣန္ဒြေဆည်ကာ ခပ်တည်တည် နေလိုက်ပေသည်။

"ဘယ်လိုက ဘယ်လိုများ ဖြစ်ကြတာလဲ ဗိုလ်မင်းတို့ရဲ့။ ထိပ်ထားက ဆူဆူညံညံကြားရတာနဲ့ ဘာများအရေးတကြီးဖြစ်နေကြလို့လဲဆိုပြီး သိချင်တာနဲ့ဆင်းလာခဲ့ရတာ"ပဒေသရာဇ်အလျာက ဗိုလ်မင်းအား မျက်စောင်းကလေးထိုး၍ ကြည့်ကာ မေးနေလိုက်ပေသည်။

"မှန်ပါ ထိပ်စုဖုရားရဲ့ ပင်တိုင်တော်အနီးမှာ ဒီကျေးတောသား လုလင်ကို ညဉ့်ကြီးအချိန်မတော်မှာ တွေ့ရှိရသဖြင့် ကင်းသားများက ဖမ်းဆီးခေါ်ယူလာတဲ့အတွက် ကျွန်တော်မျိုးကြီးကိုယ်တိုင် စစ်ဆေးမေးမြန်းနေတာပါ"ဗိုလ်မင်းဆိုသူနှင့် လက်နက်ကိုင်ကိုယ်ရံတော်ကင်းတပ်သားများသည် မြေကြီးပေါ်သို့ ဒူးထောက်ဝပ်စင်းကာ ထိပ်စုဖုရားခင်ခင်ဦးအား သံတော်ဦးတင်နေကြပေသည်။ ကျွန်တော်သာ တစ်ယောက်တည်း အထီးထီးအကျန်ကျန်နှင့် ရပ်ကြည့်ငေးမောနေမိ၏။


www.burmeseclassic.com

www.burmeseclassic.com


"ကျေးတောသားလူရိုင်းနဲ့ တူပါတယ် ဗိုလ်မင်း" ထိပ်စုဖုရားက ကျွန်တော့်အားပင် မကြည့်ဘဲ ဗိုလ်မင်းကိုသာ စေ့စေ့ကြည့်လျက် မှတ်ချက်ချတော်မူနေ၏။

"မှန်လှပါတူကြောင်းပါဘုရား" ဗိုလ်မင်းကလည်း အလိုက်တော်သိစွာနှင့် လိုက်လျောပြောဆိုကာ အင်းလိုက်လေဟန်ရှိပေသည်။

"ကိုင်း ကင်းတပ်သားများ မိမိတာဝန်နှင့် မိမိပြန်ပြီးစောင့်ကြပ်ကြဟေ့။ ဒီကျေးတောသားကိုလည်း မဖုရားကိုယ်တိုင် စစ်ဆေးတန်သလောက်စစ်ဆေး မေးမြန်းကြည့်ချင်သေးတယ်။ ကိုင်း ဗိုလ်မင်း အမိန့်တော်နာခံစမ်းပါဦး၊ ဒီကျေးတောသား လူရိုင်းကို ကြိုးဖြေပြီး မဖုရားရဲ့ ဧည့်ခန်းဆောင်ကို ခေါ်လာခဲ့စမ်းပါ" ဟု သာ အမိန့်တော်ချမှတ်၍ အထိန်းတော် အချီတော်များ ခြံရံလျက် နောက်လှည့်ကာ ပြန်၍ထွက်သွားသဖြင့် ဗိုလ်မင်းဆိုသူက ပြုံးတူးပြုံတဲနှင့် ကျွန်တော်၏ လက်ပြန်ကြိုးများကို ဖြေပေးပြီးနောက် အနည်းငယ်မျှ နားမလည်သလို ထိပ်စုဖုရား၏ ဧည့်ခန်းဆောင်သို့ ခေါ်ဆောင်သွားပါ၏။

(၄)

ဧည့်ခန်းဆောင်၌ ကျွန်တော်သည် စောင့်ဆိုင်းနေရစဉ် ဆင်းရဲသားအများ ပြည်သူတို့ထံမှ အဓမ္မလုယက်ရိုက်နှက် ယူငင်ထားသော ဥစ္စာပစ္စည်းများဖြင့် ခမ်းနားကြီးကျယ်လှစွာ မွမ်းမံခြယ်လှယ်ထားသော အဆောင်အယောင်များအား အနည်းငယ်မျှပင် မအံ့သြမိဘဲ ကြည့်ရှုနေမိပေသည်။ သည်လို ကျွန်တော်က ကြည့်ရှုနေသည့်အခိုက် အပျိုတော်တစ်ယောက်သည် ဧည့်ခန်းဆောင်အတွင်းသို့ သုတ်သီးသုတ်ပျာနှင့် ဝင်လာကာ စားလွတ်ကြီးကိုင်၍ အခန်းဝ၌ စောင့်နေသော ဗိုလ်မင်းအား အနားနားသို့ကပ်၍ တစ်စုံတစ်ရာကို ပြောဆိုပြီးနောက် အပြင်သို့ခေါ်ထုတ်သွားသဖြင့် ကျွန်တော်သာ တစ်ယောက်ထီးထီး ကျန်ရစ်ခဲ့ရပေသည်။

ကျယ်ဝန်းခမ်းနားလှပသော ပဒေသရာဇ်အလျှာ၏ ဧည့်ခန်းဆောင်၌ တစ်ယောက်တည်းကျန်ရစ်ခဲ့ရစဉ်၌ ကျွန်တော်သည် 'စိတ်ကူးယဉ် စွန့်စားခြင်း'နှင့် တူလှသော ကျွန်တော်၏ နောက်ကြောင်း အဖြစ်အပျက်ကလေးများကို နရသိန်ထောင်ကြီးမှ လွတ်မြောက်ခဲ့ရသည်မှအစ ယခု ဧည့်ခန်းဆောင်၌ ရောက်ရှိနေသည်အထိ တစ်ခုစီတစ်ခုစီ အစီအရီ ပြန်၍စဉ်းစားတွေးတောနေမိပေသည်။ သို့ရာတွင် ကျွန်တော်သည် ယခု ဧည့်ခန်းဆောင်၌ ထူးဆန်းစွာရောက်ရှိနေစဉ်ကာလ၌ စိုးရွံ့ထိတ်လန့်ခြင်းကားမရှိတော့။ သို့ရာတွင် ရင်ထဲ၌တော့ကား မသိမသာ လှုပ်ရှားခြင်းတစ်မျိုးသည် ညင်ညင်သာသာ လှုပ်ရှားနေပေသည်။


www.burmeseclassic.com

www.burmeseclassic.com


တကယ်ဆိုသောအခါ၌ ကျွန်တော်သည် 'စိတ်ကူးယဉ် စွန့်စားခြင်း' စသော ရှေးဟောင်းဒဏ္ဍာရီပုံပြင်များထဲမှ သူရဲကောင်းတစ်ယောက်နှင့် တူနေပေသည်။ မဟာဘာရတမှ ဘာရတမင်းသားသည်လည်းကောင်း၊ ရာမယနမှ ရာမမင်းသားသည်လည်းကောင်း ကျွန်တော့်လောက် သူရဲကောင်းတစ်ယောက်နှင့် တူနိုင်လိမ့်မည် မဟုတ်ဟု ထင်မြင်မိပေသည်။ ရာမမင်းသားသည် သီတာဒေဝီအား ဘေးအန္တရာယ်များပြား၍ ခရီးအပြောကျယ်သော လင်္ကာဒီပကျွန်းသို့ စွန့်စွန့်စားစား သွားရောက်ရသည်မှာ ကျွန်တော့်လောက် သူရဲကောင်းဆန်ချင်မှ ဆန်လိမ့်မည်ထင်ပါ၏။

နရသိန်ထောင်ကြီးအတွင်းမှ လွယ်လွယ်ကူကူ ချောချောမောမော လွတ်လာခဲ့ရသည်မှအစ ယခုဧည့်ခန်းဆောင်ဦးသို့ ရောက်ရှိလာရသည်အထိ ကျွန်တော်၏ 'စိတ်ကူးယဉ် စွန့်စားခြင်း' ပုံပြင်များထဲမှ သူရဲကောင်းဝတ္ထုကို အစီအရီတွေးတော စဉ်းစားနေရာမှ ဆုံးလုလုဆဲတွင် ခေါင်းရင်းဘက်မှ တံခါးမကြီးတစ်ချပ်သည် တအိအိ ပွင့်လာပြီးနောက် အလွန်တရာခံ့ညားလှသော မင်းသမီးအဝတ်အစား ဆင်ယင်တန်ဆာနှင့် ဣန္ဒြေရရပင် ပင်တိုင်တော် မြနန်းဦးစံသည် ညင်ညင်သာသာကလေး ဝင်လာပေသည်။

အလှ၏ကျော့ကွင်း၌ ဖမ်းမိနေသလို ကျွန်တော် လှမိုးသူဇာကို ငေးမော ကြည့်ရှုနေမိသည်။

"ဘယ်လိုကဘယ်လို သူရဲကောင်းလုပ်ပြီး ဒီကိုများရောက်လာရတာလဲ မောင်ကြီးသူပုန်တပ်သားရဲ့။ တယ်ပြီးတော့လည်း အတင့်ရဲလှပါကလား" ထိပ်ထား ခင်ခင်ဦးက ညောင်စောင်းထက်တွင် တင်ပလ္လင်ခွေ၍ထိုင်ရင်း မတိုးမကျယ်မေးရာက "ထိုင်တော်မူစမ်းပါဦးရှင်၊ မတ်တတ်ကြီးရပ်နေရတာက ညောင်းပဲမညောင်းသေးဘူးလား" ဟု ကျွန်တော့်အား အထိုင်ခိုင်းနေသောကြောင့် ကျွန်တော်သည်လည်း ဘေးတွင် အခန့်သင့်ရှိသော ကုလားထိုင်တစ်လုံးတွင်ဝင်၍ ထိုင်လိုက်ရပေသည်။

"ဘယ်လိုက ဘယ်လို ဒီကိုရောက်ရတာလဲ၊ ခင်ဦးကဖြင့် အံ့ကိုအံ့လို့ မဆုံးတော့ပါဘူးရှင်"

"မပြောတတ်ပါဘူးဗျာ၊ ကျုပ်လဲ ဘာလုပ်ရမှန်းမသိဘဲ အလကား နေနေရတော့ ထွက်မိထွက်ရာ ထွက်လာခဲ့ရာက ဒီအနားကို ရောက်လာတော့ စောင်းသံနဲ့သီချင်းသံကြားရလို့ နားထောင်နေရင်း ခုလိုအဖမ်းခံရတာပါပဲ"

"ရှင့်ကို ခင်ဦးကိုးကွယ်တဲ့ ဘုန်းတော်ကြီးကျောင်းကို ပို့ထားရတာက ခင်ဦးလာတွေ့ဖို့ရာ ကိစ္စတွေမပြီးပြတ်သေးလို့ ပို့ပြီးထားရတာ"

"ဩ ကျုပ်ကို နရသိန်ထောင်ကြီးထဲကထုတ်ပြီး ဘုန်းကြီးကျောင်းကို ပို့ထားပေးတာက ထိပ်ထားကိုး"


www.burmeseclassic.com

www.burmeseclassic.com


"မေခလာနတ်သမီးများ ထင်နေသေးတယ်ထင်ပါရဲ့"

"အင်း အင်း ကျုပ်လည်း ထင်တော့ အထင်မိသား"

"ဒါတွေ ထားလိုက်ပါဦး ကိုဇေယရဲ့၊ အခုရှင့်ကို ပြန်ပြီး ဘုန်းကြီးကျောင်းကို ပို့လို့လည်း မဖြစ်တော့ဘူး။ ကင်းသားတွေထဲမှာ ဟိုသိုးဆောင်းလူဖြူတွေနဲ့ အမေရိကန်နယ်ချဲ့သမားတွေရဲ့ သူလျှိုတွေ၊ ပဥ္စမ်တပ်သားတွေမပါဘူးလို့လည်း ပြောနိုင်တာမှ မဟုတ်ဘဲ။ အဲဒီတော့ ရှင့်ကို ကနေ့ည ဒီမှာပဲ ပြောစရာဆိုစရာနဲ့ မှာစရာကလေးတွေကို မှာကြားပြီးရင် ပြန်လွှတ်ရလိမ့်မယ်"

"ဘယ်လို သိုးဆောင်းလူဖြူတွေနဲ့ အမေရိကန်နယ်ချဲ့သမားတွေက မြို့တော်မှာ ဒါလောက်တောင်မှ တွင်ကျယ်နေကုန်ကြပလား ထိပ်ထားရဲ့"

"အတွင်းရေးတွေကတော့ တစ်နေ့တခြား စိုးရိမ်စရာ ထိတ်လန့်စရာ ကောင်းသည်ထက်ကောင်းလာနေတာကို တိုင်းပြည်နဲ့ ဗိုလ်လူတွေကတော့ ခုနေခါမသိကြသေးဘူးပေါ့ ကိုဇေယရယ်။ ဒါပေမယ့် ခင်ဦးကတော့ သိတန်သလောက် သိနေရတော့ ဒီနယ်ချဲ့သမားတွေရဲ့အန္တရာယ်ကို ဘယ်လိုတွန်းလှန်ရပါ့မလဲလို့ မိန်းမသားတန်မဲ့ ကြံစည်လာခဲ့ရတာလည်း ကြာလှပါပြီ"

"ဩော် ဩော်"

"ခမည်းတော်ကတော့ နယ်ချဲ့သမားပြောတိုင်း ခေါင်းညိတ်ပြီးခိုင်းရာကို တစ်သဝေမတိမ်းလုပ်နေတော့တာပဲလေ။ ပြီးတော့ သစ်တောနဲ့ရေနံတွင်းတွေရော၊ သတ္တုတွင်းတွေရော နယ်ချဲ့သမားတွေက လုပ်ချင်ရာလုပ်နေလေတော့ တချို့ ဗမာသစ်တောကုန်သည်တွေ၊ ရေနံတွင်းစားတွေနဲ့ သတ္တုတွင်းသူဌေးတွေကလည်း နယ်ချဲ့သမားလုပ်နေပုံကို မခံမရပ်နိုင်အောင်ဖြစ်ပြီး ခင်ဦးကို လာရောက် တိုင်ကြားကြတယ်။ ဒီနယ်ချဲ့သမားကို မောင်းထုတ်ရှင်းလင်းဖို့ဆိုရင်လည်း သူတို့က ဘာပဲကူညီရကူညီရ ကူညီပါ့မယ်တဲ့။ အဲဒါလောက်ကြားရသိရရင် ခုနေခါ ခင်ဦးတို့ ဗမာအမျိုးသားတွေဟာ ဘယ်လို အန္တရာယ်မျိုးနဲ့ ရင်ဆိုင်နေကြရပြီဆိုတာကို စဉ်းစားကြဖို့ပဲ"

"ဩော် ဩော်"

"ကနေ့ တိုင်းပြည်တစ်ခုလုံးမှာလည်း သူပုန်၊ သူကန်တွေက ထကြွနေကြတယ်မဟုတ်လား။ သူပုန်ထတာက တိုင်းသူပြည်သားတွေရဲ့ အပြစ်မဟုတ်ဘူး။ ခမည်းတော်ရဲ့ မြို့စား၊ ရွာစားတွေနဲ့ အမှုထမ်း၊ အရာထမ်းတွေက ဆင်းရဲသားပြည်သူတွေကို နှိပ်စက်ညှဉ်းပန်းလို့ ထကြွရတာကိုလည်း ခင်ဦးက နားလည်ပြီး သူတို့ရဲ့ ထကြွပုန်ကန်မှုကို လိုလားနေတာပါပဲ ကိုဇေယ။ အဲသလို တိုင်းပြည်ကြီးမှာလဲ ဝါးအစည်းပြေသလိုဖြစ်နေ၊ တစ်ဖက်ကလည်း နယ်ချဲ့သမားတွေက ခမည်းတော်ကို အမျိုးမျိုး ချော့ပြီ



www.burmeseclassic.com

www.burmeseclassic.com


ချော၊ ခြောက်လိုခြောက် ခြေရှုပ်ပြီး မွေချင်သလို မွှေနေရာက ခုတော့ သူတို့ စစ်စခန်းတွေ၊ လက်နက်ကိုင်စစ်တပ်တွေပါ လာရောက်တပ်စွဲချထားရုံတင်မကတော့ဘဲ ခင်ဦးတို့ရဲ့ တိုင်းပြည်ကို အခြေခံစစ်စခန်းလုပ်ပြီး ဟိုဂန္ဓာလရာဇ် ပြည်သစ်ကြီးကို ရန်စကျူးကျော် တိုက်ခိုက်ဖို့လုပ်နေကြတဲ့ အကြံအစည် အမူအခင်းများကိုလည်း နေ့စဉ်နဲ့အမျှတွေ့နေ ကြားနေရတော့ တစ်ခါတစ်ရံ လူဖြစ်လာရတာ ဘာမှအသုံးမကျပါဘူးလေလို့တောင် စဉ်းစားလာမိတယ်" ခင်ခင်ဦးက ပဒေသရာဇ်အလျာဖြစ်သော်လည်း ဗမာ့ သမီးကောင်း ၏ နှလုံးသားနှင့် မျိုးချစ်မယ်တစ်ယောက် ပီသစွာ ၎င်း၏ အမျိုးသားများကျရောက် ခံစားနေရမယ့်ဆဲဆဲ ဘေးဒုက္ခအတွက် ကြိုတင်ပူပန်စွာပြောကြားနေလေသည်။

"မူလကတော့ သိုးဆောင်းလူဖြူနယ်ချဲ့သမားရဲ့ ဩဇာခံနေရာက၊ ခုတော့ သူ့ထက်ပိုပြီး တန်ခိုးလည်းကြီး ပစ္စည်းလည်းပေးနိုင်ကမ်းနိုင်တဲ့ အမေရိကန် နယ်ချဲ့ သမားကိုလည်း သွားရောက်ပင့်ဖိတ်လာခဲ့ပြီး ဩဇာခံပြန်တော့ ခမည်းတော်နဲ့ သူ့ဝန်ကြီး တံတိုင်းကြီးတွေကတော့ ဆယ်လို့ရမယ်မထင်တော့ဘူး။ ခုလို ခမည်းတော်က နယ်ချဲ့ သမားတွေနဲ့ လုံးထွေးရောနှောပြီး သူတို့လုပ်သမျှ ခြယ်လှယ်သမျှကို ခံနေလေတော့ ကိုယ့်အမျိုးသားတွေထဲက သူဌေးသူကြွယ်နဲ့ ကုန်သည်ကြီးငယ်တွေကရော ခမည်းတော် ကို မလိုလားတာတွေ အများကြီးရှိလာကြတယ်။ သူတို့ အားလုံးက ခင်ဦးကိုပဲ အကျိုး အကြောင်းဖွင့်ပြောပြီး လာတိုင်ပင်ကြတယ်။ ဒါပေမယ့် ခင်ဦးက မိန်းမသားလည်း ဖြစ်ပြန်၊ ပြီးတော့ လက်မဲ့ကလည်းဖြစ်ပြန်ဆိုတော့ ဘာမှတော့ မတတ်နိုင်ဘူးပေါ့။ သူတို့ဘာသာပဲ ကြံနိုင်သမျှ ကြံကြပါ၊ ခင်ဦးက တတ်နိုင်သလောက် ကူညီပါ့မယ်လို့ပဲ ပြောရတယ်လေ"

"အဲဒါတွေ ကျုပ်ကြားရလို့သိရပါပြီလေ။ ကြားရသိရတာကတော့ စိတ်မကောင်း စရာပဲပေါ့။ ခုတင်က ထိပ်ထားခင်ဦးပြောခဲ့တဲ့ နယ်ချဲ့ဆန့်ကျင်ရေးလုပ်နေကြတဲ့ အမျိုးသားတွေကကော စည်းစည်းလုံးလုံးနဲ့ ညီညီညာညာရှိကြရဲ့လား"

"နယ်ချဲ့သမားတွေကို ရှင်းလင်းတိုက်ထုတ်ရေးအတွက်တော့ ခင်ဦးသိရသ လောက် အားလုံးတစ်စိတ်တစ်ဝမ်းတည်း ရှိနေကြတယ်လေ။ နယ်ချဲ့သမားကိုမှ တိုက် ထုတ်မပစ်နိုင်ရင် သူတို့ရဲ့ လုပ်ငန်းကိုင်ငန်းကလေးကိုလည်း အကုန်ပျက်စီးဆုံးရှုံးမယ်။ ပြီးတော့ တစ်နေ့မှာ တစ်မျိုးသားလုံး နယ်ချဲ့သမားရဲ့ စစ်မီးလောင်ပြင်မှာ သေကြေ ပျက်စီးကြရမှာကိုလည်း မြင်လာကြတယ်"

"နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုတွေကကော နယ်စားကြီး ခုလို နယ်ချဲ့သမားနဲ့ လုံးထွေးပြီး အညံ့ခံနေတာကို ဘာမှလည်းမပြော၊ ဘာမှလည်းမလုပ်ဘဲ ကြည့်နေ ကြသတဲ့လားဗျာ။ ဒါကကော ကိုယ့်အမျိုးကိုယ်ချစ်သူတိုင်း လုပ်စရာရှိတာကို မလုပ် မဖြစ်တဲ့ အလုပ်ပဲ မဟုတ်လား"


www.burmeseclassic.com

www.burmeseclassic.com


"လုပ်ဖို့ဆိုတာကလည်း လွယ်တာမဟုတ်ဘူး။ ဝန်ကြီးတံတိုင်းကြီးတွေနဲ့ တချို့စစ်ဘက်ဆိုင်ရာ ဗိုလ်မှူး၊ တပ်မှူးတွေကအစ နယ်ချဲ့သမားသူလျှိုတွေ နယ်ချဲ့သမားလူယုံတော်တွေဖြစ်လိုဖြစ်နေ။ အိုနေရာတကာမှာ နယ်ချဲ့သမားရဲ့ခြေနဲ့လက်ချည်းလိုလိုသာဖြစ်နေတော့တာလည်း တစ်ကြောင်း၊ ပြီးတော့ ခမည်းတော်ဘုရားကိုယ်တော်တိုင်ကပဲ နယ်ချဲ့သမားရဲ့ လူယုံတော်လုံးလုံးဖြစ်နေတော့ ခုလို မျိုးချစ်စိတ်ဓာတ်ရှိပြီး နယ်ချဲ့သမားရဲ့ဒဏ်ကို ခံနေကြရတဲ့ လူတွေကလဲ မလှုပ်သာ မလွန့်သာဖြစ်နေကြရတာပါပဲ။ ခု ခင်ဦးတို့ အသိုက်အဝန်းကလေးတောင်မှ ကိုယ့်အချင်းချင်း အင်မတန်လျှို့လျှို့ဝှက်ဝှက်နဲ့ ခဲခဲယဉ်းယဉ်းတွေဆုံကြရပြီး ဆွေးနွေးညှိနှိုင်းတာလောက် ဆုံးဖြတ်ထားကြတာလောက်တင်ရှိကြသေးတယ်။ လက်တွေ့လုပ်လာရဖို့ အခန်းက အရိပ်နိမိတ်တောင် မမြင်မိသေးပါဘူး"

"ထိပ်ထားတို့ရဲ့ အသိုက်အဝန်းကတော့ လုံခြုံစိတ်ချရတဲ့ လူတွေချည်းမှ ဟုတ်ကဲ့လား။ တော်တော်ကြာ နယ်ချဲ့သမားရဲ့ ပဉ္စမ်တပ်သားတွေ၊ သူလျှိုတွေဝင်နေပြီး နယ်ချဲ့သမားဆီ သတင်းတွေပေါက်ကြားလို့ အားလုံးဒုက္ခရောက်ကုန်ကြပါဦးမယ်"

"ဘာမဆို သေသေချာချာ စေ့စေ့စပ်စပ်နဲ့ လျှို့လျှို့ဝှက်ဝှက်လုပ်တော့ လုပ်ကြတာပါပဲ။ မပါတန်ကောင်းဘူးလို့တော့ ယုံကြည်ရလိမ့်မယ်။ ဒါထက် ရှင်တို့ ပြည်သူ့လက်နက်ကိုင် တပ်မတော်သားတွေရဲ့ အခြေအနေကကော ၊ ပြည်သူတွေက အားထားနိုင်လောက်နေပလား"

နန်းတွင်းရေးနှင့် မြို့တော်အရေးအခင်းများကို စ၍ပြောလာခဲ့သော မျိုးချစ်မယ်ခင်ခင်ဦးသည် ယခုအခါ၌ အားကိုးအားထားပြုလာသော ပြည်သူ့လက်နက်ကိုင် တပ်မတော်များ၏အကြောင်းကို ယုံကြည်အားထားစွာဖြင့် လေးလေးစားစားမေးလာပေသည်။

"ကျုပ်တောင်မှ တပ်တွေနဲ့ အဆက်ပြတ်နေခဲ့ရတာ ငါးလ၊ ခြောက်လလောက်ရှိသွားလို့ နောက်ဆုံးအခြေအနေကို တိတိကျကျ မပြောနိုင်ပေမယ့် ကျုပ်ရှိနေခဲ့တဲ့ အချိန်အထိတော့ အမြဲတမ်း တပ်မကြီးတွေလည်း လက်နက်အပြည့်အစုံနဲ့ တော် တော်ပဲ ရှိနေပါပြီ။ စိတ်ဓာတ်နဲ့ နိုင်ငံရေး အသိပညာကတော့ အင်မတန် မြင့်တာပဲ"

"အမြဲတမ်း တပ်မတော်ကြီးတွေလည်း လက်နက်အပြည့်အစုံနဲ့ဆိုတော့ တော်တော်ပဲ အားကိုးစိတ်ချလောက်နေပြီပဲနော်။ ပြည်သူတွေကိုလည်း နယ်ချဲ့သမား ပေးမယ့် အန္တရာယ်ကိုတော့ ကာကွယ်နိုင်ကောင်းလောက်ပါလိမ့်မယ်ထင်ပါရဲ့"

"ကျုပ်ကတော့ သေသေချာချာယုံတယ်"

"ခင်ဦးကလည်း ယုံပါတယ်တဲ့၊ ပြည်သူ့လက်နက်ကိုင် တပ်မတော်သားကြီး


www.burmeseclassic.com

www.burmeseclassic.com


ကိုဇေယရယ်၊ ယုံပါသတဲ့ရှင်” ခင်ခင်ဦးက ကျွန်တော်၏ လေးလေးနက်နက် ပြောပြလိုက်ခြင်းအား များစွာသဘောကျ ကျေနပ်သွားသကဲ့သို့ ခပ်ရွှင်ရွှင်ကလေး ပြောလာလေသည်။

ကျွန်တော်က မိမိဘာသာတစ်ယောက်တည်း လေးနက်နေခြင်းကို ပြန်၍ သတိရကာ ပြုံးလိုက်ရသည်။

“ကဲ ရှင်လည်း စကားမပြောရဘဲ နားထောင်နေရတာနဲ့ မောရော့မယ်၊ တစ်ခုခု သုံးဆောင်ရအောင်၊ ခင်ဦးမှာလိုက်ပါရစေလား၊ ပြည်သူတွေကို အညှဉ်းဆဲခံရနေတဲ့ ဘဝကလွတ်မြောက်အောင် အသက်ပေးတိုက်ခိုက်နေကြတဲ့ ရှင်တို့ပြည်သူ့လက်နက်ကိုင်တပ်မတော်ကြီးနဲ့တပ်သားတွေကို ရန်သူ့သမီးဖြစ်ပေမယ့် ဗမာမမိခင်ဦးက လေးစားပါတယ်ရှင်။ အားလည်းထားပြီး မေတ္တာလည်းရှိပါတယ်” ခင်ခင်ဦးသည် ထိုသို့ပြောဆိုပြီးနောက် ခိုင်းစရာစေစရာရှိသော ရံရွေတော်များနှင့် ကိုယ်လုပ်တော်များကိုပင် ခေါ်ယူခိုင်းစေခြင်းမပြုဘဲ သူမကိုယ်တိုင်ထိုင်ရာမှထ၍ တစ်ဖက်အခန်းတွင်းသို့ ဝင်သွားပြီးနောက် ယွန်းလင်ဗန်းတွင် အဖျော်နှင့်ခဲဖွယ်ဘောဇဉ်တို့ကို ကိုယ်တိုင်ယူလာပြီးသည့်နောက် ကျွန်တော့်အား ညီတူတန်းတူ သဘောထားကာ ချပေးကျွေးမွေးခြင်းပြုပါသဖြင့် ကျွန်တော်သည်လည်း ယူငင်စားသောက်ရလေသည်။

လှမိုးသူဇာကျွေးမွေးခြင်းကို ဝလင်စွာ စားသောက်ပြီးသည့်နောက် ကျွန်တော်သည် ဗိုက်ကလည်းပြည့်၍ ညဉ့်ကလည်း နက်လာသောကြောင့် ငိုက်မျဉ်းစပြုလာသဖြင့် “တိုင်းပြည်ကို လုပ်ကြံနေတဲ့လူတစ်ယောက်က ခုလိုငိုက်နေလို့ ဘယ်ဖြစ်ပါ့မလဲ” ဟု မျိုးချစ်မယ် ခင်ခင်ဦးက ကျွန်တော်၏ နဖူးပြင်မှဆံစကလေးများကို သူမ၏ နူးညံ့သိမ်မွေ့သော လက်ကလေးဖြင့် သပ်ပေးရင်း သတိပေးပြောကြားလာသဖြင့် ကျွန်တော်သည် မိမိကိုယ်ကို ပြန်၍မတ်မတ်ထားရင်း စိတ်ကိုတင်းထားလိုက်ရပေသည်။

“အချိန်ကတော့ များများမရှိလှဘူး ကိုဇေယ။ ရှင်ကနေ့ညပဲ ရှင်တို့ လွတ်မြောက်တဲ့ဒေသကို လွယ်လွယ်ကူကူ ပြန်နိုင်ဖို့တော့ ခင်ဦး စီမံထားပြီးသားရှိတယ်။ ဟိုကို ချောချောမောမော ရောက်တဲ့အခါ၊ မြို့တော်မှာဖြစ်ပျက်နေတဲ့ အခြေအနေတွေနဲ့ အလားအလာတွေကိုတော့ ရှင်တို့ အကြီးအကဲတွေကို ရှင်းပြတာပေါ့ဟုတ်လား။ ဒီတော့မှလဲ သူတို့လူကြီးတွေက တစ်မျိုးသားလုံးရဲ့ အရေးကို ခြုံပြီးကြည့် မြင်နိုင်တော့မှာပေါ့”

“ဟုတ်ကဲ့ ဒါကတော့ ကျွန်တော့်တာဝန်ပဲထားပါ”

“ဒီလိုဆိုရင် ရှင်လို ပြည်သူ့သားကောင်းတစ်ယောက်အတွက် ခင်ဦးက အမှတ်တရသိမ်းဆည်းထားဖို့နဲ့ ရှင့်အထက်အကြီးအကဲတွေ ရှင့်စကားတွေကို ကြေးနာ



www.burmeseclassic.com

www.burmeseclassic.com


ရတဲ့အခါမှာ အထောက်အပံ့ဖြစ်ဖို့ ခင်ဦးရဲ့ မြလက်စွပ်ကြီးကို ရှင့်လက်မှာ စွပ်ပေးလိုက်ပါရစေ”ဟု ပြောပြောဆိုဆိုနှင့် ထိပ်ထားကလေး ခင်ခင်ဦးသည် သူမ၏ လက်ဝဲဘက်၊ လက်သူကြွယ်မှ အလွန်တရာ အရည်အသွေးကောင်း၍ အဖိုးတန်လှသော မြလက်စွပ်ကြီးကို ချွတ်ကာယူလာပြီးနောက် ကျွန်တော်၏ လက်ဝဲဘက် လက်သူကြွယ်ကို ဝတ်ဆင်ပေးရာ၌ မတော်သဖြင့် လက်သန်း၌ ဝတ်ဆင်ပေးလေသည်။

သည်လို မျိုးချစ်မယ် ခင်ခင်ဦးက ပြုလုပ်နေသည့်အခိုက် ကျွန်တော်သည် အောင်ဆုကို ရရှိသော စစ်သားတစ်ယောက်လို ဣန္ဒြေရရ ရပ်နေလိုက်ပေသည်။

“ကဲ အချိန်လည်းနီးနေပြီ။ ရှင်ခရီးသွားရတဲ့အခါ ရှင့်ကိုယ်ကိုကာကွယ်ဖို့ သေနတ်တိုတစ်လက်လည်း ယူသွားပေါ့ဟုတ်လား ကိုဇေယ။ ဒီကနေပြီး ရှင့်ကို ခင်ဦးရဲ့ လူယုံတော် နှစ်ယောက်က ခရီးငါးရာတွင်းလောက်မှာရှိတဲ့ နံ့သာဝတီ မြစ်ကမ်းကို ခေါ်သွားလိမ့်မယ်။ ဟိုကျတော့ အသင့်စောင့်နေတဲ့လှေနဲ့ လှေသမားကိုလည်း တွေ့ပါလိမ့်မယ်။ အဲဒီလှေနဲ့ ခုချိန်လောက်ကစုန်ရင် မလင်းခင်ဘဲ ရှင်တို့ လွတ်မြောက်တဲ့ ‘အောင်သာ’ အရပ်ကို စိတ်ချလက်ချ ရောက်သွားပါလိမ့်မယ်”ဟု ပြောဆိုပြီးနောက် ခင်ခင်ဦးက ကျွန်တော့်အား သူမ၏ ကြော့ရှင်း၍ ကြည်ပြုံးကာ ချစ်စရာကောင်းလှသော လက်ယာဘက်လက်ကို ကမ်း၍ပေးနေသဖြင့် ကျွန်တော်က နားမလည်သလို ပဒေသရာဇ် အလျာအား မျက်လုံးအပြူးသားနှင့် ငေးကြည့်နေလိုက် မိပါ၏။

“ခင်ဦးလက်ကို ဆွဲကိုင်ပြီး နမ်းလိုက်စမ်းပါ ကိုဇေယရယ်”ဟော လှမိုးသူဇာ က ကျွန်တော် အိပ်မက်၌ပင် မမက်ရဲခဲ့သော အလုပ်ကို ရက်ရက်ရောရောပင် လုပ်ခိုင်းနေချေပါပကော။

ကျွန်တော်သည် မလှုပ်ဘဲ ကြောင်၍နေ၏။

“တိုင်းပြည်ကို လုပ်ကြံတဲ့လူက နယ်စားရဲ့သမီးလောက်မှ ခုလို မနမ်းရဲရင် ဘာကို သွားလုပ်ကြံနေတယ် မပြောတတ်ပါဘူးရှင်”

ကျွန်တော်က မဟာမဆန်သော ကျွန်တော်၏လက်ကြမ်းကြီးဖြင့် လှမိုးသူဇာ၏ နူးညံ့သော လက်ကလေးကို ခပ်ကြမ်းကြမ်း ဖမ်းယူ၍ ခပ်ရမ်းရမ်းဆုပ်ကိုင်လိုက်ပြီးနောက် ပြည်သူ့လက်နက်ကိုင် တပ်မတော်သားကောင်းပီသစွာ နမ်းပြနေလိုက်စဉ်မှာပင် ထိပ်ထား၏တစ်ဖက်သောလက်က ကျွန်တော်၏ ကျောကို ယုယုယယနှင့် သပ်ပေးနေပါသတည်း။


www.burmeseclassic.com

www.burmeseclassic.com

# ပြည်တော်သာသို့

မယ်ဆီတူရူ

သည်မိုးဖြူသည်

မတူ၏သို့ တူ၏သို့

နဝဒေး

(၁)

တစ်ရံရောအခါကာလက ပြည်တော်သာနယ်စားကြီး၏ အညှဉ်းဆဲခံနေရသိန် ထောင်တွင်းမှ အကျဉ်းသမားကြီး ဇေယနှင့် မျိုးချစ်မယ်ကလေး ခင်ခင်ဦးတို့၏ အကြောင်းအရာများအား ပြန်လည် ဆန်းစစ်ရင်း လှပ၍ ညွတ်နူးဖွယ်ရာ စိတ်ကူးယဉ် စွန့်စားခြင်းအိပ်မက်များကို မြင်မက်နေရာမှ ပြီးဆုံးလုဆဲဆဲ၌မှာပင် တစ်စုံတစ်ယောက်က ကျွန်တော်၏ လက်မောင်းကို ကိုင်ကာလှုပ်ရင်း လာရောက်၍ နှိုးနေသောကြောင့် ကျွန်တော်သည် အိပ်မှုန်စုံမွှားနှင့် လူးလဲ၍ထကာ ကျွန်တော့်အား ညကြီးအချိန် မတော်၌မှာပင် ရေးကြီးသုတ်ပျာ ဗျာကယာဖြင့် လာရောက် လှုပ်နှိုးနေသူအား ကြည့်လိုက်ရပေသည်။

အိပ်ရာသော်း၌လာရောက် လှုပ်ကိုင်နှိုးနေသူမှာ ကျွန်တော်တို့ တပ်ခွဲမှူးကိုယ်တိုင်ဖြစ်နေသဖြင့် သာမန်ကိစ္စအတွက်တော့ မဟုတ်ဘဲ အတော်အတန် အရေးကြီးသောအရေးအခင်းနှင့် အကြောင်းကိစ္စအတွက် ဖြစ်လိမ့်မည်ကိုကား ကျွန်တော် ရုတ်ခြည်းပင် ရိပ်စားမိလိုက်ပေသည်။

"ထစမ်းပါအုံးဗျ မွန်းဇေယရဲ့၊ ဗိုလ်မှူးကိုယ်တိုင် မြင်းနဲ့ခုညတွင်းချင်းလိုက်လာပြီး ခင်ဗျားကို အရေးတကြီး တွေ့ချင်လို့တဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com


"ဗျာ ဗိုလ်မှူးလိုက်လာတယ် ၊ ဘယ်က ဗိုလ်မှူးလဲ ဗိုလ်မင်း" ကျွန်တော်က အိပ်မှုန်စုံမွှားနှင့် မျက်လုံးကိုပွတ်ရင်း ပြန်မေးလိုက်မိသည်။

"တပ်မတော်ဗိုလ်မှူးကြီး နော်ရထာလေဗျာ၊ ကဲ ထစမ်းပါအုံးဗျ" ဟု ကျွန်တော်အား ဆွဲထူရင်းပြောနေ၏။

တပ်မတော် ဗိုလ်မှူးကြီး နော်ရထာဟု ကြားသိလိုက်ရသဖြင့် ကျွန်တော်က ဗိုလ်မှူးကြီး နော်ရထာ အဘယ့်ကြောင့် အရေးတကြီး လိုက်လာရခြင်းနှင့် အဘယ်ကဲ့သို့သော အရေးအခင်းအတွက်ဖြစ်မည်ကို တွက်ချက်ကြည့်နိုင်လိုက်ပြီး ဖြစ်လေသည်။ ဗိုလ်မှူးကြီး နော်ရထာနှင့် ကျွန်တော်သည် ရန်သူ့လက်အောက် ဒေသနယ်မြေများ၌ ရှိနေကြသော ပြည်သူတို့၏ အခြေအနေနှင့် လှုပ်ရှားမှုများကို ဆွေးနွေးခဲ့ဖူးကြသည်။ နရသိန်ထောင်တွင်းမှ ပြည်တော်သာ ခင်ခင်ဦး၏ ကူညီဆောင်ရွက်ချက်ကြောင့် ကျွန်တော်သည် လွတ်မြောက်လာခဲ့ပြီးနောက် မြို့တော်၌ လျှို့ဝှက်စွာ မွေးဖွားရ၍ နေပြီဖြစ်သော နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများ၏ အခြေအနေနှင့် အင်အား လှုပ်ရှားမှုများကိုလည်း ဗိုလ်မှူးကြီး နော်ရထာအား ခင်ခင်ဦးထံမှ ကြားသိမှတ်သားလာခဲ့သလောက်ကို ကျွန်တော်သည် ခရေစေ့တွင်းကျ ပြောကြားခဲ့ပြီလည်း ဖြစ်ပေသည်။ ထို ရန်သူဒေသရှိ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများ၏ အလားအလာကိုလည်း ကျွန်တော်နှင့် ဗိုလ်မှူးကြီး နော်ရထာတို့သည် အထပ်ထပ်အပြန်ပြန် ဆွေးနွေးခန့်မှန်းခဲ့ကြဖူးသည်။ ထိုရန်သူဒေသရှိ နယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများ၏ လှုပ်ရှားမှုများနှင့် လွတ်မြောက်သောဒေသမှ ပြည်သူတို့၏ လှုပ်ရှားမှုများကို ညှိနှိုင်းဆက်စပ်နိုင်သလောက် ဆက်စပ်ရန်ကိုလည်း အပြန်အလှန်ဆွေးနွေးခဲ့ကြဖူးသည်။ ထို့ကြောင့် ရေးကြီး သုတ်ပျာနှင့် ညကြီးအချိန်မတော်၌မှာပင် ဗိုလ်မှူးကြီး နော်ရထာကိုယ်တိုင် မြင်းနဲ့ လိုက်လာခြင်းမှာ မြို့တော်အတွင်းရှိ ဘက်တော်သား အထောက်တော်များထံမှ နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများ၏ သတင်းတစ်ခုခုကို အရေးတကြီး ပေးလိုက်သောကြောင့်သာ ဖြစ်ရမည်ဟု ကျွန်တော်က ကြိုတင်၍ ခန့်မှန်းနိုင်လိုက်ခြင်းပင်ဖြစ်ပေသည်။

တပ်ခွဲမှူးနှင့်အတူ ထ၍လိုက်ပါလာခဲ့ပြီးနောက် တပ်ခွဲမှူး၏ ရုံးခန်းသို့ ရောက်လာသောအခါ ပြောင်းဖူးဖက် ဆေးပေါ့လိပ်ကို လက်တစ်ဖက်မှကိုင်ရင်း လက်ဖက်ရည်ကြမ်းပူပူကြီးကို တရှူးရှူးနှင့်မှုတ်၍ သောက်နေသော ဗိုလ်မှူးကြီး နော်ရထာအား တွေ့မြင်ရလေသည်။

"ဘယ်နယ် တပ်သားကြီး မောင်ဇေယ၊ အိပ်ကောင်းတုန်း လာနှိုးလို့ ကျွဲမြီးများတိုလာသလား" ဟု ရယ်ရွှန်း ဖတ်ရွှန်းနှင့်လှမ်း၍ စကားမေးရင်း ၎င်း၏ လက်ထဲမှ ပြောင်းဖူးဖက် ဆေးပေါ့လိပ်တိုကြီးကိုပါ ရင်းရင်းနှီးနှီး လှမ်းပေးနေသဖြင့် ကျွန်တော်သာ


www.burmeseclassic.com

www.burmeseclassic.com


အလေးပြုလိုက်ပြီးနောက် ပေးနေသော ဆေးပေ့ါလိပ်ကို လှမ်းယူရင်း "ကျွဲမြီးတော့ မတိုပါဘူးဗျ ဗိုလ်မှူး။ ယောက္ခမကြီးကိုသာ ဒူးနဲ့တိုက်ချင်တာတစ်ခုပါပဲ" ဟု ပြန်လှန်ပြောကြားလိုက်သဖြင့် ဗိုလ်မှူးက ကျွန်တော့်အား ညီရင်းအစ်ကိုကဲ့သို့ ထိုင်ရာမှ ထ၍ ဖက်ကာ ရယ်မောနေလေသည်။

"ဒါထက် မြို့တော်က အထောက်တော်တွေဆီက အရေးကြီးတဲ့ သတင်းတစ်ခုကို ညတွင်းချင်းလာပို့သွားလို့ အရေးတကြီးလုပ်စရာကိုင်စရာတွေပေါ်နေပြီ" ဗိုလ်မှူးကြီး နော်ရထာက လေးလေးပင်ပင် ပြောဆိုလာ၏။

"ဘယ်လို အရေးအခင်းတုံးဗျ ဗိုလ်မှူး ၊ ကျွန်တော့်အတွက် တာဝန်ကကော ဘယ်လိုလဲ"

"သတင်းက တော်တော်ကို အရေးကြီးတယ်။ ပိပိရိရိနဲ့ စေ့စေ့စပ်စပ်လုပ်ဖို့ ကိုင်ဖို့လုပ်မယ်"

"ဗိုလ်မှူး သတင်းပဲ ဆိုပါဦးဗျ"

"သတင်းကတော့ သတင်းကောင်းပဲ"

"အဲဒီ သတင်းကောင်းကိုပဲ ပြောမှ မပြောသေးတာ"

"ဖြည်းဖြည်းနဲ့ အေးအေးပဲ ပြောစမ်းပါရစေကွယ်။ လာရတဲ့ ခရီးက ဝေးကလည်း ဝေး၊ အသက်ကလေးက ရင့်လာတော့ ပန်းလာပြီ မောင်ဇေယရဲ့"

ကျွန်တော်သည် ဗိုလ်မှူးကြီး နော်ရထာအား ပြုံး၍ ကြည့်နေမိသည်။ သူသည် တော်တော်ကလေး နွမ်းနယ်နေပုံရသည်။ "အကြောင်းက ဒီလိုကွယ့်၊ အခု မြို့တော်မှာ နေထိုင်ကြတဲ့ သက်ကြီးထေရ်ကြီး ဆရာတော်သမားတော်တွေနဲ့ လူပညာရှိ သက်ကြီးရွယ်ကြီးတွေက တစ်မျိုးသားလုံးရဲ့အရေးကို အရှည်အရှည်ထောက်မြော် စိုးရိမ်ပြီး တစ်တိုင်း၊ တစ်ပြည်လုံးကို မေတ္တာရပ်ခံလိုက်ပြီဆိုတဲ့ သတင်းပဲ။ အဲဒီ သတင်းဟာ တော်တော် အရေးကြီးတယ်"

"ဟုတ်ကဲ့ ဗိုလ်မှူး ဒါထက် အဲဒီ မေတ္တာရပ်ခံချက်ထဲမှာ ဘာတွေ မေတ္တာ ရပ်ခံထားလို့ဘဲ"

"ရော့ အဲဒီမှာ ဖတ်ကြည့်စမ်းပါဦး" ဟု ပြောပြောဆိုဆိုနှင့် ကျည်တောက် တစ်ခုကို ဗိုလ်မှူးကြီးနော်ရထာကလှမ်း၍ပေးသဖြင့် ကျွန်တော်သည် လှမ်းယူကာ ကျည်တောက်ကိုဖွင့်၍ အတွင်းမှ စာလွှာကို ထုတ်ယူလိုက်ပြီးနောက် မီးလင်းတိုင်သေး၌ ဖြန့်ကာ ဖတ်ရှုမိလေသည်။

**ပဒေသရာဇ် နယ်စားကြီးနှင့် ဝန်ကြီးများအားလည်းကောင်း၊**

**ပဒေသရာဇ် နယ်စားကြီးအား လက်နက်ကိုင်ထကြွနေကြရသော ပြည်သူပြည်သားများအားလည်းကောင်း၊**

**မြန်မာစာအုပ်တိုက်**

www.burmeseclassic.com

**ဆင်းရဲသား အများပြည်သူတို့နှင့် လူမျိုးစုအသီးသီးအားလည်းကောင်း**

အောက်တွင် လက်မှတ်ရေးထိုးကြသော ဆရာတော် ရဟန်းတော်များနှင့် သက်ကြီးရွယ်ကြီး ပညာရှိကြီးများက ဗမာတစ်မျိုးသားလုံး၏ လောလောဆယ်ဆယ်အရေးကို ပူပင်မျှော်တွေးလျက် ထောက်ရှုကာ မေတ္တာရပ်ခံလိုက်ပါသည်။

ယခုအချိန်အခါ၌ ကျွန်ုပ်တို့ ဗမာနိုင်ငံသည် အလွန်တရာစိုးရိမ်ဖွယ်ရာ ကောင်းလှသော အခြေအနေများ၌ ကျရောက်နေ၍ ထိုသို့ကျရောက်နေခြင်းအား အချိန်မလွန်မီ ကာကွယ်တားဆီးနိုင်ကြမှသာလျှင် တစ်မျိုးသားလုံးနှင့်တကွ သာသနာတော်ကြီးပါ ပျက်စီးနစ်မွန်းရခြင်းမှ လွတ်မြောက်ချမ်းသာနိုင်လိမ့်မည် ဖြစ်လေသည်။

အမျိုးသားရေးကွဲပြားမှုများ တိုင်းသူပြည်သားများ ဆင်းရဲကျပ်တည်း၍ ငတ်မွတ်ရခြင်းများနှင့် နှိပ်စက်ညှဉ်းပန်းခံရခြင်းကြောင့် ဖြစ်ပေါ်လာခဲ့ရသော ပြည်တွင်းပုန်ကန်ထကြွမှုကြီးသည်လည်း ယခုအချိန်ကာလ၌ လေးနှစ်ကျော်လွန်၍ ငါးနှစ်အတွင်းသို့ပင် ဝင်ခဲ့ကြပြီ ဖြစ်ပေသည်။

ယခုကဲ့သို့ အမျိုးသားအချင်းချင်း ကွဲပြားမှုနှင့် တိုက်ခိုက်မှုများအား အခွင့်ကောင်း အခါကောင်းဟူ၍ နိုင်ငံရပ်ခြားမှ သိုးဆောင်းလူဖြူများနှင့် အမေရိကန်နယ်ချဲ့များသည် ဗမာနိုင်ငံအတွင်းသို့ စာချုပ်စာတမ်းများနှင့် ချင်းနင်းဝင်ရောက် လာခဲ့ပြီးသည့်နောက် ၎င်းတို့၏ ကမ္ဘာ့စစ်သေနင်္ဂဗျူဟာကြီး၌ ဗမာနိုင်ငံအား စစ်အခြေခံ စခန်းတစ်ခုအဖြစ်သို့ ကျရောက်အောင် ဖန်တီးလျက်ရှိနေလေပြီ။ ဗမာနိုင်ငံအား နယ်ချဲ့သမားများသည် လောလောဆယ်ဆယ်အားဖြင့် ဂန္ဓာလရာဇ်၏တိုင်းပြည်ကြီးအား ရန်စတိုက်ခိုက်ရေး အတွက် စစ်မျက်နှာတစ်ရပ်အဖြစ် ဖန်တီးလျက်ရှိနေပေပြီ။

ဤကဲ့သို့ နယ်ချဲ့သမားများ၏အန္တရာယ်ကိုမှ ဂရုမပြုနိုင်လောက်အောင် အမျိုးသားအချင်းချင်း၏ ကွဲလွဲမှုများအား တစ်ဖက်နှင့်တစ်ဖက် လက်နက်ကိုင်ဖြေရှင်းရန် ဆက်လက်ကြိုးပမ်းနေပါလျှင် နှစ်ဦးနှစ်ဖက်စလုံးရော ဗမာ့တစ်မျိုးသားလုံးပါ မိုက်မဲသော ကြက်ဖနစ်ကောင်၏ ပျက်စီးရခြင်းမျိုးကို တွေ့ရှိကြရလိမ့်မည်သာ ဖြစ်ပေသည်။

ထို့ကြောင့် ဤကဲ့သို့ ကပ်ဘေးဆိုက်ရောက်၍ တစ်မျိုးသားလုံးရော၊ သာသနာတော်ပါ ပျက်စီးရမည့်ကိန်းခန်းအခြေအနေ၌ မိမိတို့၏ အမျိုးသားအချင်းချင်း ကွဲပြားမှုအား ယခုကဲ့သို့ လက်နက်ကိုင်၍ တိုက်ခိုက်ဖြေရှင်းခြင်းထက် တစ်ဦးနှင့်တစ်ဦး ညီတူတန်းတူ သဘောထားကြပြီးလျှင် မျက်နှာစုံညီ ဆွေးနွေးညှိနှိုင်း၍ အချင်းချင်း တိုက်ခိုက်မှုကို အေးအေးချမ်းချမ်း ဖြေရှင်းစေလိုကြလျက် ဗမာ့တစ်မျိုးလုံးနှင့် သာသနာတော်၏ အဓိက အန္တရာယ်ကြီးဖြစ်နေသော နယ်ချဲ့သမား၏ရန်စွယ်ကို တစ်မျိုးသားလုံး စုပေါင်းညီညွတ်စွာဖြင့် ဖြေရှင်းကြပါရန် အနာဂတ်အရေးကို မျှော်တွေးထောက်ရှု၍ မေတ္တာရပ်ခံလိုက်ရပါသတည်း။

မြန်မာ့စာအုပ်တိုက်

www.burmeseclassic.com

စာ၏အဆုံး၌ ထင်ရှားကျော်ကြားလှသော ဆရာတော်ကြီးများနှင့် ပညာရှိကြီးများတို့၏ ရေးထိုးထားကြသော လက်မှတ်များကိုလည်း တွေ့ရှိရလေသည်။ မေတ္တာရပ်ခံချက်ကိုဖတ်၍ ဆုံးသောအခါ ကျွန်တော်သည် ဗိုလ်မှူးကြီးနော်ရထာအား လှမ်း၍ကြည့်မိ၏။

“ဒီမေတ္တာရပ်ခံချက်ဟာ မြို့တော်မှာ တော်တော်လှုပ်လှုပ်ရှားရှားဖြစ်နေပြီ။ သံတမန်ရပ်ကွက်မှာလည်း ချောက်ချောက်ချားချားဖြစ်နေပြီလို့ သတင်းစကားကြားရတယ်။ အထူးသဖြင့် သိုးဆောင်းသံအမတ်ကြီးထက် အမေရိကန်သံအမတ်ကြီးနဲ့ သူ့ကိုယ်ရံတော် တပ်မှူး၊ ဗိုလ်မှူးတွေက ပိုပြီး လှုပ်ရှားနေတယ်လို့လဲ ကြားသိရတယ်”

“ပြည်တော်သာ နယ်စားကြီးကကော ဘယ်လိုနေသတဲ့လဲဗျ ဗိုလ်မှူး”

“သူကတော့ ရပ်သေးနယ်စားကြီးဖြစ်နေလေတော့ သူ့ အရှင်သခင်တွေ အမိန့်အတိုင်း သူပုန်သူကန်တွေကို ကျူပင်ခုတ်၊ ကျူငုတ်မှမကျန်အောင် အပြုတ်တိုက်ရှင်းလင်းမယ်လို့ တစ်လောက ပြုလုပ်တဲ့ ပြည်တော်သာ ပွဲသဘင်မှာ ကြုံးဝါးတော်မူတယ်လို့ ကြားရတယ်”

“သေတဲ့နေ့အထိတောင် တူးတူးခါးခါး မိုက်နေဦးမယ့် သတ္တဝါကြီးပဲ”

“သူက အဓိက မဟုတ်သေးဘူး မွန်းဇေယရဲ့။ သူ့လက်အောက်မှာ အခြေအနေအရလျှိုနေပြီး အမှုတော်ထမ်းနေကြရတဲ့ တပ်မှူး၊ ဗိုလ်မှူးတွေနဲ့တပ်သားတွေရဲ့ သဘောထားနဲ့ စေတနာက အရေးကြီးတယ်။ တကယ်တမ်း လက်တွေ့တိုက်ရတာက သူတို့ပဲ။ သူတို့ကလည်း အရင့်အရင် နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲတွေတုန်းက တို့များနဲ့အတူ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ခဲ့ကြဖူးတဲ့ ဗမာမျိုးချစ်သားကောင်းတွေ မဟုတ်လား”

“ဟုတ်ပါတယ် ဗိုလ်မှူး”

‘အဲဒီတော့ ပြည်တော်သာနယ်စားကြီးရဲ့ လက်အောက်မှာအမှုတော်ထမ်းနေကြရတဲ့ ဗမာမျိုးချစ်သားကောင်းတွေရဲ့ဆန္ဒ စေတနာနှင့် သဘောထားက ဘယ်လိုရှိကြတယ်ဆိုတာ ယေဘုယျလောက်တင် မဟုတ်ဘဲ တိတိကျကျနဲ့ သိထားဖို့အရေးတကြီးလိုသေးတယ်။ ဒီ့အပြင် ဆင်းရဲသားလုပ်စားကိုင်စားတွေသာမကသေးဘူး၊ သူဌေးသူကြွယ်တွေနဲ့ကုန်သည်ကြီးငယ်တွေက ဒီမေတ္တာရပ်ခံချက်ကို တော်တော်လည်းလိုလားကြတယ်လို့ သိရှိရတယ်”

“ဗိုလ်မှူးပြောနေတာတွေကို ကျွန်တော်သဘောပေါက်ပါတယ်။ ကျွန်တော်က ဘယ်လို လုပ်ရ၊ ကိုင်ရမယ်ဆိုတာသာ အမိန့်ရှိစမ်းပါဗျာ”

“လုပ်ရမယ့်အလုပ်က ရန်သူနယ်မြေဒေသမှာ ဖြစ်နေလေတော့ မလုပ်ရခင် ကိုယ်လုပ်ရမယ့်အလုပ်ရဲ့ သဘောကိုကောင်းကောင်းကြီးနားလည်သိမြင်ပြီး ရှင်းရှင်းကြီးသဘောပေါက်ထားဖို့လိုသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ပြည်တော်သာကို ကျွန်တော်သွားရမှာလား ဟင် ဗိုလ်မှူး" ကျွန်တော်သည် အားတက်သရောနှင့် ကလေးသူငယ်ကဲ့သို့ မိမိသိချင်စရာကိုသာ လှုပ်လှုပ်ရှရှနှင့် မေးလိုက်မိပေသည်။

"ပြည်တော်သာ ခင်ခင်ဦးနဲ့ တွေ့ရတော့မှာမို့လားကွဲ့"

"ဒါတင် မဟုတ်ပါဘူးဗျ ဗိုလ်မှူးရဲ့"

"ဒါမှမဟုတ်ရင် မင်းကို ပြည်တော်သာ လွှတ်စရာ ရှိမှမရှိတာ"

"ခင်ဗျာ ဗိုလ်မှူးပြောတာ ကျွန်တော် ကောင်းကောင်း နားမလည်လိုက်ဘူး"

"ခုလို အရေးအခင်းနဲ့ အကြောင်းအရာအဖြစ်အပျက်တွေကို ခိုင်ခိုင်လုံလုံနဲ့ စိတ်ချလောက်အောင် သိနိုင်တာက မောင်ဇေယရဲ့ ခင်ခင်ဦး တစ်ယောက်သာ ဖြစ်လိမ့်မယ်လို့ မြို့တော်မှာရှိနေကြတဲ့ အထောက်တော်တွေက သတင်းပေးကြတယ်။ ခုလို ဆရာတော်သမားတော်တွေနဲ့ ပညာရှိကြီးတွေ မေတ္တာရပ်ခံချက် ထုတ်ပြန်တာတောင် ဘယ်သူမှ မသိနိုင်လောက်တဲ့နေရာနဲ့ အခန်းကနေပြီး ပြည်တော် သာခင်ခင်ဦးက ဆောင်ရွက်လုပ်ကိုင်ပေးခဲ့တယ်လို့တောင် အထောက်တော်တွေက ခန့်မှန်းယုံကြည်ကြတယ်လို့တောင် ဆိုထားတယ်"

"ဩော် ဩော် ဩော်"

"မင်းရဲ့ ခင်ခင်ဦးကို မင်းကပဲ ပြန်အံ့သြနေရသေးသတဲ့ကွယ် မောင်ဇေယရဲ့"

"ကျွန်တော်က ဘယ်မှာ အံ့သြတယ် ပြောရသေးလို့လဲ ဗိုလ်မှူးရဲ့"

"ဩော် ဩော် ဩော် ဆိုတာက ဘာလဲကွယ့်၊ မင်းတိုက်ဖူးတဲ့ တိုက်ပွဲက နည်းပါသေးတယ် မွန်းဇေယရယ်"

"ကဲ ထားလိုက်ပါတော့ ဗိုလ်မှူးရာ။ ကျွန်တော်ကပဲ အရှုံးထားလိုက်ပါ တယ်"

"တော်စမ်းပါ မွန်းဇေယရယ် ၊ မင်းတို့ဟာ လူပါးလူနပ်တွေကြီးပါပဲကွာ"

"ပါးတယ်နပ်တယ်ဆို ပြည်သူ့တပ်မတော်သားတွေကိုးဗျ ဗိုလ်မှူးရ"

"ဟော့ သိပ်ရှည်မနေနဲ့ကွ၊ အချိန်ကမရဘူး။ ကနေ့ ညတွင်းချင်း မင်းရယ် မင်းစိတ်ချရတဲ့ သွေးသောက်တစ်ယောက်ယောက်ရယ် စခန်းကထွက်ပြီး ပြည်တော်သာကို မိုးမသောက်မီ အရောက်သွားမှ တော်မယ်"

"မြန်လှပါကလား ဗိုလ်မှူးရဲ့"

"တပ်မတော် အမိန့်ကွယ်၊ သိပ်တော့စကားရှည်မနေနဲ့"

"ကျွန်တော်က ဒီအကြောင်းအရာနဲ့ အခြေအနေတွေကို ပြည်တော်သာ ခင်ခင်ဦး ဆီမှာ စုံစမ်းမေးမြန်းရင် ရနိုင်သတဲ့လား ဗိုလ်မှူး"

"မရရင် ရတဲ့ဆီက မေးမြန်းစုံစမ်းလာခဲ့ကွာ။ ဒီကိစ္စတွေကို ကူညီလုပ်ကိုင်ပြီး သိနိုင်လောက်တာ ပြည်တော်သာ ခင်ခင်ဦးကလွဲရင်တော့ တခြားဘယ်သူမှ မဖြစ်နိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com


ဟော့။ အဲဒီတော့ မင်းက ပြည်တော်သာ ခင်ခင်ဦးရဲ့ အချစ်တော်ဆိုတော့ မင်းပဲခိုင်းရမှာပဲ”

“ကျွန်တော်က ဒီအကြောင်းအရာတွေနဲ့ အဖြစ်အပျက်အမှန်တွေ၊ အခြေအနေမှန်တွေကို အတိအကျ စုံစမ်းပြီး ပြန်လာခဲ့ရမယ်လို့ ဗိုလ်မှူးက အမိန့်ချမှတ်တယ်လို့ ဆိုပါစို့”

“ဗိုလ်မှူးက မဟုတ်ဘူးဟော့၊ မင်းသိပ်စကားရှည်တယ်ကွာ။ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ကြီးရဲ့အမိန့်ပဲ ဖြစ်လိမ့်မယ်။ ရန်သူနယ်မြေဒေသထဲကို ရောက်တဲ့အခါမှာ သတိကြီးစွာထားရှိပြီး ပိပိရိရိနဲ့ လိမ္မာရေးခြားရှိဖို့ လိုတယ်နော်။ ရန်သူရဲ့နယ်မြေဒေသမှာ ရန်သူကို တိုက်ခိုက်ရတာ အင်မတန် နည်းပရိယာယ်ကောင်းမှ ဖြစ်မယ်။ ရန်သူကို ကိုယ့်နယ်သူ့နယ် ခွဲခြားပြီး လက်နက်ချင်း၊ စစ်တပ်ချင်း၊ ယှဉ်ပြိုင်တိုက်ခိုက်ရတာက လွယ်တယ်။ သူ့နယ်ထဲမှာ သူ့လူလိုလုပ်ပြီး သူ့ကို တစ်ဖက်ကပ်ပြီး တိုက်ရတာက အင်မတန်ကို ပါးနပ်လျှင်မြန်ပြီး လိမ္မာမှ တော်ရုံ ကျတယ်”

“ဟုတ်ကဲ့ ဗိုလ်မှူး”

“နောက်တစ်ချက်နဲ့ အဓိကထားပြီး သတိရှိရမှာက နယ်ချဲ့သားတွေရဲ့ သူလျှိုတွေ အထောက်တော်တွေနဲ့လူသတ်သမားတွေပဲ။ မြို့တော်သာ ပြည်တော်သာ နယ်စားကြီးရဲ့မြို့တော်လို့သာ နာမည်က ရှိနေသေးပေမယ့် တကယ်ကတော့ နယ်ချဲ့သမားတွေရဲ့ မြို့တော်နဲ့ အခြေခံစခန်းကြီးဖြစ်နေပြီ။ အဲဒါကိုလည်း မျက်ခြည်မပြတ်စေနဲ့ပေါ့။ နေရာတကာမှာပဲ နယ်ချဲ့သမားရဲ့ ကြေးစားသူလျှိုတွေနဲ့ လူယုံတွေ၊ ဘက်တော်သားတွေရှိနေတယ်။ နောက်ဆုံး ဝန်ကြီးတွေနဲ့ တပ်မှူး၊ ဗိုလ်မှူးတွေ အထဲမှာတောင် တော်တော်ကလေးရှိနေပြီဆိုတာ သိရတယ်”

“ဟုတ်ကဲ့ ဗိုလ်မှူး”

“တလောက ဘာကြာသေးလို့လဲ။ ပြည်တော်သာ နယ်စားကြီးရဲ့ လုပ်ပုံကိုင်ပုံတွေကို တစ်နေ့တခြား ယုံကြည်ချက်ကင်းမဲ့လာပြီး ဗမာတစ်မျိုးသားလုံးလည်း ဒုက္ခရောက်ရမှာကိုမြင်လို့ နယ်စားကြီးရဲ့ ဝန်ကြီးရာထူးကထွက်လာတဲ့ ရေနံချောင်းဝန်ကြီးနဲ့အတွင်းဝန်တွေရဲ့ လူယုံတွေကိုလည်း နယ်ချဲ့သမားရဲ့ လူသတ်သမားတွေက တိတ်တိတ်ပုန်း ချောင်းမြောင်းသတ်ပစ်တာ တော်တော်များသတဲ့။ အဲဒါကို ပြည်သူ့ဟာစ်တိုင်ကမခံမရပ်နိုင်တော့လို့ ဟာစ်ပေမယ့်၊ ပြည်တော်သာနယ်စားက ဘယ်လိုမှ အရေးမယူတဲ့အပြင် ဒီလိုဟာစ်တိုင်မှာ လာဟာစ်တဲ့ လူတွေကိုတောင် ဖမ်းဆီးရိုက်နှက် လိုက်သေးသတဲ့။ အဲဒါတွေကို သိထား၊ မြင်ထားဖို့လိုတယ်။ သွားရမယ့်ဒေသနဲ့ လုပ်ရမယ့်အလုပ်က နားနဲ့မျက်စိကို ဖွင့်ထားနိုင်မှတော်ရုံကျမယ်”


www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီ ဗိုလ်မှူး"

"ကဲ ဒါလောက်ဆိုရင်တော့ ကိုယ်လုပ်ရမယ့်၊ ကိုင်ရမယ့်အလုပ်နဲ့ ကိုယ်ရင်ဆိုင်ရမယ့် အန္တရာယ်ကို နားလည်လောက်ကောင်းပါပြီ ထင်ပါရဲ့"

"နားလည်ပါပြီ ဗိုလ်မှူး"

"အေး နားလည်တော့ ယောက္ခမကြီးကိုများ ဒူးနဲ့တိုက်ချင်သေးသလားကွယ့်" လေးလေးနက်နက် အရေးကြီးသော အကြောင်းအရာများကို ပြောဆိုမှာကြားပြီးစီးသဖြင့် အလွန်တရာ ချစ်ခင်ဖွယ်ကောင်းလှသော အစ်ကိုကြီးသဖွယ် ဗိုလ်မှူးကြီးနော်ရထာက အရွှန်းကလေးကြားဖောက်၍ မေးလာသည်။

"ယောက္ခမကြီးကို ဒူးနဲ့မတိုက်ရရင်လည်း သူ့သမီးနွားပိန်ကလေးကို ထုတာပေ့ါဗျ ဗိုလ်မှူးရဲ့"

"ဟေ့ကောင် ဇေယ၊ ငါ့သမီးကိုလား မင်းက နွားပိန်မ ဆိုလိုက်တာ"

"ဟော ဗိုလ်မှူးကလည်း စပြီး ကျွဲမြီးတိုလာပြီ မဟုတ်လား"

"ကဲ မောင်ဇေယ အချိန်က သိပ်မကျန်လှဘူး။ သွားရမယ့် ခရီးကလည်း ခရီးတစ်သောင်းပြင်းပြင်းရှိလိမ့်မယ်။ ခုပဲ လကမွန်းတိမ်းသွားတော့ သွေးသောက်တစ်ယောက်ယောက်ကိုခေါ်ပြီး ခပ်သုတ်သုတ်ကလေးသွားကြဟေ့" ဟု ဗိုလ်မှူးကြီးနော်ရထာသည် ထိုင်ရာမှထကာ ပြောဆိုမှာကြားရင်း ကျွန်တော်တို့ တပ်သားများအား ခွဲခွာရခါနီးတိုင်း ပြုလုပ်တတ်မြဲဖြစ်သော အမူတစ်ခုကို ပြုလုပ်နေသဖြင့် ကျွန်တော်ကလည်း ငြိမ်သက်ကျေနပ်စွာခံယူလိုက်ရသည်။ ထိုသို့ ဗိုလ်မှူးကြီး နော်ရထာက ပြုသော အမူတစ်ခုဆိုသည်မှာ အခြားမဟုတ်ဘဲ ကျွန်တော်၏ နဖူးပြင်အား ချစ်ချစ်ခင်ခင် နမ်းရှုပ်ခြင်းသာလျှင် ဖြစ်ပါ၏။

ကျွန်တော်သည် တပ်ခွဲဗိုလ်မင်းဒင်၊ တပ်မတော် ဗိုလ်မှူးကြီးတို့အား အလေးပြု၍ ထွက်လာခဲ့ပြီးနောက် ဝမ်းသာအားရနှင့် ကျွန်တော်၏ အိုးစားတဲသို့ ပြန်လာခဲ့ကာ အလွန်တရာ ရိုးသားလှသော တောင်သူ၏သား ထွန်းခိုင်ကို ခပ်သွက်သွက်ကလေး လှုပ်နှိုးလိုက်လေသည်။

"ပြည်တော်သာ ခင်ခင်ဦးတဲ့လား၊ ခင်ဦးဆိုတာ နာမည်ကလေးကပဲ တယ်၍ ချစ်စရာကောင်းသကိုး။ အင်း အင်း ရအောင် ကျက်လေ" ဟု ရိုးရိုးကြီးပြောခဲ့ ဖူးသော ထွန်းခိုင်က အိပ်ပျော်နေရာမှ လူးလဲ၍ထကာ ကျွန်တော့်အား အိပ်မှုန်စုံမွှားနှင့် ပြူးတူးပြဲတဲကြည့်နေလေသည်။

"ထဗျ ကိုရင် ထွန်းခိုင် ၊ မျက်နှာသစ်ဗျာ"

"ဘာများ ငိုင်နေရတာလဲဗျ"


www.burmeseclassic.com

www.burmeseclassic.com


"ကျုပ်တို့နဲ့ ရောင်းရင်းနဲ့ ခုညတွင်းချင်း ပြည်တော်သာကို သွားရမယ်တဲ့"

"ဘာဗျ ခင်ဗျား ပြည်တော်သာ ခင်ခင်ဦးဆိုတာနဲ့ ကျုပ်နဲ့ဘာဆိုင်လို့တုံး"

အိပ်မှုန်စုံမွှားနှင့် ထွန်းခိုင်က ဗဝေဗဝါ မေးနေပြန်ပါ၏။

ကျွန်တော်က သက်ပြင်းကို တစ်ချက်မျှ ချရလိုက်ရပြီးနောက် ခပ်လှမ်းလှမ်းတွင် ထားရှိသော သောက်ရေချမ်းအိုးမှ ရေတစ်ခွက်ကိုခပ်ကာ အိပ်မှုန်စုံမွှား ဖြစ်နေသော ထွန်းခိုင်၏ မျက်နှာကို ပက်လိုက်ရပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ပြည့်တော်သာ ခင်ခင်ဦး

မိန်းမသားတစ်ဦးတစ်ယောက်၏ တန်ဖိုးကို
အဆင်းနှင့် ဆုံးဖြတ်ခြင်းသည် ထိုမိန်းမသားအား
နှိမ်နင်းစော်ကားရာ ရောက်ပေသည်။

**မာကွဲစ်ဝါဒယုံကြည်သူတစ်ဦး၏ ပြောကြားချက်**

ဤအခန်းကား ဇာတ်သိမ်းခန်း၏ ခေါင်းစဉ်ပင်ဖြစ်ပါသည်။ ဤဇာတ်သိမ်းခန်း၏ အစကိုစတင်၍ ရေးသားနေစဉ်မှာပင် စာရေးဆရာ ဗန်းမော်တင်အောင်မှာ (နှရသိန်ထောင်ကြီး) အတွင်းသို့ အကျဉ်းကျ၍သွားရှာသဖြင့် ဇာတ်မသိမ်းခဲ့နိုင်တော့ပါ။

သူ၏ဇာတ်လမ်းကို သူလွတ်မြောက်လာမှ ရေးသားနိုင်တော့မည်ဖြစ်ရာ သူစီစဉ်ထားသည့် ဇာတ်သိမ်းခန်းကို အခြားသူ တစ်စုံတစ်ယောက်ကို သိမ်းစေ၍ သင့်တော်မည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ သူလွတ်မြောက်လာသည်နှင့်တစ်ပြိုင်နက် ပြည့်တော်သာ ခင်ခင်ဦး ဇာတ်သိမ်းပိုင်းကို ဆက်လက် ရိုက်နှိပ်၍ ဤ (မဆုံးသေးသော ခင်ခင်ဦး)ကို ဝယ်ယူဖတ်ရှုသူတိုင်းအား အခမဲ့ပေးမည်ဖြစ်ပါသည်။ စာဖတ်ပရိသတ် များက ရဲဘော်တင်အောင် အမြန်ဆုံးလွတ်မြောက်ရေးကို ဆန္ဒပြုရင်း စောင့်စားမျှော်လင့်ကြပါရန်နှင့် ဤသို့ ရုတ်တရက် ဖြစ်ပွားရသော ကိစ္စရပ်ကြောင့် အဆုံး မသတ်ဘဲ ထုတ်ဝေလိုက်ရသော ရောင်နီဦးအား ခွင့်လွှတ်ကြပါရန် တောင်းပန်ပါကြောင်း။

**ရောင်နီဦး**

မြန်မာ့စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


## ထပ်လောင်း၍ တောင်းပန်လိုပါသေးသည်

ရဲဘော်တင်အောင်သည် 'ပြည်တော်သာရေး' ကို နှစ်နှစ်ကာကာ လိုလားသူ တစ်ဦးဖြစ်၍ ပြည်တော်သာစေမည့် နည်းလမ်းများကို ပြည်သူလူထုသို့ အချိန်မီ တင်ပြလိုသော ဆန္ဒပြင်းပြလှသဖြင့် လင်းယုန်ဂျာနယ်နှင့် စာပေ၊ မဂ္ဂဇင်းများဖြင့် အားလပ်ခွင့်မရအောင် ဖြစ်နေချိန်မှာပင် ပင်ပန်းသည်ကို ဂရုမပြုဘဲ 'ပြည်တော်သာ ခင်ခင်ဦး' ကို ရေးသားခဲ့ရာမှ ဩဂုတ် (၂၇) ရက်၊ ညနေ ၅ နာရီအချိန်တွင် အထက် အမိန့်အရ ပုလိပ်အရာရှိများက ပုဒ်မ(၅–၂) ဖြင့် ဖမ်းဆီးလိုက်လေသည်။

ထို့ကြောင့် ဇာတ်သိမ်းခန်းမှာလည်း ရပ်နားခဲ့ရပေပြီ။ သို့သော် ရဲဘော်တင်အောင်ကား အားမလျှော့ပါ။ ပုလိပ်အရာရှိများ ဖမ်းဆီးနေသည့် အကြားမှပင် သူ့ ခင်ခင်ဦးကို စိတ်စောနေသေးတော့သည်။ "ပြည်တော်သာ ခင်ခင်ဦး နည်းနည်းပဲ ကျန်တော့တယ် မဟုတ်လား" ဟု ထုတ်ဝေသူသို့ မေးလိုက်ပြီး "ကျွန်တော် ညကျရင် အချုပ်ခန်းထဲမှာပဲ အပြီးရေးမယ်" ဟု ကြုံးဝါးလိုက်၍ " မနက်စောစော လာယူလှည့်ဗျာ" ဟု မှာကြားနေသေးသည်။

ပုလိပ်အရာရှိများဘက်သို့လှည့်၍လည်း "အချုပ်ခန်းထဲမှာ စာရေးလို့ရတယ် မဟုတ်လား" ဟု လှမ်းမေးလိုက်သေး၍ "ရပါတယ်" ဟူသော အဖြေကို နှစ်သိမ့်စွာ ကြားနာပြီး သူအလွန်စုံမက်လှသော ခင်ခင်ဦး၏ ရုပ်ပုံလွှာမျက်နှာဖုံး နမူနာကလေးကို ယုယုယယပင်လိပ်၍ လွယ်အိတ်ထဲသို့ ထည့်လိုက်ပြီး ပုလိပ်အရာရှိများ ခေါ်ဆောင်ရာသို့ ပါသွားပေတော့သည်။

ရဲဘော် တင်အောင်အား အချုပ်ခန်းထဲတွင် စာရေးခွင့် ပေးမပေးတော့မသိရ။ သိရသည်ကား ရဲဘော်တင်အောင်အား တွေ့ခွင့်မရခြင်းပင်တည်း။ ထုတ်ဝေသူက ကြိုးစားခဲ့၏။ အချည်းနှီးပင်။

## သို့ဖြစ်လျှင် ဘာကြောင့် ထုတ်ရသနည်း

ထုတ်ဝေသူကတော့ ဘယ်လိုလုပ်ရမည်ကို မဆုံးဖြတ်နိုင်တော့။ သို့သော် ရဲဘော်များက လာရောက်ဆွေးနွေးကြသည်။ ထုတ်သာထုတ်ပါတဲ့။

(၁) ပြည်တော်သာ ခင်ခင်ဦးသည် အချိန်မီ ထုတ်ရမည့် ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ရဲဘော်တင်အောင် လွတ်ချိန်ထိစောင့်လျှင် နောင့်နှေးလိမ့်မည်။

(၂) ပြည်တော်သာ ခင်ခင်ဦးကို လူထုက တောင့်တနေကြသည်။

(၃) ပြည်တော်သာ ခင်ခင်ဦးမှမထုတ်လျှင် ရောင်နီဦးပြုတ်ရတော့မည်။ ဤအကြောင်းပြချက်များကြောင့် မဆုံးသေးသော ခင်ခင်ဦးကို ဖွတ်ပင်ထုတ်ရတော့သည်။

မြန်မာ့စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com


ဇာတ်သိမ်းခန်းကို စာရေးသူက ဆွေးနွေးပြောပြဖူး၍သိခဲ့ရ၏။ သို့သော် ရဲဘော်တင်အောင်၏လက်ရာကို စာဖတ်ပရိသတ်ကို မလိမ့်တစ်ပတ်လုပ်၍ (ဗန်းမော်တင်အောင် ရေးသားသယောင်ပြု၍) ဇာတ်သိမ်းလျှင် (သိပင်မသိသော်လည်း) စော်ကားရာကျမည်။ ရိုးသားစွာဖြင့်ပင် တင်ပြခြင်းက လှည့်ဖြားခြင်းထက် ပိုမို၍ ခွင့်လွှတ်နိုင်ကြပေမည်။

ဤသို့ ဖွတ်ထုတ်လုပ်ခြင်းကို ခွင့်လွှတ်ပါရန် တောင်းပန်လိုပါကြောင်း။ ဆက်လက်ရေးသားမည့် ပြည်တော်သာ ခင်ခင်ဦး (ဇာတ်သိမ်းခန်း)ကို ရိုက်နှိပ်ပြီး မေတ္တာလက်ဆောင်အဖြစ် (အခမဲ့) ပေးဝေမည်ဖြစ်ပါ၍ ဆိုင်ရာကိုယ်စားလှယ်များထံတွင် အောက်ပါလက်မှတ်ကလေးများကို ပြသ၍ တောင်းယူနိုင်ရန် ဤ လက်မှတ်ကို သိမ်း၍ ထားစေလိုပါကြောင်း။

ရဲဘော်တင်အောင်၏ လွတ်မြောက်ရေးကို ဆန္ဒပြုလျက်

**ရောင်နီဦး**

ဤနေရာမှ ဖြတ်ပါ

> ကိုယ်စားလှယ်တော်ကြီးခင်ဗျား။
>
> **ပြည်တော်သာ ခင်ခင်ဦး** (ဇာတ်သိမ်းပိုင်း)
>
> ရောက်ရှိလျှင် ရောက်ရှိချင်း ဤလက်မှတ်ပါရှိသူအား မေတ္တာလက်ဆောင်အဖြစ် ပေးစေလိုပါကြောင်း။
>
> **ရောင်နီဦး**


www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆက်တွဲ

# မှောင်မိုက်သောညများ

## (က)

၁၉၅၂ခု၊ ဩဂုတ်လ ၂၉ရက်နေ့က ကာကွယ်ရေးပုဒ်မငါးဖြင့် ကျွန်တော်အား ဖမ်းဆီးကြ၏။ နေရောင်မမြင်ရသော ဘားလမ်းအချုပ်ထောင်၌ ကြွက်၊ ခြင်၊ ပိုးဟပ်များနှင့် (၇)ရက်မျှအတူနေထိုင်ခိုင်းပြီးနောက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် စာရေးဆရာအသင်းကြီးက ရန်ကုန်ထောင်ကြီးသို့ ပို့ပေးရန် ဝိုင်း၍ဆူဆူညံညံလုပ်ပေးကြသဖြင့် စက်တင်ဘာလ (၅)ရက်နေ့တွင် ကျွန်တော်သည် ရန်ကုန်ထောင်ကြီးသို့ ရောက်ရှိခဲ့ရ၏။

ပြည်တွင်းစစ်၊ ပြည်တော်သာ၏ နေ့တစ်နေ့၊ သူပုန်ကြီး၊ အမေနှင့် ပြည်တော်သာ ခင်ခင်ဦးစသော စာအုပ်များရေးသားခဲ့သည့်အတွက် နိုင်ငံတော်အစိုးရမင်းများက တရားလိုပြုလုပ်၍ ကျွန်တော့်အား တစ်မှုပြီးတစ်မှု အလီလီအလာလာ တရားစွဲဆို၏။ အမေဆိုသော စာအုပ်မှာ တစ်အုပ်တည်းသာဖြစ်သော်လည်း နှစ်ကြိမ်ပုံနှိပ်ရသဖြင့် အမှု (၂)မှုလုပ်၍ တရားစွဲဆိုသည့်အထိဖြစ်၏။ ပြည်တွင်းစစ်နှင့် ပြည်တော်သာနေ့တစ်နေ့ စသော ဝတ္ထုတိုကလေးများအား . . . အရေးပေါ်အက်ဥပဒေဖြင့် တရားစွဲဆို၍ ကျန်သူပုန်ကြီး ပထမနှင့် ဒုတိယနှိပ်ခြင်းများနှင့် ပြည်တော်သာ ခင်ခင်ဦးစာအုပ်များအား ရာဇသတ်ကြီးပုဒ်မ ၁၂၄(က)နှင့် စွဲဆို၏။ ထိုအချိန်က ပုဒ်မ ၁၂၄(ခ)ကို နောက်ထပ်၍ အစိုးရသည် မပြုလုပ်ရသေးပေ။

ပြည်တွင်းစစ်၊ ပြည်တော်သာ နေ့တစ်နေ့နှင့် သူပုန်ကြီးစသော အမှုအခင်းများအတွက် ကျွန်တော်သည် တရားဥပဒေ၏လမ်းကြောင်းအတိုင်း နိုင်ငံတော်အစိုးရ၏ စွပ်စွဲချက်များကို တရားရုံးတော်၌ထုချေခြင်းပြုခဲ့၏။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ဗိုလ်ချုပ်အစ်ကို ဦးအောင်သန်းနှင့် ရက္ကန်းဦးလှထွန်းဖြူ (ယခုဘဏ္ဍာရေးဌာနပါလီမန်အတွင်းဝန်)စသော ပုဂ္ဂိုလ်များက ကျွန်တော်၏ဘက်မှ ဝိုင်းဝန်းပြီး သက်သေခံခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com

သို့ရာတွင် ဤအမှုအခင်းများပြီးသည့်နောက်၌လည်း တရားလိုဖြစ်သော နိုင်ငံတော်အစိုးရသည် ကျွန်တော့်အပေါ်၌ ရန်ငြိုးမပြေနိုင်သေး သကဲ့သို့ နောက်ထပ်၍ တစ်မှုပြီး တစ်မှု တရားစွဲဆိုခြင်း ပြုလာပြန်၏။ အမေဆိုသော စာအုပ်တစ်အုပ်တည်းကိုပင် စာအုပ် တစ်အုပ်တည်းဖြစ်ပါလျက် နှစ်ကြိမ်ပုံနှိပ်ခြင်းပြုရသဖြင့် အမှု (၂)မှုခွဲ၍ တရားစွဲဆိုသည် အထိပြုလုပ်လာ၏။

အားထားစရာဆို၍ ကျွန်တော်၏အတွက် တရားရုံးမင်းသာလျှင် ရှိတော့၍ တရားလိုဖြစ်သော နိုင်ငံတော်အစိုးရမင်းများက ဤကဲ့သို့ တစ်မှုပြီးတစ်မှု အလီလီအလာလာ ပြုလုပ်နေသောကိစ္စကို တားမြစ်၍ တရားစွဲဆိုရန်ရှိသော ကိစ္စများအားလုံးကိုတစ်ပါတည်း တရားစွဲဆိုခြင်းပြုရစေရန် တောင်းပန်ပြောဆိုခြင်းပြုရတော့၏။ သို့ရာတွင် တရားရုံးမင်းသည် ကျွန်တော်၏ တောင်းဆိုချက်ကို မကြားယောင် မသိယောင်ပြုလုပ်နေခဲ့၏။ ထို့ကြောင့် အမေနှင့်ပြည်တော်သာ ခင်ခင်ဦးစသော စာအုပ်များကို တရားစွဲဆိုသော အခါ ကျွန်တော်သည် တရားရုံးတော်သို့ တက်ရောက်ထုချေခြင်း အလျဉ်းမပြုခဲ့တော့ပေ။ ကျွန်တော်၏ ပျက်ကွက်ရာ၌သာလျှင် ထိုအမှုများကို စစ်မေး၍ အပြစ်ပေးခြင်း ခံခဲ့ရ၏။

တရားရုံးမင်းက ကျွန်တော့်တွင် ပြစ်မှုထင်ရှားသည်ဟုဆိုကာ ပြည်တွင်းစစ်အတွက် ထောင်ဒဏ် (၂)နှစ်၊ သူပုန်ကြီးအတွက် ထောင်ဒဏ် (၁)နှစ်၊ အမေအတွက် ပထမနှိပ် ခြင်း (၂)နှစ်၊ ဒုတိယနှိပ်ခြင်း (၂)နှစ်နှင့် ပြည်တော်သာခင်ခင်ဦးအတွက် (၂)နှစ် သုံးခု ပေါင်း အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၉)နှစ်အပြစ်ပေးလိုက်၏။ သို့အတွက် ပြည်တွင်း စစ်နှင့် သူပုန်ကြီးပြစ်မှုများ၊ အမေ ပထမနှိပ်ခြင်းနှင့်ဒုတိယနှိပ်ခြင်း အမှုများအားတစ်ပါ တည်းပေးလိုက်သဖြင့် (၃)ခုပေါင်း ထောင်ဒဏ် (၆)နှစ်မျှ သက်ညှာစွာဖြင့်ပင် ပေးလိုက်၏။

သို့ရာတွင် ကျွန်တော်သည် တရားရုံးမင်း၏ စီရင်ချက်အတိုင်း (၆)နှစ်ကြာမျှ ရန်ကုန်ထောင်ကြီးအတွင်း၌ နေထိုင်ခြင်းကား မပြုခဲ့ရပေ။ ပဲခူးရွှေမော်ဓောဘုရားထီးတင် ပွဲတော်ကြောင့်လည်းကောင်း၊ သာသနာတော် ၂၅၀၀ပွဲတော်ကြောင့်လည်းကောင်း၊ အကျင့် စာရိတ္တကောင်းမွန်သော အကျဉ်းသားများအား ပေးရိုးပေးစဉ်လျှော့ရက် (ဆုမှတ်ရက် ဟုလည်း ခေါ်သည်)များကြောင့်လည်းကောင်း၊ ကျွန်တော့်အား စတိဖမ်းဆီးခြင်း ပြုခဲ့သော ၁၉၅၂ ခုနှစ်၊ ဩဂုတ် ၂၉ရက်နေ့မှစ၍ ကျွန်တော်ပြန်လည် လွတ်လပ်ခွင့်ရရှိခဲ့ သော ၁၉၅၇ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့အထိ စုစုပေါင်း (၄)နှစ်၊ (၄)လနှင့် (၆)ရက်ကြာမျှသာ နိုင်ငံတော်အစိုးရ၏ အကျဉ်းသားဖြစ်ခဲ့ရ၏။ ထိုအကျဉ်းခံခဲ့ရသော အချိန်ကာလကို လက်ချိုးရေတွက်မည်ဆိုလျှင် ရက်ပေါင်း (၁၅၆၉)ရက်မျှရ၏။



www.burmeseclassic.com

www.burmeseclassic.com

(၁)

ဘားလမ်းအချုပ်နှင့် ရန်ကုန်ထောင်ကြီးများအတွင်း၌ နိုင်ငံတော်အစိုးရ၏ ရာဇဝတ်သားတစ်ယောက်အဖြစ်ဖြင့် အကျဉ်းခံနေခဲ့ရသော ထိုရက်ပေါင်း (၁၅၆၉)ရက်သည် ကျွန်တော်၏အတွက် မှောင်မိုက်သောညများသာ ဖြစ်သည်ဟု ဆိုရလိမ့်မည်ထင်၏။ ထိုနေ့ရက်များသည် အလင်းရောင်မရှိ၊ သာယာမှုမရှိ။

မိမိ၏ယုံကြည်မှုကို လွတ်လပ်စွာ လုပ်ကိုင်နိုင်ခွင့်မရတော့ဘဲ လက်ချိုးခြေချိုးခြင်း ခံနေခဲ့ရသောနေ့ရက်များသည် မည်သူတစ်ဦးအတွက် အလင်းရောင်ရှိသော နေ့ရက်များ ဖြစ်နိုင်ပါဦးမည်နည်း။ သားမယား၊ ဆွေမျိုး ညာတကာတို့နှင့်လည်းကောင်း၊ အပေါင်းအသင်း မိတ်သဟာအများနှင့်လည်းကောင်း၊ အသက်ရှင်လျက်နှင့် ကွေကွင်း၍ နေထိုင်ခြင်း ပြုလာခဲ့ရသော နေ့ရက်များ၌ သာယာမှုသည် မည်ကဲ့သို့များ ရှိနိုင်ပါဦးမည်နည်း။

ထို့နေ့ရက်ပေါင်း (၁၅၆၉)ရက်သည် မှောင်မိုက်သော ညများသာလျှင်ဖြစ်၏။ ကျွန်တော့်အား လူ့လောကနှင့် လုံးဝဖြတ်တောက်ထားသော နေ့ရက်များဖြစ်၏။ အုတ်နံရံလေးဘက်ချ၍ ပိတ်လှောင်ထားခြင်းခံခဲ့ရသော နေ့ရက်များလည်းဖြစ်၏။ မိမိနှစ်သက်၍ ဖတ်ရှုလိုသော သတင်းစာများနှင့် စာအုပ်စာတမ်းကိုပင်လျှင် မိမိသဘောနှင့်မိမိ၊ မိမိပိုက်ဆံနှင့်မိမိ လွတ်လွတ်လပ်လပ် ဖတ်ခွင့်မရှိ။ မိမိနှင့်လာရောက်တွေ့ဆုံစကားပြောဆိုခြင်းပြုလိုကြသော အသိမိတ်ဆွေများကိုလည်း အေးအေးချမ်းချမ်းနှင့် လွတ်လွတ်လပ်လပ် ပြောဆိုခွင့်မရ။ ဖခင်တရားလို၏ စုံထောက်များက ဘေးမှကြည့်နေ၏။ နားထောင်နေ၏။ ထို့နောက်မှတ်နေ၏။

သဘာဝကပေးထားသော လရောင်ကိုပင်လျှင် လွတ်လွတ်လပ်လပ်ကြည့်ရခွင့်မရ။ လ၏မွန်းတည့်ခြင်းကို ထိုရက်ပေါင်း ၁၅၆၉ရက်အတွင်း ကျွန်တော်သည် တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ခဲ့ရပေ။ ည (၆)နာရီမှ နံနက် (၆)နာရီအထိ (၁၂)နာရီတိတိမျှ သော့ပိတ်ထားခြင်းကိုခံရ၏။ လဝင် လဝင်ထွက်ကိုပင်လျှင် သံတိုင်များအကြားမှ မနည်းဖြဲ၍ကြည့်ရ၏။ သို့ရာတွင် ရေးရေးလောက်သာ မြင်နိုင်၏။

ကျဉ်းမြောင်းလှသော အုတ်ရိုးကာအတွင်း လူပေါင်းမြောက်မြားစွာ စုဝေးနေထိုင်ခြင်းပြုရသဖြင့် စိတ်နှလုံးနောက်ကျိစရာများနှင့် နားမချမ်းမြေ့စရာ သတင်းများကို တစ်ဦးမဟုတ်လျှင် တစ်ဦးထံမှ နေ့စဉ်နေ့တိုင်းဆိုသလို ကြားရ၏။ တွေ့နေမြင်နေရ၏။ သို့ရာတွင် မိမိကလည်း ဘာမှတတ်နိုင်သည်မဟုတ်။ လက်ပိုက်၍သာ ကြည့်နေရ၏။

ကျွန်တော်နှင့်ပြည်တော်ခင်ခင်ဦးဝတ္ထုတွင် အမှုတွဲဖြစ်သော ဆန်းညွန့်ဦး ဦးလှခင်၏ မိခင်သည် သားဖြစ်သူ အချုပ်ခံနေရခိုက် လူကြီးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်



www.burmeseclassic.com

www.burmeseclassic.com
သွား၏။ သို့ရာတွင် မိခင်တစ်ယောက်လုံး အပြင်ဘက်တွင် သေဆုံးနေရသည့်အခိုက် အပြင်သို့ ခေတ္တခဏလောက်မျှထွက်၍ မိခင်ဖြစ်သူ၏အလောင်းကို ဦးလှခင်သည် ဝတ္တရား ရှိသည့်အတိုင်း သဂြိုဟ်ခွင့် မရရှိခဲ့ပေ။ ဦးလှခင်အတွက် ကျွန်တော်သည် စိတ်မကောင်း ဖြစ်နေရသည့်အခိုက် ကျွန်တော်နှင့်အတူ အမှတ် (၅)အဆောင်တွင် နေထိုင်လျက်ရှိသော အထူးတန်းအကျဉ်းသားလူကြီးလူကောင်းတစ်ဦးသည် ၎င်းထောင်ကျနေခိုက်၎င်း၏ ဇနီးက နောက်အိမ်ထောင်ပြုလို၍ ကွာရှင်းစာလာတောင်းသောကြောင့် ၎င်းကိုယ်ကို သေကြောင်းကြံလျက်ရှိ၏။

သို့ရာတွင် ဤလူ့လောကနှင့် သဘာဝကြီးအတွင်း၌ အဆိုးနှင့်အကောင်းတို့ သည် ဒွန်တွဲလျက်ရှိနေ ဖြစ်နေတတ်သည့်အတိုင်း ထိုမှောင်မိုက်သောညများကို ကုန် လွန်နေထိုင်ခဲ့ရစဉ် အချိန်ကာလက အဆိုးများကို တွေ့ကြုံခြင်းပြုခဲ့ရသည့်နည်းတူ အကောင်းများနှင့်လည်း တွေ့ဆုံခဲ့ရ၏။ အမိုက်များနှင့်လည်း ကျွမ်းဝင်ခဲ့ရသည့်နည်း တူ အလိမ္မာများနှင့်လည်း ရင်းနှီးခွင့်ကို ကျွန်တော်ရရှိခဲ့၏။ ကျွန်တော်၏အတွက် အရှုံးထဲက အမြတ်များဟူ၍ ဆိုရလိမ့်မည်ထင်၏။

(၈)

ရန်ကုန်ထောင်ကြီးအတွင်း၌ ချစ်စရာကောင်းလှသော သဘာဝတစ်ခုသည်ကား အကျဉ်းထောင်အတွင်းသို့ ကျရောက်ခဲ့ပြီးနောက် လူတို့သည် ပြင်ပလောကမှာတုန်းက ကဲ့သို့ ဘာမျှဟန်လုပ် ဖုံးကွယ်ခြင်း မရှိကြတော့ဘဲ မိမိတို့၏ စိတ်ပကတိအတိုင်း ရိုးရိုးသားသားနှင့် ပွင့်ပွင့်လင်းလင်း ဆက်ဆံနေထိုင်တတ်ကြခြင်းပင် ဖြစ်၏။ ဤအရပ် ၌ ရေဆေး၍ ဆေးခြယ်သော အတတ်ပညာနှင့် အလေ့အထသည်မရှိ။ နှုတ်ဖျားကလေး မှ မထွက်ချင်ထွက်ချင်နှင့် ထွက်လာသော စကားကိုလည်း အလျဉ်းကြားရလိမ့်မည် မဟုတ်။ လူတို့သည် မိမိတို့၏ သဘာဝနှင့်ပင်ကိုယ်ဇာတိကို လျှို့ဝှက်ခြင်းအလျဉ်းမပြု တတ်ဘဲ တင်းပြည့်ကျပ်ပြည့် နေထိုင်ခြင်းသာပြုကြ၏။ အင်မတန် လူဆန်သည်ဟု ပြောဆိုရလိမ့်မည်ထင်၏။

အကျဉ်းအကျပ်အတွင်းသို့ အတူတကွကျရောက်နေရသူများ အချင်းချင်းဖြစ်ကြ ၍ တစ်ဦးနှင့်တစ်ဦး ခင်မင်၍ သက်ညှာတတ်ကြ၏။ တစ်ဦးတစ်ယောက်၌ ဝမ်းနည်း စရာရှိလာသောအခါ ဘေးကဝိုင်းအုံ၍ ဝမ်းနည်းကူကြ၏။ ထို့အတူ တစ်ဦးတစ်ယောက် ၌ ဝမ်းမြောက်စရာ ရှိသောအခါလည်း အနားကဝိုင်း၍ ဝမ်းမြောက်ကူကြ၏။

ရန်ကုန်ထောင်ကြီးအတွင်း၌ တရုတ်၊ ကုလား၊ မြန်မာ၊ ရှမ်း၊ ကရင်စသော လူမျိုးပေါင်းစုံရှိကြ၏။ သို့ရာတွင် အစ္စလာမ်ဘာသာဝင်များ၏ "အစ်"နေ့သို့ရောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com

သောအခါ ရန်ကုန်ထောင်ရှိ အကျဉ်းသားအားလုံးကို တမန်တော်မုဟာမက်၏ နောက်လိုက်များဖြစ်ကြ၏။ ထို့အတူ ရန်ကုန်ထောင်တွင်း သင်္ကြန်ပွဲတော်၌ အိုးစည်ဗုံမောင်းတီး၍ မြူးထူးကခုန်ခြင်း ပြုကြသော ဖထီးနှင့် အပွဒူကရင်တို့ကို လွမ်းဆွတ်ဖွယ်ရာတွေ့မြင်ရ၏။ ကရင်အမျိုးသားများ၏ နှစ်သစ်ကူးပွဲတော်နေ့များရောက်ရှိလာသောအခါ၌လည်း ရန်ကုန်ထောင်ကြီးအတွင်း၌ အကျဉ်းသားအားလုံးလိုလို ဖထီးလုပ်ခါသင်တိုင်းဝတ်ကုန်ကြ၏။

ထိုအားလပ်ခွင့် ပေးအပ်ခြင်းခံခဲ့ရသော နေ့ရက်ကာလများအတွင်းက ကျွန်တော်သည် ရန်ကုန်ထောင်ကြီးအတွင်း၌ အမျိုးမျိုးသောအကြောင်းများကြောင့် ဒေသအသီးသီးနှင့် ဘဝအသီးသီးများမှ ရောက်ရှိနေကြသော ဘဝတူလူသားများနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ရ၏။ ထိုလူသားတို့၏ သဘာဝနှင့်ဇာတ်ကြောင်းတို့ကိုလည်း ၎င်းတို့၏ဇာတိပကတိအတိုင်း ကျွန်တော်သည် ချဉ်းကပ်လေ့လာခွင့်ကို ရရှိခဲ့၏။ ထိုကဲ့သို့သော အခွင့်အရေးကို ကျွန်တော်သည် ရန်ကုန်ထောင်ကြီး၏ အပြင်ဘက်၌ကား မည်သည့်နည်းနှင့်မျှ ရရှိနိုင်ဖွယ်ရာ အကြောင်းမမြင်မိပေ။

သွင်းကုန်လိုင်စင်များ ထုတ်ပေးနိုင်သော တန်ခိုးအာဏာရှိသည့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးကျော်မြင့်ကလေးအား ယခင်ဝန်ကြီးဘဝနှင့်တုန်းက ရန်ကုန်ထောင်၏ အပြင်ဘက်တွင် လူချင်းတွေ့ဆုံ၍ စကားပြောဆိုရမည့်အရေးသည် အဘယ်မျှကျပ်တည်းခက်ခဲလှသည့်အကြောင်းကို လိုင်စင်တောင်းရသော ကုန်သည်ကြီးငယ်တိုင်းသိရှိကြ၏။ သို့ရာတွင် ရန်ကုန်ထောင်တွင်း၌ကား ဦးကျော်မြင့်ကလေးကို မည်သည့်အကျဉ်းသားမဆို အချိန်မရွေးဝင်ရောက်တွေ့ဆုံနိုင်၏။ လိုင်စင်တောင်း၍ မရတော့စေကာမူ မိမိပြောဆိုလိုသော စကားကို လွတ်လွတ်လပ်လပ် ပြောဆိုခြင်းပြုနိုင်၏။ ဦးကျော်မြင့်ကလေးကလည်း အယုတ်၊ အလတ်၊ အမြတ်မရွေး လူတိုင်းအား အတွေ့ခံ၏။ ကော်ဖီတိုက်၍ ဧည့်ခံ၏။ ရေဒီယိုဖွင့်ပြ၏။ ထိုမျှသာလျှင်မကသေး၊ သူကိုယ်တိုင်သီချင်းတစ်ပုဒ်တလေကို ဆိုပြလိမ့်ဦးမည်ဖြစ်၏။ ယခင်တုန်းက ကဲ့သို့ . . . ဦးကျော်မြင့်ကလေးနှင့် တွေ့ဆုံလိုသူ၏အကြားတွင် သံဆူးကြိုး အကာအရံများ၊ သက်တော်စောင့်၊ လက်နက်ကိုင်များနှင့် သူ၏အတွင်းရေးအတွင်းဝန် ဦးတင်လှတို့သည်လည်း မရှိကြတော့ပေ။ သူ့အားသာမန်လူတစ်ယောက်ကဲ့သို့သာ တွေ့ရမည်ဖြစ်၏။ သူသည်လည်း သာမန်အကျဉ်းသားတစ်ဦးကဲ့သို့ နေထိုင်လျက်ရှိသည်ကိုသာတွေ့ရ၏။ ဘာမျှဟန်လုပ်ခြင်းမရှိ။ ဘဝတူ အကျဉ်းသားများနှင့် ရောထွေးသွားလာ၏။ ဆက်ဆံပေါင်းသင်း၏။

ဝန်ကြီးဟောင်း ဦးကျော်မြင့်ကလေးနည်းတူ ရန်ကုန်ထောင်အတွင်းသို့ ရောက်ရှိလာခဲ့ကြသော အစိုးရအထက်တန်းအရာရှိကြီးများကိုလည်း တွေ့ဆုံခဲ့ရ၏။ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

အား ဖမ်းဆီးခြင်း ပြုခဲ့သော ရန်ကုန်ရဲမင်းကြီးဦးကျော်မြင့်သည် ရန်ကုန်ထောင်အပြင်ဘက်၌သာ ကျွန်တော့်အား ဖမ်းဆီးခဲ့သော်လည်း ရန်ကုန်ထောင်အတွင်း၌ကား ကျွန်တော်နှင့် မိတ်ဆွေဖြစ်ခဲ့၏။ သူသည် ပျဉ်းမနား၌ ရာဇဝတ်ဝန်ကြီးဘဝနှင့် အစိုးရတာဝန်ဝတ္တရားများကို ထမ်းရွက်ခဲ့ရစဉ်က ကျွန်တော်၏ မိတ်ဆွေများဖြစ်ကြသော ကွန်မြူနစ်ခေါင်းဆောင်များအား တိုက်ခိုက်နှိမ်နင်းခဲ့ရဖူးသည့် သူ၏စွန့်စားမှုများကိုပင် ရင်းရင်းနှီးနှီး ဖွင့်ဟပြောဆိုသွား၏။ ဘာမျှဖုံးကွယ် ဟန်လုပ်ခြင်းကား ဦးကျော်မြင့်ကြီး၌ ကျွန်တော်ရှာဖွေ၍ မတွေ့ခဲ့မိပေ။ သူသည်လည်း သာမန်လူတစ်ယောက်လို ဘဝတူအကျဉ်းသားများနှင့် ပေါင်းသင်းနေထိုင်သွားခဲ့၏။

ရဲမင်းကြီးဦးကျော်မြင့်ကဲ့သို့ပင် အစိုးရအထက်တန်း အရာရှိကြီးများဖြစ်ကြသော အတွင်းဝန် အိုင်စီအက်(စ်) ဦးကျော်သိန်း၊ ကူးသန်းရောင်းဝယ်ရေးခွန်မင်းကြီး ဦးဘတူ၊ မကွေးတိုင်းမင်းကြီးဟောင်း ဦးဘစိန်နှင့် တိရစ္ဆာန်ဆေးဝါကုသရေးဘက်ဆိုင်ရာမင်းကြီး မစ္စတာဘာတာချာဂျီ စသူတို့ကိုလည်း လူချင်းရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံခွင့်နှင့် လေ့လာခွင့်များကိုရရှိခဲ့၏။ ရန်ကုန်ထောင်အပြင်ဘက်၌ ဤရာမပုဂ္ဂိုလ်ကြီးများသည် အဘယ်ကဲ့သို့သော အခမ်းအနားအဆောင်အယောင်များနှင့် နေထိုင်ကြသည်ကို ကျွန်တော် မသိရှိသော်လည်း ရန်ကုန်ထောင်ကြီးအတွင်း၌ကား ဘဝတူအကျဉ်းသားများအားလုံးနှင့် ပခုံးချင်းတိုးဖော့ရောထွေးကာ ရင်းရင်းနှီးနှီးပေါင်းသင်း ဆက်ဆံနေထိုင်သွားကြသည်ကိုသာတွေ့ရ၏။ သူတို့၏ အတွေ့အကြုံအများအပြားကို ကျွန်တော်သည် ကြားနာမှတ်သားခြင်းပြုခဲ့ရသကဲ့သို့ သူတို့၏ ပင်ကိုယ်သဘာဝများကိုလည်း ချဉ်းကပ်လေ့လာခွင့်ရခဲ့၏။

ဤကဲ့သို့သော ပုဂ္ဂိုလ်ကြီးများအပြင် ကျွန်တော်တွေ့ဆုံသိကျွမ်း၍ ရင်းနှီးခင်မင်ခွင့်ရရှိခဲ့သော ပုဂ္ဂိုလ်အများအပြားသည် ရှိသေး၏။ ရန်ကုန်ရဲအဖွဲ့ကြီး၏ လူဆိုးစာရင်းဝင် နာမည်ကြီးများဖြစ်ကြကုန်သော ဗိုလ်ထိန်ဝင်း၊ ဦးနီ၊ ဂျော့ထွန်းလွင်စသောသူများကိုလည်းကောင်း ဏ္ဍတိပိတော ခင်မောင်၊ ကြပ်ငွေး၊ မင်းညို၊ ကျင်စိန်နှင့် ဒေါက်အုန်းမောင်တို့ကိုလည်းကောင်း ကျွန်တော်သည် သူတို့၏ရှိရင်းစွဲ သဘာဝအတိုင်း တွေ့မြင်လေ့လာခွင့်ကိုရရှိခဲ့၏။ ရန်ကုန်ရဲအဖွဲ့ကြီးက ဤမိတ်ဆွေများကို ရန်ကုန်ထောင်ကြီး၏ အပြင်ဘက်ရှိ ရာမလူဆိုးကြီးများအဖြစ်ဖြင့် စာရင်းသွင်း သတ်မှတ်ထားစေခဲ့ကာမူလည်း ရန်ကုန်ထောင်အတွင်း၌ကား ထိုပုဂ္ဂိုလ်များအား အင်မတန် ခင်မင်စရာ၊ သနားစရာကောင်းသော လူသားများအဖြစ်ဖြင့်သာလျှင် ကျွန်တော်တွေ့မြင် လေ့လာလာခဲ့ရ၏။ ရန်ကုန်ထောင် အုတ်ရိုးအပြင်ဘက်၌ အကြောင်းအမျိုးမျိုးကြောင့် သူတို့သည် တရားဥပဒေကို ချိုးဖျက်ကောင်းချိုးဖျက်ခဲ့ကြလိမ့်မည်။ သို့ရာတွင် ရန်ကုန်ထောင်၏



www.burmeseclassic.com

www.burmeseclassic.com

အုတ်ရိုးအတွင်း၌ကား ထိုလူသားများကို လူဆန်ဆန် လူပီပီသာ တွေ့မြင်ခဲ့ရ၏။

ထိုမျှသာလျှင် မကသေး။ တိုင်းပြည်၏ကောင်းစားရာ ကောင်းစားကြောင်းနှင့် တိုးတက်ရာ တိုးတက်ကြောင်းအတွက် ၎င်းတို့၏ ခံယူချက်များအတိုင်း လုပ်ဆောင်ရင်း ရန်ကုန်ထောင်ကြီးအတွင်းသို့ ရောက်ရှိနေကြရသော နိုင်ငံရေးခေါင်းဆောင်အများအပြားနှင့် ကျွန်တော်သည် တွေ့ဆုံသိကျွမ်းခွင့်၊ ခင်မင်ရင်းနှီးခွင့်နှင့် ၎င်းတို့အား လေ့လာနိုင်ခွင့်များကိုပါ ရရှိခဲ့သေး၏။ ထိုနိုင်ငံရေးခေါင်းဆောင်များထဲတွင် ဘကြီးဘဖေကဲ့သို့သော ပုဂ္ဂိုလ်ကြီးကအစ ကွန်မြူနစ်ပါတီမှ သခင်အုန်းမောင်၊ အလံနီပါတီမှ သခင်ဖေငွေး၊ ပြည်သူ့ရဲဘော်အဖွဲ့မှ ဗိုလ်စက်စိန်နှင့် ဗိုလ်မြင့်သိန်းစသော ပုဂ္ဂိုလ်များလည်း ပါဝင်၏။ ယခင် ဗိုလ်ချုပ်အောင်ဆန်းတို့ကို ဂဠုန်ဦးစော လုပ်ကြံသတ်ဖြတ်ခြင်းပြုစဉ်က မှားယွင်းပါဝင်မိခဲ့ကြသော ကိုခင်မောင်ရင်၊ ကိုသုခနှင့် ကိုနီစသောပုဂ္ဂိုလ်များနှင့်လည်း ကျွန်တော်သည် တွေ့ဆုံရင်းနှီးခွင့် လေ့လာခွင့်များကို ရရှိခဲ့သေး၏။

ရက်ပေါင်း (၁၅၆၈)ရက်မျှ ရန်ကုန်ထောင်ကြီးအတွင်း၌ နေထိုင်ကုန်လွန်လာခဲ့ရသည့် အချိန်ကာလအတွင်း ကျွန်တော် တွေ့ဆုံသိကျွမ်းခွင့်နှင့် လေ့လာခွင့်ရရှိခဲ့သော ဘဝတူလူသားများ၏ အကြောင်းကို ကျွန်တော်သည် ရေးသားဖော်ပြခြင်း ပြုလို၏။ ကျွန်တော်နှင့် အရင်းနှီးဆုံး လူသားတစ်ဦးဖြစ်သော အညတြအောင်သန်း၏အကြောင်းကိုကား ကျွန်တော်သည် ရန်ကုန်ထောင်မှ လွတ်မြောက်ခါစကပင် ရှုမဝမဂ္ဂဇင်း၌ ရေးသားဖော်ပြခဲ့ပြီးလေပြီ၊ သို့အတွက် ဖော်ပြသင့် ဖော်ပြထိုက်သော ဘဝတူများ၏အကြောင်းကား အများအပြားပင် ရှိနေသေး၏။ သို့ရာတွင် ရန်ကုန်ထောင်ကြီးအတွင်း၌ အသက်အရွယ်အားဖြင့်၎င်း၊ လူ့လောကအတွေ့အကြုံအားဖြင့်၎င်း၊ အရင့်ကျက်ဆုံးနှင့် အကြွယ်ဝအများပြားဆုံးဖြစ်သော ဘကြီးဘဖေ၏ အကြောင်းမှစတင်၍ ကျွန်တော်သည် မိမိလေ့လာတွေ့မြင်ခဲ့ရသမျှလောကကို ရေးသားဖော်ပြလို၏. . . ။. . .

**ဗန်းမော်တင်အောင်**

---

၁၉၅၈ခု၊ အောက်တိုဘာလထုတ် ရှုမဝမဂ္ဂဇင်း အတွဲ (၁၂)၊ အမှတ် (၃၇)ပါ ဆရာဗန်းမော်တင်အောင်၏မှောင်မိုက်သောညများဆောင်းပါးမှ အပိုင်းတစ်ပိုင်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။ "သူပုန်ကြီး"၊ "ပြည်တော်သာခင်ခင်ဦး"၊ "အမေ" စသည့် စာအုပ် (၃)အုပ်နှင့်ပတ်သက်ပြီး အဖြစ်အပျက်များကို ဆက်စပ်နားလည်နိုင်စေရန် ရည်ရွယ်၍ ထိုဆောင်းပါး၏ တစ်စိတ်တစ်ပိုင်းကို ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။

**မြနန္ဒာစာအုပ်တိုက်**

www.burmeseclassic.com